# မြတ်ဗုဒ္ဓ ၏
# ကြီးပွားချမ်းသာရေး
# လမ်းညွှန်ချက်များ

ဓမ္မာစရိယ ဦးအောင်နိုင် (ဘီအေ)

DESIGN THAN MYINT AUNG

စန္ဒာဝင်း စာစဉ် [၂]

စန္ဒာဝင်းစာပေ

# မြတ်ဗုဒ္ဓ၏ ကြီးပွားချမ်းသာရေး

# လမ်းညွှန်ချက်များ

မဟာသဒ္ဓမ္မဇောတိကဓဇ
ဘွဲ့ရ
ဓမ္မာစရိယဦးအေးနိုင်
(ဘီအေ)

စန္ဒာဝင်းစာပေ
၃၀၊ ဗိုလ်ကလေးဈေးလမ်း၊ ဗိုလ်တထောင်
ရန်ကုန် ( ☎ ၉၆၁၅၄)

စာမူခွင့်ပြုချက်အမှတ် - ၁/၉၅ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁/၉၅ (၁၂)
အကြိမ် ...... ပထမအကြိမ်
ထုတ်ဝေသည့်လ ...... ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ
ထုတ်ဝေသည့်အုပ်ရေ ...... ၈၀၀

**မျက်နှာဖုံးပန်းချီ** သန်းမြင့်အောင်
**မျက်နှာဖုံးပုံနှိပ်** မအေးသိန်း (၀၂၄၀၁)
အေးပုံနှိပ်တိုက်၊
အမှတ်-၁၆၄၊ ၃၅-လမ်း၊
ရန်ကုန်မြို့။
**အတွင်းပုံနှိပ်သူ** ဦးဆန်နီ (မြ- ၀၁၀၂၁)
တင်ဝင်းပုံနှိပ်တိုက်၊
၄၈၇၊ ပြည်လမ်း၊
ကမာရွတ်၊ ရန်ကုန်။
**ထုတ်ဝေသူ** ဒေါ်သန်းသန်းရီ (မြ-၀၁၆၃၀)
စန္ဒာဝင်းစာပေ၊
၃၀- ဘိုကလေးဈေးလမ်း၊
ရန်ကုန်မြို့။
**ဖြန့်ချိသူ** **စန္ဒာဝင်းစာပေ**
၂၇/၂၉ (ပထမထပ်)
ဘိုကလေးဈေးလမ်း၊ ရန်ကုန်မြို့။

## မာတိကာ

စာမျက်နှာ


ကျမ်းဦးနိဒါန်း ၁

**အခန်းကြီး (၁)**

၁။ **ချမ်းသာခြင်း၏အကျိုးနှင့် ဆင်းရဲခြင်း၏အပြစ်များ** ၁၀

- ချမ်းသာခြင်းလေးမျိုး ၁၀
- ဆင်းရဲခြင်းခြောက်မျိုး ၁၆

၂။ ဉာဏ်ဦးဆောင်သော ဝီရိယ ၂၁

၃။ ဈေးသည်တို့ တိုးတက်ကြီးပွားကြောင်း နည်းလမ်းများ ၃၈

၄။ ကုန်သည်တို့ တိုးတက်ကြီးပွားကြောင်းနည်းလမ်းကောင်းများ ၄၂

၅။ **ကုန်သွယ်နည်း (၂)မျိုး** ၄၇

**(က) မကောင်းသောကုန်သွယ်နည်းများ** ၄၈

- မတရားသော ကုန်သွယ်နည်း ၅ မျိုး ၅၅
- မတရားအမြတ်ကြီးစား၍ ရောင်းဝယ်ခြင်း ၆၀
- မကောင်းသောကုန်သွယ်ခြင်း၏ ပြစ်ချက်များ ၆၃
- မျက်မှောက်ဘဝ၌ ပျက်စီးရသော သေရိဝဏ္ဏကုန်သည် ၆၅
- မတရားစီးပွားရှာခဲ့သည့် ပြိတ္တာမ ၄ဦး ၇၀
- ဖွဲ့ကြမ်းမီးလောင်ခံနေရသော စပါးကုန်သည်ကြီး ၇၁
- အမြတ်ကြီးစား ကုန်သည်ကြီး ၇၂

- သံကိဗ္ဗ ပဏ္ဍိတဇာတ် ၇၃
- နေမိဇာတ် ၇၅
(ခ) ကောင်းသောကုန်သွယ်နည်း ၇၆
- ကောင်းသောကုန်သွယ်ခြင်း၏ အကျိုးများ ၈၀

## အခန်းကြီး (၂)

၆။ လိုတ, ရစေနိုင်သော သမ္ပတ္တိစက် ၄ ပါး ၈၅
(၁) ပတိရူပဒေသဝါသစက် ၈၆
ဒေသစွဲကြီးသော လိပ်ကြီးဝတ္ထု ၉၁
ဒေသစွဲမရှိသော မလိဝမ္ဘမထေရ်ဝတ္ထု ၉၃
ပတိရူပဒေသကို နားမလည်သော ရဟန်း ၉၅
(၂) သပ္ပုရိသူပနိဿယစက် ၉၆
(၃) အတ္တသမ္မာပဏိဓိစက် ၉၇
(၄) ပုဗ္ဗေစကတပုညတာစက် ၁၀၃
ပုဗ္ဗေစကတ ပုညတာ (၃)မျိုး ၁၀၇
လောသကတိဿမထေရ်ဝတ္ထု ၁၁၀
ကံမရှိ ဉာဏ်ရှိတိုင်းမွဲ ၁၁၃
ငါတစ်ပါးမင်းဝတ္ထု ၁၁၅
ယောသကသူဌေးကြီးနှင့် ကျန်စစ်မင်း ၁၁၆
ပုဗ္ဗေစကတပုညတာ ရှိတိုင်းအကျိုးမပေး ၁၁၈
မဟာသေဋ္ဌိဝတ္ထု ၁၂၀
ပုဗ္ဗေစ၏ အဓိပ္ပာယ်တစ်မျိုး ၁၂၂
ပုဗ္ဗေစစက်သာ ပဓာန ၁၂၃
ပုဗ္ဗေစစက် ရှိသော်လည်း စိတ်မချရ ၁၂၄

# အခန်းကြီး (၃)


၇။ **ကြီးပွားတိုးတက်ကြောင်း သမ္မာဒိတရား (၄)ပါး** ၁၂၈
(၁) ထကြွလုံ့လ ဝီရိယနှင့် ပြည့်စုံခြင်း (ဥဋ္ဌာနသမ္ပဒါ) ၁၂၉
(၂) ဥစ္စာစီးပွား မပျက်ပြားအောင် စောင့်ရှောက်ရခြင်း
(အာရက္ခသမ္ပဒါ) ၁၄၃

(၃) မျှတစွာ အသက်မွေးမြူခြင်း (သမဇီဝိကာသမ္ပဒါ) ၁၆၃

ပစ္စည်းဥစ္စာ သုံးစွဲနည်း ဥပဒေသ (၁) ၁၆၆
ပစ္စည်းဥစ္စာ သုံးစွဲနည်း ဥပဒေသ (၂) ၁၇၀
ပစ္စည်းဥစ္စာ သုံးစွဲနည်း ဥပဒေသ (၃) ၁၇၇
- အရှင်အာနန္ဒာနှင့် ဥတေနမင်းကြီး ၁၇၇
ပစ္စည်းဥစ္စာ သုံးစွဲနည်း ဥပဒေသ (၄) ၁၈၁
- သူဌေးကတော်ကြီး ဝိသာခါ ၁၈၂
ပစ္စည်းဥစ္စာ သုံးစွဲနည်း ဥပဒေသ (၅) ၁၈၄
- နမြောစစ်စီလွန်းသော အာဂန္တုကသူဌေးကြီး ၁၈၅
ပစ္စည်းဥစ္စာ သုံးစွဲနည်း ဥပဒေသ (၆) ၁၈၈

(၄) မိတ်ကောင်းဆွေကောင်းရှိရခြင်း(ကလျာဏမိတ္တသမ္ပဒါ) ၁၉၁
- မိတ်ဆွေစစ် ၄ ယောက် ၁၉၄
- မိတ်ဆွေတု ၄ ယောက် ၁၉၈
- မိတ်ဆွေစစ် လက္ခဏာ (၁၆)ပါး ၂၀၆
- မိတ်ဆွေတု လက္ခဏာ (၁၆)ပါး ၂၀၈
- မိတ်မြဲစေသော နည်းများ ၂၀၉

## အခန်းကြီး (၄)


၈။ **ကေကနိပါတ် အတ္ထသဒ္ဒါရဇာတ်လာ ကြီးပွားကြောင်း ၆ ပါး** ၂၁၄
- အနာကင်းရှင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း ၂၁၇
- စောင့်ခြင်းသီလ ၂၂၉
- ဆုံးမမှတ်သား ၂၄၃
- ကြားမြင်ရှိစေ ၂၅၁
- ကျင့်လေသိတိုင်း ၂၅၉
- ထိုင်းမှိုင်းပျင်းရိ မရှိစေရ ၂၆၄


## အခန်းကြီး (၅)


၉။ **ကြီးပွားချမ်းသာကြောင်း ယသဝဍ္ဍနတရား (၇)ပါး** ၂၇၁

(၁) ထကြွလုံ့လ ဝီရိယရှိရခြင်း ၂၇၃

(၂) သတိတရားနှင့် ပြည့်စုံရခြင်း ၂၈၂

(၃) ကိုယ်နှုတ်နှလုံး ဖြူစင်ရခြင်း ၂၉၀

(၄) ရှုစမ်းဆင်ခြင်၍ ပြုလေ့ရှိခြင်း ၂၉၇

(၅) ကိုယ်နှုတ်နှလုံး စောင့်ထိန်းခြင်း ၃၀၄

(၆) တရားသဖြင့် အသက်မွေးခြင်း ၃၀၇

(၇) မေ့လျော့ပေါ့ဆမှု မရှိခြင်း ၃၁၂

၁၀။ **ပစ္စည်းဥစ္စာရကြောင်း ၁၁–ပါး** ၃၁၈

# ကျမ်းဦးနိဒါန်း

## ပစ္စည်းဥစ္စာရှာဖွေပုံ ရှာဖွေနည်း မှန်ကန်ရန်လိုအပ်ပုံ

လောကတွင် ပြည့်စုံမှုသည် အလွန်အရေးပါ၏။ ဗုဒ္ဓကျမ်းဂန်များ၌ ဘဝနှင့်ပြည့်စုံမှု(ဘဝသမ္ပတ္တိ)၊ ပစ္စည်းဥစ္စာတို့နှင့်ပြည့်စုံမှု(ဘောဂသမ္ပတ္တိ) စသည်ဖြင့် ပြည့်စုံမှုအမျိုးမျိုးကို တွေ့ရ၏။ လူ့ဘဝ နတ်ဘဝ စသော ဘဝကောင်းရရှိခြင်းကို ဘဝသမ္ပတ္တိခေါ်၍ ထိုဘဝများတွင် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝခြင်းကို ဘောဂသမ္ပတ္တိဟု ခေါ်ပါသည်။

ထိုသမ္ပတ္တိခေါ်ပြည့်စုံမှုများတွင် ဘဝသမ္ပတ္တိခေါ်သုဂတိဘဝကို ရရှိရန်မှာ အလွန်အရေးကြီး၏။ ကုသိုလ်ကံ အလွန်ကောင်းမှသာ သုဂတိဘဝကို ရနိုင်ရောက်နိုင်ကြ၏။ ထိုက်သင့်သည့်ကုသိုလ်ကံကြောင့် လူ့ဘဝစသော သုဂတိဘဝကိုရရှိလာကြသည့်အခါမှာလည်း ထိုဘဝ၌ ဘောဂသမ္ပတ္တိခေါ် စည်းစိမ်ဥစ္စာနှင့် ပြည့်စုံမှုမှာ အခြားသောပြည့်စုံမှုများထက် ပို၍အရေးကြီးပြန်သည်။

# ကျမ်းဦးနိဒါန်း

ပစ္စည်းဥစ္စာ ငွေအသပြာသည် အရာရာကို ပြုလုပ်ပေးနိုင်သည်။(Money Makes Everything)ဟူသော အင်္ဂလိပ်စကားပုံအတိုင်း စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာလျှင် ကျန်းမာရေး ကိုယ်စိတ်နှစ်ဖြာချမ်းသာရေး၊ ပညာရေး၊ ပေါင်းသင်းဆက်ဆံရေး တရားဘာဝနာ ကျင့်ကြံရေးစသော အရေးကိစ္စအားလုံးတို့ ပြီးပြည့်စုံနိုင်သည်။ အဆင်ပြေနိုင်သည်။ ထို့ကြောင့် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာရေးသည် အခြားသော အရေးများထက် ပို၍အရေးကြီးသည်ဟု ဆိုရပေသည်။

ထို့ကြောင့် လူ့ဘဝဇာတ်ခုံပေါ်သို့ ရောက်လာကြသည့် လူသားတိုင်း ချမ်းသာကြွယ်ဝနိုင်ရန် အရွယ်ရောက်ချိန်မှစ၍ တစ်ဘဝဆုံးသည့်အထိ ပစ္စည်းဥစ္စာများကို နေ့မအား ညမအား ကြိုးစားရှာဖွေကြရသည်။သို့သော် ကြိုးစားရှာဖွေကြသည့်လူတိုင်း ချမ်းသာကြွယ်ဝကြသည်ကား မဟုတ်ပါချေ။ ချမ်းသာကြွယ်ဝသူများရှိသကဲ့သို့ တစ်သက်လုံးဆင်းရဲနွမ်းပါးစွာ ဘဝနိဂုံးအဆုံးသတ်သွားရသည့် လူများလည်းအမြောက်အမြား ရှိပေသည်။

ဤကဲ့သို့ ကြိုးစားရှာဖွေကြချင်း တူကြပါလျက် ချမ်းသာသူဆင်းရဲသူဟူ၍ မတူကွဲပြား ခြားနားကြရခြင်းမှာ ရှေးအတိက် ကုသိုလ်ကံချင်း မတူကြသောကြောင့် သော်လည်းကောင်း၊ပစ္စည်းဥစ္စာ ရှာဖွေပုံ ရှာဖွေနည်း မမှန်ကန်ကြသောကြောင့်သော်လည်းကောင်း အကြောင်းတစ်မျိုးမျိုးကြောင့် ဖြစ်ပေသည်။ ထိုအကြောင်းနှစ်မျိုးတွင် ရှေးအတိတ်ကုသိုလ်

## ကျမ်းဦးနိဒါန်း

ကံချင့်း မတူကြသည့်အကြောင်းထက် ပစ္စည်းဥစ္စာ ရှာဖွေပုံ ရှာဖွေနည်း မမှန်ကြသည့်အကြောင်းကြောင့် မချမ်းသာသူ ပိုများပေသည်။ ထို့ကြောင့်ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာရေး တွင် ပစ္စည်းဥစ္စာရှာဖွေပုံရှာဖွေနည်း မှန်ကန်ရန် အထူးလိုအပ် လှပေသည်။

### ဗုဒ္ဓတရားနှင့် နိုင်ငံခြားသားများ

မြတ်စွာဘုရား လမ်းညွှန်ဟောကြားတော်မူထားသော တရားတော်များ၌ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာကြောင်း နည်းလမ်းကောင်းများကို များစွာတွေ့ရှိရ၏။ မှန်ပါသည်။ ရှင်တော်ဗုဒ္ဓသည် ဘုရားလောင်း သုမေဓာဘဝက "ဘုရား အဖြစ်သို့ ရောက်၍ လူ နတ် ဗြဟ္မာ သတ္တ အပေါင်းကို ဘဝ သံသရာမှ ကျွတ်လွတ်ကူးမြောက်စေမည်" ဟု ရည်ရွယ်ချက် ထားတော်မူခဲ့သည့် အတိုင်း ဘုရားဖြစ်တော်မူသောအခါ၌ (၄၅) ဝါကာလပတ်လုံး သံသရာမှ လွတ်မြောက်ကြောင်း တရားတို့ကို လမ်းညွှန်ဟောကြားတော်မူကာ မရေမတွက် နိုင်အောင်များမြောင်လှသော သတ္တဝါအပေါင်းတို့ကို သံသ ရာဝဋ်ဆင်းရဲမှ ကျွတ်လွတ် ကူးမြောက်စေတော်မူခဲ့ပါသည်။

ယင်းသို့မြတ်စွာဘုရားသည် သတ္တဝါများ ဘဝသံသရာမှ လွတ်မြောက်စေရန် တရားတော်များကိုဟောကြားတော်မူရာ တွင်လောကုတ္တရာ တရားတော်များကိုသာ ဟောကြားတော် မူခဲ့သည်မဟုတ်ပါ။ စပ်ရာစပ်ရာတို့၌ လောကကြီးပွားချမ်းသာ ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးစသည့် လောကီရေး

ရာတရားတော်များကိုလည်း လပ်းညွှန် ဟောကြားတော်မူခဲ့ပါသည်။

ထိုလောကီရေးရာ လမ်းညွှန်တရားတော်များမှာ ဘုရားဟောတရားတော်များဖြစ်သည်နှင့်အညီ တရားတော်အတိုင်း လိုက်နာပြုကျင့်ပါက ကေန်မုချအကျိုးရသည့် လမ်းညွှန်တော်မူချက်များဖြစ်ပေသည်။ အထူးသဖြင့် ယခုမျက်မှောက်လောက၌ ကြီးပွားချမ်းသာနေကြသည့်နိုင်ငံခြားသားလူမျိုးခြားများကို လေ့လာသုံးသပ်ကြည့်လျှင် သူတို့၏ပစ္စည်းဥစ္စာရှာဖွေနည်းများသည် အများအားဖြင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားလမ်းညွှန်ဟောကြားခဲ့သည့် ကြီးပွားချမ်းသာကြောင်းနည်းလမ်းကောင်းများအတိုင်း ဖြစ်နေကြသည်ကိုတွေ့ရှိရ၏။

ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သည့် ကြီးပွားချမ်းသာရေး လမ်းညွှန်တရားတော်များကို ကြီးပွားချမ်းသာလိုကြသည့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ သိရှိနားလည်၍ လမ်းညွှန်တော်မူချက်အတိုင်း လိုက်နာကျင့်သုံးနိုင်ကြရန် ရည်ရွယ်လျက် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသော ပိဋကတ်ကျမ်းဂန်များ၌ လာရှိသည့် ကြီးပွားချမ်းသာရေးလမ်းညွှန်တော်မူချက်များကို လက်လှမ်းမီသလောက်မွှေနှောက်ရှာဖွေကာ ဤစာအုပ်ကို ရေးသားပြုစုခြင်း ဖြစ်ပါသည်။

## ကျမ်းစာအုပ်၏ဂုဏ်ရည်

ဤစာအုပ်ကို ရေးသားပြုစုရခြင်းအကြောင်း နိဒါန်းကို တင်ပြပြီးသည့်နောက် စာဖတ်ပရိသတ်များအား ဤစာအုပ်

နှင့် မိတ်ဆက်ပေးလိုပါသေးသည်။ စာအုပ် ပြုစုရေးသားသူသည် ဤစာအုပ်ကို အခန်းကြီး(၅)ခန်း ဖွဲ့၍ ရေးသားပြုစုထားပါသည်။

အခန်း(၁)တွင် ချမ်းသာခြင်း၏ အကျိုးများ၊ မချမ်းသာခြင်း၏ အပြစ်များ၊ ဉာဏ်ဦးဆောင်သော ဝီရိယ၊ ဈေးသည် ကုန်သည်တို့ တိုးတက်ကြီးပွားကြောင်း နည်းလမ်းကောင်းများ၊ မကောင်းသောကုန်သွယ်နည်းများ၊မကောင်းသောကုန်သွယ်နည်းများ၏ပြစ်ချက်များ၊ ကောင်းသောကုန်သွယ်နည်းများ၊ ကောင်းသော ကုန်သွယ်နည်းများ၏ အကျိုးတရားများသည်တို့ကို ထေရဝါဒ ပိဋကတ်ကျမ်းဂန်လာသည့်အတိုင်း ဇာတ်နိပါတ် ဝတ္ထုသာဓကများဖြင့် တန်ဆာဆင်ရေးသားထားရာ စာဖတ်ပရိသတ်များအား ကြီးပွားချမ်းသာအောင်ကြိုးစားအားထုတ်လိုစိတ်များ၊ တရားသောနည်းလမ်းများဖြင့်စီးပွားရှာလိုစိတ်များ ဖြစ်ပွားလာနိုင်ပါသည်။

တိုးတက်ကြီးပွား ချမ်းသာရေးတွင် 'သဒ္ဓတိစက် ၄-ပါး' သည် အလွန်အရေးပါလှ၏။ ထိုစက်လေးပါး တရားတော်ကို အင်္ဂုတ္တိုရ်ပါဠိတော်၊ စက္ကသုတ်နှင့် သုတ်ပါထေယျ ပါဠိတော် ဒသုတ္တရသုတ်စသည်တို့၌ တွေ့ရ၏။ ထိုသုတ်များတွင် လူနတ်ဗြဟ္မာ မည်သည့်သတ္တဝါမဆို စက်လေးပါး တရားတော်များနှင့် ပြည့်စုံလျှင် ပစ္စည်းဥစ္စာရတနာများ ကြီးကျယ်စွာ တိုးတက်ပြန့်ပွားနေ၍ နေ့ချင်းညချင်း ကြီးပွားချမ်းသာမည်ဟု မြတ်စွာဘုရား ဟောကြားထားပါသည်ကို လောကကြီးပွားချမ်းသာကြောင်း စက်လေးပါး တရားအပေါင်းကို

## ကျမ်းဦးနိဒါန်း

အခန်း(၂)တွင် ဝတ္ထုဇာတ်လမ်း အခန်းခန်းတို့ဖြင့် တင်ပြထားရာ စိတ်ပါဝင်စားစွာ ဖတ်ရှုကြရပေမည်။

မြတ်စွာဘုရား ဟောကြားတော်မူထားသော တရားတော်များတွင် လောကကြီးပွားချမ်းသာရေးနှင့်ပတ်သက်၍သမ္ဗဒ္ဓါ တရားလေးပါးသည် အလွန်နာမည်ကြီး၏။ ထိုတရားလေးပါးကို အင်္ဂုတ္တိုရ်ပါဠိတော်၊ ဇာဏုသောဏိသုတ်၌ တွေ့ရ၏။ ရှင်ဘော်ဘုရားသည် ထိုတရားလေးပါးကို ယခုလက်ရှိဘဝ၌ ကြီးပွားချမ်းသာကြောင်း တရားတော်များအဖြစ် တိုက်ရိုက်ဟောကြားထားခြင်းဖြစ်၏။ ထိုတရားလေးပါးကို အခန်း(၃)တွင် ဖတ်ချင့်စဖွယ် အကျယ်ရှင်းလင်း တင်ပြထားပါသည်။ အထူးသဖြင့် "သမဇီဝိတသမ္ဗဒါ"အခန်းတွင် ပစ္စည်းဥစ္စာ သုံးစွဲနည်း ဥပဒေသ(၆)မျိုးကို ထိုထိုသုတ်တော်များမှ ကောက်နုတ်၍ စုစည်းတင်ပြထားရာ အလွန်မှတ်သား လိုက်နာဖွယ်ရာများအဖြစ် လေ့လာကြရမည် ဖြစ်ပါသည်။

အခန်း (၄)၌ ကေနိပါတ် အဋ္ဌသဒ္ဒါရ ဇာတ်တော်လာ ကြီးပွားချမ်းသာကြောင်း တရား (၆)ပါးအကြောင်းကို ရာဇဝင်နိပါတ် ပစ္စုပ္ပန်အတ္ထုပ္ပတ်တို့ဖြင့် အကျယ်တဝင့် ရှင်းလင်းတင်ပြထားရာ ထိုကြီးပွားကြောင်းတရား (၆)ပါး အတိုင်း လိုက်နာပြုကျင့်လိုသောစိတ်များ တဖွားဖွား ပေါ်လာမည် ဖြစ်ပါသည်။

ဗုဒ္ဓရှင်တော်ဘုရားသည် ကုမ္ဘဃောသက သူဌေးသားကို အကြောင်းပြု၍ ယသဝဍ္ဎန (စည်းစိမ်ဥစ္စာ အခြံအရံတိုးပွားကြောင်း) တရားခြောက်ပါးကို ဟောကြားထားကြောင်း

# ကျမ်းဦးနိဒါန်း

ဓမ္မပဒပါဠိ အပ္ပမာဒတ်၊ ကုမ္ဘဃောသကဝတ္ထု၌ လေ့လာတွေ့ရှိရ၏။ ထိုတရား (၆) ပါးကား စည်းစိမ်ချမ်းသာ၊ အခြံအရံ၊ ဘုန်းကျက်သရေ၊ တန်ခိုးအာဏာ၊ ဂုဏ်သတင်း ပျံ့သင်းကျော်စောခြင်းတို့ တိုးတက် ကြီးပွားနိုင်သော တရားများတည်း။ ထိုတရား (၆) ပါးကို နောက်ဆုံးအခန်း (၅)၌ ပိဋကတ်တော်လာ မှတ်သားစရာ အဖြာဖြာတို့ဖြင့် အကျယ်ရှင်းလင်းတင်ပြထားရာ ကြီးပွားချမ်းသာကြောင်း ဗဟုသုတကောင်းတို့ကို ကောန်ရရှိကြမည် ဖြစ်ပါသည်။

အားလုံးခြုံ၍ နိဂုံးချုပ် တင်ပြရသော် ဤစာအုပ်သည် လောကကြီးပွားချမ်းသာရေးနှင့် စပ်လျဉ်း၍ထိုမြတ်စွာဘုရား ဟောကြားခဲ့သမျှ တရားတော်အားလုံးတို့ကို ထိုထိုပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့တွင် မွှေနှောက်ရှာဖွေ၍ တစ်စုတစ်လုံးတည်း စုစည်းတင်ပြထားရာ ကြီးပွားချမ်းသာနည်းပဒေသာပင်ကြီးပင်ဖြစ်ပါသည်။ ထို့ကြောင့်ချမ်းသာကြီးပွားလိုလား၊ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဤစာအုပ်လာ ဗုဒ္ဓမြတ်စွာ လမ်းညွှန်တော်မူချက် အဖြာဖြာကို လိုက်နာပြုလုပ်အားထုတ်ကြိုးစားခြင်းဖြင့် မြန်မာ့မီလျံနာ(သန်းကြွယ်သူဌေး)ဘီလျံနာ(ကုဋေကြွယ်သူဌေး)ကြီးများ ဖြစ်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပေသည်။

ဓမ္မာစရိယ ဦးအေးနိုင်
(ဘီအေ)
၁၀-၉-၉၅

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မြတ်ဗုဒ္ဓ၏
# ကြီးပွားချမ်းသာရေးလမ်းညွှန်
# တရားတော်များ

## အခန်း ( ၁ )

# ချမ်းသာခြင်း၏အကျိုးနှင့် ဆင်းရဲခြင်း၏ အပြစ်များ

**ချမ်းသာစေသောပျိုး။** - ။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ကြီးပွား ချမ်းသာရေး နည်းပေးလမ်းညွှန်တော်မူချက်များကို မတင်ပြမီ ပစ္စည်းဥစ္စာ ကြွယ်ဝမှုကြောင့် ရရှိသည့် အကျိုးများကို နိဒါန်းအနေဖြင့် တင်ပြပါမည်။

လောကတွင် ရွှေငွေဥစ္စာ ရတနာအဖြာဖြာတို့နှင့် တကွ နေစရာ၊ ထိုင်စရာ၊ ဝတ်စရာ၊ စားစရာ အိုးအိမ်တိုက်တာ ပစ္စည်း အသုံးအဆောင်တို့နှင့် ပြည့်စုံမှုကို ကျမ်းဂန်များ၌ “ဘောဂသမ္ပတ္တိ” ဟု ခေါ်သည်။ ဘဝသမ္ပတ္တိကို ရရှိ၍ လူဖြစ်လာကြသည့်လူတိုင်း ပစ္စည်းဥစ္စာ အဖြာဖြာတို့နှင့် ကြွယ်ဝ

ပြည့်စုံရန် အထူးလိုအပ်ပေသည်။ ကျန်းမာခြင်းသည် မြတ်သော လာဘ်တစ်ပါး (အာရောဂျ ပရမာ လာဘာ) ဟု ဟောကြားထားသည်မှန်သော်လည်း ထိုကျန်းမာခြင်းလာဘ်ကို ရှေ့ရှေ့ရတနာ ပစ္စည်းဥစ္စာ အပြာပြာတို့နှင့် ပြည့်စုံလျှင် ထိုက်သင့်သလောက် ရရှိနိုင်ပါသည်။

လူသားတို့ ရုပ်တရားများမှာ အမြဲဖောက်ပြန်တတ်သည့်အားလျော်စွာ မကျန်းမမာဖြစ်၍ ဖောက်ပြန်လာသည့်အခါ သင့်လျော်သော ဆေးဝါးဓာတ်စာတို့ဖြင့် ထောက်ပံ့ကူညီပေးမှ ပြန်၍ ကျန်းမာလာနိုင်ပါသည်။ ပစ္စည်းဥစ္စာမရှိသဖြင့် ဆေးဝါးဓာတ်စာများကို မဝယ်နိုင်သောကြောင့် အသက်ဆုံးရှုံးရသူများမှာ အများအပြား ရှိပေသည်။

ကျန်းမာမှ ပစ္စည်းဥစ္စာ ပြည့်စုံအောင် ရှာဖွေနိုင်သကဲ့သို့ ပစ္စည်းဥစ္စာ ပြည့်စုံမှလည်း ကျန်းမာရေး၊ ကုသိုလ်ရေး၊ လူမှုရေး ကိစ္စအဝဝတို့ကို အဆင်ပြေအောင် ဆောင်ရွက်နိုင်ရကား၊ ကျန်းမာရေးနှင့် ပစ္စည်းဥစ္စာ ပြည့်စုံရေးတို့သည်၊ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနေကြသဖြင့် ကျန်းမာရေး အရေးကြီးသကဲ့သို့ ပစ္စည်းဥစ္စာ အပြာပြာနှင့် ပြည့်စုံမှု ဘောဂသမ္ပတ္တိသည်လည်း အရေးကြီးပေသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် အခါတစ်ပါး၌ အနာထပိဏ်သူဌေးကြီးအား "ဒါယကာ-ကာမဂုဏ်ခံစားသောလူသတ္တဝါသည် ပစ္စည်းဥစ္စာနှင့် ပြည့်စုံမှုဟူသော သင့်လျော်သောအချိန်အခါကိုစွဲ၍ ရရှိသော ချမ်းသာတို့မှာ ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ—

(၁) ရှိမှုချမ်းသာ (အတ္ထိသုခ)
(၂) သုံးဆောင်ခံစားရမှုချမ်းသာ (ဘောဂ-သုခ)
(၃) ကြွေးမြီကင်းမှုချမ်းသာ (အာနဏျ-သုခ
(၄) အပြစ်မရှိမှုချမ်းသာ (အနဝဇ္ဇသုခ) တို့ဘည်းဟု စဝုက္ကအင်္ဂုတ္တိုရ်ပါဠိတော် အာနဏျသုတ်၌ ဟော ကြားတော်မူထားပေသည်။

၁။ ရှိမှုချမ်းသာ (အတ္ထိသုခ)။ ။ဤချမ်းသာလေးမျိုး တို့တွင် ရှိမှု ချမ်းသာ ဆိုသည်မှာ အတွင်းအပ ပစ္စည်းဥစ္စာ ရတနာအဖြာဖြာတို့နှင့် ပြည့်စုံစွာ ရှိခြင်းကြောင့် ဖြစ်ပေါ်လာသော ချမ်းသာမျိုး ဖြစ်သည်။

လူ့လောကတွင် ဥစ္စာခနေ ကြွယ်ဝချမ်းသာမှု (ဘောဂ သမ္ပတ္တိ)ကား လွယ်ကူသောအရာမဟုတ်၊ ကံ,ဉာဏ်,ဝီရိယရှိကြ သူများသာ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသူများ ဖြစ်နိုင်ကြ သည်။ထို့ကြောင့်ပစ္စည်းဥစ္စာချမ်းသာရန်ဉာဏ်ဦးဆောင်ကာ တက်ကြွသော လုံ့လဝီရိယဖြင့်ချွေးဒီးဒီးယိုစီးအောင် ပင်ပန်း ကြီးစွာ ပစ္စည်းဥစ္စာများကို ရှာဖွေစုဆောင်းကြရသည်။

ယင်းသို့ ရှာဖွေစုဆောင်းကြသည့်အတိုင်း ရှေးအတိတ်ကံ အားလျော်စွာ ကြွယ်ဝချမ်းသာ လာသူများမှာ မိမိတို့ အိမ် ထောင်စုအတွက် အစစအရာရာ အဆင်ပြေလျက်ရှိကြသည်။ ဝတ်ရေး၊ စားရေး၊ နေထိုင်ရေးတို့နှင့်ပတ်သက်၍ ကြောင့် ကြမှုလည်း မရှိ၊ တောင့်တမှုလည်းမရှိ၊ ပူပန်မှုလည်း ကင်း၏။

သို့ဖြစ်၍ "ငါ့မှာ ပစ္စည်းဥစ္စာရတနာတို့နှင့် ပြည့်စုံပါပေစွ တကား" ဟုချမ်းသာမှုကိုလည်းရ၏။ ဝမ်းမြောက်ဝမ်းသာ လည်းဖြစ်၏။ ဤသည်ကိုပင် "ရရှိမှုချမ်းသာ" ဟု ခေါ်ပေ သည်။

(၂) သုံးဆောင်ခံစားမှုချမ်းသာ(ဘောဂသုခ)။ ပစ္စည်း ဥစ္စာကြွယ်ဝချမ်းသာသူများမှာ အလိုရှိတိုင်း သုံး ဆောင် ခံစားနိုင်ခြင်း၊ အလိုရှိတိုင်း စွန့်ကြဲပေးကမ်းလှူဒါန်း နိုင်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ချမ်းသာမျိုးကို "သုံး ဆောင် ခံစားမှုချမ်းသာ"ဟု ခေါ်ပါသည်။

မှန်ပါသည်၊ မိမိမှာ ရွှေငွေစသော ပစ္စည်းဥစ္စာ ရတနာ အဖြာဖြာတို့နှင့် ပြည့်စုံသည့်အတွက် လူသားတို့အဖို့ လိုအပ် သည့် အဝတ်အထည် အစားအသောက် နေရာထိုင်ခင်း အဆောက်အဦတို့ကို အလိုရှိတိုင်း စိတ်ကြိုက် သုံးဆောင်ခံစား နိုင်ကြ၏။ ရေခဲသေတ္တာ၊ ရေဒီယို၊ ကက်ဆက်၊ တယ်လီဗေးရှင်း၊ တယ်လီဖုန်း၊ လေအေးခန်း၊ မော်တော်ကားစသော အထက် တန်းစား အိမ်အသုံးအဆောင်ပစ္စည်းများဖြင့် လူနေမှုအဆင့် အတန်း မြင့်မြင့်နေထိုင်နိုင် စားသောက်နိုင်ကြပေသည်။

အလှူဒါန တို့ကိုလည်း အချိန်အခါမရွေး အလိုရှိတိုင်း ပေးကမ်းလှူဒါန်းနိုင်၊ စွန့်ကြဲနိုင်ကြသည်။ သီလကိုလည်း ဆောက် တည်နိုင်ကြသည်။ ဘာဝနာ ကမ္မဋ္ဌာန်းကိုလည်း စီးဖြန်း ပွားများနိုင်ကြသည်။

ဤသို့ စိတ်တိုင်းကျ သုံးဆောင်ခံစားနိုင်၊ လှူဒါန်းပေးကမ်းမှု စသည့် ကုသိုလ်ကောင်းမှုများတို့ ပြုလုပ်နိုင်သဖြင့် ချမ်းသာမှုကိုလည်းရ၏၊ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်ရ၏၊ ဤသည်မှာ သုံးဆောင်ခံစားမှုချမ်းသာ ဖြစ်ပါသည်။

(၃) ကြွေးမြီကင်းမှုချမ်းသာ (အာနဏျသုခ)။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူတို့၌ရှိသောကြွေးမြီကင်းမှုချမ်းသာဆိုသည်မှာ ကြွေးမြီလွတ်ကင်းသန့်ရှင်းစင်ကြယ်စွာနေရခြင်းကြောင့် ဖြစ်သော ချမ်းသာမျိုးဖြစ်သည်။

လောကတွင် ကြွေးမြီကင်းသူ အလွန်ရှားသဖြင့် ထိုချမ်းသာမျိုးကား အလွန်ရခဲသော ချမ်းသာမျိုးဖြစ်သည်။

ကြွေးမြီသည် မိမိအခက်အခဲကို လတ်တလော ဖြေရှင်းပေးနိုင်သည် မှန်သော်လည်း ကြွေးမြီတွင် ဆင်းရဲဒုက္ခမျိုးစုံဝိုင်းအုံ၍နေသည်ကို ကြွေးမြီနှင့် မကင်းသူ လူဆင်းရဲတိုင်းသိကြပေသည်။ ကြွေးမြီယူသည့်အခါ၌လည်း သူတစ်ပါးထံမှောက်တွင် မျက်နှာအောက်ချလျက် အောက်ကျနောက်ကျတောင်းပန်တိုးလျှိုးကာ ချေးယူကြရ၏။ ထိုချေးငွေအတွက်ကာလအလျောက် ထိုက်သင့်သော အတိုးငွေကိုလည်း အပိုပေးကြရ၏။ အတိုးနည်းရန်အတွက် မိမိ၏ တန်ဖိုးရှိသည့် ရွှေငွေစသော ပစ္စည်းများ မြီရှင်ထံအပ်နှံထားရ၏။ အပ်နှံစရာရွှေငွေစသောရတနာပစ္စည်း မရှိသူများမှာ အဖိုးအဆအတန်ပေးကာ ချေးယူကြရ၏။

ကြွေးယူပြီးသည့်နောက် ကြွေးမြီကို အချိန်မီ ပြန်ဆပ်နိုင်ရေးအတွက် အချိန်ရှိသမျှ ပူပန်နေရ၏။ စိတ်ဆင်းရဲနေရ၏။ မပေးဆပ်နိုင်မီ မြီရှင်နှင့်မတွေ့အောင် ရှောင်တိမ်းနေရ၏။ မတော်တဆတွေ့လျှင်လည်း တောင်းပန်စကား ပြောကြားထားရ၏။

ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူများမှာမူ ထိုကြွေးမြီကြောင့် ဖြစ်ပေါ်လာသည့် ဆင်းရဲမျိုး လုံးဝကင်းကြ၏။ ကုန်သွယ်မှုစသော အမှုကိစ္စတစ်ခုခုကို ပြုလုပ်သည့်အခါ မိမိဥစ္စာပစ္စည်း အရင်းအနှီးတို့ဖြင့်ပင် လွယ်ကူစွာ ဆောင်ရွက်နိုင်ကြ၏။ သူတစ်ပါးထံတွင် မချေးငှားဘဲ မိမိခြေပေါ်မိမိ ရပ်တည်နိုင်ကြ၏။

ယင်းသို့ သူတစ်ပါးကြွေးမြီမှ ကင်းလွတ်သဖြင့် ကြွေးမြီအတွက် စိတ်မပူပန်ရသောကြောင့် ချမ်းသာမှုကိုလည်းရ၏။ ဝမ်းသာမှုလည်း ဖြစ်ရ၏။ ဤသည်တို့ကိုပင် ကြွေးမြီကင်းမှုချမ်းသာဟု ခေါ်သည်။

(၄) အပြစ်မရှိမှုချမ်းသာ (အနဝဇ္ဇသုခ)။ ။အပြစ်မရှိမှုချမ်းသာသုခဆိုသည်မှာ အသက်မွေးဝမ်းကျောင်းမှုနှင့် ပတ်သက်၍ ဒုစရိုက်ပြစ်မှုတို့မှ ကင်းလွတ်ခြင်းကြောင့် ဖြစ်သော ချမ်းသာမျိုးဖြစ်သည်။ ပစ္စည်းဥစ္စာ ရတနာအဖြာဖြာတို့နှင့် ပြည့်စုံ လုံလောက်နေသောကြောင့် မိမိ၏ အသက်မွေးဝမ်းကျောင်းအတွက် မတရားသော ရောင်းဝယ်ဖောက်ကားခြင်း၊ မုဆိုးတံငါ ပြုလုပ်ခြင်း၊ ခိုးမှု၊ တိုက်မှု၊

သတ်မှုတို့ကို လှန့်ကျူးခြင်းစသည့် မိစ္ဆာဇီဝ(ဖောက်ပြန်ယွင်းမှား မတရားသော အသက်မွေးမှု)အမှုမျိုးတို့ကို ဆင်းရဲသားများကဲ့သို့ ပြုလုပ်နေစရာမလို၊ အေးငြိမ်းချမ်းသာစွာ နေနိုင်ကြသည်။

အကယ်၍ ပစ္စည်းဥစ္စာ ရှာဖွေမည်ဆိုလျှင်လည်း ပင်ကိုကပင် ပစ္စည်း ဥစ္စာ ပြည့်စုံနေမှုကြောင့် ဆင်းရဲသားများကဲ့သို့ "မတရားသောတရားသောပစ္စည်းဥစ္စာရပြီးရော" သဘောမျိုး မရှိဘဲ မတရားသဖြင့် စီးပွားဥစ္စာရှာမှုတို့ကို ရှောင်ရှား၍ တရားသော စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်းစသည့် မှန်မြတ်သော အသက်မွေးဝမ်းကျောင်းမှု (သမ္မာအာဇီဝ)မျိုးကို ပြုလုပ်နိုင်ပေသည်။

ထို့ကြောင့် ပစ္စည်းဥစ္စာချမ်းသာသူများ၏ အသက်မွေးဝမ်းကျောင်းမှုသည် အများအားဖြင့် အကုသိုလ်ဒုစရိုက်ပြစ်မှုများမှ ကင်းလွတ်နိုင်ပေသည်။

ဤသို့ဖြင့် ငါသည် အပြစ်မရှိသော ကာယကံ၊ ဝစီကံ၊ မနောကံ တို့နှင့် ပြည့်စုံ၏ဟု ချမ်းသာမှုကိုလည်း ရ၏။ ဝမ်းမြောက် ဝမ်းသာမှုလည်းဖြစ်ရ၏။ ဤသည်ကိုပင် အပြစ်မရှိ ချမ်းသာဟု ခေါ်ပေသည်။

## ဆင်းရဲခြင်းခြောက်မျိုး

ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာခြင်း၏ အကျိုးတရားများမှာ ပိုမိုသိသာထင်ရှားရန် ပစ္စည်းမဲ့သူများတွင် ကြုံတွေ့လေ့ရှိသော ဆင်းရဲဒုက္ခများကိုလည်း ဆက်လက်တင်ပြပါဦးမည်။

တစ်ချိန်သောအခါက မြတ်စွာဘုရားသည် တပည့်ရဟန်းတော်များအား ပစ္စည်းမဲ့လူတန်းစားများမှာ တွေ့ကြုံရတတ်သော ဆင်းရဲဒုက္ခခြောက်မျိုးကိုဟောကြားတော်မူပါသည်။

ထိုဆင်းရဲခြောက်မျိုးမှာ....

(၁) ပူပန်ဆင်းရဲရခြင်း ဒလိဒ္ဒဒုက္ခ၊

(၂) ကြွေးမြီချေးငှားရခြင်း၊ ဆင်းရဲ ဟူသော ဣဏာဒါနဒုက္ခ၊

(၃) အတိုးပွားများလာသဖြင့် ဆင်းရဲခြင်း ဝဍ္ဎိဒုက္ခ၊

(၄) ကြွေးခဏခဏတောင်းသဖြင့် ဆင်းရဲရခြင်း စောဒနာဒုက္ခ၊

(၅) ကြွေးရှင်က မိမိနောက်သို့ အစဉ်လိုက်နေသဖြင့် ဆင်းရဲရခြင်း အနုစရိယဒုက္ခ၊

(၆) မိမိကိုယ်ကို လိုက်လံ ဖမ်းဆီးပြီး ထောင်ချခြင်းစသော အနှောင်အဖွဲ့ကိုခံရသဖြင့် ဆင်းရဲရခြင်း ဗန္ဓနဒုက္ခတို့ ဖြစ်ပါသည်။

ဤဆင်းရဲခြင်းခြောက်မျိုးကို ဆက္ကအင်္ဂုတ္တိုရ်ပါဠိတော် ဣဏာသုတ်၌ မြတ်စွာဘုရား ဟောကြားထားသည်ကို တွေ့ရသည်။ ပစ္စည်းဥစ္စာကြွယ်ဝပြည့်စုံသူများမှာ ဤဆင်းရဲခြင်းခြောက်မျိုးမှ လွတ်ကင်း၍ ချမ်းချမ်းသာသာ နေထိုင်နိုင်မည်ဖြစ်ကြောင်း သိရှိနိုင်ပါသည်။

## ဟိတောပဒေသကျမ်းအဆို

ပစ္စည်းဥစ္စာကြွယ်ဝခြင်း- ပကြွယ်ဝခြင်းနှင့် ပတ်သက်၍ အကျိုးအပြစ်တို့ကို ဘုရားဟောဒေသနာတော်အတိုင်း တင်ပြပြီးသည့်နောက် ဟိတောပဒေသကျမ်းလာ အကျိုးအပြစ်တို့ကို စိစစ်တင်ပြပါဦးမည်။ ဟိတောပဒေသကျမ်း၌....

ဤလောကတွင် ကာယဗလ၊ ဉာဏဗလဟူသောဗလနှစ်ပါးနှင့် မပြည့်စုံသူပင်ဖြစ်လင့်ကစား ပစ္စည်းဥစ္စာရတနာများနှင့် ပြည့်စုံ၍လာသည့်အခါ ရှေးကထက်ကျန်းမာလာပြီး ခွန်အားဗလကြီးမားလာ၏။ အသိအလိမ္မာ ဉာဏ်ပညာတရားကြီးမားလာ၏။အဆွေခင်ပွန်း ချစ်ကျွမ်းဝင်လိုသောသူတို့သည်လည်း လွန်စွာ ပေါများလာကြ၏။ အဆွေအမျိုးတော်စပ်လိုသူများလည်း ဟိုကပေါ် ဒီကပေါ် ဖြစ်လာကြ၏။ ပစ္စည်းမဲ့ လူတန်းစားဘဝက ယောကျ်ားမပီသဟု အပြောအဆို ခံရစေကာမူ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာလာသည့်အခါ "ယောကျ်ားကောင်း ပီသပါပေတယ်"ဟ ချီးကျူးခံရ၏ဟူသော အကျိုးတရားများကို....

> "ဝနေန ဗလဝါ လောကော
> ဓနာ ဘဝတိ ပဏ္ဍိတော"

စသည်ဖြင့် မိန့်ဆိုထား၏။

အကျိုးကို မိန့်ဆိုသကဲ့သို့ ပစ္စည်းဥစ္စာ ချို့တဲ့ခြင်း၏ အပြစ်ကိုလည်း ဤသို့ဆက်လက်မိန့်ကြားထား၏။ပစ္စည်းမဲ့ လူတန်း

စားဘ၀ ရောက်သွားလျှင် လမျိုး, နေမျိုးမှ ဖြစ်လာကြသော မင်းညီမင်းသားတို့ပင်ဖြစ်စေကာမူ မည်သူမျှ အလေးမပြု ဂရုမထားကြသည်ကို ခံကြရ၏။ လွန်စွာချစ်ကျွမ်းဝင်သူမိတ်ဆွေများသာမက သားမယားစသော ဆွေမျိုးများကပင် စွန့်ပယ်ထားကြ၏။ ထိုဆင်းရဲသား၏ ပြောစကားများကိုလည်း မည်သူကမှ အလေးမပြု ဂရုမစိုက်ဘဲ ပြစ်တင်ကဲ့ရဲ့မှုကိုသာ ပြုတတ်ကြ၏။

ဤလောက၌ ပစ္စည်းဥစ္စာရတနာတို့မှာ အလိုရှိရာကို ပေးနိုင်သော ပဒေသာပင်ကြီး ဖြစ်ရာ ထိုပဒေသာပင်ကြီးမရှိသူတို့မှာ အနေအထိုင်၊ အဝတ်အစား စသည့် အရာခပ်သိမ်းတို့တွင် သူတကာတို့နှင့် တန်းတူမပြုလုပ်နိုင်သဖြင့် ပွဲလမ်းသဘင်ပျော်ရွှင်ရာသို့ မဝင်နိုင်ရကား "လူ" ဟူ၍ အခေါ်ခံရရုံမျှဖြစ်သည့်အတွက် "လူမွဲလူဆင်းရဲ ဖြစ်နေရသည်ထက် သေရသည်ကပင် မြတ်ချေသေး၏" ဟု မိန့်ဆိုထားသည်ကို တွေ့ရ၏။

ဤသို့အားဖြင့်ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာခြင်း၏အကျိုးတရားများနှင့် ပစ္စည်းမဲ့လူတန်းစားတို့ တွေ့ကြုံခံစားရတတ်သည့်ဆင်းရဲဒုက္ခ၊အပြစ်အနာတို့ကို ဗုဒ္ဓဒေသနာတော်များနှင့် ဟိတောပဒေသ ကျမ်းလာအတိုင်း စိစစ်တင်ပြခဲ့ပြီးပေပြီ။ ယခုပစ္စက္ခလောကကို သတိထားကြည့်လျှင်လည်း ပစ္စည်းရှိသူတို့ ချမ်းသာမျိုးစုံကို ခံစား,စံစားနေကြရသကဲ့သို့ ပစ္စည်းမဲ့သူတို့ တွေ့ကြုံနေရသော ဆင်းရဲဒုက္ခအဖုံဖုံတို့မှာ ဗုဒ္ဓဒေသနာတော်၊ ဟိတောပဒေသကျမ်းလာတို့နှင့် တစ်ထပ်တည်းတူညီနေသည်ကို လက်တွေ့ကျကျ သိမြင်နိုင်ပေသည်။

ထို့ကြောင့် လောကတွင် ကျန်းမာရေးသည် အရေးပါသော လာဘ်ကြီးတစ်ပါးဖြစ်သကဲ့သို့ ပစ္စည်းဥစ္စာ ရတနာ ရွှေငွေ အထွေထွေတို့နှင့် ပြည့်စုံကြွယ်ဝခြင်းဆိုသည့် ကြီးပွားချမ်းသာရေးသည်လည်း အလွန်အရေးပါသည့် အရာဖြစ်ကြောင်း ထင်ရှားသိသာလှပေသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဝေနေယျသတ္တဝါတို့အား သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရေးကို ပဓာနထား၍ လေးဆယ့်ငါးဝါပတ်လုံး မဂ်ဖိုလ်နိဗ္ဗာန်မြင်သည့် တရားတော်အစဉ်ကို ဟောကြားတော်မူရာတွင် အခါအခွင့်သင့်တိုင်း "ကြီးပွားချမ်းသာရေး လမ်းညွှန်တရားများ" ကိုလည်း စပ်ရာစပ်ရာ ဟောကြားတော်မူခဲ့သည်ကို ပိဋကတ် ကျမ်းဂန်များတွင် လေ့လာတွေ့ရှိရပေသည်။

ထို့ကြောင့် ကြီးပွားချမ်းသာလိုသူတိုင်း ထိုကြီးပွားချမ်းသာရေးလမ်းညွှန်တရားအတိုင်း လိုက်နာကျင့်သုံးနိုင်ရန် ထိုလမ်းညွှန်တရားများကို ပိဋကတ်ကျမ်းဂန်များတွင်လက်လှမ်းမီသလောက် မွှေနှောက်ရှာဖွေ၍ တင်ပြထားပါသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၃၊ အမှတ်-၂)

အခန်း( ၂ )

## ဉာဏ်ဦးဆောင်သော ဝီရိယ

ဉာဏ်ဦးဆောင်သော ဝီရိယသည် လောကလူသားတို့ ကြီးပွားချမ်းသာရေးတွင် အရေးပါသော အကြောင်းတစ်ခု ဖြစ်ကြောင်း၊ ကေပဒဇာတကပါဠိအဋ္ဌကထာ၌ မြတ်စွာဘုရား ဟောကြားထားပေသည်။ ရှေးတစ်ချိန်သော အခါက ဗာရာဏသီပြည်တွင် ဘုရားလောင်းသည် သူဌေးသားတစ်ဦး ဖြစ်ခဲ့ဖူးပါသည်။ ဖခင်သူဌေးကြီး ကွယ်လွန်သွားသည့်အခါ သူဌေးရာထူးကို လက်ခံရရှိ၏။ တစ်နေ့သောအခါ ထိုဘုရားလောင်း သူဌေး၏ သားငယ်ကလေးသည် ဖခင်ကြီး၏ပေါင်ပေါ်တွင် ထိုင်နေစဉ်....

"ဖခင် အကျိုးတရား မြောက်မြားစွာကိုတိုးပွားဖြစ်ပေါ် စေနိုင်သည့် အကြောင်းတရားတစ်ခုဖြင့် ကျွန်တော်၏ ကြီးပွား တိုးတက်မှုကို ပြုနိုင်ပါသည်။ ထိုအကြောင်းတရားကို ညွှန်ပြတော်မူပါ"

ဟု မေးမြန်းသည်။

ထိုအခါ ဘုရားလောင်း သူဌေးကြီးက....

“ချစ်သား....အကျိုးတရားများစွာကို တိုးပွားဖြစ်ပေါ်စေနိုင်သည့် တစ်ခုတည်းသော အကြောင်းတရားမှာ စီးပွားလာဘ်လာဘများ တိုးပွားဖြစ်ပေါ်ရေးတွင်လိမ္မာကျွမ်းကျင်ကျိုးကြောင်းမြင်သော ဉာဏ်နှင့်ယှဉ်သည့် ဝီရိယပဲဖြစ်တယ်။ ဒီဝီရိယဟာ အကျင့်သီလနှင့်ယှဉ်ပြီး သည်းခံခြင်းတရားနှင့် ပြည့်စုံခဲ့သော် ရန်သူတို့ကို ဒဏ္ဍပေးနိုင်သကဲ့သို့ မိတ်ဆွေတို့ကို ချမ်းသာစေနိုင်ပေတယ်”

ဟု ပြန်လည်ဖြေကြားခဲ့ပေသည်။

**ဝီရိယ၏စွမ်းအင်များ။** ။ဤဇာတ်၌ ဘုရားလောင်း သူဌေးကြီး၏ဖြေဆိုပုံကိုကြည့်လျှင်လောကကြီးတွင် ကြီးပွားချမ်းသာကြောင်း တရားမှာ စီးပွားဥစ္စာတိုးတက်ရေး၌ လိမ္မာသဖြင့် ဉာဏ်နှင့်ယှဉ်သည့် ကြိုးစားအားထုတ်မှု ဝီရိယဖြစ်ကြောင်း တွေ့ရသည်။ မှန်ပါသည်။ ဝီရိယဆိုသည်မှာ အမှုကိစ္စအဝဝတို့၌ မကြောက်မရွံ့ နောက်မတွန့်ဘဲ သည်းခံမှုအပြည့်ဖြင့် ကြိုးစားအားထုတ်ခြင်းပင်ဖြစ်သည်။ ထိုဝီရိယသည် အလွန်အစွမ်းသတ္တိရှိ၏။ ဝီရိယသည်....

(၁) မဖြစ်သေးသော ဆင်းရဲဒုက္ခကို မဖြစ်ရအောင် ကြိုတင်တားဆီးကာကွယ်နိုင်၏။

(၂) ဝီရိယဖြင့် ဆင်းရဲဒုက္ခဟူသမျှကို ကျော်လွှား လွန်မြောက်နိုင်၏။ (ဝီရိယေန ဒုက္ခံ အစ္စေတိ) ဟူသော

သံယုတ်ပါဠိတော်လာ ဘုရားပေ ာဒေသနာတော်အရ လတ်တလော ခံစားနေရသော ဆင်းရဲဒုက္ခဟူသမျှကိုလည်း ချက်ချင်း ကျော်လွှားနိုင်၏။

(၃) မရရှိသေးသော ချမ်းသာသုခများကို ရရှိအောင်လည်း တတ်နိုင်၏။

(၄) ရရှိပြီးသော စည်းစိမ်ချမ်းသာကိုလည်း တိုးတက်အောင် စွမ်းဆောင်နိုင်၏။

ရှင်းပြဦးအံ့....

"ငယ်ကပညာ၊ မသင်ရှာ၊ ကြီးခါက်မည်မှတ်၊
အသက်မွေးမှု၊ တစ်ခုပညာ၊ ကိုယ်စီပါ"

ဟူသည့် ဆိုမလမ်းညွှန်ချက်များအတိုင်း ပျိုမျစ်နုနယ် ပထမအရွယ်၌ စီးပွားရေးပညာ၊ စိုက်ပျိုးရေးပညာ၊ပန်းပဲ၊ ပန်းထိမ်၊ပန်းချီ၊ ပန်းပု စသော လက်မှုပညာ၊ စက်မှုပညာ၊ ဈေးနေအတတ်၊ ဗေဗင်လက္ခဏာအတတ်စသော နှုတ်မှုပညာ ရပ်တို့တွင် မိမိတို့စိတ်ဝင်စား ဝါသနာပါရာ အသက်မွေးဝမ်းကျောင်းပညာကို မတွန့်မဆုတ် ကြိုးကုတ်အားထုတ် သင်ယူသူတို့၏ လုံ့လဝီရိယမျိုး၊

မိမိတို့၏ အသက်စည်းစိမ် အိုးအိမ်အဆောက်အအုံတို့ကို ခိုးပြု သူခိုးစသော ရန်သူတို့ မတိုက်ခိုက် မလုယူနိုင်ရန် အကာအကွယ်အရံအတား စသည်တို့ကို ပြုလုပ်အားထုတ်သူတို့၏ လုံ့လဝီရိယမျိုး။

မိမိတို့ တိုင်းပြည်, မြို့ရွာတို့ကို ရန်သူများ မ ျက်ဆီးနိုင်အောင် ကာကွယ်ရေးလုပ်ငန်းတို့ကို ပြုလုပ်သူတို့၏ လုံ့လဝီရိယမျိုးတို့သည် မဖြစ်သေးသော ဆင်းရဲဒုက္ခများမဖြစ်ပွားရလေအောင် ကြိုတင်တားဆီးကာကွယ်သော ဝီရိယမျိုးတို့ဖြစ်ပေသည်။

ကမ်းမမြင်လမ်းမမြင် သမုဒ္ဒရာပြင်ကျယ် ရေပင်လယ်၏အလယ်၌ နစ်မွန်းမျောပ ါ၍ မကြာမီ သေရတော့မည့် ဘေးဒုက္ခမှ လွတ်မြောက်အောင် ကြံစည်အားထုတ်သော ဘုရားလောင်း မဟာဇနက္ကမင်းသား၏ လုံ့လဝီရိမျိုး။

ဝဏ္ဏုပထဇာတ်လာ သဲကန္တာရကြီးထဲ၌ ရေငတ်သေရတော့မည့် လှည်းကုန်သည်ငါးရာတို့ကို ထိုဘေးဒုက္ခမှ လွတ်မြောက်အောင် ကြံဆောင်အားထုတ်သော ဘုရားလောင်းလှည်းမှူး၏လုံ့လဝီရိယမျိုး။

ထို့ပြင် မိမိတို့အပေါ်၌ ကျရောက်နေသော ဆင်းရဲဒုက္ခ၊ သူတစ်ပ ါးတို့အပေါ်၌ ကျရောက်နေသော ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်အောင် ကြံဆောင်အားထုတ်ကြကုန်သော ထိုထိုဇာတ်နိပါတ်တော်လာ ဘုရားအလောင်းတော်တို့၏ လုံ့လဝီရိယမျိုး။

ဗြိတိသျှနယ်ချဲ့အရင်းရှင်လက်အောက်သို့ ကျွန်သဘောက်အဖြစ် ကျရောက်ကာ ဆင်းရဲဒုက္ခရောက်နေကြသည့် မြန်မာနိုင်ငံတော်ကိုကျွန်ဆင်းရဲဘဝမှလွတ်မြောက်အောင်ကြံဆောင်အားထုတ်ကြသော ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့်

မြန်မာတိုင်းရင်းသားတို့၏ လုံ့လဝီရိယမျိုးများကား ခံစားနေရသော ဆင်းရဲဒုက္ခ အပေါင်းမှ ကျော်လွှားနိုင်သော ဝီရိယမျိုးတို့ ဖြစ်ပေသည်။

“ဥစ္စာမရ-ပူပန်ရ၏” (အလဒ္ဓါ စိတ္တံ တပ္ပတိ) ဟူသော ဒွါဒသနိပါတ်တော်လာ ဒေသနာအရ ငါ့အားစားသောက်ရန် ရိက္ခာအပိုအလျှံမရှိခဲ့သော် အသက်အရွယ်အိုမင်း၍ မလုပ်နိုင်, မကိုင်နိုင်သည့်အခါ စားသောက်ဖို့ရာ တစ်စုံတရာ မရှိပါက အလွန်ဆင်းရဲပေလိမ့်မည်ဟု စဉ်းစား၍ အားထုတ်သော စုဥ္စပန်မထေရ်အလောင်း သူဆင်းရဲ၏လုံ့လဝီရိယမျိုး။

မျက်မှောက်ကာလ၌ ဆင်းရဲသားက ပစ္စည်းဥစ္စာ ချမ်းသာအောင်၊ ချမ်းသာနေသူက ထို့ထက်ပိုပြီးချမ်းသာအောင် နေ့ရှိသရွေ့ ကြံစည်အားထုတ် လှုပ်ရှားရုန်းကန်နေကြရသည့် အလုပ်သမား၊ တောင်သူလယ်သမားဦးကြီးများနှင့် သူဌေးများ၏လုံ့လဝီရိယမျိုးတို့သည် မရသေးသောချမ်းသာသုခကို ရအောင် စွမ်းဆောင်နိုင်သော ဝီရိယမျိုးတို့ ဖြစ်ပါသည်။

ဤလောက၌ ကြီးကျယ်ခမ်းနား ဆန်းပြားသောနေစရာ အဆောက်အဦများ၊ စားကောင်းသောက်ဖွယ်များ၊ အဝတ်တန်ဆာများ၊ ယာဉ်ရထားများနှင့် အခြား လူမှု အသုံးအဆောင်များသည်လည်းကောင်း၊ သူဌေး သူကြွယ်၊ ဆရာ၊ အရာထမ်း၊ အမှုထမ်း၊ တရားသူကြီး၊ ဝန်ကြီး သမ္မတစသော အဆင့်အတန်းများသည်လည်းကောင်း ဝီရိယ၏ စွမ်းအားကြောင့် ပေါ်လာရသော အကျိုးတရားများဖြစ်၏။

လောကုတ္တရာဘက်၌လည်း ပဟာသာပက ဖြစ်လိုသော် ကမ္ဘာတစ်သိန်း၊ လက်ဝဲတော်ရံ၊ လကျာတော်ရံ အဂ္ဂသာဝက ဖြစ်လိုသော် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ပစ္စေကဗုဒ္ဓါ ဖြစ်လိုသော် နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ ဘုရားဖြစ်လိုသော် အနည်းဆုံး လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ဆည်းပြီးကုတ် အသီးသီးအားထုတ် ကြရသည်။

အယုတ်သဖြင့် "ကြိုးစားက ဘုရားဖြစ်နိုင်၏" ဆိုသည့် အတိုင်း ဘုရားဖြစ်မည့်ဘဝမှာပင် ဝီရိယဖြင့် အားထုတ်၍ ဘုရားလောင်းတို့၏ ဓမ္မတာအတိုင်း လူသာမန်တို့ ပြုလုပ်နိုင် ခဲ့သော ဒုက္ကရစရိယာအကျင့်ကို လွန်ကဲသော ဝီရိယဖြင့် အားထုတ် ကျင့်ကြံပြီးမှသာ ဘုရားဖြင့်ရ၏။ ဝီရိယမပါဘဲ မိမိတို့အလိုအလျောက် ဘုရားအဖြစ်သို့ မရောက်နိုင်ပါချေ။ ထို့ကြောင့် ရှင်တော်ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်၌—

"ဝီရိယကို အားထုတ်ခြင်းသည် မြောက်မြားသုစွာ၊ လောကီ လောကုတ္တရာကျိုးနှစ်ဖြာကို ဖြစ်စေနိုင်၏။ ဝါ၊ ရနိုင်၏။ (ဝီရိယာရမ္ဘဝတ္ထုဝေ မဟတော အတ္တာယ သံဝတ္တတိ)"

ဟု ဟောတော်မူခဲ့ခြင်းဖြစ်ပေသည်။

ညာဏ်ဦးဆောင်သော ဝီရိယ။ ။သို့ရာတွင် ဝီရိယသည် ကျိုးကြောင်းဆင်ခြင်ဉာဏ်အမြင်၏ ရှေ့ဆောင်လမ်းညွှန်မှုကို အခါခပ်သိမ်း လိုအပ်၏။ အသိဉာဏ်က လမ်းညွှန်ပေးသည့်

အတိုင်း ကြိုးစားအားထုတ်မှသာ လိုရာအကျိုး ပြီးမြောက်နိုင်၏။ ဉာဏ်ပင်ရှိသော်ငြားလည်း ဝီရိယမရှိက လိုရာအကျိုး မပြီးနိုင်သကဲ့သို့ ဉာဏ်လမ်းညွှန်မှုကင်းသော အားထုတ်မှုသည်လည်း ကြိုးစားသလောက် အရာမရောက်နိုင်ပေ။

ဥပမာပြရလျှင် ဉာဏ်သည် အကျိုးနှင့်တူ၍ ဝီရိယသည် အကန်းနှင့်တူ၏။ အကျိုးသည် လိုရာခရီး ရောက်အောင် မသွားနိုင်၊ ခရီးလမ်း ဖြောင့်မှန်သမျှကိုသာ ညွှန်ပြနိုင်သကဲ့သို့ ဉာဏ်သည်လည်း လမ်းမှန်ညွှန်ပြမှုကိုသာ ပြုလုပ်နိုင်၏။ အကန်းကား လမ်းလျှောက်သွားနိုင်သော်လည်း ခရီးလမ်းမှန်ကို မမြင်သဖြင့် လိုရာခရီးသို့ ရောက်အောင်မသွားနိုင်ချေ။ ထို့အတူ ဉာဏ်လမ်းညွှန်မှုကင်းသော ဝီရိယသည်လည်း အကန်းသဖွယ်ဖြစ်၍ ကြိုးစားသလောက် အကျိုးတရား ပေါ်ပေါက်လာရန် ခဲယဉ်း၏။

"ထို့ကြောင့် နှစ်ယောက်ပေါင်းမှ သူကောင်းဖြစ်" ဆိုသကဲ့သို့ အကျိုးနှင့်အကန်း နှစ်ဦးပူးတွဲသွားမှ လိုရာခရီးသို့ ရောက်နိုင်သည့် ဥပမာဉာဏ်၏ ရှေ့ဆောင်လမ်းညွှန်မှုကို ရရှိသော ဝီရိယမျိုးသာ ကြိုးစားရကျိုးနပ်အောင် အကျိုးစီးပွား တိုးတက်ထွန်းကားနိုင်ပေသည်။

ဤလောက၌ ဝီရိယသာကြီး၍ ဉာဏ်အမြင်နည်းသော သူတို့မှာ ဉာဏ်အမြင်ကြီးသူတို့၏ အစေအပါးဖြစ်တတ်ကြ၏။ အလုပ်လုပ်ရာတွင် ဉာဏ်အမြင်နည်းသူတို့ တစ်လနှစ်လလုပ်ရသည့် အလုပ်ကို ဉာဏ်အမြင်ကြီးသူတို့ တစ်ရက်၊ နှစ်ရက်၊ တစ်နာရီ၊ နှစ်နာရီမျှနှင့်ပြီးအောင် လုပ်နိုင်ကြ၏။ ဉာဏ်နည်း

သူတို့ တစ်ထောင်ကိုးရာ ချဲ့မရရှိမရသည့်အရာကို ဉာဏ်ကြီးသူတို့ တစ်ယောက် နှစ်ယောက်မျှနှင့်ပင် ချဲ့မနိုင်ကြ၏။ ဉာဏ်မရှိသူတို့ တစ်လ နှစ်လ သွားရသည့်ခရီးကို ဉာဏ်ကြီးသူတို့ တစ်နေ့ချင်း တစ်နာရီချင်းဖြင့် ရောက်အောင်သွားနိုင်ကြ၏။

အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ရာ၌လည်း ဉာဏ်သည် အလွန်ခမ်းရောက်၏။ ဉာဏ်ပါလျှင် လူ့သက်သာ၏၊ အလုပ်လွယ်ကူ၏၊ အလုပ်တွင်ကျယ်၏၊ အလျင်အမြန်အောင်မြင်၏။ ဉာဏ်မပါသော ဝီရိယသမားမှာ အလွန်ပင်ပန်း၏။ ကြိုးစားသလောက် ခရီးမရောက်၊ ဉာဏ်မရှိသူတို့မှာ ထောင်ယာခုတ်ခြင်း၊ လယ်လုပ်ခြင်း၊ လှေထိုးခြင်း၊ လှေတိုက်ခြင်းစသည့် ပင်ပန်းလှသောအလုပ်တို့ကိုလုပ်ကိုင်ကြရသော်လည်း ဉာဏ်အမြင်နည်းကြသည့်အတွက် ဝမ်းဝရုံသာ စားကြသောက်ကြရ၏။

ဉာဏ်အမြော်အမြင်နည်းသူတို့ ဦးစီး လုပ်ကိုင်ကြရသော အလုပ်ကြီးအကိုင်ကြီးများမှာ မကြာမီ ဆုံးရှုံးပျက်စီးခြင်းတို့ဖြင့် နိဂုံးချုပ်ကြရ၏။ ဉာဏ်အမြင်နည်းသူတို့မှာ ဝီရိယကို အားထုတ်လေလေ အကျိုးယုတ်လေလေ ဖြစ်တတ်၏။ စိတ်ကောင်း နှလုံးကောင်းဖြင့် အကျိုးစီးပွားကိုရွက်ဆောင်သော်ငြားလည်း အကျိုးစီးပွား ပျက်ပြားအောင်လုပ်သည်နှင့်သာ တူ၏။

ဉာဏ်ကင်းသော ဝီရိယ၏ ပြစ်ချက်များ။ မှန်ပါသည်၊ ဘုရားသခင်

လက်ထက်တော်အခါက အနာထပိဏ်သူဌေးကြီး၏ အိမ်တွင်

"ရောဟိဏီ" ခေါ်သော ကျွန်မတစ်ယောက် ရှိသတဲ့၊ တစ်နေ့တွင် ထိုကျွန်မသည် ဆန်တောင်းနေ၏၊ ထိုအချိန်တွင် အိပ်နေသော သူမ၏မိခင်က....

"သမီး....မေမေ့ကိုယ်မှာ ခြင်မှက်တွေ ဝိုင်းအုံကိုက်နေကြတယ်၊ အဲဒီ ခြင်မှက်တွေကို မောင်းပေးပါ"

ဟု ခိုင်း၏။ သမီးဖြစ်သူရောဟိဏီသည် ဉာဏ်အမြော်အမြင် အဆင်အခြင်ကင်းမဲ့သူဖြစ်ရကား ရုတ်တရက်ထကာ လက်ထဲတွင်ရှိသည့် ကျည်ပွေ့ဖြင့်ပင် မှက်, ခြင်တို့ကို တအားနှက်လိုက်ရာ မိခင်ကြီးခမျာမှာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားရရှာ၏။ ဤသို့ ဉာဏ်ပညာနည်းသူတို့၏ ကြိုးစားမှုဝီရိယသည် အကျိုးမဲ့ကိုဖြစ်စေတတ်၏။ စေတနာပင်မှန်သော်လည်း ဉာဏ်မဲ့သဖြင့် လုပ်ငန်းလုပ်ဟန်မမှန်ပါက အကျိုးမဲ့ ဖြစ်ဘက်ကြောင်း သင်ခန်းစာ ယူစရာကောင်းပေသည်။

(ဇာ၊ ဋ္ဌ၊ ၁၊ ၂၆၆၊ ရောဟိဏီဇာတ်)။

အသိအလိမ္မာ ဉာဏ်ပညာကင်းမဲ့သူတို့၏ ပြုမူလုပ်ကိုင်ပုံမှာ တစ်ခါတစ်ရံ တိရစ္ဆာန်တို့၏ ပြုမူပုံကဲ့သို့ ရယ်စရာကောင်းလှ၏။ ရှေးအခါက ဘုရင်တစ်ပါးသည် မိုးရေများဖြင့် နေရာတကာ ပြည့်လျှံနေသည့် မိုးတွင်းကာလကြီး ဖြစ်သော်လည်း ပစ္စန္တရစ်ဒေသ၌ ထကြွသောင်းကျန်းနေသည့် သူပုန်များကို နှိမ်နင်းရန်အတွက် စစ်ချီထွက်ခဲ့ပြီး ဥယျာဉ်တစ်ခုတွင် စခန်းချနေပါသည်။ ထိုအချိန်တွင် မြင်းများစားရန် ကုလားပဲကို ပြုတ်ပြီး စားကျင်းထဲ ထည့်ထားကြပါသည်။ ဥယျာဉ်ထဲရှိ

မျောက်တစ်ကောင်သည် သစ်ပင်မှဆင်းလာပြီး စားကျင်းမှ ကုလားပဲများကို ပါးစပ်ဖြင့် အပြည့်ငုံ၊ လက်နှစ်ဖက်ဖြင့် အပြည့်ဆုပ်ကာ သစ်ပင်ပေါ်သို့ ပြန်တက်သွား၏။ မျောက်ကြီး ကုလားပဲများ စားနေစဉ် လက်ထဲမှ ပဲတစ်စေ့ ထွက်ကျသွား၏။ ထိုထွက်ကျသွားသည့် ပဲတစ်စေ့ကို လိုက်ဖမ်းရာ ပါးစပ်ထဲ၊ လက်ထဲရှိ ပဲများအားလုံး ထွက်ကျ လွတ်ကျကုန်တော့၏။ မျောက်ကြီးသည် သင်ပင်မှဆင်းပြီး ပထမဆုံး ထွက်ကျသွားသည့် ပဲတစ်စေ့ကိုသာ အရေးထား၍ ကြိုးစားရှာဖွေ၏။

ယင်းသို့ လက်ထဲ ပါးစပ်ထဲ၌ရှိသော ပဲစေ့ အမြောက်အမြားကို လက်လွှတ်ခံပြီး ဦးစွာကျသွားသည့် ပဲတစ်စေ့ကိုသာ အရေးအကြီးလိုက်ရှာသည့် မျောက်တိရစ္ဆာန်၏ အမူအရာသည် အလွန်ရယ်စရာ ကောင်းပေသည်။ "တစ်ပဲတန်အတွက် တစ်ထောင်တန်ပျက်စေနဲ့" ဆိုသကဲ့သို့ စီးပွားရှာရာတွင် မသေချာသည့် တစ်ပဲတန်ပစ္စည်းကလေးအတွက် သေချာသည့် တစ်ထောင်တန်ကို အပျက်မခံမိရန် ကြီးပွားချမ်းသာလိုသူတိုင်း သတိကြီးစွာ ထားသင့်ကြ၏။

ဤမျောက်ကြီး၏ဖြစ်ပုံကို မြင်ရသည့်အခါ ဘုရားလောင်း အမတ်ကြီးက "အရှင်မင်းကြီး... ဤမျောက်သည် ပဲတစ်စေ့ကြောင့် ပဲစေ့အားလုံး ဆုံးရှုံးရသလို ကျွန်ုပ်တို့လဲ မိုးတွင်းအခါကြီးမှာ စစ်ထွက်ကြရင် အနည်းငယ်သော ပစ္စည်းရဲ့ အကျိုးအတွက် များစွာသော ဆင်တပ်၊ မြင်းတပ်၊ စစ်သည်

တပ်များ ဆုတ်ယုတ်ပျက်ပြားပါလိမ့်မယ်၊ ဒါကြောင့် အချိန်အခါ လ, ရာသီ မဟုတ်ရာ၌ စစ်တိုက်မသွားသင့်ကြောင်း'' လျှောက်ထားသဖြင့် မင်းကြီးသဘောတူပြီး မြို့တော်သို့ တပ်ရုပ်ပြန်ကြပေသည်။ ဤဝတ္ထုလာ ဘုရားလောင်းအမတ်ကြီး လျှောက်ထားချက်အတိုင်း စစ်ရေး၊စီးပွားရေးတို့ကို ကြိုးစားအားထုတ်သည့်အခါမှာလည်း အချိန်အခါကို သိသည့် အသိဉာဏ်လည်း လိုအပ်ကြောင်း သင်ခန်းစာ ယူရပေမည်။

(ဇာ၊ ၄၊ ၂၊ ၆၇-ကဋ္ဌဝါဟနဇာတ်)

ဤသို့ အသိအလိမ္မာဉာဏ်ပညာကင်းမဲ့သူတို့သည် ပင်ပန်းကြီးစွာ ကြိုးစားလုပ်ကိုင်ကြသော်လည်း အကျိုးစီးပွား ဖြစ်ထွန်းအောင် မလုပ်ဆောင်တတ်ကြသဖြင့် ဖောင်စီးရင်း ရေငတ်သည့်ပမာ လုပ်ရင်းကိုင်ရင်း ဆင်းရဲသွားကြကုန်၏။ ထို့ကြောင့် ကြိုးစားမှု ဝီရိယသည် ဉာဏ်၏ ရှေ့ဆောင်လမ်းပြမှုကို အခါခပ်သိမ်းလိုအပ်ပေသည်။အလုပ်တစ်ခုကို လုပ်ရာတွင် ဆရာမရှိ မိမိပကတိ သဘောအတိုင်း ထိုးထွင်း၍ သိသည့် စိန္တာမယဉာဏ်၊ ဆရာသမားထံ သင်ယူမှတ်သား၍ သော်လည်းကောင်း၊ ကြား၍မြင်၍သော်လည်းကောင်း တတ်သိလိမ္မာသော သုတမယဉာဏ်တို့ဖြင့်ဦးစီးလုပ်ဆောင်မှုမျိုးမရှိက တောကျွဲကန်းကြီးပမာ လိုရာအကျိုး မပြီးမြောက်နိုင်ပေ။

ထို့ကြောင့် ဘုရားရှင်က သတ္တကနိပါတပါဠိတော် ဂန္ဓာရဇာတ်တွင် အောက်ပါအတိုင်း ညွှန်ကြားဆုံးမထားပေသည်။

သူသူငါငါ၊ လူများစုသည်၊ ကိစ္စပြဿနာပေါ်လာက၊ တစ်ခဏအတွင်း၊ အမြင်ရှင်းသည့်၊ ကိုယ်တွင်းဓာတ်ခံ၊ ထိုးထွင်းဉာဏ်သည်လည်းကောင်း၊

ပညာလောကင်၊ ဆရာထံ၌၊ နည်းခံသင်ကြား၊ အမျိုးမျိုးအစားစားသော သုတမယဉာဏ်သည်လည်းကောင်း၊ အကယ်တိတိ မရှိခဲ့ပါလျှင်....

စားကျက်ဂေါစရံ၊ ဘေးရပ်ဌာနကို၊ ဝေဖန်ခွဲခြမ်း၊ မသိစွမ်းသော ကျွဲကန်းကြီးသည်....

ပိတ်ပေါင်းနွယ်ခြုံ၊ ရပ်ရုံယှက်ဆိုင်း၊ တောဂနိုင်၌၊ လိုရာမရောက်၊ ခရီးမပေါက်ဘဲ ရောက်တတ်ရာရာ၊ သွားနေရသကဲ့သို့။

အကြောင်းအကျိုး၊ ကောင်းဆိုးဝေဖန်၊ အသိဉာဏ်ကင်းသဖြင့် ရောက်တတ်ရာရာ ကျင့်ကြံသွားလာနေရပေ၏။

ထို့ကြောင့်အကျိုးအကြောင်းအဆိုးအကောင်းကို ခွဲခြားသိမြင်ဉာဏ်နှင့်ယှဉ်သော ဝီရိယသည်သာ ကြီးပွားတိုးတက်ရေးတွင် အလွန်အရေးပါသော အကြောင်းတစ်ခုဖြစ်၏။ ယခုပစ္စုပ္ပန်လောက၌ လှုပ်ရှားရုန်းကန်ပြုလုပ်နေကြရသည့် လုပ်ဆောင်မှုဟူသမျှကို ပစ္စုပ္ပန်ကံဟုခေါ်ပါသည်။ ထိုပစ္စုပ္ပန်ကံနှင့် အတိတ်ဘဝက ပြုခဲ့သည့်ကံတို့သည် ကြီးပွားချမ်းသာရေး၌ အရင်းမူလ ပဓာနကျသော အကြောင်းများဖြစ်ကြသည်။

သို့ရာတွင် ထိုပစ္စုပ္ပန်ကံနှင့်အတိတ်ကံတို့အကျိုးတရားများဖြစ်ပွားနိုင်ရန်အတွက် ဉာဏ်နှင့်ယှဉ်သော လုံ့လပယောဂနှင့်

ပြည့်စုံမှု ပယောဂသမ္ပတ္တိ စသည်တို့ ရှိရန် လိုအပ်သည်။ ထို ပစ္စုပ္ပန်ကံသည် ဉာဏ်ဦးဆောင်သော လုံ့လပယောဂ၏ အကူအညီရမှသာ စည်းစိမ် ဥစ္စာ ရတနာနှင့် ပြည့်စုံခြင်း၊ အသက်ရှည်ခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း စသော အကျိုးတရားတို့ကို ဖြစ်ပွားစေနိုင်ပါသည်။ ဤ အကြောင်းကိုရည်ရွယ်၍ ကျေးဇူးရှင် မန်လည်ဆရာတော် ဘုရားကြီးက....

ကံဟုမူသ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့် သုခပွားရန်၊ ဤလူ့ဌာန်၌ ဉာဏ် ဝီရိယ၊ ပယောဂတည်းဟူ၍လည်းကောင်း။

လုံ့လမတူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံတစ် ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကို ချည်းသာ မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို အခွင့် ရှု၍ အပြုလုံ့လ ရှိအပ်စွတည်းဟူ၍ လည်းကောင်း—

မဃဒေဝလင်္ကာသစ် (အပိုဒ်-၂၄၅) တွင် ကျမ်းဂန်နှင့် အညီ ရေးစီလမ်းညွှန်တော်မူခဲ့ခြင်း ဖြစ်ပေသည်။

**ဝီရိယသာ ပဓာန။** ။ဤတွင် ဝီရိယအကြောင်း အတန် ငယ် ဆက်လက် ရှင်းပြပါဦးမည်။ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးရှိရာတွင် ဝီရိယမှာ ပဓာနအကျဆုံး အကြောင်းဖြစ်သည်။မှန်ပါသည်။ ကံမှာ အတိတ်ကံ, ပစ္စုပ္ပန် ကံဟုနှစ်မျိုးရှိ၏။ထိုနှစ်မျိုးလုံးပင် ဝီရိယနှင့်ကင်း၍မဖြစ်ပေ။

အတိတ်ကံကို အတိတ်ဘဝကဝီရိယဖြင့် ကြိုးပမ်းခဲ့ရသလို ပစ္စုပ္ပန်ကံကိုလည်း ပစ္စုပ္ပန်ဝီရိယဖြင့်ပင် ထူထောင်ရပေသည်။ ဉာဏ်သည်လည်း မိမိအလိုလို ထိုးထွင်းသိမြင်သော စိန္တာမယ ဉာဏ်၊ ကြားခြင်း၊ မြင်ခြင်း၊ သင်ယူခြင်းတို့ဖြင့် ရရှိသော သုတ မယဉာဏ်ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် စိန္တာမယဉာဏ် ဆိုသည်မှာ အတိတ်ကံကြောင့် ရရှိသော ကမ္မဇဉာဏ်မျိုးဖြစ်၍ ထိုဉာဏ်ကို လည်းအတိတ်က ဝီရိယဖြင့်ပင်ထူထောင်ခဲ့ရ၏။ ထို့အတူ သုတ မယဉာဏ်ကိုလည်း ယခုလက်ရှိဘဝ ဝီရိယဖြင့်ပင် ကြိုးစားထူ ထောင်ယူရလေသည်။ ဤသို့ ကံနှင့်ဉာဏ်နှစ်မျိုးလုံးမှာ ဝီရိယ တွင် အကြောင်းခံလျက်ရှိရကား ဝီရိယသည်သာ ပဓာနအကျ ဆုံး ဖြစ်ပေသည်။

ဝီရိယ ၃-မျိုးနှင့် ဉာဏ်ဦးဆောင်သော ဝီရိယ။ ။ဝီရိယကို အဆင့်အားဖြင့် သရုပ်ခွဲလျှင်....

၁။ အစ ဝီရိယ (အာရမ္ဘ)

၂။ အလယ် ဝီရိယ (ပရက္ကမ)

၃။ အဆုံး ဝီရိယ (နိက္ကမ) ဟူ၍ သုံးမျိုးရ၏။

ထိုတွင်စတင်၍အားထုတ်သောဝီရိယသည် အစဝီရိယမည်၏။ စတင်ပြုလုပ်ထားသည့်လုပ်ငန်းကိုအလယ်အဆင့်ရောက်အောင် ဆက်လက် ကြိုးပမ်းသောဝီရိယသည် အလယ်ဝီရိယမည်၏။ ထို့နောက် လုပ်ငန်းပြီးဆုံးသည့်တိုင်အောင် လုပ်ငန်း မပြီး မချင်း ဆက်လက်အားထုတ်သော ဝီရိယသည် အဆုံးဝီရိယ မည်၏။

မျက်မှောက် လူ့လောကကိုကြည့်လျှင် လုပ်ငန်းတစ်ခုကို လုပ်ကိုင်ကြရာ၌ အစတွင်အားထုတ်သော ဝီရိယရှိသူတို့သာ ပေါများသည်ကို တွေ့ရ၏။ ဦးစွာ စတင်လုပ်ကိုင်ထားသည့် လုပ်ငန်းကို ထပ်မံဆက်လက်၍ အားထုတ်သော ဝီရိယနှင့် အကျိုးပြီးဆုံးသည့်တိုင်အောင် လုပ်ဆောင်သော ဝီရိယရှိသူတို့ကား အလွန်ရှား၏။ "လူပျင်းလို့ လ၊ တစ်ခဏ ဆိုဘိသကဲ့သို့ တစ်ဟုန်ထိုး တစ်ခဏမျှ အလွန်ကြိုးစားလိုသောဆန္ဒ မရှိတော့ဘဲ တစ်ခါတည်း လက်လွှတ်လိုက်တတ်ကြ၏။ ကောက်ရိုးမီးနှင့်တူသော ဝီရိယမျိုးတည်း။

အချို့မှာ အစဝီရိယ၊ အလယ်ဝီရိယတို့မျှသာရှိကြ၍ လုပ်ငန်း တစ်ဝက်အထိ ကြိုးစားလုပ်ကိုင်နိုင်ကြသော်လည်း မပြီးမချင်း ဆက်လက်အားထုတ်နိုင်သော အဆုံးဝီရိယ မရှိသည့်အတွက် အကျိုးတရား ဖြစ်ပွားခါနီးမှ အပြီးသို့ မရောက်မီ လက်လွှတ်လိုက်ရတတ်ကုန်၏။ ထို့နောက် အလုပ်သစ်တစ်ခုကို စတင်၍ အားထုတ်ပြန်၏၊ ဤသို့ အလုပ်ကို ဦးစွာစတင်၍လုပ်ရင်း မဖြစ်ရင်း လက်လွှတ်လိုက်ရင်း စသည်ဖြင့် ဟိုမှာစပ်စပ်၊ ဒီမှာစပ်စပ် လက်စမသတ်သည့်အလုပ်မျိုးကို လုပ်တတ်ကြသူတို့သာ များကြကုန်၏။ ယင်းသို့ လုပ်ငန်းကို ပြီးဆုံးအောင် လုပ်နိုင်သော ဝီရိယ ချို့တဲ့ခြင်းမှာလည်း လုပ်ငန်းမစမီကြိုတင်၍ အဖန်ဖန်အထပ်ထပ် သုံးသပ်စဉ်းစား ဆင်ခြင်ဉာဏ်ကို အသုံးမပြုဘဲ သူတစ်ပါးတို့ကို အားကျကာ အလျင်စလို ပြုလုပ်တတ်ကြသောကြောင့် ဖြစ်ပေသည်။

ဒါကြောင့် လုပ်ငန်းမစပီရှေ့အဖို့၌ ဟကြိမ်ကြိမ်အဖန်ဖန် အဘက်ဘက်က စဉ်းစား ဆင်ခြင်တတ်သည့်ဉာဏ်ကို ခေါင်းဆောင်ပြုပါက ဂိုလုပ်ငန်းမှာ ဆုံးခန်းတိုင်ရောက် ထမြောက် အောင်မြင်နိုင်ပေသည်။ ဆိုလိုသည်မှာ အလုပ်မလုပ်မီ လုပ်သင့်မလုပ်သင့် အကျိုးရှိမရှိ အဘက်ဘက်က စဉ်းစားနိုင်းချိန် ပြီးမှ လုပ်ရမည်။ လုပ်သည်နှင့်တစ်ပြိုင်နက် မည်မျှပင်အချိန် ကြာကြာ၊ အခက်အခဲရှိရှိ သည်းခံ၍ ဆုံးခန်းတိုင်အောင် ဉာဏ်ကိုဆောင်၍ ကြိုးစားရမည်။

ဝီရိယရှိသည့်သူမှာ အဘယ်မည်သောအမှုကိစ္စသည် မပြီးဘဲ ရှိအံ့နည်း၊ ပြီးရမည်သာ (ဝီရိယဝတော ကိံ နာမကမ္မံ န သိဇ္ဈတိ) စသည်ဖြင့် မဖြစ်ဖြစ်အောင် စွဲမြဲအားထုတ်လိုသော လုံ့လဝီရိယနှင့်မျိုးပြည့်စုံမှသာ အကျိုးစီးပွား ခံစားရပေမည်။ လမ်းခုလတ်တွင် လက်လျှော့လိုက်ပါက အကျိုးစီးပွား မခံစားရ ဖြစ်တတ်၏ဟု ဆိုလိုပေသည်။ ထို့ကြောင့် ဗုဒ္ဓရှင် တော် မြတ်ဘုရားသည်....

"ချမ်းသာဖို့ရန် အချိန်မတန်သေး၍ ဆင်းရဲခြင်းသို့ ရောက်နေရသေးသော်လည်း အသိအလိမ္မာ ဉာဏ်ပညာ ဗဟုသုတနှင့် ပြည့်စုံသော လူရည်ထူးခြား မင်းယောကျ်ားသည် ချမ်းသာသုခကိုရဖို့ ကြံဆောင်အားသစ်လိုသည့် အာသာဆန္ဒကို "ဖြစ်မှဖြစ်ပါမလား" ဟူ၍ အားမလျှော့လိုက်ရာ မှန်၏၊ လောကတွင် ဆင်းရဲသော အတွေ့အာရုံ၊ ချမ်းသာသော အတွေ့အာရုံတို့လည်း အလှန်များလှကုန်၏။ ဆင်းရဲမှမလွတ်

လွတ်အောင် ကြံဆောင်ခြင်း မရှိကြကုန်သော သူတို့သည် သေသည့်အထိ ချမ်းသာမှု အငွေ့အာရုံကို မရနိုင်ကြကုန်''ဟု လည်းကောင်း။

''ယောကျ်ားဇာနည် လူရည်ချွန်သည် မိမိလိုရာ ကောင်းကျိုးအဖြာဖြာကို လက်ဝယ်ပိုင်ပိုင် အပြီးတိုင် ရသည့်အထိ မဖြစ်ဖြစ်အောင် ကြံဆောင်အားထုတ်ရမည်သာ ဖြစ်၏။ မိမိလိုရာ ကောင်းကျိုးအဖြာဖြာသည် ဆုံးခန်းတိုင်ရောက်ပြီးမြောက်မှသာ အပြစ်စင်ကြယ် တင့်တယ်ကောင်းမြတ်၏။ မဖြစ်ဖြစ်အောင် ကြံဆောင်အားထုတ်မည်ဟု နှလုံးပိုက၁ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်းကို သည်းခံနိုင်သည်ထက် လွန်ကဲထူးမြတ်သော အရာမရှိပါချေ''ဟုလည်းကောင်း—

မဟာနိပါတ ဇာတကပါဠိတော် မဟာဇနကဇာတ်တော်နှင့် သတ္တသံယုတ်ပါဠိတော် မဟာဝေရောစန အသုရိန္ဒသုတ်တို့၌ ဉာဏ်ဦးဆောင်သော ဝီရိယဖြင့် ကြိုးစားရန် ကြီးပွားချမ်းသာရေးလမ်းညွှန်တရားတို့ကို ဟောကြားခဲ့ပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၃၊ အမှတ်-၃)

## အခန်း (၃)

# ဈေးသည်တို့ တိုးတက်ကြီးပွားကြောင်း နည်းလမ်းများ

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ရဟန်းတို့- အောက်ပါအင်္ဂါ သုံးမျိုးနှင့် ပြည့်စုံညီညွတ်သောဈေးသည်သည် မရသေးသော စည်းစိမ်ချမ်းသာကိုသည်း ရ၏။ ရပြီးသော စည်းစိမ်ချမ်း သာတို့ကိုလည်း တိုးတက်စေနိုင်၏။ရဟန်းတို့....ဤလူ့ဘောင် လောက၌ ဈေးသည်သည်....

(၁) နံနက်ပိုင်း၌လည်း ရောင်းဝယ်မှု အလုပ်ကို ရိုရို သေသေ လေးလေးစားစား စီရင်ပြုလုပ်၏။

(၂) နေ့လယ်ပိုင်း၌လည်း ရောင်းဝယ်မှုအလုပ်ကို ရိုရို သေသေ လေးလေးစားစား စီရင်ပြုလုပ်၏။

(၃) ညနေပိုင်း၌လည်း ရောင်းဝယ်မှု အလုပ်ကို ရိုရို သေသေ လေးလေးစားစား စီရင်ပြုလုပ်၏။

ရဟန်းတို့.... ဤအင်္ဂါသုံးမျိုးနှင့် ပြည့်စုံ ညီညွတ်သော ဈေးသည် သည် မရသေးသော စည်းစိမ်ချမ်းသာကိုလည်း ရ၏။ ရပြီးသော စည်းစိမ်ချမ်းသာတို့ကိုလည်း တိုးတက်စေ နိုင်သည်ဟု ဘုရားသခင် ဟောကြားထားသည်ကို တိက အင်္ဂုတ္တိုရ်ပါဠိတော် ပထမပါပဏိကသုတ်၌ တွေ့ရှိရသည်။

(၁) ထိုအင်္ဂါသုံးမျိုးတွင် နံနက်ပိုင်း၌ ရောင်းဝယ်မှုကို ရိုရိုသေသေ လေးလေးစားစား ပြုလုပ်ရမည် ဆိုသည်မှာ နံနက်စောစော ခရီးသွားလို၍ ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းရှိ၍ဖြစ်စေ၊ နံနက်စောစော ကုန်ဝယ်လိုသူများ အလွယ်တကူ ဝယ်နိုင်ရန် မိမိဈေးဆိုင်ကို သူတကာတို့ထက် စောစောဖွင့်ရမည်။ ဈေးဝယ်သူများအား အစစအရာရာ သည်းခံရမည်။ ဝယ်သူတို့ကို မထီမဲ့မြင် မပြုရ၊ မပြောရ။ လေးစားရမည်။ စိတ်တိုခြင်း၊ စိတ်ဆိုးခြင်း မရှိမူ၍ ဝယ်သူ တို့ကို မဝယ်ချင် ဝယ်ချင်အောင် စိတ်ရှည်ရှည်နှင့် ခင်မင် ချိုသာစွာ ရောင်းချရမည်။ "နှုတ်ချိုလျှိုတစ်ပါး" ဟူသော ဆိုးမစကားကို မည်သည့်အခါမျှ မမေ့ရ။ ကလေးသူငယ်၊ အစေအပါးတို့ကို လွှတ်၍ဝယ်လိုက ဝယ်ယူနိုင်ရန် အဖိုးကို တစ်ခွန်းဟည်း မှန်ကန်စွာ ရောင်းချရမည်ဟု ဆိုလိုပေသည်။

(၂) နေ့လယ်ပိုင်း၌ ရောင်းဝယ်မှုအလုပ်ကို ရိုရိုသေသေ လေးလေးစားစား ပြုလုပ်ရမည်ဆိုသည်မှာ.... နေ့လယ်ပိုင်း၌ မိမိဆိုင်၌သာ အမြဲတစေရှိနေ၍ ဝယ်သူအလာကို စောင့် မျှော်နေရမည်။ အခြားဆိုင်များသို့ အကြောင်းမဲ့ သွားလာ

လည်ပတ်ပနေရ၊ အခြားအရေးပကြီးသည့် ကိစ္စများအတွက် ရောင်းဝယ်မှုကိစ္စကို မပျက်ကွက်စေရ၊ ဝယ်သူတို့ကိုလည်း မိမိကို ဥစ္စာပစ္စည်းလာပေးသူပမာ သဘောထား၍ လေး စားစား ဆက်ဆံရပည်ဟု ဆိုလိုပေသည်။

(၃) ညနေပိုင်း၌ ရောင်းဝယ်မှုအလုပ်ကို ရိုရိုသေသေ လေးလေးစားစား ပြုလုပ်ရမည်ဆိုသည်မှာ ညနေပိုင်းတွင် မိမိဆိုင်ကို စောစောမပိတ်ရ၊ သူတကာတို့ ဆိုင်ပိတ်သည့်တိုင်အောင် မိမိဆိုင်ကို မပိတ်သေးဘဲ ညနေပိုင်းအချိန် ဝယ်ယူလိုသူတို့ ဝယ်နိုင်အောင် ရောင်းရမည်၊ ဆိုင်ပိတ်ချိန်မှန်ရမည်ဟု ဆိုလိုပေသည်။

အချုပ်အားဖြင့်ဆိုသော် ဈေးသည်တို့မည်သည် အချိန်ကိုလည်း ရိုသေလေးစားရမည်။ ဝယ်သူကိုလည်း ရိုသေလေးစားရမည်။ နံနက် နေ့လယ် ညအချိန်သုံးမျိုးလုံး (ဝါ) တစ်နေ့လုံး မပျင်းမရိဘဲ စိတ်ပါဝင်စားစွာ ရောင်းရမည်။ ရောင်းသည့်အခါ၌လည်း ဝယ်သူကိုရိုသေလေးစားစွာဆက်ဆံပြောဆို၍ ရောင်းရမည်။သို့မှသာ ဖောက်သည်များ တဖြည်းဖြည်း များလာမည်။ ထိုအခါသွင်းကုန်များကို ဈေးနှုန်းချိုသာစွာနှင့် ဝယ်ယူနိုင်သလို ထုတ်ကုန်များကိုလည်း ဈေးနှုန်း အသင့်အတင့်နှင့် ရောင်းချနိုင်သည်။ ဈေးထွက်ချိန်မမှန်၊ ဆက်ဆံပြောဆိုပုံ မဟန်ပါက ဖောက်သည်များ တဖြည်းဖြည်း နည်းပါးလာပြီး ရောင်းအား, ဝယ်အား ကျဆင်းနိုင်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

မှန်၏။ မြန်မာဈေးသည်အချို့သည် ရာသီဥတု ချမ်းအေးသည့်အခါ ချမ်းလှသေးသည်ဟု ညည်းညူ၍ နေမြင့်မှ ဆိုင်ကို ဖွင့်လေ့ ရှိကြ၏။ ပူအိုက်သည့် အခါလည်း ပူလှသည်ဟု ညည်းတွားကြလျက် နေ့လယ်နေ့ခင်းရောက်လျှင် ဆိုင်ကိုပိတ်တတ်ကြ၏။ အချို့သောသူတို့ကမူ ညနေချမ်းရောက်အောင် ဆိုင်မဖွင့်ကြဘဲ နေ့လယ်နေ့ခင်းကပင် ဆိုင်ပိတ်၍ ပြန်ကြ၏။ ရောင်းဝယ်ရာ၌လည်း ဝယ်သူများ ဝယ်ချင်အောင် စိတ်ရှည်လက်ရှည်နှင့်ရိုသေလေးစားစွာ ရောင်းတတ်သူအလွန်ရှား၏။

ဝယ်သူက တစ်ခါနှစ်ခါ မေးသော်လည်းကောင်း၊ တစ်ခါနှစ်ခါ ဈေးဆစ်သော်လည်းကောင်း၊ တစ်ခါနှစ်ခါ အထည်အလိပ်စသည့်ပစ္စည်းတို့ကို ထုတ်ပြရ၊ ဖြေပြရ၊ ဖြန့်ပြရသော်လည်းကောင်း စိတ်တိုပြီး ဒေါက်ငမ်းတတ်ကြ၏။ ရောင်းရာ၌ သိသူကို တစ်မျိုး၊ မသိသူကို တစ်မျိုး ရောင်းချတတ်ကြ၏။ ထိုသူတို့ ဆိုင်သို့ ကလေးများစေလွှတ်၍ ဝယ်ခိုင်းဖို့ရန်အလွန်ခဲယဉ်း၏။ ဤသို့ ဘုရားဟောဒေသနာကို လိုက်နာသူများ မရှိသလောက် ရှားပါး၏။

နိုင်ငံခြားသားတို့မှာမူကား မည်သည့်အခါမဆို အချိန်မှန်ကန်စွာ ရောင်းချတတ်၍ အထက်ပါ ဘုရားဟောဒေသနာတော်အတိုင်း လိုက်နာကြ၏။ ထို့ကြောင့် ထိုသူတို့၏ ရောင်းဝယ်ရေးလုပ်ငန်းမှာ တစ်နေ့တခြား ကြီးပွားတိုးတက်ခြင်းသို့ ရောက်ကြပေသည်။

# ကုန်သည်တို့ တိုးတက်ကြီးပွားကြောင်း နည်းလမ်းကောင်းများ

ဖော်ပြပါ ဈေးသည်တို့ တိုးတက်ကြီးပွားကြောင်း နည်းလမ်းကောင်း သုံးမျိုးအပြင် ကုန်သည်တို့ တိုးတက်ကြီးပွားကြောင်းနည်းလမ်းကောင်းများကိုလည်း အောက်ပါအတိုင်း ဟောကြားထားသည်ကို တိကအင်္ဂုတ္တရပါဠိတော် ဒုတိယ ပါပဏိကသုတ်၌ တွေ့ရှိရပေသည်။

ရဟန်းတို့-ဤလောကလူ့ဘောင်၌ အကြင်ကုန်သည်သည်
(၁) ကုန်သည်မျက်စိ အမြင်ရှိ၏ (စက္ခုမာ)၊
(၂) ဉာဏ်နှင့်ယှဉ်သော ဝီရိယအထူးရှိ၏ (ဝိဓူရော)၊
(၃) အမှီကောင်းနှင့်ပြည့်စုံ၏ (နိဿယသမ္ပန္နော)၊

ထိုအင်္ဂါသုံးရပ်နှင့် ညီညွတ်ပြည့်စုံသော ကုန်သည်သည် မကြာမီ စီးပွားချမ်းသာတိုးတက်ကြီးပွားခြင်းသို့ ရောက်၏။

(၁) ရဟန်းတို့-ကုန်သည်သည် အဘယ်သို့ ကုန်သည်မျက်စိအမြင် ရှိရသနည်း။ ဤလူ့ဘောင်လောက၌ ကုန်သည်သည် ဤကုန်ပစ္စည်းကို ဤသို့ဝယ်ယူ၍ ဤသို့ရောင်းရသော် အရင်းအနှီးက မည်မျှကုန်ကျမည်၊ အမြတ်အစွန်းက ဤမျှရမည်ဟု ရောင်းရေးဝယ်တာ၌ သိနားလည်သော ကုန်သည်မျက်စိအမြင် ရှိရမည်။

အဓိပ္ပာယ်အကျယ်မှာ ကုန်သည်လုပ်လိုသူသည် ကုန်သည်မျက်စိရှိရမည်၊ ဤကုန်ပစ္စည်းမျိုးသည် ဤအရပ်ဒေသမျိုး

တို့၌ ထွက်၏၊ ထိုကုန်ပစ္စည်းကို ဝယ်ယူရသည့်အတွက် လှည်းခ၊ မီးရထားခ၊ သင်္ဘောခ၊ စားစရိတ်၊ ကူလီခစ၀ါ အရင်းအနှီး၊ မည်မျှကုန်ကျမည်၊ ထိုကုန်ပစ္စည်းကို မည်သည့်အရပ်၌ မည်ကဲ့သို့ ရောင်းချလျှင် တန်ဖိုးမည်မျှရမည်၊ ထိုအဖိုးမှ စရိတ်နှင့်တကွ အရင်းကိုနုတ်လိုက်လျှင် အမြတ်မည်မျှ ကျန်မည်၊ မည်သည့်အချိန်အခါတွင် မည်သည့်အရပ်၌ ရောင်းလျှင် ကောင်းကျိုး ဖြစ်ထွန်းမည် စသည်ဖြင့် ရောင်းဝယ်ရာ၌ လိမ္မာတတ်သိ ကုန်သည်မျက်စိရှိရမည်ဟု ဟောတော်မူလိုပေသည်။

(၂) ရဟန်းတို့- ကုန်သည်သည် အဘယ်သို့ဉာဏ်နှင့်ယှဉ်သော ဝီရိယထူး ရှိသနည်း။ ဤလူ့ဘောင် လောက၌ ကုန်သည်သည် ကုန်ပစ္စည်းကို ဝယ်ခြင်း ရောင်းခြင်း၌ ကျွမ်းကျင်လိမ္မာ၏။ ကုန်ပေါများသောဌာန၌ ကုန်ပစ္စည်းကိုဝယ်၍ ထိုကုန်ပစ္စည်းမျိုး ရှားပါးသည့်ဌာနသို့ သွားရောက်ခြင်းမျိုးသည် ဝယ်ခြင်း ရောင်းခြင်း၌ လိမ္မာကျွမ်းကျင်သည်မည်၏ဟု အဋ္ဌကထာ၌ ဖွင့်ဆိုထား၏။

အဓိပ္ပာယ်အကျယ်မှာ ကုန်သည်လုပ်လိုသူသည် ကုန်သည်မျက်စိသာ ရှိရမည်မဟုတ်။ဉာဏ်နှင့်ယှဉ်သော ထူးသည့်ကဲကြိုးစားမှုဝီရိယလည်း ရှိဖို့လိုပေသည်။ဉာဏ်နှင့်ယှဉ်သော ဝီရိယဆိုသည်မှာ "ဆင်ကန်းတောတိုး" အလား ကြိုးစားသောဝီရိယမျိုးမဟုတ်ပေ။ ရောင်းဝယ်မှုကိစ္စတွင် လိမ္မာကျွမ်းကျင် အသိဉာဏ်နှင့်ယှဉ်သော ကြိုးစားမှုဝီရိယမျိုးဖြစ်သည်။

"ကုန်သည်တို့အား ဝေးသောအရပ်မရှိ" ဟူသော နီတိကျမ်းလာအတိုင်း မိမိတို့အရပ်ဒေသ မြို့ရွာ နိုင်ငံတို့၌သာ

ကူးသန်းရောင်းဝယ်မှုကို ပြုလုပ်ကြရမည်ပဟုတ်။ အကျိုးဖြစ်ထွန်းမည်ဆိုလျှင် ယင်းလယ်ရပ်ခြား တိုင်းတစ်ပါးသို့ပင် သွား၍ ရောင်းဝယ်မှုကို ပြုလုပ်ကြရမည်။ ဤအရပ်ကား ရေခြား၊ မြေခြား၊ ဝေးလှစွာတကားဟု အားမလျှော့ရ၊ မပျင်းရိရ၊ လည်မျှလောက် ဝေးသောအရပ်ပင်ဖြစ်စေ ကြိုးစားက ဘုရားဖြစ်နိုင်သည်၊ ဝီရိယရှိက ကိစ္စခပ်သိမ်း ပြီးငြိမ်းအောင်မြင်နိုင်သည်။ ဝီရိယဝတော ကိံ နာမကမ္မံ (န သိဇ္ဈတိ) ဟူသော ဤစိတ်ဖြင့် စွန့်စွန့်စားစား သွားရောက်ပေါက်ကား ရောင်းဝယ်ရမည်။

ရောင်းဝယ်မှုကိစ္စ၌ အမြဲတစေ စိတ်ဝင်စားနေ၍ နေ့မအား ညမအား ကြံစည်အားထုတ်နေရမည်။ ကူးသန်းရောင်းဝယ်ရေးနှင့်ပတ်သက်၍ တတ်သင့်တတ်ထိုက်သည့် ပညာရပ်တို့ကို လေ့လာဆည်းပူးရမည်။ ကုန်သည် လုပ်ငန်းတွင် ကျွမ်းကျင်သူ လက်တွေ့ပညာရှင်များနှင့် မကြာမကြာ ဆွေးနွေးရမည်၊ မေးမြန်းရမည်၊ စုံစမ်းရမည်၊ ဤသို့ ဉာဏ်နှင့်ယှဉ်သော ဝီရိယမျိုးရှိရမည်ဟု ဟောတော်မူလိုရင်း ဖြစ်ပေသည်။

(၃) ရဟန်းတို့ ကုန်သည်သည် အဘယ်သို့အမှီကောင်းနှင့် ပြည့်စုံရမည်နည်း၊ ဤလူ့ဘောင်လောက၌ အလွန်ချမ်းသာကုန်သော သူဌေးသူကြွယ်မိသားစုတို့က ဤကုန်သည်ကား ကုန်သည်မျက်စိအမြင်လည်း ရှိ၏။ ဉာဏ်နှင့်ယှဉ်သော ဝီရိယထူးလည်း ရှိ၏။ သားသမီးများကို လုပ်ကိုင်ကျွေးမွေးနိုင်၏။ ငါတို့အားလည်း ရံခါရံခါ အတိုးပေးဆပ်နိုင်၏ဟု သိကြ၏။

ထိုသူဌေးသူကြွယ် မိသားစုတို့က အို-မိတ်ဆွေကုန်သည် ငါတို့ ထံမှ ဤမည်သော ကုန်ပစ္စည်းတို့ကို ယူ၍ သားမယားတို့ကို လည်း လုပ်ကျွေးပါ၊ ငါတို့အားလည်း ရံခါရံခါ အတိုး ဆပ်ပါဟု ကုန်ပစ္စည်းဖြင့် ဖိတ်ကြားကြကုန်၏။ ရဟန်းတို့ ဤသို့သော ကုန်သည်သည် အမှီကောင်းနှင့် ပြည့်စုံသော ကုန်သည်မည်၏။

အမိပွာယ်အကျယ်မှာ ကုန်သည် လုပ်လိုသော သူတို့၌ ဖော်ပြပါ အင်္ဂါနှစ်ရပ်အပြင် အမှီကောင်းနှင့် ပြည့်စုံရခြင်း ဟူသော အင်္ဂါရပ်လည်း ရှိဖို့လိုသေးသည်။ အမှီကောင်းလျှင် တစ်ချက် ဆိုသည့်စကားအတိုင်း ကုန်ကူးသန်းရောင်းဝယ်မှု တွင် အမှီကောင်းရှိဖို့ရန် အလွန်အရေးကြီးပေသည်။ အမှီ ကောင်း ရရှိရန်လည်း မိမိကိုယ်တိုင်က ကတိ တည်ရမည်၊ သစ္စာရှိရမည့်အပြင် ကုန်သည်မျက်စိရှိခြင်း၊ ကူးသန်းရောင်း ဝယ်မှု လုပ်ငန်း၌ အထူးကြိုးစားသူ ဖြစ်ရခြင်း ဟူသော ဖော်ပြပါအင်္ဂါရပ်နှစ်ခုနှင့်လည်း ပြည့်စုံရမည် ဖြစ်ပေသည်။

သို့မှသာ သူဌေးသူကြွယ်စသောကြွယ်ဝချမ်းသာသူများက "ဤကုန်သည်သည် ကုန်သည်မျက်စိလည်း ရှိ၏၊ လုပ်ငန်း တိုးတက်အောင် အထူးကြိုးစားသူလည်းဖြစ်၏၊ ကတိလည်း တည်၏၊ သစ္စာလည်းရှိ၏၊ ငါတို့ထံမှ ချေးငှားယူသွားသော ကြွေးမြီတို့ကို ပေးဆပ်နိုင်လိမ့်မည်၊ သားမယားများကိုလည်း မွေးမြူနိုင်၏၊ ထို့ကြောင့် ထိုသူအား ငါတို့ ငွေကြေးချေး ငှားရမှု ငွေကြေးများ ဆုံးပါးမည်မဟုတ်" ဟုယုံကြည်စိတ်ချ လာကြ၏။

ယုံကြည်လာကြသည့်အလျောက် အို-မိတ်ဆွေ၊ ငွေကြေးများ အလိုရှိလျှင် ဘယ်အခါပဆို လိုသရွေ့ လာယူပါ၊ အားပနာနဲ့၊ ထိုငွေဖြင့်ရင်းနှီး၍ ကုန်သွယ်ပါ၊ ရလာသော ပစ္စည်းဥစ္စာများဖြင့် သားမယားတို့ကို လုပ်ကျွေးပြုစုပါ၊ ငါတို့အားလည်း အတိုးအညွန့်တို့ကို မှန်ကန်စွာပေးပါ။ ငါတို့နှင့်အရှည်သဖြင့် ပေါင်းသင်းဆက်ဆံပါ စသည်ဖြင့် ဖိတ်ကြားထားသူ၊ အားထားရသူ အမိုကောင်းကို ရရှိမည် ဖြစ်ပေသည်။

အမိုကောင်းရှိမှသာ ငွေရေးကြေးရေး အခက်အခဲမှလွန်မြောက်နိုင်သည်။ ငွေအရင်းအနှီးတို့ကို မိမိကိုယ်တိုင်များစွာ မစိုက်ထုတ်ရဘဲ ကိုယ်ပိုင်ငွေ အနည်းငယ်မျှဖြင့်ပင်ကြီးကျယ် များပြားသော ကုန်ပစ္စည်းတို့ကို အလိုရှိတိုင်းရောင်းဝယ်ဖောက်ကားနိုင်သဖြင့် အကျိုးအမြတ်များစွာ ဖြစ်ထွန်းနိုင်ပေသည်။

ထို့ကြောင့် (၁) ကုန်သည်မျက်စိအမြင်လည်းရှိ၏။ (၂) ဉာဏ်နှင့်ယှဉ်သောဝီရိယအထူးလည်းရှိ၏။ (၃) အမိုကောင်းနှင့်လည်း ပြည့်စုံ၏ ဟူသော အင်္ဂါသုံးရပ်နှင့် ပြည့်စုံသောကုန်သည်သည် လျင်မြန်စွာ တိုးတက်ကြီးပွားမည်ဟု ဘုရားရှင် ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၃၊ အမှတ်-၄)

## အခန်း ( ၄ )

# ကုန်သွယ်နည်း ( ၂ ) မျိုး

ဤလူ့ဘောင်အဖွဲ့အစည်းတွင် ကုန်သွယ်မှုလုပ်ငန်းသည် ကမ္ဘာဦးကာလကပင် (ဝါ) သမိုင်းဦးဘုံမြေခေတ် နောက်ပိုင်းကပင် စတင်ပေါ်ထွန်းလာခဲ့သည့် လုပ်ငန်းဖြစ်သည်။ လူ့ဘောင်လောကတွင် ကုန်ထုတ်လုပ်ငန်းသည် လူ့ဘောင်၏ ဘဝအခြေခံဖြစ်၍၊ လူသားတို့၏ အသက်ရှင်မှုကို အထူးကျေးဇူးပြုလျက်ရှိ၏။ ကမ္ဘာတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ တစ်နယ်နှင့်တနယ်၊ တစ်မြို့နှင့်တစ်မြို့ ကုန်ထုတ်လုပ်ငန်းချင်း မတူကြချေ။ ကုန်ထုတ်လုပ်ငန်းချင်း မတူသောကြောင့် ကုန်ပစ္စည်းများမှာလည်း ခြားနားလျက်ရှိကြ၏။ ထွက်ကုန်ပစ္စည်းချင်းမတူ ကွဲပြားခြားနားမှုကို အကြောင်းပြု၍ တစ်နေရာနှင့် တစ်နေရာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပစ္စည်းချင်း လဲလှယ်မှုဟူသော ကုန်သွယ်ခြင်းလုပ်ငန်းသည်လည်း ပေါ်ပေါက်လာရတော့သည်။

ထို့ကြောင့် ကမ္ဘာတွင် လူသတ္တဝါများ ရှိနေသရွေ့ လူသားတို့၏ အသက်ရှင်မှုကို ကျေးဇူးပြုနေသည့် ကုန်ထုတ်

လုပ်ငန်းပေါ် အခြေခံလျက်ရှိသော ကုန်သွယ်မှုလုပ်ငန်းသည် မှချရှိနေရမည်သာ ဖြစ်သည်။ သို့သော် ထိုကုန်သွယ်မှုလုပ်ငန်းသည် လုပ်ကိုင်သူနှင့် လုပ်နည်း လုပ်ဟန်များ၌ ခြားနား ကွဲပြားမှုရှိသည်။

ထိုကုန်သွယ်မှုလုပ်ငန်းများသည် ခေတ်ကာလအခြေအနေအရ အမျိုးမျိုး အစားစား ကွဲပြားကြစေကာမူ အားလုံးခြုံလိုက်လျှင် (၁) ကောင်းသော ကုန်သွယ်မှု လုပ်ငန်းနှင့် (၂) မကောင်းသော ကုန်သွယ်မှုလုပ်ငန်း–ဟူ၍ (၂) မျိုးသာ ရှိသည်ဟု ဘုရားရှင် ဟောတော်မူထားသည်။

## မကောင်းသော ကုန်သွယ်နည်းများ

ထိုတွင် မကောင်းသောကုန်သွယ်မှုလုပ်ငန်းများကို ရှေးဦးစွာ တင်ပြပါမည်။ ရှေးအခါက ဈေးသည် ကုန်သည်တို့သည် မတရားသောကုန်သွယ်နည်းများကို အသုံးပြု၍ စီးပွားရှာလေ့ရှိကြပေသည်။ ထိုနည်းများအနက် ထိုခေတ် ထိုအခါက ဝိသမ လောဘသမားတို့ တွင်ကျယ်စွာ အသုံးချခဲ့ကြသည့်နည်းတို့ကို မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ကယဝိက္ကယသုတ်၊ တုလာကူဋသုတ် စသည်တို့၌ ဘုရားရှင်ဟောတော်မူခဲ့သည်ကို တွေ့ရပေသည်။ ထိုနည်းများမှာ....

(၁) ချိန်ခွင်ဖြင့် လိမ်ညာလှည့်စား ရောင်းဝယ်နည်း။
(၂) ရွှေတု၊ ငွေတု–စသော ပစ္စည်းတုတို့ဖြင့် လှည့်ပတ် ရောင်းဝယ်နည်း။

(၃) ခြင်တွယ် တိုင်းတာရာတွင် ကောက်ကျစ်စဉ်းလဲသောနည်း။
(၄) နားလှည့်ယူသောနည်း-
တို့ ဖြစ်ပါသည်။

(၁) ချိန်ခွင်ဖြင့် လိမ်ညာရောင်းနည်း။ ။ထိုလေးနည်းတို့တွင် ချိန်ခွင်ဖြင့် လိမ်ညာလှည့်စား ရောင်းဝယ်သော နည်းသည်လည်း....

(က) အသွင်တူ ချိန်ခွင်ဖြင့် လှည့်ပတ်ခြင်း၊
(ခ) လက်ကူ၍ လှည့်ပတ်ခြင်း၊
(ဂ) ချိန်ခွင်ကိုင်နည်းများဖြင့် လှည့်ပတ်ခြင်း၊
(ဃ) လျှို့ဝှက်ဖုံးကွယ်နည်းဖြင့် လှည့်ပတ်ခြင်း-
ဟူ၍ လေးမျိုးရှိပြန်သည်။

ထိုတွင် ပထမနည်းမှာ အသွင်တူချိန်ခွင်နှစ်ခုကိုထား၍ မိမိက ဝယ်ယူသည့်အခါ ချိန်ခွင်အကြီးဖြင့်ချိန်ယူ၏။ မိမိက ရောင်းသည့်အခါ ချိန်ခွင်ငယ်ဖြင့် ချိန်ပေး၏။ ယခုခေတ်၌မူ အလေးချိန်ပြည့်သောအလေးနှင့် အလေးချိန် မပြည့်သော အလေး-ဟူ၍ အသွင်တူ၊ အရွယ်တူ အလေးနှစ်မျိုးထားသည်ကို တွေ့ရ၏။ ဝယ်သည့်အခါ အလေးချိန်ပြည့်သည့်အလေးကို အသုံးပြု၍ ရောင်းသည့်အခါ အလေးချိန်မပြည့်သော အလေးကို အသုံးပြု၏။ ယင်းသို့ အလေးနှစ်မျိုးသုံးခြင်းသည်လည်း ဤနည်းကွင် အကျုံးဝင်ပေသည်။

ဒုတိယနည်းမှာ....ပိမိဝယ်ယူသောအခါ ချိန်ခွင်နောက်ပိုင်းကို လက်ဖြင့်ဖိနှိပ်ဝယ်ယူခြင်း၊ ရောင်းသည့်အခါ ချိန်ခွင်ရှေ့ပိုင်းကို လက်ဖြင့်ဖိနှိပ်၍ ရောင်းခြင်းမျိုးဖြစ်သည်။

တတိယနည်းမှာ....ချိန်ခွင်ကို ကိုင်တွယ်ရာ၌ ဉာဏ်ကူ၍ကိုင်သောနည်းဖြစ်၏။ ပစ္စည်းဝယ်သည့်အခါ ချိန်ခွင်ကြိုးကို အရင်းကကိုင်ပြီး ချိန်ပေး၍ရောင်းသည့်အခါ ကြိုးကိုအဖျား က ကိုင်၍ ချိန်ပေးသော နည်းဖြစ်၏။

စတုတ္ထနည်းမှာ....ချိန်တံ၊ ချိန်ရိုး(ဝါ) ချိန်ခွင်ဘောင်ကို အခေါင်းဖောက်၍ သံမှုန့်ဖြစ်စေ, ခဲဖြစ်စေ, ပြဒါးဖြစ်စေ သွင်းထား၏။ ဝယ်ယူသည့်အခါယင်းသံမှုန့် စသည်ကိုချိန်ခွင်၏အရင်းဘက်၌ ထားပြီး ဝယ်၏။ရောင်းသည့်အခါ ချိန်ခွင်၏ အဖျားဘက်၌ထား၍ ရောင်းနည်းမျိုးဖြစ်သည်။

(၂) ရွှေတု, ငွေတုစသည်ဖြင့် လှည့်ပတ်ရောင်းနည်း။ ။

ရွှေတု-ငွေတု စသောပစ္စည်းတုတို့ဖြင့် လှည့်ပတ်ရောင်းဝယ်နည်းကား အလွန်ရှင်း၏။ ယခုခေတ်၌ မကြာခဏအသုံးပြုသောနည်း ဖြစ်၏။ ရှေ့အခါက ကုန်သည်တစ်ဦးသည် ကြေးခွက် နှစ်ခွက်,သုံးခွက်တို့ကို ရွှေခွက်အစစ်တစ်ခုနှင့် ရောပြီး "ရွှေခွက်များ ဝယ်ကြဦးမလား" ဟု အော်ဟစ်ကာ ရွာထဲလှည့်လည်ရောင်း၏။ ရွှေခွက် ဝယ်ယူလိုသည့် အိမ်တစ်အိမ်က ရောင်းဈေးကိုမေးရာ သင့်မြတ်အောင်ရောင်းပါမည်ဟု ဆို၏။ ဝယ်သူက "ခင်ဗျားရွှေခွက်တွေ ရွှေစစ်မစစ် ဘယ်လို သိရမှာလဲ" ဟု မေး၏။ "ဩော်....သိရပါတယ်၊သိရပါတယ်၊စစ်ဆေး

ပြီးမှ ဝယ်ကြပေါ့”ဟုဆိုပြီး ရွှေခွက်အစစ်ကို ကျောက်ပြား တွင် ပွတ်တိုက်၍ ခွက်အားလုံးကိုရွှေခွက်လုပ်ကာ ရောင်းသော နည်းမျိုး ဖြစ်၏။

ထိုနည်းမှာ ယခုခေတ်အထိ အသုံးပြုနေကြသောနည်းဖြစ် ၏။ ရွှေတု,ငွေတု ပစ္စည်းတို့ကို ရွှေစစ်ဆိုပြီးတစ်စုံတစ်ယောက် ထံမှ ရွှေအစစ်ဖြင့်ပြုလုပ်ထားသော လက်ကောက်၊ ဆွဲကြိုး၊ လက်စွပ်စသည့် ပစ္စည်းများ၊ နာရီစသည့် အဖိုးတန်ပစ္စည်း များနှင့်လဲလှယ်၍ လှည့်ပတ်ယူသွားသည့်အကြောင်းများကို သတင်းစာများ၌ မကြာခဏ တွေ့နေကြရ၏။ အဆိုးဆုံးကား ရွှေငွေစသည့် ပစ္စည်းများကိုသာမက ဆေးပစ္စည်းများနှင့် အစားအသောက်များကိုပင် အတုလုပ်၍ ရောင်းချနေကြခြင်း ဖြစ်ပေသည်။

(၃) ခြင်တွယ် တိုင်းတာရာတွင် ကောက်ကျစ်စဉ်းလဲသော နည်း။ ။အခြင်အတွယ် အတိုင်း အတာတို့ဖြင့် ကောက်ကျစ်စဉ်းလဲသော နည်းမှာလည်း—

(က) အတွင်း၌အပေါက်ဖောက်ထားသော ခြင်ခွက်ဖြင့် ခြင်ခြင်း။

(ခ) ထိပ်ကိုဖျက်၍ ခြင်ခြင်း။

(ဂ) ကြိုးကိုဖျက်၍ တိုင်းတာခြင်းဟူ၍ သုံးမျိုးရှိပါ သည်။

ထိုတွင် ပဌမနည်းမှာ ဆီ,ထောပတ် စသည်တို့ကို ရောင်း ဝယ်သည့်အခါ၌ အသုံးပြုသောနည်း ဖြစ်သည်။ ဆီ,ထောပတ် စသည်တို့ကို ရောင်းသည့်အခါ အောက်တွင် အပေါက်ငယ် ဖောက်ထားသော ခြင်အိုး ခြင်ခွက်တို့ဖြင့် တဖြည်းဖြည်း လောင်းထည့်၍ အတွင်း၌ များစွာ ယိုစီးစေပြီး ရောင်း၏။ ဝယ်သည့်အခါ ဖေါက်ထားသည့် အပေါက်ငယ်ကို ပိတ်၍ မြန်မြန် လောင်းထည့်ယူ၏။

အချို့က ခြင်ခွက်တွင် အပေါက်ဖောက်မထားသော်လည်း ရောင်းသည့်အခါ ခွက်မှောက်ခွက်လှန်နည်းကို အသုံးပြု၏။ ခွက်မှောက်ခွက်လှန်နည်း-ဆိုသည်မှာ ခြင်ခွက်ဖြင့်ခြင်ပေးသည့် အခါ ခြင်ခွက်ကို မြန်မြန်မှောက်ပြီး မြန်မြန်လှန်သောနည်း ဖြစ်၏။ ဆီ, ထောပတ် စသောပစ္စည်းများမှာ အရည်ပျစ်များ ဖြစ်၍ မြန်မြန်အောက်ရောက်အောင်မဆင်းသဖြင့် ခြင်ခွက်တွင် ပြန်ပါသွား၏။ ဤသို့ဖြင့် ရောင်းသူက တစ်ပိဿာရောင်းလျှင် ၉ ဝိ-သားမျှသာ ရောင်းရပြီး ၁ ဝိ-သားခန့် ပြန်ရလိုက်သော နည်းမျိုး ဖြစ်သည်။

ဒုတိယနည်းမှာ နှမ်း, ဆန်စပါး စသည်တို့ကို ဝယ်ယူ သောအခါ ထိပ်ကို ဖြည်းဖြည်း မောက်စေပြီးမှ ယူ၏။ လောင်းသည့်အခါ မြန်မြန်လောင်းထည့်ပြီး ထိပ်ကိုစာတုတ် ဖြင့် မြန်မြန်တိုက်ပေးသော နည်းဖြစ်၏။ ဤနည်းတွင် တဖြည်းဖြည်းလောင်းထည့်ခြင်းသည် ကြားတွင် လေဝင် လေမခံသဖြင့် အမှန်အတိုင်းရ၏။ မြန်မြန်လောင်းထည့်ပြီး

မြန်မြန်စာတုတ်တိုက်ခြင်းသည် ကြား၍ လေဝင်လေခံတတ်သဖြင့် အမှန်အတိုင်းမရဘဲ လျော့နေတတ်သောနည်းဖြစ်၏။

တတိယနည်းမှာ လယ်ယာမြေ စသည်တို့ကို သံကြိုးစသည့်တို့ဖြင့် တိုင်းတာရာ၌ တံစိုးလက်ဆောင်မရရှိခဲ့သော် အကျဉ်းကို အကျယ်ဖြစ်အောင် အသေးကို အကြီးဖြစ်အောင် တိုင်းတာသောနည်း ဖြစ်၏။ အမှန်အတိုင်းအတာထက် ကြီးသွားလျှင် ကြီးသလောက် လယ်ယာဦးကြီးတို့က အခွန်ပေးဆောင်ကြရ၏။ ထို့ကြောင့် ယင်းသို့မဖြစ်စေရန် လယ်ယာဦးကြီးတို့က မြေတိုင်းသူများကို တံစိုးလက်ဆောင်များ ပေးကြရသည်။

(၄)နားလှည့်ယူသောနည်း။ ။နောက်ဆုံး နည်းကား ရောင်းဝယ်ရာတွင် နားလှည့်၍ ယူသောနည်းဖြစ်၏။ ဥပမာ မုဆိုးတစ်ယောက်သည် သမင်ကြီးတစ်ကောင်နှင့် သမင်ငယ်တစ်ကောင်တို့ကို ရောင်းဖို့ ယူလာရာ လူညာလူလည်တစ်ယောက်က "အဖိုးဘယ်လောက်စီဖြင့် ရောင်းမလဲ" ဟု မေး၏၊ မုဆိုးက သမင်ကြီး ၂-ကျပ်၊ သမင်ငယ် ၁-ကျပ်ဟု ပြောရာ လူလည်က သမင်ငယ်ကို ၁-ကျပ်ပေး၍ ဝယ်လိုက်၏။ ထို့နောက် "ဟော့....ဆရာကြီး ပြန်လာပါဦး၊ အငယ်ကို မလိုချင်ဘူး၊ အကြီးကိုသာ လိုချင်တယ်" ဟု ဆို၏။ မုဆိုးကြီးက "အကြီးကောင်လိုချင်ရင် ငွေ ၂-ကျပ်ပေး" ဟု ပြောသည့်အခါ လူလည်က မင်းကို ငါငွေ ၁-ကျပ် ပေးပြီးပြီ မဟုတ်လား၊ အဲဒီ ၁-ကျပ်နဲ့ ဒီသမင်

ကလေးက ၁-ကျပ် ပေါင်း ၂-ကျပ်ယူ-ဆိုပြီး သမင်ကလေး ပြန်ပေး၍ သမင်ကြီးကို ယူလိုက်သည့်နည်းမျိုးကဲ့သို့ပင် ဖြစ်ပေသည်။

ဤနည်းများကား ဝိသမလောဘဖြင့် သူတစ်ပါးထံမှ ပစ္စည်းများကို လိမ်ညာလှည့်ပတ်၍ ယူသောနည်းများ ဖြစ်ရကား မတရားသော ရောင်းဝယ်နည်းများ ဖြစ်၏။ ခိုးခြင်း ၂၅-မျိုးတွင် "ထေယျာဝဟာရ" ခိုးခြင်းမျိုးဖြစ်၏။ ထိုနည်းများဖြင့် အသက်မွေးခြင်းသည် မှားယွင်းဖောက်ပြန် မမှန်ကန် မတရားသော အသက်မွေးမှုမျိုး (မိစ္ဆာဇီဝ) ဖြစ်သည်ဟု ဘုရားရှင် ဟောတော်မူထားပေသည်။

ယခုခေတ်၌ အတုလုပ်၍ လိမ်ညာ လှည့်ပတ်နည်းများ အတော်များလာ၏။ ရွှေငွေစသော ရတနာပစ္စည်းများကိုသာမက ဆေးဝါးတု ဆေးပစ္စည်းနှင့် အစားအသောက်တုများကိုပင် ပြုလုပ်ရောင်းချကာ စီးပွားရေး သောင်းကျန်းလျက်ရှိကြသည်။ ယင်းသို့ မမှန်မကန် အတုလုပ် ရောင်းချခြင်း၊ ရောစပ်ရောင်းချခြင်းများကြောင့် စားသုံးမိသူ ပြည်သူများမှာ အကျိုးမဲ့ ငွေကြေး ကုန်ကျရသည့်အပြင် ရောဂါဘယ အမျိုးမျိုးတို့ဖြစ်ကြရသည်။ မူးဝေခြင်း၊ အော့အန်ခြင်း၊ နှလုံးတုန်ရင်ခုန်ခြင်းစသည့် ရောဂါဝေဒနာများ၊ ခံစားကြရရုံမက အချို့မှာ အသက်ပင် ထိခိုက်ဆုံးရှုံး သွားကြရသည်။

ထို့ကြောင့် ထိုစီးပွားရေး သောင်းကျန်းသူများသည် ပြည်သူလူထု တစ်ရပ်လုံး၏ အဓိကရန်သူကြီးများ ဖြစ်ကြ

သည်။ ဘယ်သူသေသေ ငတေမာပြီးရော သဘောထားကြသည်။ အတ္တဟိတသမားများဖြစ်ကြသည်။ ကိုယ့်ကျိုး ကိုယ့်စီးပွားကို ရှေ့တန်းတင် လုပ်ဆောင်နေကြသည့် ငို့ဘသမားများဟူ၍လည်း ဆိုနိုင်သည်။ သို့ဖြစ်၍ ဘုရားလည်းမကြိုက်၊ ခေတ်နှင့်လည်း မလျော်၊ ပြည်သူလူထုကလည်း ခွင့်မပြုသော ဤရောင်းဝယ်နည်းများကို စေ့သည် ကုန်သည်တိုင်း ရှောင်ရှားသင့်ကြပေသည်။

## မတရားသောကုန်သွယ်နည်း ၅ မျိုး

ထို့ပြင် ပဉ္စက အင်္ဂုတ္တရပါဠိတော် ဥပါသကဝဂ်၊ ဝဏိဇ္ဇာသုတ်နှင့် သုတ္တနိပါတ် ပါဠိတော် ဓမ္မိကသုတ်တို့၌ ဘုရားရှင် ဟောတော်မူထားသည့် မတရားသော ကုန်သွယ်နည်းငါးမျိုးလည်း ရှိပေသေးသည်။ ထိုငါးမျိုးမှာ—

(၁) ဓား လှံ သေနတ် စသည့်ပစ္စည်းများကိုရောင်းခြင်း။ (သတ္ထဝဏိဇ္ဇာ)။

(၂) လူသတ္တဝါများကို ရောင်းခြင်း (သတ္တဝဏိဇ္ဇာ)။

(၃) ဘဲ၊ ကြက်၊ ဝက်၊ ဆိတ်၊ သမင်စသည်တို့ကို ရောင်းခြင်း (မံသဝဏိဇ္ဇာ)။

(၄) သေရည်၊ သေရက်၊ ဘိန်းဖြူ၊ ဘိန်းမည်း စသည့် မူးယစ်စေတတ်သော ပစ္စည်းများကို ရောင်းခြင်း (မဇ္ဇဝဏိဇ္ဇာ)။

(၅) အဆိပ်-စသော သေစေတတ်သည့် ပစ္စည်းများကို ရောင်းခြင်း (ဝိသဝဏိဇ္ဇာ)-

တို့ဖြစ်ပါသည်။

ထိုတွင် ပထမနည်းမှာ ဝါး၊ လှံ၊ သနပ်၊ [illegible] လက်နက်ပစ္စည်းများကို ကိုယ်တိုင်လုပ်၍သော်လည်းကောင်း၊ သူတစ်ပါးတို့ကို လုပ်ခိုင်း၍သော်လည်းကောင်း၊ သူတစ်ပါး လုပ်ပြီးသားကို ဝယ်ယူ၍သော် လည်းကောင်း ရောင်းခြင်း မျိုးဖြစ်သည်။ ယင်းပစ္စည်းများသည် သတ္တဝါများကို သတ်ဖြတ်တတ်သော ပစ္စည်းမျိုးဖြစ်၍ ထိုကုန်ပစ္စည်းများကို ကုန်သွယ်ခြင်းသည် ဖောက်ပြန်ယွင်းမှား မတရားသော ကုန်သွယ်ခြင်းဖြစ်သည်ဟု ဘုရားရှင်ဟောတော်မူခြင်း ဖြစ်သည်။

သတ္တဝါများကို ဖမ်းဆီးရာတွင် အသုံးပြုလေ့ရှိကြသော ပိုက်ကွန်၊ မြှုံး၊ ငါးမျှားချိတ်၊ သံညှပ်အစရှိသော ကြိုးယားတန်ဆာပလာများကို ရောင်းချခြင်းသည်လည်း ဤလက်နက် ပစ္စည်းများ ရောင်းချခြင်းတွင် ပါဝင်ပေသည်။

ဒုတိယနည်းတွင် လူကိုရောင်းစားခြင်းဆိုသည်မှာ လူချင်း အတူတူ လူတစ်ဦးက တစ်ဦးအပေါ် မတရားအနိုင်ကျင့်ခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် လူတစ်ဦးက လူတစ်ဦးကို ကျွန် ပြုလုပ်၍ ရောင်းစားခြင်းပင်ဖြစ်သည်။ ဤသို့ လူရောင်းစား ခြင်းကို ကမ္ဘာ့သမိုင်းတွင် ကျွန်ပိုင်ရှင်ခေတ်၌ အလွန် ထွန်း ကားခဲ့ကြောင်းတွေ့ရ၏။ ကျွန်ပိုင်ရှင်တို့၏ လူ့အဖွဲ့အစည်း တွင် ကျွန်ပိုင်ရှင်တို့သည်ကုန်ထုတ်အရင်းအနှီးများကို ပုဂ္ဂလိက

ပစ္စည်းများအဖြစ် ပိုင်ဆိုင်ကြသည်။ ကျွန်များသည် မြင်းများနှင့် ကျွဲ၊နွားများ ကဲ့သို့ပင် ကျွန်ပိုင်ရှင်တို့၏ ပုဂ္ဂလိက ပစ္စည်းများဖြစ်ကြ၏။ ကျွန်ပိုင်ရှင်တို့သည် သူတို့ ပိုင်ဆိုင်ကြသော ကျွန်များကို ခြယ်လှယ်ချင်သလို ခြယ်လှယ်ပိုင်ခွင့် ရှိကြသည်။ရောင်းဝယ်ပိုင်ခွင့်လည်း ရှိကြသည်။ လောင်းကစား ပိုင်ခွင့် သတ်ပိုင်ခွင့်လည်း ရှိကြသည်။ ကျွန်များအဖို့မှာမူ ပိုင်ဆိုင်ခွင့်ဆို၍ ဘာမျှမရှိကြ။သူတို့ကို လူစာရင်းတွင် မသွင်းကြဘဲ ကျွဲနွားကဲ့သို့ ကုန်ထုတ်ကိရိယာများပမာ သဘောထားကြသည်။

ကျွန်တို့သည် ကျွာပွတ်၏ ထိန်းကျောင်းခြင်းကို ခံကြရင်း တစ်နေ့ကုန် တစ်နေ့ခန်း နေပူမိုးရွာမရှောင် လုပ်ဆောင်ကြရသည်။ ကျွန်တို့၏ ခန္ဓာကိုယ်တစ်နေရာတွင် သူ၏နာမည်ကိုဖြစ်စေ၊ အခြား အမှတ်အသားကိုဖြစ်စေ သံရည်ပူ စာလုံးဖြင့် သော်လည်းကောင်း၊ ဆေးထိုးစုတ်တံဖြင့်သော်လည်းကောင်း ထိုးခတ်ထားသည်။ ထို့ပြင် လည်ပိုင်းတွင် ကျွန်၏နာမည် ထိုးထားသော သံကော်လာကွင်းကြီးကို စွပ်ထားသည်။ကျွန်ပိုင်ရှင် ခေတ်တွင် ရောမအင်ပါယာ၌ ကျေးကျွန်များကို ရောင်းကုန်ပစ္စည်းများသဖွယ် ရောင်းဝယ်ကြသည်။ ဤသည်မှာ လူချင်းအတူတူဖြစ်ပါလျက် လူတန်းစားခွဲခြားပြီး တစ်ဦးအပေါ် တစ်ဦး အနိုင်ကျင့်ကာ သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရောင်းစားခြင်းဖြစ်၍ မတရားသောရောင်းဝယ်ခြင်း ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်ပေသည်။

ယခုခေတ်၌ အချိုသောမိန်းမလည်ကြီးများနှင့်ယောကျ်ား ငယ်များသည် တောမှ ရိုးရိုးအအ ကလေးမများကို မြို့သို့ သွေးဆောင်ခေါ်ယူလာပြီး ရောင်းစားကြခြင်းသည်လည်း ဤနည်းတွင် ပါဝင်ပေသည်။

တတိယနည်းမှာ....ဘဲ၊ ဝက်၊ကြက်၊နွား၊ကျွဲ၊ ဆိတ်၊သမင်၊ ငါး စသည်တို့ကို မွေးမြူ၍ ထိုသတ္တဝါများ ကြီးပြင်းဝဖြိုး အသားတိုးလာချိန်တွင် ရောင်းခြင်းမျိုးဖြစ်သည်။ထိုသတ္တဝါ တို့ကို မွေးမြူရောင်းစားခြင်းမှာ သူတစ်ပါးတို့ သတ်စားနိုင် ခွင့်ရအောင် မိမိက ဖန်တီးပေးရာ ရောက်သောကြောင့် မတရားသော(ဝါ)မှားယွင်းသော ကုန်သွယ်ခြင်းဟု ဘုရား ရှင် ဟောတော်မူခြင်းဖြစ်သည်။ မိမိကိုယ်တိုင်က မမွေးမြူစေ ကာမူ သူတစ်ပါးမွေးမြူထားသည့် ဘဲ၊ ဝက်၊ ကြက်၊ နွား၊ ဆိတ်၊ ငါးအရှင်များကို ဝယ်ပြီးရောင်းခြင်းသည်လည်း ဤ တတိယနည်းတွင် ပါဝင်ပေသည်။

စတုတ္ထနည်းမှာ.... မူးယစ်ထုံထိုင်းစေတတ်သော အရက်၊ ကိုကင်း၊ဘိန်းကင်း၊ကဇော်၊လှေ်စာ၊ ဆေးခြောက်များနှင့် ဘိန်းဖြူ စသည်တို့ကို ရောင်းခြင်း ဖြစ်၏။ထိုပစ္စည်းများကား သောက်စားသူ၊ ရှူသူတို့ကို ရောဂါမျိုးစုံ ရစေတတ်သည့်ပြင် အသက်ကိုပင် ဆုံးရှုံးစေနိုင်ကြသည်။ အယုတ်ဆုံးအားဖြင့် အသုံးပြုသူများကို သတိလက်လွတ်ဖြစ်စေတတ်၊ ဂုဏ်သိက္ခာမဲ့ ဖြစ်စေတတ်ပေသည်။ လူဆိုသည်မှာ သတိလက်လွတ်ဖြစ်လာ သည့်အခါ မည်သည့်ပြစ်မှု၊ မည်သည့် အကုသိုလ်မှုမျိုးကိုမဆို

မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့ ကျူးလွန်တတ်ကြပေသည်။ သို့ဖြင့် ပစ္စည်းများ ရောင်းချသူများသည် တစ်ပါးသူတို့ ရောဂါရအောင်, သေအောင်, အကုသိုလ်ဖြစ်အောင် တွန်းပို့ပေးရာရောက်သောကြောင့် အပြစ်မကင်းကြချေ။ ထို့ကြောင့် ဤမူးယစ်ထုံထိုင်းစေသော ပစ္စည်းများ ရောင်းခြင်းသည် မကောင်းသော မတရားသော ကုန်သွယ်နည်းပင် ဖြစ်သည်။

ပဉ္စမနည်းကား....သတ္တဝါများ သေစေတတ်သည့် အဆိပ်စသော ပစ္စည်းများကို ရောင်းခြင်း ဖြစ်၏။ ဥပမာအားဖြင့် ကြွက်သတ်ဆေး၊ ပိုးသတ်ဆေး စသည်တို့ ဖြစ်၏။ ထိုပစ္စည်းများသည် သတ္တဝါများကို သေစေတတ်သော ပစ္စည်းများ ဖြစ်၍ ထိုပစ္စည်းများကို ရောင်းခြင်းသည် မကောင်းသော ကုန်သွယ်ခြင်း ဖြစ်ပါသည်။ ဤသည်တို့မှာ မတရားသော ကုန်သွယ်နည်းငါးမျိုး ဖြစ်ပါသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၃၊ အမှတ်-၅)

# အခန်း ( ၅ )

## မတရားအမြတ်ကြီးစား၍ ရောင်းဝယ်ခြင်း

ရှေ့က တင်ပြခဲ့သော မတရားသည့် ကုန်သွယ်နည်းများ အပြင် ကုန်ရောင်းဝယ်ရာ၌ အမြတ်ကြီးစားခြင်း၊ ကုန်ပစ္စည်း ရှားပါးပြီးကုန်ဈေးနှုန်းတက်စေရန်ဟူသောဝိသမလောဘဖြင့် ကုန်ပစ္စည်းများကို အမြောက်အမြား ဝယ်ယူသိမ်းဆည်းထား ခြင်း-စသော လုပ်ငန်းတို့သည်လည်း ကောင်းမွန်သော တရား သော အသက်မွေးဝမ်းကျောင်း (သမ္မာအာဇီဝ)လုပ်ငန်းမျိုး မဟုတ်ချေ။ ထိုအမြတ်ကြီးစားခြင်း၊ ကုန်ပစ္စည်း သိုလှောင် ခြင်း၊ ဈေးကစားခြင်းစသော စီးပွားရေး သောင်းကျန်းမှု များသည် ဝိသမလောဘ၌ အခြေစိုက်လျက်ရှိကြသည်။ ဝိသမ လောဘဆိုသည်မှာ မျှတမှုမရှိသော (ဝါ) မတရားသော လောဘမျိုးဖြစ်သည်။ကျမ်းဂန်များ၌ ဝိသမလောဘဆိုသည် မှာ အလွန်အင်အားကြီးသော လောဘမျိုးဖြစ်သည်ဟု ဖွင့်ပြ

ကြ၏။ အရပ်ထဲတွင် ထိုဝိသမလောဘကို မတော်လောဘ မတရားလောဘဟုသုံးစွဲကြသည်။

မှန်ပါသည်။ ဤလူ့ဘောင် အဖွဲ့အစည်းတွင် ပုထုဇဉ် လူသားမှန်သမျှ လောဘနှင့် မကင်းနိုင်ကြချေ။ လူတိုင်း လောဘကိုပင် အဖော်ပြု၍ ခရီးနှင်နေကြသည့် သံသရာခရီး သည်ချည်း ဖြစ်ကြသည်ဟု ဘုရားဟောထားတော်မူချက်ရှိပါ သည်။လောဘသည် ကောင်းကျိုးကိုမမြင်တတ်၊ တရားသည် မတရားသည်ကို မဆင်ခြင်နိုင်၊ ရလိုမှု၊ လိုချင်မှု တစ်ခုကိုသာ ဦးတည်ထား၏။ လောဘကြီးလေလေ မတရားမှု ကိုယ်ကျိုး ရှာမှု များလေလေဖြစ်သည်။

သို့ဖြစ်၍လောဘအလိုသို့ချည်း မလိုက်သင့်ကြချေ။လောဘ ကို နည်းနိုင်သမျှနည်းအောင် ဉာဏ်သတိတို့ဖြင့် နေရာတကာ၌ ထိန်းသိမ်းကြရမည်။ လောဘ နည်းလာမှ မိမိကိုယ်ကျိုး (အတ္တ-ဟိတ)ကိုချည်း မကြည့်တော့ဘဲ တိုင်းပြည်အကျိုး၊ သူ တစ်ပါးအကျိုး (ပရဟိတ) တို့ကိုလည်း ထည့်တွက်လာနိုင် သည်။ အတ္တဟိတနှင့် ပရဟိတတို့ကို အချိုးကျကျ သိမြင်လာ နိုင်သည်။ထိုအားနည်းသော လောဘမျိုးကို "သမလောဘ" ခေါ်သည်ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဋီကာတို့၌ မိန့်ဆိုထား၏။

ဥပမာအားဖြင့်....မိမိပိုင်ပစ္စည်း၌ဖြစ်သောလောဘမျိုးနှင့် တူပေသည်။မှန်၏။လူတို့၏သဘောမှာတစ်စုံတစ်ခုသောပစ္စည်း ကို မပိုင်ဆိုင်မီ၌သာ များစွာလိုချင်မှု၊ တပ်မက်မှု ဖြစ်လေ့ရှိ

၏။ ပစ္စည်းကိုရရှိပိုင်ဆိုင်သွားသည့်အခါ၌မူ ထိုပစ္စည်းအပေါ်တွင် လိုချင်ပက်ပေမှုလောဘမှာ မသိမသာ အားနည်းသွားလေ့ရှိ၏။ ဤသို့ အားနည်းသောလောဘမျိုးကို သမလောဘဟု ခေါ်သည်။ အဓိပ္ပာယ်မှာ အားနည်းသော လောဘသည် "ဘယ်သူသေသေ ငတေမာပြီးရော" ဆိုသကဲ့သို့ မိမိကိုယ်ကျိုးကိုချည်း မကြည့်တတ်ရကား မျှတသောအသွင်ကိုဆောင်သည့် လောဘမျိုးဖြစ်သည်ဟု ဆိုလိုပေသည်။

ထိုသမလောဘမျိုးရှိမှသာ ကုန်ကူးသန်း ရောင်းဝယ်ရာတွင် မိမိတို့၏ကုန်ထုတ်အရင်းအနှီးများနှင့် ကာယ၊ ဉာဏ ဝီရိယစွမ်းအား ဟူသော လုပ်အားပမာဏအတိုင်း အချိုးကျကျ မျှမျှတတ အကျိုးအမြတ်ရခြင်းမျိုး ဖြစ်လာနိုင်သည်။ ယင်းသို့ လုပ်အားအလိုက် အကျိုးအမြတ် ရယူခြင်းသည်သာ တရားသော, ကောင်းသော အသက်မွေးမှုဖြစ်သည်။

ထို့ကြောင့် အလိုနည်းမှု(အပ္ပိစ္ဆတာ)သည် ကောင်းသော အသက်မွေးမှုမျိုးဖြစ်ဖို့ရန် အနီးကပ်ဆုံးသော အကြောင်းတရားဖြစ်သည်ဟု အဋ္ဌသာလိနီ အဋ္ဌကထာ(၁၇၇)၌ ဖွင့်ဆိုထားခြင်းဖြစ်သည်။ သို့ဖြစ်၍ ဝိသမလောဘကို အခြေခံလျက်ရှိသော အမြတ်ကြီးစားခြင်းစသည့်စီးပွားရေး သောင်းကျန်းမှုများသည် ကောင်းသော အသက်မွေးမှုလုပ်ငန်း (သမ္မာအာဇီဝ)များမဟုတ်။ ဖောက်ပြန်ယွင်းမှား မတရားသော အသက်မွေးမှုလုပ်ငန်းမျိုး (မိစ္ဆာဇီဝ)ဖြစ်ကြောင်း သတိပြုသင့်ကြပေသည်။

ဤပြဆိုခဲ့ပြီးသော ကုန်သွယ်ခြင်းများသည် သူတစ်ပါးတို့ကို သတ်ဖြတ်ညှဉ်းဆဲကာ မတော်မတရား နိုင်ထက်စီးနင်းပြု၍ ကုန်သွယ်ခြင်း၊ လိမ်ညာလှည့်ဖြား၊ အကောက်ဉာဏ်များ သုံး၍ ကုန်သွယ်ခြင်း၊ မတရား အမြတ်ကြီးစား၍ ကုန်သွယ်ခြင်းများဖြစ်၍ မကောင်းသော ကုန်သွယ်နည်းများ ဖြစ်ကြသည်။

## မကောင်းသော ကုန်သွယ်ခြင်း၏ ဖြစ်ချက်များ

ထိုမကောင်းသော ကုန်သွယ်ခြင်းဖြင့် အသက်မွေး ဝမ်းကျောင်းပြုသူများသည်မျက်မှောက်လောက, တမလွန်လောက နှစ်မျိုးလုံး၌ ထိုက်သင့်သော အပြစ်ဒဏ်များကို ကေန်ခံကြရမည်ဟု ဘုရားရှင် ဟောတော်မူထားပေသည်။ ယခုလက်ရှိဘဝ၌ သူတစ်ပါးတို့ ကဲ့ရဲ့ပြစ်တင်မှုကို ရှေးဦးစွာ ခံရတတ်၏။ လုပ်ငန်းအရ ဆက်ဆံနေသည့် ပတ်ဝန်းကျင်က အယုံအကြည် ကင်းမဲ့လာ၏။ စီးပွားဉစ္စာများလည်း မဖြစ်ထွန်းတတ်။ဘေး အန္တရာယ်လည်း များ၏။ အကယ်၍ စီးပွားဖြစ်ထွန်းလာလျှင်လည်း ကြာရှည်မတည်ဘဲ မကြာမီ ပျက်စီးသွားတတ်၏။ မိမိပိုင်ပစ္စည်းများကို အလုယက်ခံရ, အဖျက်ဆီး ခံရတတ်၏။ ရာဇဝတ် ပြစ်ဒဏ်များနှင့်လည်း ကြုံရတတ်၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာက အောက်ပါအတိုင်း ဟောတော်မူထားခြင်း ဖြစ်ပါသည်။

ရှင်သူကြီး....ထိုပုဂ္ဂိုလ်တို့တွင် အကြင်ကာမဂုဏ် ခံစားသူသည် အနိုင်အထက်ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရားရှာမှီး၏။ ထိုသို့ရှာမှီး၍ မိမိကိုယ်ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ၊ မဝေခြမ်း မပေးကမ်း၊ ကောင်းမှုတို့ကိုမပြု၊ ထိုကာမဂုဏ် ခံစားသူသည် သုံးပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရပေ၏။ အနိုင်အထက်ပြုလုပ်၍ စည်းစိမ်ဥစ္စာတို့ကို မတရားရှာမှီး၏- ဟူသော ပဌမ အကြောင်းဖြင့်လည်း အကဲ့ရဲ့ခံရ၏။ မိမိကိုယ်ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ- ဟူသော ဒုတိယအကြောင်းဖြင့်လည်း အကဲ့ရဲ့ခံရ၏။မဝေခြမ်း မပေးကမ်း၊ ကောင်းမှုတို့ကို မပြုဟူသော တတိယအကြောင်းဖြင့်လည်း အကဲ့ရဲ့ခံရ၏။ ရှင်သူကြီး.... ဤကာမဂုဏ်ခံစားသူသည် ဤသုံးပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရ၏။ (သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်၊ ရာသိယသုတ်)

လူမိုက်တို့သည် မတရားသဖြင့် လည်းကောင်း၊ လိမ်လည်လှည့်ဖြား မုသားစကားဖြင့် လည်းကောင်း၊ နှစ်ပါးသော နည်းလမ်းတို့ဖြင့် ရရှိလာသော ပစ္စည်းဥစ္စာများကို ငါပိုင်ဥစ္စာဟု မှတ်ထင်ကြကုန်၏။ ထိုဥစ္စာပစ္စည်းများသည် ထိုသူတို့အဖို့ အဘယ်သို့ ပစ္စည်းဥစ္စာမည်နိုင်အံ့နည်း၊ မတရားရှာမှီးစုဆောင်းထားသော ပစ္စည်းဥစ္စာများ ဖြစ်သောကြောင့် ထို ပစ္စည်းဥစ္စာများသည် ထိုသူ့ထံ၌ ကြာရှည်စွာ တည်နေမည့် ပစ္စည်းများ မဟုတ်ချေ။

မတရား ကုန်သွယ်မှု စသည်တို့ကို ပြုလုပ်သောကြောင့် မင်းဘေးစသော ဘေးအန္တရာယ်များ ဖြစ်ပွား ပေါ်ပေါက်လာလိမ့်မည်၊ ရှာမှီးစုဆောင်းထားသည့် ပစ္စည်းများလည်း ပျက်စီးသွားပေလိမ့်မည်။ ထိုဝိသမလောဘသမားတို့ သေဆုံးသွားကြသည့်အခါ၌လည်း နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ ဤသို့ မတရား စီးပွားရှာခြင်းသည် လောကသံသရာ နှစ်ဖြာသော အကျိုးမှ ဆုတ်ယုတ်ပျက်စီးရသောသဘော ရှိပေသည်။ (နေတ္တိပါဠိတော်-၁၁၀)။

## ပျက်မှောက်ဘဝ၌ ပျက်စီးရသော သေရိဝ ရှဲကုန်သည်

ဤနေရာ၌ လိမ်လည်လှည့်ဖြား မတရား အရောင်းအဝယ် လုပ်ခဲ့သဖြင့် လက်ရှိ ဘဝ၌ပင် ပျက်စီး ဆုံးရှုံးရသည့် အကြောင်းကို ဝတ္ထုသက်သေတစ်ခုဖြင့်တင်ပြပါမည်။ ရှေးအတိတ်ဘဝတစ်ခု၌ ကျွန်ုပ်တို့ ဂေါတမ ဘုရားအလောင်းသည် သေရိဝနိုင်ငံတွင် ရှဲကုန်သည်တစ်ဦး ဖြစ်ခဲ့၏။ တစ်နေ့တွင် ဘုရားလောင်း ရှဲကုန်သည်သည် အလွန် လောဘကြီးသည့် သေရိဝ မည်သော ရှဲကုန်သည်နှင့်အတူ ကုန်ရောင်းထွက်လာခဲ့ကြသည်။ နီလဝါဟမြစ်ကို ကူးပြီး အရိဋ္ဌပူရမြို့ အဝင်ဝသို့ အရောက်တွင် တစ်ယောက်တစ်လမ်းစီခွဲ၍ ရှဲများကို လှည့်လည်ရောင်းချကြပါသည်။

ထိုမြို့တွင် သူဌေးမျိုးရိုးမှ ဆင်းရဲလာခဲ့သည့် မြေးအဘွား နှစ်ယောက်ရှိ၏။ ဆင်းရဲလှသဖြင့် မြေးအဘွား နှစ်ယောက်လုံး သူများထံ အခစားလုပ်၍ အသက်မွေးကြရ၏။ သို့သော်

သူတို့အိမ်တွင် သူ့ဘေးကြီး ရှိစဉ်က သုံးစွဲခဲ့သည့် ရွှေခွက်တစ်ခွက်သည် အခြားအိုးခွက်များအကြားတွင် ရောက်လျက်ရှိနေ၏။ ထိုခွက်မှာ ရွှေခွက်မှန်းပင် မသိရလောက်အောင် အညစ်အကြေးများ လိမ်းကပ်လျက်ရှိနေ၏။ ထို့ကြောင့် မြေးအဘွား နှစ်ယောက်လုံး ထိုခွက်ကို သာမန် ရိုးရိုးခွက်ဟုပင် မှတ်ထင်ကြလေသည်။

သေရိဝ ရှဲကုန်သည်မှာ ထိုမြေးအဘွားအိမ်ရှေ့သို့ ပထမဆုံး ရောက်လာပြီး ရှဲများ ယူကြဦးမလား–ဟု အသံပြု၏။ ထိုအခါ မြေးမကလေးက "ဘွားဘွား ရှဲတစ်လုံး ဝယ်ပေးပါ" ဟု ပူဆာ၏။ "ငါ့မြေး ဘွားဘွားတို့မှာ ဆင်းရဲလှပါတယ်၊ ဘာနဲ့ဝယ်မလဲ" ဟု မေး၏။ "အဘွား ကျွန်မတို့မှာ ခွက်ဟောင်းကလေးတစ်ခုရှိတယ်မဟုတ်လား၊ ကျွန်မတို့အတွက်လဲ ဘာမှ ကျေးဇူးမများပါဘူး၊ အဲဒီ ခွက်ကလေးနဲ့ပဲ လဲတာပေါ့" ဟု ဆိုပြီး မြေးမကလေးက ရှဲကုန်သည်ကို ခေါ်လိုက်သည်။

ရှဲကုန်သည် ရောက်လာသည့်အခါ ထို ခွက်ဟောင်းကလေးကို ကမ်းပေးပြီး "ဦးလေး ဒီခွက်ကလေးကိုယူပြီး ကျွန်မကို ရှဲအနည်းငယ်ပေးပါ" ဟု မြေးမကလေးကဆို၏။ သေရိဝ ရှဲကုန်သည်ကား ထိုခွက်ကို ကိုင်မိသည်နှင့် ရွှေခွက်ဖြစ်မည်ထင်ပြီး အပ်နှင့်ခြစ်ကြည့်ရာ တကယ် ရွှေခွက်အစစ်မှန်း အသေအချာ သိသွား၏။ ထိုအခါ ထိုခွက်ငယ်ကို ဘာပစ္စည်းမှ မပေးရဘဲ မတရားနည်းဖြင့် လှည့်ပတ်ယူရန် လောဘစွန်း ထွက်လာ၏။ ထို ဝိသမလောဘစွန်းကြောင့် ခွက်ကို မြေကြီး

ပေါ် ပစ်ချကာ "ကလေးမရဲ့ ခွက်ဟောင်းဟာ နှစ်ပြား လောက်တောင်မတန်" ဟု ဆိုပြီး ထွက်သွားသည်။

တစ်ယောက် ဝင်ရောက်ပြီးသည့် လမ်းကို အခြားတစ် ယောက် ဝင်ရောင်းနိုင်ခွင့်ရှိသဖြင့် ဘုရားလောင်း ရှဲကုန်သည် လည်း ထိုလမ်းသို့ ဝင်ရောင်းပါသည်။ ဘုရားလောင်း ရှဲကုန် သည်သည် ထိုမြေးအဘွား အိမ်ရှေ့သို့ ရောက်သွားသည့်အခါ မြေး မ က လေး မှာ အား မ လျှော့ သေး ဘဲ ရှေးအတိုင်း သူ့ အဘွားကို ပူဆာပြန်၏။ အဘွားကြီးက "ငါ့မြေး ဟို ရှဲကုန်သည်က ဒီခွက်ကလေးကို ပစ်ချပြီး ထွက်သွားပြီ၊ ခု ဘာနဲ့ဝယ်မလဲ" ဟု မေး၏။ "အဘွား အဲဒီကုန်သည်ဟာ အပြောအဆို ရိုင်းစိုင်းခက်ထန်လှပါတယ်၊ ဒီကုန်သည်က တော့ ကြည့်ရတာ သနားတတ်ကြင်နာတတ်ပုံပေါ်ပါတယ်၊ အသံကလဲ ယဉ်ယဉ်ကျေးကျေးရှိပါတယ်၊ သူက ယူချင်ယူမှာ အဘွားရဲ့" ဟု ထပ်မံ ပူဆာ၏။ အဘွားကြီးက "ဒီလိုဆိုလဲ ခေါ်လိုက်ပေါ့" ဟု ဆိုရာ မြေးမကလေးက ဝမ်းသာအားရ ထွက်ခေါ်လေသည်။

ဘုရားလောင်း ရှဲကုန်သည် အိမ်ထဲရောက်လာသည့်အခါ မြေးမကလေးက ခွက်ကလေးကို ကမ်းပေးပြီး ရှေးနည်း အတိုင်း ပြောလိုက်၏။ ဘုရားလောင်းသည် ခွက်ကို မြင်သည် နှင့် ရွှေခွက်မှန်း ကောန်သိ၍ "သမီး-သမီးရဲ့ခွက်ဟာ အဖိုး တစ်သိန်းတန်တဲ့ ရွှေခွက်ပဲ၊ ဘာဘမှာ ပါသမျှ ပစ္စည်းအားလုံး ဟာ တစ်သိန်းဖိုးမရှိဘူး" ဟု အမှန်အတိုင်းပြော၏။

"ဦးဦးရယ် ပထမရောက်လာတဲ့ ကုန်သည်က တော့ ဒီခွက်ကို နှစ်ပြားတောင် မတန်ဘူးဆိုပြီး ပစ်ချထားခဲ့ပါ တယ်။ ဒီခွက်ဟာ ဦးဦးရဲ့ ကုသိုလ်ကံကြောင့် ရွှေခွက်ဖြစ်တာ ဖြစ်ပါလိမ့်မယ်၊ ဒီခွက်ကို ဦးဦးကို ပေးပါတယ်။ ဦးဦးကသာ ကျွန်မတို့ကို ရွှဲအနည်းငယ်ပေးပါ" ဟု ပြော၏။

ထိုအခါ ဘုရားလောင်း ဖြစ်ကုန်သည်က မိမိလက်ထဲ၌ရှိ သော ငွေသား ငါးရာကျပ်နှင့် ငွေငါးရာတန် ပစ္စည်းအား လုံးကို ပေး၏။ ထို့နောက် လှယ်အိတ်၊ ချိန်ခွင်နှင့် ငွေရှစ်ကျပ် ကိုသာ သူ့အား ပြန်ပေးရန် တောင်းပြီး ခွက်ကိုယူကာ မြစ်ဆိပ်သို့ အလျင်အမြန် ထွက်ခွာသွားလေ၏။ မြစ်ဆိပ် ရောက်သည်နှင့် လှေသမားအား ငွေ ၈–ကျပ်ပေး၍ လှေဖြင့် မြစ်တစ်ဖက်သို့ ကူးလေတော့၏။

မကြာမီမှာပင် ထိုမြေးအဘွားအိမ်သို့ဝိသမလောဘသမား သေရိဝ ရွှဲကုန်သည် ပြန်ရောက်လာပြီး "ရွှဲအနည်းငယ် ပေး မယ်၊ ခွက်ကလေးကိုပေးပါ"ဟု တောင်းလေသည်။

မြေးမကလေးက "ရှင်က ကျွန်မတို့ရဲ့ အဖိုးတစ်သိန်းတန် ရွှေခွက်ကို နှစ်ပြားတောင် မတန်ဘူးလို့ ပြောခဲ့တယ် မဟုတ် လား၊ အဲဒီရွှေခွက်ကိုတရားသိတဲ့ ရွှဲကုန်သည်တစ်ဦးက ငွေတစ် ထောင်ပေးပြီး ယူသွားပြီလေ"ဟု မာန်ပါပါနှင့် ပြန်ပြော လိုက်၏။

ထိုစကားကို ကြားရသည်နှင့် တစ်ပြိုင်နက် ဒေဝဒတ် လောင်း သေရိဝ ရွှဲကုန်သည်မှာ "အမယ်လေး ဖြစ်မှ ဖြစ်ရ ပလေ၊ တစ်သိန်းတန် ရွှေခွက်ကို ငါလက်လွတ်သွားခဲ့ပြီ"ဟု

ဆိုကာ မရပ်တည်နိုင်လောက်အောင်ပင် စိုးရိမ်ပူဆွေးသွား၏။
ထို့ကြောင့် စိတ်ကယောင်ချောက်ချားဖြစ်ကာ မိမိမှာ ပါလာသမျှငွေနှင့် ပစ္စည်းဥစ္စာတို့ကို အိမ်ဝမှာပင် ဖြန့်ကြဲပစ်ပြီး အဝတ်ပင် ကိုယ်မှာမကပ်ဘဲ ချိန်ခွင်ရိုးကိုကိုင်စွဲကာ ဘုရားလောင်း ရှဲကုန်သည်နောက်သို့ အလျင်အမြန် လိုက်လေတော့သည်။
မကြာမီ မြစ်ဆိပ်သို့ရောက်လာရာ တစ်ဖက်ကမ်းသို့ကူးနေသော ဘုရားလောင်း သူတော်ကောင်း ရှဲကုန်သည်ကို အဝေးက လှမ်း၍မြင်ရသည်။ ထိုအခါ "ဟေ့....လှေသမား၊ ဒီဖက်ကမ်းကိုပြန်လာခဲ့ပါ"ဟုလှမ်း၍အော်ခေါ်၏။ဘုရားလောင်း ရှဲကုန်သည်က လှေသမားအား ပြန်မလှည့်ရန် တားမြစ်၏။ လှေပြန်လှည့်မလာသည်ကို တွေ့ရသည့်အခါ ဝိသမလောဘ အလိုသို့ လိုက်ခဲ့သော သေရိဝရှဲကုန်သည်မှာ တစ်ဖက်ကမ်းသို့ကူးနေသော ဘုရားလောင်း ရှဲကုန်သည်ကို ကြည့်နေစဉ်မှာပင် ပူဆွေးမှုသောကကြောင့် ထိုနေရာ၌ပင် လဲပြီး သွေးအန် သေဆုံးသွားရရှာလေသည်။ ဤသည်မှာ သူတစ်ပါး၏ တစ်သိန်းတန်ပစ္စည်းကို အလကားလိုလို မတရားလိုချင်သည့် ဝိသမလောဘကြောင့် အဖိုးတန်ပစ္စည်းကို လက်လွှတ်ရသည့်အပြင် အသက်ပင် ဆုံးရှုံးပျက်စီးရသည့် ကေကနိပါတ်၊သေရိဝ ဝါဏိဇ ဇာတ်ဝတ္ထု သာဓက ဖြစ်ပါသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၃၊ အမှတ်-၆)

## အခန်း ( ၆ )

## မတရားစီးပွားရှာခဲ့သည့် ပြိတ္တာမ ၄-ဦး

သုံးလောကတွက်တင် ကျွန်ုပ်တို့ ဘုရားသခင်သည် ဝေဠု ဝန်စံကျောင်း၌ ကိန်းအောင်းတော်မူစဉ် ရာဇဂြိုဟ်မြို့၌ အမျိုးသမီး လေးယောက်တို့သည် ဆီ၊ ထောပတ်၊ ပျားရည်၊ စပါး စသည်တို့ကို ရောင်းဝယ်၍ အသက်မွေးကြသတဲ့။ ဈေးသည်မ များသည် ဈေးရောင်းရာတွင် ချွတ်ယွင်းဖောက်ပြန် ဝိသမ လောဘ အရင်းခံသော တစ်ကိုယ်ကောင်းစိတ်ဖြင့် မတရား သော ကုန်သွယ်နည်းများကို အသုံးပြု၍ ဥစ္စာပစ္စည်းတို့ကို ရှာမှီးစုဆောင်းခဲ့ကြသည်။ ထိုအမျိုးသမီးများ သေဆုံးသည့် အခါတွင် လေးယောက်လုံးပင် ပြိတ္တာမကြီးများ ဖြစ်ကြရ လေသည်။ ထိုပြိတ္တာမကြီးများသည် ညအချိန်ကျရောက်သည့် အခါ၌ ဒုက္ခဝေဒနာ ပြင်းထန်စွာ ခံစားကြ၍....

"ကျွန်ုပ်တို့သည် လွန်ခဲ့သောဘဝက မတရားသောနည်း၊ တရားသောနည်းတို့ဖြင့် ပစ္စည်းဥစ္စာတို့ကို ရှာမှီးစုဆောင်းခဲ့

ကြပါသည်။ သေဆုံးခဲ့ရာ ယခုအခါ၌မူ ကျွန်ုပ်တို့တတွေ ဝိသမလောဘဖြင့် စုဆောင်းခဲ့ကြသည့် ထိုပစ္စည်းများကို သူတစ်ပါးတို့ ခံစားသုံးဆောင်၍ နေကြပါကုန်၏။ ကျွန်ုပ်တို့လေးယောက်မှာမူ မတော်မတရား စီးပွားရှာခဲ့မှုကြောင့် ပြောမပြနိုင်အောင် ကြီးကျယ်လှသော ဆင်းရဲဒုက္ခကိုသာ ခံစား၍ နေကြရပါကုန်ပြီတကား"

ဟု သူတို့ရောင်းဝယ်မှု၌ ပြုခဲ့သည့် မကောင်းမှု အကုသိုလ်ကံကို ထုတ်ဖော်ကာ အသံကျယ်ကြီးများဖြင့် ဟစ်အော်ညည်းတွား၍နေကြရကြောင်း ပေတဝတ္ထုပါဠိတော်၊ ဓာတက သံဟာရဏ ပေတဝတ္ထု၌ ဖတ်ရှုရပေသည်။

ဖွဲကြမ်း မီးလောင်ခံနေရသော စပါးကုန်သည်ကြီး။ ။သာဝတ္ထိပြည်နှင့် မနီးမဝေး ရွာကလေးတစ်ရွာမှာ မတရားသော ကုန်သွယ်နည်းဖြင့် ရောင်းဝယ်ဖောက်ကား အသက်မွေးမြူနေသော စပါးကုန်သည်လိမ်ကြီး တစ်ဦးရှိသတဲ့။ ထိုစပါးကုန်သည်လိမ်ကြီးရောင်းသည့် စပါးများမှာ သလေးနီစပါးမျိုးဖြစ်၏။ သူသည် သလေးဖွဲကြမ်းများကို မြေနီမှုန့်များနှင့် ရောမွှေပြီး ဖွဲကြမ်းများကို သလေးနီစပါးဖြစ်အောင် စီမံပြုလုပ်လေ့ရှိ၏။ စပါးရောင်းသည့်အခါ သလေးနီစပါးများ အလေးချိန်တိုးလာအောင် ထိုဖွဲကြမ်းများနှင့် ရောနှောပြီး ရောင်းလေ့ရှိပေသည်။ ထိုစပါးကုန်သည်လိမ်ကြီး သေဆုံးသွားသောအခါ လိမ်လည်လှည့်ဖြား မတရား ကုန်သွယ်မှုကြောင့် မီးတောက်မီးလျှံထနေသည့် ဖွဲကြမ်းများကို လက်

နှစ်ဖက်ဖြင့် ကြုံးယူပြီး ဦးခေါင်းပေါ်ကြဲချကာ ကြီးစွာသော ဒုက္ခဝေဒနာကို ခံစားနေရသည်ဟု ပေတဝတ္ထုပါဠိတော် ဘုသပေတဝတ္ထု၌ လေ့လာတွေ့ရှိရပေသည်။

**အမြတ်ကြီးစားကုန်သည်ကြီး။** ။ထို့ပြင် အခါတစ်ပါး၌ အရှင်မဟာကစ္စည်း မထေရ်သည် အဝန္တီတိုင်း၊ ကုရရဃရမြို့၊ ပဝတ္တတောင်၌ သီတင်းသုံးနေတော်မူ၏။ မထေရ်၏ ပစ္စည်းလေးပါး အလုပ်အကျွေး ဒါယကာမှာ သောဏခေါ်သော ဥပါသကာဖြစ်၏။သောဏကား မထေရ်မြတ်၏ တရားကို နာကြားရသဖြင့် ရဟန်းပြုကာ လွတ်လပ်စွာတရားအားထုတ်လိုသူတည်း။တစ်နေ့တွင် အဖော်ကုန်သည်များနှင့်အတူ ကုန်သွယ်ရန် ဥဇ္ဇေနီပြည်ဘက်သို့ ထွက်လာခဲ့ပါသည်။ လမ်းခရီးအကြား တောအုပ် တစ်ခုနား အရောက်တွင် မိုးချုပ်သွားခဲ့ရာ ထိုတောအုပ်၌ပင် တစ်ညအိပ် ကြရ၏။သောဏကား အဖော်ကုန်သည်များနှင့် ခပ်လှမ်းလှမ်း တွင်သွားအိပ်၏။နံနက်မိုးသောက် အလင်းရောက်သည့်အခါ အဖော်ကုန်သည်တို့သည် သောဏကို နှိုးရန် သတိမရကြဘဲ ထွက်ခွာသွားကြသတဲ့။

နေအတော်မြင့်လာမှ သောဏ နိုးလာခဲ့သည်။ သူသည် အဖော်များကို မတွေ့တော့၍ အဖော်များသွားသည့် လမ်းအတိုင်း ခပ်သုတ်သုတ်ခရီးနှင်လေတော့သည်။ သူ ညောင်ပင် ကြီးတစ်ပင်အောက်သို့ အရောက်တွင် ထူးဆန်းသောသတ္တဝါ ကြီးတစ်ကောင်ကို တွေ့ရ၏။ ထိုသတ္တဝါကြီးမှာ လူနှင့် တူ

သော်လည်း ခန္ဓာကိုယ်ကြီးမှာ လူ့ခန္ဓာကိုယ်ထက် အဆ ပေါင်းများစွာ ကြီးမား၏။ အကြည့်ရလည်း ဆိုး၏။ အလွန် ကြောက်စရာ ရုပ်အဆင်းအဝါလည်းရှိ၏။ သူ့ခန္ဓာကိုယ်ကြီး မှ အသားများကို အားရပါးရ ကိုက်ဖဲ့စားနေ၏။

သောဏက "မင်း ဘယ်သတ္တဝါမျိုးလဲ၊ ဘာ့ကြောင့် ဒီလို ဖြစ်ရသလဲ" ဟု မေးလိုက်၏။

"ကျွန်ုပ် ပြိတ္တာကြီးပါ၊ ရှေးဘဝက လုပ်ခဲ့သည့်မကောင်း မှုကြောင့် ဒီလိုဖြစ်နေရပါတယ်။ ကျွန်ုပ်ဟာ လွန်ခဲ့တဲ့ဘဝက သာရုကစ္ဆမြို့သား၊ အမြတ်ကြီးစား ကုန်သည်တစ်ယောက် ဖြစ်ခဲ့ပါတယ်။ အခြားလူများရဲ့ပစ္စည်းကို လိမ်ညာလှည့်ဖြား ပြီး ခေါင်းပုံဖြတ်စားခဲ့ပါဘယ်။ ဆွမ်းခံကြွလာတဲ့ ရဟန်း တော်များကိုလဲ "အလုပ်မလုပ်ဘဲနဲ့ စားချင်ရင် ကိုယ့်အသား ကိုယ်စားကြပါလား" လို့ ဆဲရေး ပြစ်မှားမိခဲ့တယ်။အဲဒီ အကု သိုလ် ကံတွေကြောင့် အခုလိုဒုက္ခမျိုးကို ခံစားနေရပါတယ်" ဟု ပြန်ပြောလေသည်။

ထိုအကြောင်းကို ကြားသိရသည့်အခါ သောဏ ဥပါ သကာသည် အလွန်သံဝေဂ ရရှိသွားလေသည်။ ဤသို့ဥဒါန်း အဋ္ဌကထာ၊ သောဏသုတ္တဝဏ္ဏနာ၌ ဖွင့်ဆိုထားသည်ကို တွေ့ရ သည်။ ကြောက်ဖွယ် ကောင်းလေစွ။

**သံကိစ္စပဏ္ဍိတဇာတ်။** သံကိစ္စပဏ္ဍိတ ဇာတ်၌လည်း ဆိတ် သားထိုး၊ နွားသားထိုး၊ ကျွဲသား ထိုး၊ မုဆိုးငှက်ခတ်၊ တံငါ၊ ခိုးသူ၊ လူပျက်၊ လူကြမ်း၊ ချော

ပမ် ကုန်းတိုက်ပြုသောသူတို့ကို ငရဲထိန်းတို့သည် လှံသေး၊လှံမ၊ သံတူ၊ဆောက်ပုတ်၊ ဓားမ၊ ခက်ရင်း၊ လေးမြား၊ သံလျက် အစရှိသော လက်နက် အမျိုးမျိုးတို့ဖြင့် ရိုက်ပုတ် ထိုးခုတ် သတ်ဖြတ်ကြကုန်၏။ လူကြမ်းတို့သည် တော၌ သမင် သား ငါးတို့ကိုတွေ့လျှင် လိုက်သကဲ့သို့ လိုက်ကြသဖြင့် ကြိမ်ပိုက်ချောင်းငရဲ၌ကျကုန်၏။ ထိုငရဲတွင် ကြိမ်နွယ်တံကျင်၊ ကြာရွက် ရေပေါ်ရေထဲကမ်းနားတို့၌ ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို နှစ်ပေါင်းရာထောင်အထိ မကောင်းမှုကံ၏ အတိုင်းအဘာ ပမာဏအတိုင်း ခံစားကြရကုန်၏။

ဤလူ့ပြည်လောက၌ တရားသူကြီးတို့သည် လာဘ်စား၍ မတရားအဆုံးအဖြတ်ပေးကြ၏။ ကုန်သည်ပွဲစား စသည်တို့သည်လည်း တောင်စဉ်းလဲ၊ ချိန်စဉ်းလဲ၊ အသပြာစဉ်းလဲ စသည်တို့ဖြင့် သူတစ်ပါးပစ္စည်းဥစ္စာများကို မတရား လှည့်ဖြားယူကြ၏။ မျက်လှည့် မာယာ စသည်ဖြင့် လည်းကောင်း၊ မဟုတ်မမှန်သော အမှုအကျင့်တို့ဖြင့်လည်းကောင်း၊ မဖြောင့်မမှန် ပြုကြ၏။ ထိုသူတို့သည် စက်ဆုပ်ဖွယ်ရာ မကောင်းသော ကိုယ်ဖြင့် ငရဲ၌ဖြစ်ကုန်၏။အလျှံပြောင်ပြောင်တောက်လောင်နေသော သံတူကြီးတို့ဖြင့် နေ့ရောညဉ့်ပါ ဦးခေါင်းကို ထုနှက်ရိုက်ပုတ်ခံနေကြရ၏။ ဦးခေါင်းကွဲသော် အန်ကုန်၏။ထိုသူတို့ အန်ဖတ်ကို သံအိုးကင်းတို့ဖြင့် ခံယူ၍ အချို့သော သူတို့၏ ခံတွင်း၌ ထည့်ကုန်၏။ ထိုသူတို့သည် အန်ဖတ်ကို စားကြရကုန်၏။

ထို့နောက် မှောက်ခုံအိပ်ခိုင်းပြီး လျှာကိုထုတ်စေပြီး ထိုမှ ဤမှ တုန်လှုပ်နေစဉ်ပင် ကျီး၊ မြေခွေး၊ လင်းတ အပေါင်းတို့က ကြောက်မက်ဖွယ်ရာ သံနှုတ်သီးကြီးများဖြင့် ထိုးဆိတ်ဆွဲကာ စားသောက်ကုန်၏။ ဤသို့မကောင်းသော ကုန်သွယ်မှုကြောင့် ခံစားကြရသည့် ပြစ်ချက်မျိုးစုံတို့ကို ဘုရားဟောတော်မူထားသည့် သံကိစ္စပဏ္ဍိတ ဇာတ်တော်၌လည်း လေ့လာ တွေ့ရှိရပေသည်။

နေမိဇာတ်။ ။နေမိဇာတ်၌လည်း တံငါ၊သားထိုး၊ မုဆိုးတို့သည် သားတစ်ခုပြုသော ငရဲ၌ ခံရကုန်၏။ ငှက်ခတ်သမားတို့သည် ရေပူတွင်နှစ်၍ လည်ကိုလိမ်သတ်သော ငရဲ၌ ခံရကြ၏။ ခိုးသူတို့သည် လှံထိုးငရဲ၌ ခံရကုန်၏။ လူပျက်လူကြမ်းတို့ကား ဘင်ပုတ်ငရဲ၌ ခံရကုန်၏။

တရားသူကြီးစဉ်းလဲ၊ ပွဲစားစဉ်းလဲ၊ ကုန်သည်စဉ်းလဲတို့သည်ကား လျှာကို မြားဖြင့် ချိတ်ထုတ်၍ သံတံသင်း တစ်ရာဖြင့် နက်သောငရဲ၌ ခံရကုန်၏။ မကောင်းသော အရာဝတ္ထု မမှန်ကန်သော အရာဝတ္ထုများနှင့် ရောနှော၍ ရောင်းသော ကုန်သည် စဉ်းလဲတို့သည် ရဲရဲပြောင်ပြောင် တောက်လောင်သော ဖွဲပြာရည်ကို သောက်ရသော ငရဲ၌ ခံရကုန်၏။ အလှူကောင်းမှု ပြုမည်ဟူ၍ အများစုထားသော ဥစ္စာကိုစားပြီးလျှင် မတရားသက်သေပြုသော သူတို့သည် မီးကျီးတွင်းငရဲ၌ ခံရကုန်၏ဟု ဟောတော်မူထားပေသည်။

## ကောင်းသောကုန်သွယ်နည်း

ကောင်းသော ကုန်သွယ်မှုလုပ်ငန်းဖြင့် အသက်မွေးခြင်းကို ပါဠိလို"သမ္မာအာဇီဝ"ဟုခေါ်သည်။ ထိုကောင်းသော အသက်မွေးခြင်းဆိုသည့် သမ္မာအာဇီဝသည် အလိုလောဘနည်းခြင်း (အပိစ္ဆတာ)ရှိမှ ဖြစ်နိုင်ပေမည်။ ထိုသမ္မာအာဇီဝသည် မကောင်းသော အသက်မွေးမှုခြင်းတို့နှင့် ကြောင်းကျိုး ဆက်သွယ်လျက်ရှိ၏။ အဓိပ္ပာယ်မှာ ကောင်းသော, တရားသော ကုန်သွယ်ခြင်း ဖြစ်မဖြစ်ကို မကောင်းသော အသက်မွေးခြင်း(၇) မျိုးမှ လွတ်မလွတ်၊ ဝိသမလောဘမှ ကင်းမကင်းဟူသော ပေကြိုးတို့ဖြင့် တိုင်းတာစိစစ်ရမည်ဟု ဆိုလိုပေသည်။ မကောင်းသော အသက်မွေးခြင်း (ဒုရာဇီဝ) ၇-မျိုးမှာ....

(၁) သူများအသက်ကိုသတ်၍ အသက်မွေးမှုခြင်း။

(၂) သူများဥစ္စာ ပစ္စည်းများကို ခိုးယူလုယက် မတရားသိမ်း၍ အသက်မွေးခြင်း။

(၃) ပြည့်တန်ဆာ စသည်တို့ကဲ့သို့ သူတစ်ပါးတို့၏ လင်ယောကျ်ား၌ ကာမေသု မိစ္ဆာစာရအမှုကို ပြု၍ အသက်မွေးမှုခြင်း။

(၄) အချို့ ရှေ့နေရှေ့ရပ်များကဲ့သို့ လက်ဆောင်ပဏ္ဏာ အခကြေးငွေယူ၍ သူတစ်ပါးတို့အမှု၌ မဟုတ်

မလျှော်၊ မုသာဝါဒစကားကို အရင်းတည်ကာ အသက်မွေးမြူခြင်း။

(၅) အခကြေးငွေယူ၍ ချစ်နေသူ နှစ်ဦးတို့ ကွဲပြားအောင် ကုန်းတိုက်ပြောဆိုမှု (ပိသုဏာဝါစာ)ဖြင့် အသက်မွေးမြူခြင်း။

(၆) အခစွဲစ္စာယူ၍ သူတစ်ပါးတို့အား ဆဲရေးခြင်းဖြင့် အသက်မွေးမြူခြင်း။

(၇) အကျိုးမရှိသော ပြဇာတ် ဝတ္ထုတို့ကို သဘင်ခင်းကျင်းပြသ၍ သော်လည်းကောင်း၊ ဟောပြော၍ သော်လည်းကောင်း (သမ္ဖပ္ပလာပဖြင့်) အသက်မွေးမြူခြင်း။

တို့ဖြစ်ပါသည်။

ခွဲပြဦးအံ့၊ သူများအသက်ကို သတ်၍ အသက်မွေးမြူခြင်းဆိုသည်မှာ ငါး၊ လိပ်၊ ပုစွန် စသော ရေ သတ္တဝါတို့ကို ထောင်ဖမ်းသတ်ဖြတ်ခြင်း စသည့် ပါဏာတိပါတ အမှုကိုပြု၍ ရရှိလာသည့် ငါး၊ လိပ်၊ ပုစွန် စသည်တို့ကို ရောင်းချ၍ အသက်မွေးမြူခြင်း၊ တောလိုက် မုဆိုးများကဲ့သို့ သမင်၊ ဒရယ်၊ ချေယ်၊ စိုင်၊ ဆတ်၊ ယုန်၊ ဝက်၊ ငှက် စသည့် သားကောင်များကို ပစ်ခတ်သတ်ဖြတ်၍ ရောင်းချ အသက်မွေးမြူခြင်း၊ ငါး၊ ဘဲ၊ ကြက်၊ ဆိတ်၊ ဝက် စသော သတ္တဝါများကို ကြီးပြင်း အသားတိုးအောင် မွေးမြူပြီးမှ ရောင်းချ အသက်မွေးမြူခြင်းမျိုးတို့ ဖြစ်ပါသည်။

သူများဥစ္စာ ပစ္စည်းများကို ခိုးယူလုယက်၍ အသက်မွေးမြူခြင်းကား ခိုးသားဓားပြ-စသူတို့ကဲ့သို့ သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာများကို ခိုးယူခြင်း၊ တိုက်ယူခြင်း၊ အနုကြမ်းစီး၍ယူခြင်း၊ အနိုင်အထက် လုယက်ယူခြင်း၊ ခါးပိုက်နှိုက်ခြင်း၊ အာဏာဖြင့် သိမ်းယူခြင်း-စသည့် အဒိန္နာဒါန အမှုမျိုးကို ပြု၍ ရလာသည့် ပစ္စည်းများကို ရောင်းချ အသက်မွေးမြူခြင်း၊ ယခုခေတ် လူအချို့တို့ကဲ့သို့ နိုင်ငံတော်အစိုးရက တားမြစ်ထားသည့် အမိန့်ကို မနာယူဘဲ ကင်းခွန်ကို ရှောင်လွှဲကာ တိတ်တဆိတ် ခိုးသွင်းလာသည့် မှောင်ခိုပစ္စည်းများကို ရောင်းချ အသက်မွေးမြူခြင်း၊ ဖော်ပြခဲ့ပြီးသော မတရား ရောင်းဝယ်နည်း (၄) မျိုးတို့ဖြင့် အသက်မွေးမြူခြင်းမျိုးတို့ ဖြစ်ပါသည်။

ပြည့်တန်ဆာ စသည်တို့ကဲ့သို့ သူတစ်ပါးတို့၏ လင်ယောကျ်ားနှင့် ကာမေသုမိစ္ဆာစာရအမှုကိုပြု၍ အသက်မွေးမြူခြင်းဆိုသည်မှာ အချို့သော မိန်းမလည်ကြီးများသည် တောမှ ရိုးရိုးအအ မိန်းမပျိုကလေးများကို မြို့သို့ ဖြားယောင်းသွေးဆောင်ခေါ်ယူလာပြီး ကာမေသုမိစ္ဆာစာရအမှုပြုလုပ်ရန် တစ်ဆင့် ရောင်းစားလေ့ရှိကြသည်။ ထို မိန်းမလည်ကြီးတို့၏ အသက်မွေးမှုသည် လည်းကောင်း၊ အချို့သော ပြည့်တန်ဆာမကဲ့သို့သော အသက်မွေးမှုသည် လည်းကောင်း၊ ကာမေသုမိစ္ဆာစာရ ဖြစ်မှုပေါ် အခြေခံလျက် ရှိသောကြောင့် မကောင်းသော အသက်မွေးမြူခြင်း (ဒုစရိုက်၁၀) မျိုးပင် ဖြစ်ပေ၏။

ထို့ပြင် အချို့ ဈေးသည် ကုန်သည်တို့သည် ကုန်ရောင်းရာ၌ ဝယ်သူများအား ပစ္စည်းအမျိုးအစားကို အမှန်အတိုင်း မပြောကြခြင်း၊ ဈေးနှုန်းကို အမှန်အတိုင်း မပြောကြခြင်း၊ မိမိ အရင်းအနှီးကို ပို၍ပြောခြင်း စသည်ဖြင့် လိမ်လည်လှည့်ဖြား မုသားစကားတို့ကို တွင်တွင်သုံး၍ ရောင်းချ အသက်မွေးမြူကြ၏။ ထိုသူတို့၏ ရောင်းဝယ် အသက်မွေးမှုသည် မုသာဝါဒနှင့် မကင်းသော အသက်မွေးမှုမျိုး ဖြစ်၍ မကောင်းသော အသက်မွေးမှုမျိုး ဖြစ်သည်။

ဤသို့ စသည်ဖြင့် အကုသိုလ် ကာယကံ (၃) ပါး၊ ဝစီကံ (၄) ပါးတို့ကို အရင်းအနှီးပြုကာ ကုန်ရောင်းကုန်ဝယ် ပြုခြင်းသည် လည်းကောင်း၊ ဖော်ပြခဲ့ပြီးသော လက်နက်ပစ္စည်း၊ လူ၊ အရက်စသည်တို့ကို ရောင်းခြင်း-စသည့် မတရားသော ကုန်သွယ်နည်း ငါးမျိုးတို့သည် လည်းကောင်း၊ ဝိသမလောဘဖြင့် မတရား အမြတ်ကြီးစားခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့သည် လည်းကောင်း၊ မကောင်းသော ကုန်သွယ်ခြင်းများ ဖြစ်ပေသည်။

ထို့ကြောင့် ကောင်းသော ကုန်သွယ်ခြင်း ဆိုသည်မှာ ထို ဆိုခဲ့ပြီးသော မကောင်းသည့် ကုန်သွယ်ခြင်းများမှ လွတ်ကင်းသန့်စင်၍ မိမိတို့၏ ကုန်တုတ် အရင်းအနှီးများနှင့် ကာယ၊ ဉာဏ၊ ဝီရိယ၊ စွမ်းအားဟူသော လုပ်အားပမာဏအရ အချိုးကျကျ မျှမျှတတ အကျိုးအမြတ်ရယူသော ကုန်ကူးသန်းရောင်းဝယ်ခြင်းမျိုး ဖြစ်ပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း အတွဲ-၁၃၊ အမှတ်-၇)

## အခန်း (၇)

# ကောင်းသောကုန်သွယ်ခြင်း၏ အကျိုးများ

ဤကောင်းသော ကုန်သွယ်နည်းများဖြင့် ရောင်းဝယ်ဖောက်ကား အသက်မွေးသူများသည် တမလွန်လောက၌ နတ်စည်းစိမ် လူစည်းစိမ်စသော ကောင်းကျိုးချမ်းသာတို့ကိုသာ ရရှိခံစားကြရသည်မဟုတ်၊ ယခု မျက်မှောက်ဘဝ၌လည်း ပညာရှင် သူတော်ကောင်းတို့၏ ချီးကျူးမှုကိုလည်း ခံကြရ၏။

အမှန်တရားအတိုင်း ရောင်းဝယ်သဖြင့် "သစ္စေန၊ အမှန်တရားအတိုင်း ကြံစည်ပြောဆိုပြုလုပ်သဖြင့်။ ကိတ္တိံ၊ နာမည်ကောင်းသတင်း ကျော်စောခြင်းသို့။ ပပ္ပေါတိ၊ ရောက်၏။ (သစ္စေန ကိတ္တိံ ပပ္ပေါတိ) ဆိုသည့် ဘုရားဟော ဒေသနာတော်အတိုင်း "ဒီဈေးဆိုင်ဆိုရင်(ဝါ)ဒီကုန်သည်ဆိုရင်တော့ စိတ်သာချ၊ မမှန်တာကိုမပြောဘူး၊ မလုပ်ဘူး၊ ဈေးမှန် အမျိုးမှန် လူမှန်ပဲ၊ မတော်လောဘမရှိဘူး၊ ရိုးသားဖြောင့်မတ်တယ်" စသည်ဖြင့်ပတ်ဝန်းကျင်၌နာမည်ကောင်းသတင်း ကျော်စောပျံ့သင်းလျက်ရှိ၏။ လူအများ၏ ယုံကြည်အားကိုးမှုကို ခံရ၏။

ထိုနာမည်ကောင်းသဖြင့် မရသေးသော စည်းစိမ်ဥစ္စာများကို ရရှိကာ ဥစ္စာစီးပွားများ တိုးပွားထွန်းကားလာနိုင်၏။ ရရှိပြီးသော စည်းစိမ်ဥစ္စာရတနာများမှာလည်း တရားသော နည်းလမ်းဖြင့် ရှာမှီးရရှိထားသည့် ဓမ္မိယလဒ္ဓပစ္စည်းမျိုးဖြစ်၍ စင်ကြယ်သန့်ရှင်း အပြစ်ကင်းရကား ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်သဖြင့် ကြာရှည်လေးမြင့်စွာတည်တံ့နိုင်၏။ ရိုးရိုးသားသား ရှာဖွေ အသက်မွေးမြူကြသဖြင့် တစ်စုံတစ်ခုသော မင်းပြစ်မင်းဒဏ်ကိုလည်း ကြောက်ရန်မလို၊ အလွန်လွတ်လပ်မှုရှိ၏။ အယုတ်ဆုံး အလှူဒါနပြုသည့်နေရာ၌ပင် ထိုဓမ္မိယလဒ္ဓပစ္စည်းများကို လှူဒါန်း ပေးကမ်းခြင်းသည် မတော်မတရား ရရှိထားသော ပစ္စည်းများကို လှူဒါန်းခြင်းထက် သာလွန် အကျိုးကြီးမားလှပေသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်ဘုရားကိုယ်တိုင် ဤသို့ ဟောကြားတော်မူခဲ့ပါသည်။

> ဗိမ္ဗိသာရမင်းကြီး–ဤသို့ သူရင်းငှားလုပ်၍ အသက်မွေးမြူခြင်းသည် တရားသဖြင့် အသက်မွေးမြူခြင်းမည်၏။ ခိုးမှု၊ တိုက်မှု၊ လာဘ်စားမှုစသော မတရားမှုတို့ကို ပြု၍ အသက်မွေးမြူပြုခြင်းသည်ကား ဤမျက်မှောက်ဘဝ၌လည်း အညှဉ်းပန်း အနှိပ်စက်ခံရ၏။ တမလွန်လောကလည်း အညှဉ်းပန်း အနှိပ်စက်ခံရ၏။ ထိုခိုးဆိုးတိုက်ခိုက်၍ အသက်မွေးခြင်းဖြင့် ကြီးပွားချမ်းသာခြင်းမည်သည် မရှိနိုင်၊ လယ်သမား

သူရင်းငှား အလုပ်တို့ကိုလုပ်၍ အသက်မွေးခြင်းသည်သာ တရားသဖြင့် အသက်မွေးခြင်း မည်၏။

မှန်၏၊ သတိဝီရိယနှင့်ပြည့်စုံသော စင်ကြယ် သန့်ရှင်းသည့် စိတ်နှလုံးရှိသော စူးစမ်းဆင်ခြင် မြော်မြင်တတ်သော တရားသဖြင့် အသက်မွေးမြူသော ကိုယ်နှုတ် နှလုံး စောင့်သုံးခြင်းရှိသော ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့သောပုဂ္ဂိုလ်အားစည်းစိမ်ချမ်းသာ တန်ခိုးအာဏာ အရှိန်အဝါနှင့် အခြံအရံတို့သည် တဖြည်းဖြည်း တိုးပွားလာရ၏။ (ဓမ္မပဒ-ကုမ္ဘဃောသက ဝတ္ထု)။

ရွာသူကြီး....ထိုပုဂ္ဂိုလ်တို့တွင် အကြင်ကာမဂုဏ် ခံစားသူသည် အနိုင်အထက်မပြုဘဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၏။ ထိုသို့ ရှာမှီး၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ ဝေခြမ်းပေးကမ်း၏၊ ကောင်းမှုတို့ကိုပြု၏။ ထိုစည်းစိမ်ဥစ္စာတို့ကိုလည်း မမက်မော မစွဲလမ်းဘဲ အပြစ်မြင်လျက် ထွက်မြောက်လိုသော ဉာဏ်ရှိသည်ဖြစ်၍ သုံးဆောင်၏။ ဤကာမဂုဏ် ခံစားသူသည် လေးပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရ၏။

အနိုင်အထက်မပြုလုပ်ဘဲ စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့် ရှာမှီး၏ ဟူသော ပထမအကြောင်းဖြင့် အချီးမွမ်းခံရ၏။ မိမိကိုယ်ကို ချမ်းသာစေ၏။ ပြည့်ဖြိုး

စေ၏-ဟူသော ဒုတိယအကြောင်းဖြင့် အချီးမွမ်းခံရ၏။ ဝေခြမ်းပေးကမ်း၏။ ကောင်းမှုပြု၏ ဟူသော တတိယအကြောင်းဖြင့် အချီးမွမ်းခံရ၏။ ထိုစည်းစိမ်ဥစ္စာတို့ကို မမက်မော ဖစ္စဲလမ်းဘဲ အပြစ်မြင်လျက် လွတ်မြောက်လိုသော ဉာဏ်ရှိသည်ဖြစ်၍ သုံးဆောင်၏ ဟူသော စတုတ္ထအကြောင်းဖြင့်လည်း အချီးမွမ်းခံရ၏။

ရှာသူကြီး-ဤကာမဂုဏ်ခံစားသူသည်ဤလေးပါးသော အကြောင်းတို့ဖြင့် အချီးမွမ်းခံရ၏ (သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် ရာသိယသုတ်)

⁂

# မြတ်ဗုဒ္ဓ၏
# ကြီးပွားချမ်းသာရေးလမ်းညွှန်
# တရားတော်များ
# ( ၂ )

## အခန်း (၈)

# လိုတရစေနိုင်သော သမ္ပတ္တိစက် ၄-ပါး

ရှင်တော်ဗုဒ္ဓသည် သမ္ပတ္တိစက်လေးပါးကို စက္ကသုတ်အမည်ဖြင့် စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်တွင် ဟောတော်မူခဲ့သည်။ သမ္ပတ္တိဆိုသည်မှာ မြန်မာလို "အလိုရှိတိုင်း ပြည့်စုံစေနိုင်ခြင်း" ဟု အဓိပ္ပာယ်ရ၏။ ဤစက်လေးပါးရှိသူသည် အရာရာတွင် ကြံတိုင်းအောင် ဆောင်တိုင်းမြောက်၊ စိတ်ရှိသလောက် သိဒ္ဓိပေါက်၍ မကြာမီမှာပင် ဥစ္စာပစ္စည်း တိုးတက်ကြီးပွားနိုင်သည်ဟု ဟောတော်မူလိုရင်း ဖြစ်ပေသည်။

ထိုသမ္ပတ္တိစက် လေးပါးမှာ—

(၁) သင့်လျော် လျောက်ပတ်သောအရပ်၌ နေရခြင်း ပတိရူပဒေသဝါသစက်။

(၂) သူတော်ကောင်းမိတ်ဆွေကို မှီဝဲဆည်းကပ်ရခြင်း သပ္ပုရိသူပနိဿယစက်။

(၃) မိမိကိုယ်နှင့်စိတ်ကို ကောင်းအောင် ထားရခြင်း အတ္တသမ္မာပဏိဓိစက်။

(၄) ဧရးဘ၀က (၀ါ) ရှေးကပြုခဲ့ဖူးသော ကောင်းမှု ရှိရခြင်း ပုဗ္ဗေစကတပုညတာစက်။

တို့ ဖြစ်ပါသည်။

## (၁) ပတိရူပဒေသဝါသစက်

ထိုသမ္ပတ္တိစက် လေးပါးတို့တွင် ပတိရူပဒေသဝါသစက်ဆိုသည်မှာ အချုပ်အားဖြင့် မိမိလုပ်ငန်းနှင့်သင့်လျော်လျောက်ပတ်သော(ဝါ)နေသင့်နေထိုက်သော အရပ်ဒေသမျိုး၌ နေထိုင်ရခြင်း-ဟု အဓိပ္ပာယ်ရ၏။ ဤနေသင့်နေထိုက်သော အရပ်ဒေသမျိုးမှာ ဘာသာရေးနှင့်ပတ်သက်၍ ကုသိုလ်တရား ဖြစ်ပွားနိုင်မည့် ဗုဒ္ဓသာသနာထွန်းကားရာအရပ်မျိုး၊ ကျန်းမာရေးအတွက် ရာသီဥတု မျှတကောင်းမွန်၍ မြန်မာတိုင်းရင်းသမားတော်ကြီးများ သို့မဟုတ် ဆရာဝန်များရှိသည့် အရပ်ဒေသမျိုး၊ ပညာရေးအတွက် စာသင်ကျောင်းများ အထိုက်အလျောက်ရှိ၍အကြားအမြင်ဗဟုသုတများရရှိနိုင်မည့်ရဟန်းပညာရှိ၊ လူပညာရှိများပေါများသည့်အရပ်ဒေသမျိုး၊စီးပွားရေးအတွက် စီးပွားဥစ္စာ အသွယ်တကူရှာဖွေရရှိနိုင်၍တစ်ရပ်နှင့် တပ်ရပ်၊ တစ်ရွာနှင့်တစ်ရွာ ရောင်းဝယ်ဖောက်ကားရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့် အရပ်ဒေသမျိုးစသည်တို့ဖြစ်ပေသည်။ ထို ဆိုခဲ့သည့်အရပ်ဒေသမျိုး၌နေပါမှ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ကုသိုလ်ရေး စသည်တို့ အဆင်ပြေ၍ ဥစ္စာစီးပွား တိုးတက် ကြီးပွားလာနိုင်မည် ဖြစ်၏။

သို့သော် ဤသို့ ကုသိုလ်ရေး၊ ကျန်းမာရေး၊ ပညာရေး စသည်ဖြင့် ဘက်စုံအဆင်ပြေနိုင်သော ပတိရူပဒေသမျိုးကား ရှားပါးလှပေသည်။ မြို့ကြီးများတွင် ဘက်စုံ အဆင်ပြေနိုင်သော်လည်း ကျေးလက်တောရွာများ၌ကား အားလုံးအဆင်ပြေရန် ခဲယဉ်းလှပေသည်။ သို့ရာတွင် ပညာသင်ချိန်အရွယ်၌ မိမိလိုအပ်သောပညာကို သင်ကြားနိုင်သည့် စာသင်ကျောင်းများ ရှိသောအရပ်သည် ပညာရေးအတွက် ပတိရူပဒေသဖြစ်ပါသည်။ မိမိနေထိုင်သည့်အရပ်တွင် လိုအပ်သော ပညာရပ်ကို သင်ယူနိုင်သည့် ကျောင်းများမရှိပါက တတ်သင့် တတ်ထိုက်သော ပညာရပ်များကို တတ်မြောက်နိုင်မည်မဟုတ်ချေ။ ဥပမာ မိမိမှာ ပညာသင်ယူနိုင်သော နေအင်အားရှိ၍ ဉာဏ်ပညာထက်မြက်သူဖြစ်စေကာမူ မိမိနေသောအရပ်တွင် အလယ်တန်းကျောင်းမျှသာရှိပါက ထိုအရပ်ဒေသသည်မိမိ၏အထက်တန်း ပညာရေးအတွက် ပတိရူပဒေသ မဖြစ်နိုင်ချေ။ ပတိရူပဒေသဖြစ်သည့်အရပ်သို့ ပြောင်းရွှေ့နေထိုင်သင်ကြားမှသာ အထက်တန်းပညာ၊ တက္ကသိုလ်ပညာတို့ကို သင်ယူတတ်မြောက်နိုင်သကဲ့သို့ ဖြစ်သည်။

ဥစ္စာပစ္စည်း ရှာချိန်၌လည်း မိမိ၏ အသက်မွေးဝမ်းကျောင်းအလုပ်နှင့် အဆင်ပြေသော(ဝါ) ဥစ္စာပစ္စည်း လွယ်ကူစွာ ရှာဖွေရရှိနိုင်သော အရပ်သည် ပတိရူပဒေသဖြစ်၏။ ဥပမာ...ဈေးသည်များအဖို့ ဈေးရုံ စသောဌာန၊ အရောင်းအဝယ်ကောင်းသောရပ်ကွက်၊ မြို့ရွာတို့သည် ပတိရူပဒေသဖြစ်ကြ၏။ သို့သော် ဈေးရုံတစ်ခုတည်း၌ပင် ဖြစ်စေကာမူ

မျက်နှာစာရှေ့တန်းရှိ ဆိုင်များနှင့် အတွင်းဘက်တန်းရှိ ဆိုင်များ အခြေအနေချင်း မတူပါချေ။ ကုန်ပစ္စည်းချင်း မျိုးတူဖြစ်ခဲ့သော မျက်နှာစာတန်းရှိဆိုင်များက လူသွားလမ်းဘက်ကျ၍ လူသွားလူလာနည်းသော အတွင်းဘက်တန်းရှိဆိုင်များထက် အရောင်းအဝယ်ကောင်းသဖြင့် ပို၍ ပတိရူပဒေသဖြစ်ပေသည်။ ဗေဒင်ဆရာ၊ လက္ခဏာဆရာများအတွက် တန်ခိုးကြီးဘုရား အနီးအပါး စသည့် လူသွားလူလာများသော အရပ်သည် ပတိရူပဒေသဖြစ်သည်။

ကုသိုလ်ရေးနှင့် ပတ်သက်၍ သီလ ဆောက်တည်လိုသူ၊ ဘာဝနာတရားအားထုတ်လိုသူများအတွက်ဆိတ်ငြိမ်ရာအရပ်၊ တရားပြ ကမ္မဋ္ဌာန်းဆရာရှိရာ အရပ်တို့သည် ပတိရူပဒေသဖြစ်၏။ တရားအားထုတ်လိုသူသည် တရားအားထုတ်နည်းကို မနာယူရ၊ တရားမနာကြားရ၊ ဆိတ်ငြိမ်ရာကိုမရလျှင် တရားထူးကိုရဖို့ရန် မလွယ်ကူပါချေ။

အစိုးရအမှုထမ်းများသည်လည်း မိမိတို့နှင့် သင့်လျော်လျောက်ပတ်သော ဌာနတို့၌ တိုင်မိဖို့အထူးလိုပေသည်။ ထိုပုဂ္ဂိုလ်များအတွက် မိမိတို့ တတ်ထားသည့်ပညာရပ်နှင့်အံဝင်သောနေရာ၊ တက်လမ်းအလားအလာကောင်းသောနေရာတို့သည် ပတိရူပဒေသဖြစ်၏။ နေရာမှန်ကို မရွေးမိဘဲ ပတိရူပဒေသ မဖြစ်သောဌာန၌ အမှုထမ်းမိကြသဖြင့် နှစ်ပေါင်းအတန်ကြာသည့်တိုင် ရာထူး မတက်ဘဲ ဒုက္ခ ကြုံနေရသူ အမှုထမ်းပေါင်း မြောက်မြားစွာရှိပေသည်။ အချို့မှာ အရည်အချင်းတူ ကျောင်းနေဘက်သူငယ်ချင်းများ ဖြစ်ကြသော်

လည်း တစ်ယောက်က ရာထူးငယ်၍ အခြားတစ်ယောက်က ရာထူးကြီးကြီးရနေခြင်းမှာလည်း ပတိရူပဒေသဝါသစက်၏ အရေးပါပုံ သာဓကတစ်ရပ်ဖြစ်ပေသည်။ ဤသို့ ဖြစ်ရခြင်း၌ ကံမကောင်းခြင်း၊အလုပ်ကိုမကြိုးစားခြင်း စသည့်အကြောင်းများရှိသော်လည်း အများအားဖြင့် နေရာအထိုင်မမှန်ခြင်းကြောင့် ရာထူးတက် နောက်ကျခြင်း ဖြစ်ပေသည်။

အယုတ်သဖြင့် စစ်ကိုက်ရာ၌ပင် လုံခြုံသောနေရာ၊အကွယ်အကာကောင်းသောနေရာ စသည်တို့ကို မှန်ကန်စွာယူတတ်ဖို့ အလွန်အရေးကြီးပေသည်။ နေရာယူမမှန်ပါက မိမိအသက်ခန္ဓာပင် ဆုံးရှုံးသွားနိုင်သကဲ့သို့ နေရာယူမှန်ပါက အင်အားပင်ငယ်သော်လည်း အောင်ပွဲခံနိုင်သည့် သာဓကများစွာရှိပေသည်။ ဥဒ္ဒါနသမ္ဗဒါ, ဂတိသမ္ပတ္တိအခန်းမှာ တင်ပြထားသကဲ့သို့ ဖားသူငယ်ပင်ဖြစ်လင့်ကစား ခြင်္သေ့မင်းနှင့် စစ်ပြိုင်ရာတွင် ရေအိုင်ဟူသောပတိရူပဒေသကိုရရှိသဖြင့်အောင်ပွဲခံနိုင်ဘိသို့ ဘီလုံးငှက်ငယ်ကလေးကလည်း နွားခြေရာကွက်ဟူသော နေရာယူမှု မှန်သဖြင့် မိမိထက်အင်အားကြီးသော သိန်းစွန်ကြီးကို အနိုင်ရလိုက်သည့်ထုံးဟောင်းသက်သေများ အမြောက်အမြား ရှိပေသည်။

ဤသို့ သင့်လျော်လျောက်ပတ် ပတိရူပအရပ်၌နေမှုသည် နေရာတကာ၌ အလွန် အရေးပါပေသည်။ နေရာကောင်း အကွက်ကောင်းကို ထိုင်မိပါက တစ်သက်လုံး ကြီးပွားချမ်းသာနိုင်ပေသည်။ ထို့ကြောင့် ရှေးမြန်မာကြီးများက "အနေကောင်းလျှင်တစ်သက်" ဟု ဆိုထုံးပြုခဲ့ကြသည် မဟုတ်လော။

## အမြဲတစေ ပတိရူပဒေသမဖြစ်

သို့သော် နေရာဒေသတစ်ခုသည် မိမိ၏ ကုသိုလ်ရေး၊ ပညာရေး၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းများနှင့် အမြဲထာဝစဉ် အဆင်ပြေနေသည့် ပတိရူပဒေသ ဖြစ်ချင်မှ ဖြစ်မည်။ ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗောဓိမဏ္ဍိုင်ဌာန၊ ပဉ္စဝဂ္ဂီ ငါးဦးတို့အား တရားဦး ဓမ္မစကြာ ဟောတော်မူရာဌာန၊ ရေမိအစုံစုံ တန်ခိုးပြာဋိဟာ ပြတော်မူရာဌာန၊ တာဝတိံသာ နတ်ပြည်မှ ဆင်းသက်တော်မူရာဌာန၊ မဇ္ဈိမဒေသ အရပ်တို့သည် ရှေးအခါက ကုသိုလ်ရေးအတွက် ပတိရူပဒေသ ဖြစ်ခဲ့ကြငြားသော်လည်း ယခုခေတ်၌ အချိန်ကာလအားလျော်စွာ ကုသိုလ်ဖြစ်ရန် အားနည်းလှသဖြင့် ပတိရူပဒေသဟု မဆိုနိုင်တော့ချေ။

ထို့အတူ အထက်တန်းကျောင်းများသာ ရှိသော အရပ်ဒေသသည် အထက်တန်းမအောင်မီသာ ပတိရူပဒေသဖြစ်၍ အထက်တန်းအောင်ပြီး တက္ကသိုလ်ပညာကို ဆက်လက် သင်ယူလိုသူများအဖို့ ပတိရူပဒေသ မဖြစ်နိုင်တော့ချေ။ စီးပွားရေးဆိုင်ရာ လုပ်ငန်းပိုင်း၌လည်း အဆင်ပြေနေသည့်အခါ ပတိရူပဒေသဖြစ်၍ အဆင်မပြေသည့်အခါ မိမိအဖို့ ပတိရူပဒေသ မဖြစ်တော့ချေ။ ထိုအခါ "တစ်ရွာမပြောင်း သူကောင်းမဖြစ်၊ ပျော်ရာမှာမနေရ တော်ရာမှာနေရသည်" ဟူသော လမ်းညွှန်ဆိုထုံးများအရ မိမိ ကြီးပွားချမ်းသာရေးအတွက် မိမိလုပ်ငန်းနှင့် အဆင်ပြေမည့် သင့်လျော်ရာ

ပတိရူပဒေသ အရပ်တစ်ရပ်သို့ ပြောင်းရွှေ့နေထိုင်ကြရမည်။ သို့မှသာ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်တို့ အဆင်ပြေနိုင်ပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း အတွဲ-၁၃၊ အမှတ်-၈)

---

## ဒေသစွဲကြီးသော လိပ်ကြီး ဝတ္ထု

ဤနေရာ၌ ပတိရူပဒေသ မဖြစ်ပါက တစ်ရွာမပြောင်းသဖြင့် သူကောင်းမဖြစ်ရုံသာမက အသက်ခန္ဓာပင် ဆုံးရှုံးရသည့် ဒုကဇာတ်နိပါတ်လာ လိပ်သတ္တဝါကြီး (ကစ္ဆမ) ဇာတ်လမ်းကို သင်ခန်းစာယူနိုင်ရန် ဆက်လက်ဖတ်ရှုစေလိုပါသည်။

ရှေးအခါက ဘုရားလောင်းသည် ကာသိခေါ် ရွာငယ်ကလေး တစ်ရွာ၌ အိုးဖုတ်သောအလုပ်ဖြင့် သားမယားများကို လုပ်ကျွေးနေ၏။ ယင်း ရွာငယ်ကလေးအနီးတွင် ရေအိုင်ကြီးတစ်အိုင်ရှိသတဲ့။ ထိုအိုင်မှာ ရေများချိန်တွင် မြစ်နှင့်တစ်စပ်တည်း ဖြစ်သွား၍ ရေနည်းချိန်တွင် သီးခြားအိုင်ဖြစ်လျက်နေ၏။ ထိုအိုင်ရှိ ငါး၊ လိပ်တို့သည် ဤနှစ်၌ မိုးကောင်းမည်၊ မိုးခေါင်မည်ဟု ကြိုတင်သိလေ့ရှိကြသည်ဟု ဆို၏။

တစ်နှစ်တွင် ငါးလိပ်တို့သည် မိုးခေါင်တော့မည်ကိုသိရှိ၍ ရေများနေချိန်တွင် အိုင်မှထွက်ကာ မြစ်ထဲသို့ ဝင်သွားကြ

၏။ လိပ်ကြီးတစ်ကောင်မှာ "ဒီအိုင်ဟာ ငါ့ကို မွေးရာအရပ်၊ ငါကြီးပြင်းရာအရပ်၊ ငါ့မိဘ ဘိုးဘွားတွေ နေခဲ့ဖူးတဲ့ အရပ်ပဲ" ဟု အိုင်ကြီး၌ သံယောဇဉ်ကြီးမားသဖြင့် အခြားလိပ်များကဲ့သို့ မြစ်သို့ ရွှေ့ပြောင်းမသွားခဲ့ပေ။ နွေဥတုရောက်၍ ရေများ ခန်းခြောက်သွားသည့်အခါ မြေကြီးထဲဝင်၍နေရှာလေသည်။

တစ်နေ့တွင် ဘုရားလောင်း အိုးဖုတ်သမားသည် ထိုအိုင်မှ မြေကြီးကို ပေါက်တူးဖြင့် တူးယူလေရာ လိပ်ကြီး ကျောကုန်းကို တူးမိ၍ ဒဏ်ရာအကြီးအကျယ်ရသွား၏။ ထိုအခါ လိပ်ကြီးက ဘုရားလောင်းအား မိမိမှာ နေရပ်ကို သံယောဇဉ်ကြီးမားခဲ့သည့်အတွက် ယခုလိုပျက်စီးရကြောင်း အောက်ပါအတိုင်း သနားစဖွယ် ပြောကြားရှာသည်။

"ဤအိုင်ကြီးသည် ငါမွေးဖွားရာအရပ်၊ ငါကြီးပြင်းရာအရပ်ပဲ-ဟူသော ဒေသစွဲဖြင့် ဤအိုင်မှ မခွာရက်သဖြင့် ညွန်ထဲဝင်၍နေမိ၏။ အခုတော့ ထိုအိုင်ကပင် ငါ့ကို အင်အားကုန်ခန်း၊ သေရွာမြန်းအောင် ပျက်စီးစေခဲ့ပြီ၊ ဘဂ္ဂဝ အိုးဖုတ်သမား၊ ငါ့စကားကို ဆက်လက်နားထောင်ပါဦး၊ တောလက်ကျေးရွာ၌ဖြစ်ဖြစ်၊ မြို့ကြီးပြကြီး၌ဖြစ်ဖြစ် အကြင်အရပ်၌ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရာ၏။ ထိုအရပ်သည်သာ ကြောင်းကျိုးသိမြင် ပညာရှင်ယောကျ်ား၏ ဖွားရာလည်းမည်၏။ ကြီးပြင်းရာလည်းမည်၏။ အကြင်အရပ်၌ ကျန်းမာသက်ရှည် အဆင်ပြေ

၏။ ထိုအရပ်သို့ ပြောင်းရွှေ့နေထိုင်ရမည်။ အရပ်သတ်သည် မဖြစ်ပါစေနှင့်"

(အရပ်ကို မစွန့်ရက်သဖြင့် အသက်အန္တရာယ် ဖြစ်ခဲ့သော် အရပ်ကသတ်သည်မည်ပေသည်။ ထိုသို့မဖြစ်ပါစေနှင့်-ဟု ဆိုလိုပေသည်)။

ထိုသို့ပြောဆိုပြီး မကြာမီ လိပ်ကြီး သေဆုံးသွား၏။ ဘုရားလောင်းသည် လိပ်သေကြီးကို ရွာသို့ ယူဆောင်လာ၏။ ရွာသို့ ရောက်သည့်အခါ တစ်ရွာလုံး အစည်းအဝေးခေါ်ပြီး "ဒီလိပ်ကြီးကို ကြည့်ကြပါ၊ အခြား ငါး၊ လိပ်တွေ မြစ်ထဲဝင်သွားကြပေမယ့် သူကတော့ ဒေသစွဲအလွန်ကြီးလို့ ဘယ်မှမသွားဘဲ မြေကြီးထဲဝင်နေသည့်အတွက် ကျွန်တော့် ပေါက်တူးချက်နဲ့ထိပြီး အခုလို သေဆုံးသွားရပါတယ်၊ ဒါကြောင့် ကျွန်တော်တို့တစ်တွေဟာလဲ အရပ်ဒေသစတာတွေမှာ အစွဲအလမ်းမထားကြပါနဲ့၊ တို့မြို့၊ တို့ရွာ တို့သား တို့သမီး တို့ဥစ္စာပဲလို့ အစွဲလမ်းမထားကြပါနဲ့၊ အရေးကြုံလာသည့်အခါ ရေကြည်ရာ မြက်နုရာဆိုသလို ပတိရူပဒေသဖြစ်တဲ့ အရပ်မျိုးသို့ ပြောင်းရွှေ့နေထိုင်သင့်ကြောင်း ဆုံးမစကား မိန့်ကြားဖူးလေသည်။

ဒေသစွဲမရှိသော မလိဝမှာမထေ၊ရ်ငတ္ထု

ထေရဂါထာပါဠိတော်၌လည်း ပတိရူပဒေသဝါသနှင့်စပ်ဆိုင်သော ဇာတ်ဝတ္ထုတစ်ခုကို တွေ့ရ၏။ ထိုဇာတ်ဝတ္ထုကား ဘဝသံသရာလွတ်မြောက်ရေးအတွက်"ပျော်ရာမှာမနေ

တော်ရာမှာသာ” နေထိုင်၍ တရားအားထုတ်ခဲ့သည့်“မလိတ ဝမ္ဗ” မထေရ်ဝတ္ထုဖြစ်၏။

ထိုမထေရ်ကား ဘုရားရှင်လက်ထက်တော်တွင် ကုရုကစ္ဆ မြို့သား ပုဏ္ဏားကြီးတစ်ဦး၏သားတည်း။ အရွယ်ရောက်သည့် အခါ ပစ္စာဘူမည်သော မထေရ်ကြီး၏ တရားစကားကို ကြားနာရသဖြင့် သဒ္ဓါပေါက်၍ ရဟန်းဘဝ ရောက်လာခဲ့ သည်။ ရဟန်းဘဝတွင် ဘဝသံသရာ လွတ်မြောက်ရေးအတွက် ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်ကို အရိုးကြေကြေ အရေစုတ်စုတ် နောက်မဆုတ်တမ်း ကြိုးပမ်းလေသည်။

ထိုသို့ ကြိုးပမ်းရာတွင် ဆွမ်းခဲဖွယ် ဘောဇဉ်တို့ မပြည့်စုံ၍ ပျင်းရိဖွယ်ကောင်းသော အရပ်ပင် ဖြစ်စေကာမူ တရား အားထုတ်၍ အဆင်ပြေပါက ထိုအရပ်မှာပင်ဆက်လက်အား ထုတ်၏။ ဆွမ်းဘောဇဉ်ပေါများ၍ ပျော်စရာကောင်းသော အရပ်ဖြစ်သော်လည်း တရားအားထုတ်ရန် အဆင်မပြေသော အရပ်ဖြစ်ပါက ထိုအရပ်တွင် ကြာကြာမနေ၊ သင့်လျော် အဆင်ပြေရာအရပ်တစ်ခုသို့ ပြောင်းရွှေ့အားထုတ်၏။ ယင်း သို့ အားထုတ်ခဲ့ရာ မကြာမီမှာပင် ရဟန္တာဖြစ်သွားသည်နှင့် တစ်ပြိုင်နက် အောက်ပါဥဒါန်းစကားကို ထုတ်ဖော်မြွက်ကြား ကျူးရင့်တော်မူခဲ့ပေသည်။

“အကြင် အရပ်ဒေသသည် စားဖွယ် သောက်ဖွယ်တို့ကို ရရန် မလွယ်သောကြောင့် ကျွန်ုပ်အဖို့ ပျင်းရိဖွယ် အလွန် ကောင်းသော်လည်း တရားအားထုတ်ရာတွင် အဆင်ပြေ၏။

ထိုအရပ်၌ ပျင်းရိသော်ငြားလည်း ဆက်လက်နေထိုင်၍ တရားအားထုတ်ခဲ့ပါသည်။

အကြင်အရပ်ဒေသသည် စားသောက်ဖွယ်တို့ကို ရလွယ်သောကြောင့် ကျွန်ုပ်အဖို့ ပျော်စရာ အလွန်ကောင်းသော်လည်း တရားအားထုတ်ရန် အဆင်မပြေချေ။ ပျော်လျက်နှင့် ဘဝသံသရာ လွတ်မြောက်ရေးအတွက် ထိုအရပ်မှ ထွက်ခွာလာခဲ့ပါသည်။ သံသရာဖြတ်လမ်းကို ကြိုးပမ်းလိုသောပညာရှင်သည် ပစ္စည်းလေးပါး ရလွယ်ငြားလည်း တရားအားထုတ်ရန် အဆင်မပြေသောအရပ်၊ အကျိုးစီးပွား မရှိသောအရပ်မျိုးတွင် ပျော်ပင်ပျော်သော်ငြားလည်း ဆက်လက် မနေထိုင်သင့်ပါချေ” ဟူ၍ ဖြစ်ပေသည်။

## ပတိရူပဒေသကို နားမလည်သောရဟန်း

ဗုဒ္ဓရှင်တော်မြတ်ဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတစ်ပါးသည်ဘုရားရှင်ထံတွင် ကမ္မဋ္ဌာန်းယူ၍ တောကျောင်းတစ်ကျောင်း၌ ဝါဆိုလေသည်။ ဝါဆို၍ မကြာမီမှာပင် ရဟန်းတော်ဆွမ်းခံဝင်နေစဉ် ကျောင်းသခ်မ်းကို မီးလောင်သွား၏။ ရဟန်းတော်မှာ နေရာထိုင်ခင်းအတွက် ပင်ပန်းဆင်းရဲလှ၍ ဒကာဒကာမများအား ပြောကြား၏။ ဒကာများက ကျောင်းဆောက်ပေးပါမည်ဘုရားဟု လျှောက်ထားရင်းနှင့်ပင် တစ်ဝါကျွတ်သွားခဲ့လေသည်။

ရဟန်းတော်မှာ ကျောင်းနေရာထိုင်ခင်းအတွက် သပ္ပါယမဖြစ်သဖြင့် ကမ္မဋ္ဌာန်းကို အပြီးတိုင် အားမထုတ်နိုင်ခဲ့ရှာပေ။

သို့ဖြင့် ဝါကျွတ်၍ ဘုရားရှင်ထံ အဖူးအမြော်သွားခဲ့ရာ မြတ်စွာဘုရားက "ချစ်သား.... သင်ကပ္ပဋ္ဌာန်း အားထုတ်တာ သပ္ပါယ ဖြစ်ရဲ့လား" ဟု မေး၏။ ရဟန်းတော်က နေရာထိုင်ခင်း အဆင်မပြေမှုကြောင့် သပ္ပါယ မဖြစ်ပုံအကြောင်းစုံကို လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က "ရှေးအခါက ငှက်တိရစ္ဆာန်များပင် ဖြစ်သော်ငြားလည်း မိမိတို့နှင့် ပတိရူပဒေသ ဖြစ်မဖြစ်ကို သိကြ၏။ ပတိရူပဖြစ်ချိန်တွင် နေထိုင်ကြ၍ မဖြစ်သည့်အခါ ထိုဒေသကို စွန့်ခွာ၍ ပတိရူပဖြစ်သည့် အခြားအရပ်သို့ ပြောင်းရွှေ့ နေထိုင်ကြ၏။ သင့်မှာမူ ရဟန်းဖြစ်လျက် အဘယ့်ကြောင့် ပတိရူပ ဖြစ်မဖြစ်ကို မသိရသလဲ" ဟု မိန့်တော်မူပြီး ဿာတာသနဇာတ်ကို ဟောတော်မူကြောင်း ကေနိပါတ် ဿာတာသန ဇာတ်၌ တွေ့ရပေသည်။

## (၂) သပ္ပုရိသူပနိဿယစက်

သပ္ပုရိသူပနိဿယကား သပ္ပုရိသပုဒ်နှင့် ဥပနိဿယပုဒ်တို့ကို သဒ္ဒါနည်းအရ တွဲစပ်ထားခြင်းဖြစ်၏။ "သပ္ပုရိသ" ဆိုသည်မှာ ပညာရှိသူတော်ကောင်းဟု အဓိပ္ပာယ်ရ၍ "ဥပနိဿယ" မှာ အမှီပြုရခြင်း၊ မှီခိုရခြင်းဟု ဆိုလိုပေသည်။ ထို့ကြောင့် သပ္ပုရိသူပနိဿယဆိုသည်မှာ "ပညာရှိသူတော်ကောင်းတို့ကို အမှီပြုရခြင်း" ဟု အဓိပ္ပာယ်ရ၏။

ထိုသပ္ပုရိသူပနိဿယစက်သည် သမ္ဗဒါတရားတော် လေးပါးတွင် မိတ်ကောင်းဆွေကောင်းရှိရခြင်း "ကလျာဏမိတ္တ

သမ္ပဒါ''နှင့် အတူတူပင် ဖြစ်၏။ ထို့ကြောင့် ဤနေရာတွင် သပ္ပုရိသူပနိဿယစက်၏အဓိပ္ပာယ်ကို အကျယ်မဖွင့်ဆိုတော့ဘဲ သမ္ပဒါတရားလေးပါးအခန်းတွင် ပြဆိုမည့် ကလျာဏမိတ္တ သမ္ပဒါအဖွင့်အတိုင်း မှတ်သားရန်ဖြစ်ပါသည်။

## (၃) အတ္တသမ္မာပဏိဓိစက်

အတ္တသမ္မာပဏိဓိစက် ဆိုသည်မှာ မိမိ၏ ကိုယ်နှုတ် စိတ်တို့ကို ကောင်းမွန်စွာ ထားမှုဖြစ်၏။ (အတ္တ=ကိုယ်စိတ်ကို+ သမ္မာ=ကောင်းစွာ+ပဏိဓိ=ထားခြင်း) ကောင်းမွန်စွာထားခြင်း ဆိုသည်မှာလည်း အဆိုးဘက်သို့မရောက်အောင် ထိန်းသိမ်းထားမှုနှင့် အကောင်းဘက်သို့ရောက်အောင် ပြုပြင်မှုများပင် ဖြစ်၏။

လောကတွင် ရှိရှိသမျှလုပ်ငန်းအဝဝတို့ကို အကျဉ်းချုပ်လိုက်လျှင် သုံးမျိုးသာရှိ၏။ ကိုယ်ဖြင့်လုပ်မှု၊ နှုတ်ဖြင့်ပြောမှုနှင့် စိတ်ဖြင့် ကြံစည်မှုတို့ ဖြစ်၏။ ထိုကိစ္စသုံးရပ် အဆိုးဘက်သို့ မရောက်သွားအောင် မိမိ၏ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို ထိန်းသိမ်းထားခြင်း၊ အကယ်၍ မကောင်းသည့်ဘက်သို့ရောက်နေလျှင်လည်း ကောင်းသောအလုပ်၊ ကောင်းသောအပြော၊ ကောင်းသော အကြံအစည်တို့ဖြစ်အောင် ပြုပြင်ပေးခြင်းတို့သည် ''အတ္တသမ္မာပဏိဓိစက်'' မည်သည်ဟု ဆိုလိုပေသည်။

**စိတ်တန်ခိုး။** ။ထိုသုံးမျိုးတို့တွင် ''စိတ်သာရှင်စော၊ဘုရားဟောဆိုသကဲ့သို့ စိတ်ကို ထိန်းသိမ်းပြုပြင်မှု

သည့် ပဓာနဖြစ်၏။ စိတ်သည် ကြံစည်မှုစိတ်တစ်ခုကိုသာ ပြု သည်မဟုတ်။ ကိုယ်ဖြင့်လုပ်မှု၊ နှုတ်ဖြင့် ပြောဆိုမှုတို့၌လည်း စိတ်က ဦးဆောင်ပေသည်။ စိတ်မပါဘဲ မည်သည့်အပြောအဆို အပြုအမူမျိုးမှ မဖြစ်ပေါ်လာနိုင်ပေ။ စိတ်သည် အလွန်အစွမ်း သတ္တိရှိ၏။ ဆန်းလည်းဆန်းကြယ်၏။ လောကတွင်ဆန်းကြယ် သောဖြစ်ရပ်မှန်သမျှသည် စိတ်၏ အကျိုးတရားတို့သာ ဖြစ် ကြ၏။

သတ္တဝါများကို ထိုထိုဘဝသို့ ပို့ဆောင်ပေးနိုင်၏။ ဘဝ ပေါင်းစွာကို ထူထောင်ပေးနိုင်သကဲ့သို့ ထိုဘဝများမှ လွတ် မြောက်အောင်လည်း စွမ်းဆောင်နိုင်၏။ သက်ရှိ သတ္တဝါ အားလုံး စိတ်၏အလိုသို့ လိုက်နေကြရ၏။ စိတ်ညစ်နွမ်းလျှင် သတ္တဝါများ ညစ်နွမ်းကြရ၏။ စိတ်စင်ကြယ်လျှင် သတ္တဝါ များ စင်ကြယ်ရ၏။

မိဘနှစ်ပါး၊ ဆွေမျိုးဉာတကာတို့သည် လက်ရှိဘဝ၌ပင် စည်းစိမ်ချမ်းသာတို့ကို မိမိကျေနပ်လောက်အောင် မပေးနိုင် ကြသော်လည်း ကောင်းစွာ ပဲ့ပြင်ပြုပြင်ထားသော စိတ်က စည်းစိမ်ဥစ္စာတို့ကို ဘဝပေါင်းများစွာ မိမိအလိုကျ ပေးစွမ်း နိုင်ပေသည်။

ရန်သူတို့သည်ဤဘဝတစ်ခုတည်း၌သာမိမိအားအကျိုးစီးပွား မဲ့အောင် ဖန်တီးနိုင်ကြ၏။ မကောင်းသောစိတ်ကမူ ဘဝ များစွာ သံသရာ၌ အကျိုးစီးပွားမဲ့ကို ပြုလုပ်နိုင်၏။ အယုတ် သဖြင့် သတ္တဝါတို့၏ ခန္ဓာကိုယ်ကြီးသည်ပင် စိတ်ဝိညာဉ်

ကင်းသွားသည့်တစ်နေ့တွင် အသုံးမကျ ပုပ်ပွဆွေးမြည့်သွား ရ၏။ ဤသည်မှာ စိတ်၏ တန်ခိုးကြီးပုံ၊ အစွမ်းထက်မြက်ပုံ တို့နှင့် ပတ်သက်၍ ဘုရားရှင်၏ ဟောကြားချက်အချို့ဖြစ်၏။ ရှေးမြန်မာပညာရှင်ကြီးများကလည်း....

> ''စိတ်ထားတတ်တော့ မြတ်သည်။ စိတ်ထောင်းတော့ ကိုယ်ကျေ၊ စိတ်ပျိုတော့ ကိုယ်နု၊ စိတ်အားသန် ကြံတိုင်း ပေါက်''စသည်ဖြင့် စိတ်နှင့်ပတ်သက်၍ ဆိုထုံးပြုထားခဲ့ ကြပေသည်။

**စိတ်ထိန်းသိမ်းနည်း။** ။သို့သော် ဤမျှ တန်ခိုးကြီးသော စိတ်သည် မကောင်းသောအာရုံများ၌သာ ပျော်ပိုက် နှစ်ခြိုက်တတ်သော သဘော ရှိသည်ဟု ဘုရားဟော ဒေသနာလာ၏။ စိတ်ကို မထိန်းသိမ်း မပြုပြင်ဘဲ သူ့သဘာဝအတိုင်း လွှတ်ထားလျှင် လောကကြီးတစ်ခုလုံး မကောင်းမှုများဖြင့် ဖုံးလွှမ်းနေမည်ဖြစ်၏။ ထို့ကြောင့် စိတ်ကို ထိန်းသိမ်းပြုပြင်ရေးသည် လွယ်ကူသော အလုပ်ကား မဟုတ်ပါချေ။

သို့ရာတွင် မိဘကောင်း၊ ဆရာသမားကောင်း၊ မိတ်ဆွေကောင်း ဟူသော သပ္ပုရိသူပနိဿယစက်ကိုရလျှင် ထိုစိတ်ကို ထိန်းသိမ်းပြုပြင်နိုင်ပါသည်။ ထို မိဘ ဆရာသမားကောင်း စသူတို့၏ ဆုံးမဩဝါဒများသည် မိမိစိတ်ကိုပြုပြင်ထိန်းသိမ်း ရာ၌ အစွမ်းထက်သည့် လက်နက်ကိရိယာများ ဖြစ်ပေသည်။ ထိုလက်နက်ကိရိယာများဖြင့် မိမိစိတ်ကို ထိန်းသိမ်းပြုပြင်၍

စိတ်ကောင်း၊ နှလုံးကောင်းများမွေးမြူနိုင်ခဲ့ပါလျှင် ကောင်းသောအကြံအစည်၊ ကောင်းသောအပြောအဆို၊ ကောင်းသောအလုပ်များ ဖြစ်လာမည်မှာ ဧကန်ဖြစ်သည်။

ထို့ကြောင့် အတ္တသမ္မာပဏိဓိစကားအရ ကုသိုလ်ရေး၌ တွန့်ဆုတ်နေလျှင် မိမိ၏သန္တာန်စိတ်ဓာတ်ကို ထက်သန်တက်ကြွလာအောင် ကြောင့်ကြစိုက်၍ ပြုပြင်ပေးရမည်။ ပညာသင်ကြားရေး၌လည်း ကျောင်းပြေးချင်သောစိတ်၊ နိုင်ငံရေးလိုက်စားလိုသောစိတ်၊ အပေါင်းအသင်း၌မွေ့လျော်ချင်သောစိတ် စသည့်စိတ်လေစိတ်လွင့်များကို တွန်းကန်ဖယ်ရှား၍ ပညာကြိုးစားချင်သော စိတ်ဓာတ်များ ဖြစ်လာအောင် ပြုပြင်ပြောင်းလဲပစ်ရမည်။

စီးပွားရေး၌လည်း လိမ်ညာ လှည့်ဖြားချင်သောစိတ်၊ အမြတ်ကြီးစားချင်သောစိတ်၊ ခေါင်းပုံဖြတ်ချင်သောစိတ်၊ မတရားစီးပွားရှာလိုသောစိတ်၊ သူတစ်ပါးလုပ်စာကိုအချောင်စားချင်သောစိတ်၊ ရေသာခိုချင်သောစိတ်၊ ခြေမွေး မီးမလောင် လက်မွေးမီးမလောင် နေချင်သောစိတ် စသည့် စိတ်ဖျင်း စိတ်ညံ့များကို အနည်းငယ်မျှလက်မခံဘဲ ကိုယ့်ခွန် ကိုယ့်အား ကိုယ့်ဉာဏ်စွမ်းအားဖြင့် ဝါယမစိုက်ပြီး လုပ်စားချင်သောစိတ်၊ တရားသဖြင့် စီးပွားရှာချင်သောစိတ် စသည့် မွန်မြတ်သောစိတ်ဓာတ်များကို ပြုစုပျိုးထောင်ရမည်။

ပေါင်းသင်းဆက်ဆံရေးဘက်တွင်လည်း "ဘယ်သူသေသေ ငတေမာပြီးရော" တစ်ကိုယ်ကောင်းဆန်သောစိတ်၊ စာနာမှု

ကြင်နာမှုကင်းသောစိတ်၊ ကိုယ့်ထက်သာ မနာလိုသောစိတ်၊ ဖျက်လိုဖျက်ဆီး ပြုချင်သောစိတ်၊ ပျက်စီး စေလိုသောစိတ်၊ ရှေတွင်တစ်မျိုး၊ ကွယ်ရာတစ်မျိုး လုပ်လိုသောစိတ် စသည့် ယုတ်ညံ့သော စိတ်ဓာတ်မျိုး မဖြစ်အောင် ထိန်းသိမ်း၍ လူအများ၏အကျိုးစီးပွားကို ဦးစားပေးလိုသောစိတ်၊ ကိုယ်ချင်းစာနာတတ်သောစိတ်၊ ကူညီရိုင်းပင်းလိုသောစိတ်၊ ကြီးပွားချမ်းသာစေလိုသောစိတ်၊ လူကို လူကဲ့သို့ သဘောထားဆက်ဆံလိုသောစိတ်၊ ရပ်ရေးရွာရေး၊ သာရေးနာရေး စသည်တို့၌ ကူညီချင်သောစိတ် စသော မွန်မြတ်သည့် ပရဟိတစိတ်ဓာတ်များ ဖြစ်ပွားလာအောင် လေ့ကျင့် ပြုပြင်ပေးရမည်။

ကောက်ကျစ်စဉ်းလဲသော စိတ်ဆိုး စိတ်ညံ့မျိုးကို စိတ်ရိုးစိတ်ဖြောင့် ဖြစ်အောင်၊ သဘောထား သေးသိမ်သောစိတ်ကို သဘောထားကြီးသောစိတ်ဖြစ်အောင်၊ မတည်ငြိမ်သော စိတ်ကို တည်ငြိမ်သောစိတ် ဖြစ်အောင်လည်း ပြုပြင်ပေးရမည်။

ထို့ပြင် ကိုယ်ကျင့်သီလရှိသူ မဟုတ်သေးလျှင် ကိုယ်ကျင့်သီလရှိသူ ဖြစ်လာအောင် ပြုပြင်ရခြင်း၊ အနေအထိုင်ထောင့်မကျိုးသူဖြစ်နေလျှင် အနေအထိုင် အချိုးကျအောင် ပြုပြင်ရခြင်း၊ အပြောအဆို ယဉ်ကျေးပျော့ပျောင်းမှု မရှိသေးလျှင် အပြောအဆို ယဉ်ကျေးသိမ်မွေ့အောင် ပြုပြင်ရခြင်း၊ စည်းကမ်းသေဝပ်သူမဟုတ်သေးလျှင် စည်းကမ်းသေဝပ်မှုရှိအောင် ပြုပြင်ရခြင်း– စသည်တို့သည်လည်း အတ္တသမ္မာပဏိဓိစကော် မည်၏။

ရဟန်းတော်များမှာ စည်းပဋိကမ်းမရှိ ထင်ရာမြင်ရာ သွားလာနေထိုင်ခြင်း၊ ပြောဆိုပြုမူခြင်း၊ စိတ်ခက်ထန် ကြမ်းတမ်းခြင်း-စသော အပြုအမူတို့ကို ဖယ်ရှား၍ ဝိနည်း ဥပဒေနှင့်အညီ နေထိုင်သွားလာ ပြောဆိုခြင်း၊ ဝိနည်း ဥပဒေဘွင် တိုက်ရိုက်မပါသော်လည်း ကိုက်အုပ် တိုက်ကြပ် စသော ဆရာတော်တို့က တရားနှင့်အညီ ထုတ်ပြန်ထားသော စည်းမျဉ်းဥပဒေအတိုင်း နေထိုင်သွားလာခြင်းသည် အတ္တ-သမ္မာပဏိဓိမည်၏။

လူများမှာလည်း မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်-စသော ဆိုင်ရာ လူ့ကျင့်ဝတ်များနှင့်အညီ သွားလာနေထိုင်ခြင်း၊ မိဘသရာသမား အစ်ကို အစ်မ-စသော လူကြီးတို့၏ အဆုံးအမ ဩဝါဒအတိုင်း နေထိုင်သွားလာ ပြောဆိုခြင်းတို့ သည်လည်း အတ္တသမ္မာပဏိဓိစက် မည်၏။ တစ်နည်းအား ဖြင့် အစားကြမ်း၊ အအိပ်ကြမ်း၊ အသွားကြမ်း၊ အထိုင် ကြမ်း၊ အရယ်ကြမ်း၊ စိတ်ကြမ်း၊ ကိုယ်ကြမ်း၊ နှုတ်ကြမ်း၊ အဆုံးအမကြမ်းဟူသော ကြမ်းကိုးပါးကို ရှောင်ရှားခြင်း သည်လည်း အတ္တသမ္မာပဏိဓိစက် မည်ပေသည်။

ဤသို့ ချွတ်ယွင်းချက်မကင်းသော မိမိ၏ ကိုယ်နှုတ်စိတ် တို့ကို သတိသမ္ပဇဉ်ဉာဏ်ဖြင့် ယှဉ်၍ ထာဝစဉ် ထိန်းသိမ်း ပြုပြင်ပေးပါလျှင် ပြုပြင်သူအဖို့ ဤ မျက်မှောက်ဘဝ၌ပင် ပညာအရည်အချင်း ပြည့်ဝသူ၊ စည်းကမ်းသေဝပ်သူ၊ ရိုး ဖြောင့်တည်ကြည်သူ၊ ကိုယ်ကျင့်တရားကောင်းသူ၊ သူတစ်ပါး အကျိုးကို လိုလားသူ အဖြစ်ဖြင့် အတန်းအစား မြင့်တက်

လာရမည်မှာ မလွဲပေ။ ယင်းသို့ အဆင့်အတန်းတက်လာခဲ့လျှင်....

"ရဟန်းတို့-ကိုယ်ကျင့်သီလ ရှိသူအား စိတ်ခေတ် အစဉ် အလွန်ဖြူစင်သည်၏ အဖြစ်ကြောင့် စိတ်ရှိသလောက် သိဒ္ဓိပေါက်အောင် ပြည့်စုံနိုင်၏ (ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ အင်္ဂုတ္တိုရ်ပါဠိတော်)"

ဟု ဘုရားရှင် ဟောတော်မူသည့်အတိုင်း အရာရာ၌ ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်၍ ကြီးပွားချမ်းသာရမည်ဟု ယုံကြည်ရမည်။ သို့ဖြစ်လေရာ လောကီရေးရာ၌ဖြစ်စေ၊ လောကုတ္တရာရေးရာ၌ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်ကို အဆင့်အတန်းမြင့်အောင် (ဝါ) ကြီးပွားချမ်းသာအောင် မြှင့်တင်ပေးရာ၌ ဤ အတ္တသမ္မာပဏိဓိစက်ထက် သာလွန်ထိရောက်သော အထောက်အကူကောင်းရှိမည်မဟုတ်ဟု ဆိုသင့်ပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၃၊ အမှတ်-၉)

# (၄) ပုဗ္ဗေစကတပုညတာစက်

ပုဗ္ဗေစကတပုညတာဆိုသည်မှာ ရှေးဘဝက (ဝါ) ရှေးက ကောင်းမှုကုသိုလ် ပြုခဲ့ဖူးသူ ဖြစ်ရခြင်းဟု အဓိပ္ပာယ်ရ၏။ (ပုဗ္ဗေ=ရှေးဘဝ၌+ကတ=ပြုခဲ့ဖူးသော=ပုညတာ=ကောင်းမှုရှိသူ၏ အဖြစ်)။

လူသားတိုင်း ရှေးအတိတ်ဘဝတွင် ကောင်းမှုမပြုခဲ့ဖူးသူ မရှိ၊ အနည်းနှင့်အများဆိုသလို ပြုခဲ့ဖူးသူများ ဖြစ်ကြသည်။ ကောင်းမှု ပြုခဲ့ကြဖူးသောကြောင့်သာ "မနုဿတ္တဘာဝေါ ဒုလ္လဘော" ဆိုသည့် ဘုရားဟောအတိုင်း အလွန် ရခဲသည့် လူ့ဘဝကို ရလာခဲ့ကြခြင်း ဖြစ်သည်။ သို့သော် ဤ ပုဗ္ဗေစ ကတပုညတာစက်အရာ၌အနည်းငယ်မျှကုသိုလ်ပြုခဲ့ဖူးသူမျိုးကို မဆိုလို။ ထိုက်ထိုက်တန်တန် ကုသိုလ်ပြုခဲ့ဖူးသည့် ကောင်းမှု ရှင်များကိုသာ ဟောတော်မူလိုရင်း ဖြစ်ပေသည်။

တစ်နည်းအားဖြင့်ဆိုသော် ဤ ပုဗ္ဗေစကတပုညတာစက် ပါလာသူများမှာ ဘုန်းရှင်ကံရှင်များ ဖြစ်ပေသည်။ "ဘုန်းရှိသူပြု၊ အမှုဟူသမျှ၊ ပြီးစီးရ" (ပုညဝတောဟိ ကိရိယာနာမ သိဇ္ဈတိယေဝ) ဆိုသည့်အတိုင်း ဘုန်းရှင်ကံရှင်များသာ ဆေးစက်ကျရာ အရုပ်ထင်နိုင်ကြ၏။

ထို့ကြောင့် အဋ္ဌကထာဆရာကြီးက စက်လေးပါးတို့တွင် ဤ ပုဗ္ဗေစကတပုညတာစက်သည် ပဓာနအကျဆုံး၊ အရေး အပါဆုံး ဖြစ်သည်ဟု မိန့်ဆိုထားခြင်း ဖြစ်ပါသည်။ ရှေ့ ဘဝက ဉာဏ်ယှဉ်သည့် တိဟိတ်ကုသိုလ်မျိုးကိုပြုခဲ့၍ ဤပုဗ္ဗေစ ကတပုညတာစက်နှင့်သာ ပြည့်စုံခဲ့ပါလျှင် ထို ကုသိုလ်ကံက ကောင်းမှုရှင်ကို အဖက်ဖက်က အဆင်ပြေသည့် ပတိရူပ အရပ်သို့ ပို့ဆောင်ပေး၏။ ပညာရှိ သူတော်ကောင်းတို့နှင့် ပေါင်းဆုံမိအောင်လည်း ဖန်တီးပေး၏။ မိမိ၏ ကိုယ်နှုတ် နှလုံး သုံးပါးလုံးကို ထိန်းသိမ်းပြုပြင်နိုင်အောင်လည်း စွမ်း ဆောင်ပေး၏။

ဤသို့ အဋ္ဌကထာဆရာက ပုဗ္ဗေစကတပုညတာစက် ရှိပါက အခြားစက်သုံးပါးတို့လည်း ပြည့်စုံလာရသဖြင့် ဤပုဗ္ဗေစကတပုညတာစက်၏ ပဓာနကျပုံကို ဆက်လက် ဖွင့်ဆိုထား၏။

ချဲ့ဦးအံ့–ရှေ့ဘဝက ပြုခဲ့ဖူးသော ကောင်းမှုကို "ကုသိုလ်ကံ" ဟု တစ်မျိုးခေါ်ကြ၏။ ကုသိုလ်ကံဆိုသည်မှာ "ကုသလကမ္မ" ပုဒ်မှ ဆင်းသက်လာသော ပါဠိသက် မြန်မာဝေါဟာရဖြစ်၏။ ကောင်းမှုကံရှိသကဲ့သို့ မကောင်းမှု အကုသိုလ်ကံလည်း ရှိ၏။ ထို ကုသိုလ်ကံ အကုသိုလ်ကံ နှစ်မျိုးလုံးကိုပင် "ကံ"ဟု မြန်မာ ဗုဒ္ဓဘာသာဝင်တို့ ခေါ်ဝေါ်ကြသည်။ သုံးစွဲကြသည်။ ကံဆိုသည်မှာ ပါဠိဘာသာ ကမ္မပုဒ်မှ ဆင်းသက်လာသော ဝေါဟာရဖြစ်၏။ (ကမ္မ=ကမ်=ကံ=အလုပ်) မြန်မာ ဗုဒ္ဓဘာသာဝင်တို့က ကမ္မ ံသတ္တေဝိဘဇ္ဇတိ" (ကံသည် သတ္တဝါတို့ကို ကောင်းဆိုးနှစ်တန် ဝေဖန်ပေး၏) ဟူသော ဘုရားဟောဒေသနာအရ ကံက ပြုပြင်ဖန်တီးသမျှ ခံကြ စံကြရသည်ဟု အယူရှိကြ၏။

ထိုကံနှစ်မျိုးတွင် ကုသိုလ်ကံကို အတိတ်ဘဝက ထိုက်ထိုက်တန်တန် ဆည်းပူးခဲ့သော ပုဗ္ဗေစကတပုညတာစက် ပါလာခဲ့သူများသည် ပဋိသန္ဓေ နေကတည်းကပင် ချမ်းသာကြွယ်ဝသည့် အထက်တန်းစားအမျိုး၌နေ၏။ ပဋိသန္ဓေနေစဉ် မိဘနှစ်ပါးတို့ ရှေ့ကထက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြ၏။ စီးပွားဥစ္စာ ရတနာ များလာ တိုးတက်လာ၏။ နေရာတကာ၌ အဆင်ပြေလာ၏။

သူငယ်မှာလည်း ချမ်းသာလွယ်ကူစွာ မွေးဖွား၍ ချမ်းသာစွာ ကြီးပြင်းလာရ၏။ မကောင်းမှုမှ ရှက်တတ်၊ ကြောက်တတ်၊ ကြင်နာသနားတတ်သည့် မိဘကောင်းတို့နှင့် ဆုံစည်းရ၏။ အရွယ်ရောက်လာသည့်အခါ၌လည်း ဆရာကောင်း သမားကောင်းတို့နှင့် တွေ့ဆုံရ၏။ မိကောင်းဖခင်၊ ဆရာသခင်၊ သူတော်စင်တို့၏ အဆုံးအမ ဩဝါဒခံယူပြီး ကြီးပြင်းလာရ၏။

ထို့ကြောင့် သူတော်ကောင်း စိတ်ဓာတ်များ ကိန်းအောင်းလာကာ မကောင်းမှုမှ ရှက်တတ်၊ ကြောက်တတ်လာ၏။ သူတစ်ပါးကို ကြင်နာသနားတတ်၏။ စာနာတတ်၏။ ငဲ့ညှာ သောက်ထားတတ်၏။ အရာရာ၌ သည်းခံတတ်၍ အများအကျိုးကို သယ်ပိုးလိုစိတ်ရှိ၏။ မှန်ကန်ရဲရင့်စွာ ပြောဆိုတတ်၏။ ပညာဗဟုသုတကြွယ်ဝ၍ ပညာရဲရင့်ပွဲလယ်တင့်သူ ဖြင်၏။ မိမိ၏ ကိုယ်စိတ်တို့ကို ကောင်းစွာ ထိန်းသိမ်းပြုပြင်တတ်၏။

အရာရာတွင် ဆင်းရဲပင်ပန်းစွာ အားမထုတ်ရဘဲ လုပ်ကာလှုံကာဖြင့်ပင် အောင်မြင်မှုရ၏။ အချုပ်ဆိုရလျှင် မွေးသည်မှ သေဆုံးသည်အထိ ကြီးပွားချမ်းသာသူဖြစ်၏။ နောင်အနာဂတ်ဘဝ၌လည်း သုဂတိဘဝသို့ ရောက်ရပေသည်။ ဤသို့ ပုဗ္ဗေစကတပုညတာစက် ပါလာခဲ့လျှင် ကျန် စက်သုံးပါးနှင့်လည်း ပြည့်စုံလာနိုင်ရကား စိတ်ရှိသလောက် သိဒ္ဓိပေါက် (ပြီးမြောက်)သူ ဖြစ်နိုင်ပေသည်။

ထို ပုဗ္ဗေစကတပုညတာစက် မပါလာသောသူများမှာ ကား မိဆင်းရဲ၊ ဖဆင်းရဲ မိမိုက်ဖမိုက်တို့၏ ဝမ်းထဲမှာ ဖြစ် လာကြရ၏။ မိမိ ပဋိသန္ဓေစနေကတည်းကမိဘတို့မှာ လုပ်ငန်း ကိုင်ငန်း မကောင်းတော့ဘဲ ရှေ့ကထက် တဖြည်းဖြည်း ဆင်းရဲလာတတ်၏။ ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ရ၏။ စီးပွား ဥစ္စာ ရတနာများ တဖြည်းဖြည်း ဆုတ်ယုတ်၏။ မကျန်းမမာ မကြာခဏဖြစ်တတ်၏။ ကိုယ်စိတ်နှစ်ဖြာချမ်းသာမှုနည်း၏။ ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ရတတ်၏။

သူငယ်အနေဖြင့်လည်း ဆင်းရဲစွာ မွေးဖွားလာရပြီး ဆင်းရဲစွာ ကြီးပြင်းရ၏။ မိဘကောင်း၊ ဆရာသမားကောင်း၊ မိတ်ဆွေကောင်းတို့၏ အဆုံးအမ လမ်းညွှန်မှုများကို မရနိုင်၊ ထိုသို့ မရသဖြင့် မိမိ၏ ကိုယ်စိတ်နှလုံးသုံးပါးလုံးကို ကောင်း မွန်စွာ ထိန်းသိမ်းပြုပြင်နိုင်စွမ်းမရှိချေ။ ယင်းသို့ ပုဗ္ဗေစကတ ပုညတာစက် မပါလာသဖြင့် ပတိရူပဒေသဝါသစက်၊ သပ္ပု ရိသူပနိဿယစက်၊ အတ္တသမ္မာပဏိဓိစက်တို့ပါ ချို့ယွင်းသွား ရကား တစ်သက်လုံး လူချင်းမတူ သူချင်းမမျှ ဆင်းရဲသော ဘဝနှင့်ပင် ဇာတ်သိမ်းရပြီး အနာဂတ်ဘဝတွင် အပါယ်ငရဲ သို့ပင် ရောက်တတ်ကြပေသည်။

**ပုဗ္ဗေစကတပုညတာ (၃) မျိုး။** ။ဤနေရာ၌ ပုဗ္ဗေစကတ ပုညတာစက် ပါလာသူ များကို အထက်တန်းစား၊ အလတ်စား၊ အညံ့စားဟု သုံးမျိုးသုံးစား ခွဲခြားနိုင်ပေသည်။ ထိုတွင် ဘုရားရှင်လက်

လက်တော်က လောကီအရာ၌ ထင်ရှားခဲ့သော ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ကာကဝဏ္ဏ စသော သူဌေးကြီးများသည် အထက်တန်းစား ပုဗ္ဗေစကတပုညတာစက် ရှိသူများ ဖြစ်ကြ ၏။ မှန်ပါသည်။ ထိုသူဌေးကြီးလေးဦးတို့သည် ရှေးဘုရားရှင် တို့၏လက်ထက်တော်များတွင် သူမတူအောင် ထူးထူးခြားခြား ကောင်းမှုကုသိုလ်များကို ပေါင်းစု ဆည်းပူးလာခဲ့ကြသူများ ဖြစ်ကြ၏။

ဇောတိကသူဌေး ကြီးဆိုလျှင် အိမ်တွင် ရတနာ့တံတိုင်း ခုနစ်ထပ်နှင့်တကွ အတွင်းဘက်၌ ရတနာခုနစ်ပါးအတိပြီး သော ထီးမျိုးစုံပဒေသာပင်၊ ဥယျာဉ်၊ ရေကန်၊ ဘုံဗိမာန် စသည်တို့မြေကပေါက်ပေးရခြင်း၊ရတနာတံတိုင်း အထပ်တိုင်း ၌လည်း ဘီလူးဘစ်ကောင်စီ ကာကွယ် စောင့်ရှောက်ပေးရ ခြင်း၊မြောက်ကျွန်းသူ သတုလကာယီကိုနတ်များက ဆောင်ယူ ပေးရခြင်း စသည်တို့သည် ထိုဇောတိကသူဌေး၏ ရှေးကောင်း မှုကုသိုလ်၏ အစွမ်းများဖြစ်သော ဘုန်းတန်ခိုး(ပုညိဒ္ဓိ)တို့ပင် ဖြစ်သည်။

ထို့အပြင် ဇဋိလ သူဌေးကြီးအိမ်၌ အတောင်ရှစ်ဆယ်မြင့် သော ရွှေတောင်ကြီးပေါက်၍ သူ့တစ်သက်တွင် ဘယ်လိုပင် သုံးသုံး အရာထင်သည်ဟူ၍ မရှိခြင်း၊ မေဏ္ဍကသူဌေးအိမ်၌ သုံးဆောင်၍မကုန်နိုင်အောင် ရွှေဆိတ်ရုပ် ပဒေသာပင်ပေါက် ပေးရခြင်း၊ ကာကဝဏ္ဏသူဌေးအိမ်၌လည်း ရွှေကျီးရုပ်ပဒေသာ ပင်တွေ ပေါ ပေါက်ပေးရခြင်း စသည်တို့ကား ထိုသူဌေးကြီး တို့၏ ပုဗ္ဗေစကတပုညတာစက်အစွမ်းသတ္တိများ ဖြစ်ပေသည်။

ယခုခေတ်၌ ကုဋေချီ၍ သန်းပေါင်းများစွာ ကြွယ်ဝချမ်းသာကြသော မီလျံနာသူဌေးကြီးများသည် အလတ်တန်းစားပုဗ္ဗေစ ကတပုညတာစက်ရှိသည့် ပုဂ္ဂိုလ်များဖြစ်၍ သိန်းချီချမ်းသာသူများနှင့် အသင့်အတင့် ကြွယ်ဝသူများကား အညံ့စား ပုဗ္ဗေစကတပုညတာစက် ပါလာသူများ ဖြစ်ပေသည်။

ပုဗ္ဗေစကတပုညတာစက်ကား ကုသိုလ်ကံအရာဖြစ်၍ အလွန်ကျယ်ဝန်းလှပေသည်။ ကုသိုလ်ကံအမျိုးမျိုးရှိသကဲ့သို့ ပုဗ္ဗေစကတပုညတာစက်သည်လည်း အမျိုးမျိုးရှိပါသည်။ ပညာထူးချွန်အောင် ဆည်းပူးခဲ့သော ကုသိုလ်၊ လာဘ်လာဘပေါများ၍ ချမ်းသာကြွယ်ဝအောင် ဆည်းပူးခဲ့သော ကုသိုလ်၊ အသက်ရှည်အောင်ဆည်းပူးခဲ့သောကုသိုလ်၊အဆင်းလှအောင် အသံကောင်းအောင်၊ ခွန်အားဗလကြီးအောင် ဆည်းပူးခဲ့သော ကုသိုလ်၊ အရိယာသာဝကဖြစ်အောင် ဆည်းပူးခဲ့သော ကုသိုလ်စသည်တို့ကား ပုဗ္ဗေစကတပုညတာစက် အမျိုးမျိုးတို့ပေတည်း။

သတ္တဝါတစ်ဦးတည်း၌ ပုဗ္ဗေစကတပုညတာစက်အမျိုးမျိုးဖြင့် ပြည့်စုံရန် အလွန်ခဲယဉ်းပေသည်။ ပညာအရာ ထူးချွန်သော်လည်း ဆင်းရဲနေသူများ ရှိသကဲ့သို့ ကြွယ်ဝချမ်းသာနေသော်လည်း စာမတတ်သူများလည်း ရှိကြသည်။ ရဟန္တာကြီး ဖြစ်နိုင်သော ပုဗ္ဗေစကတပုညတာစက်ပင် ရှိသော်ငြားလည်း ချမ်းသာကြွယ်ဝကြောင်း ပုဗ္ဗေစကတပုညတာစက်ချို့တဲ့သည့်အပြင် ဆင်းရဲစေတတ်သည့် ဝဋ်ကြွေးပါလာခဲ့

သဖြင့် အသွန်အုံဩလောက်အောင် ဘုန်းကံနည်းပါး ဆင်းရဲနေသူများလည်း ရှိပေသည်။

လောသကတိဿမထေရ်ဝတ္ထု။ ။ဘုရားသခင် သက်တော်ထင်ရှားရှိတော်မူစဉ်က "လောသကတိဿ"သူငယ်ကား လက်ရှိဘဝမှာပင် ပရိနိဗ္ဗာန်စံမည့် ရဟန္တာလောင်းကြီးတည်း။ သို့သော် လောသကတိဿကို ပဋိသန္ဓေရှိကတည်းက အိမ်ခြေတစ်ထောင်ရှိသည့် တံငါရွာကြီးမှာ တစ်ရွာလုံး ငါးတစ်ကောင်တစ်မြီးမျှ ရှာဖွေမရကြတော့ချေ။ ရွာကြီးတစ်ရွာလုံး မီးခုနစ်ကြိမ်အလောင်ခံရ၏။ မင်းပြစ်မင်းဒဏ် ခုနစ်ကြိမ်သင့်၏။ တစ်ခဏချင်း တစ်ရွာလုံး အုံဩဖွယ်ကောင်းလောက်အောင်ဆင်းရဲသွား၏။

သူ၏မိဘများမှာ ရွာမှနှင်ထုတ်ခံရ၏။ ပြေးနိုင်လွှားနိုင်အရွယ်ရောက်သည်နှင့် သူ့ကို မိဘတို့ စွန့်ပစ်သွား၏။ သူ့ဘဝကား အိပ်တော့ဇရပ်၊ သောက်တော့ရေအိုးစင်၊ စားတော့ အိမ်ကြိုအိမ်ကြား စွန့်ပစ်ထားသည့် ထမင်းလုံးများဖြစ်၏။ တစ်ကောင်ကြွက်တစ်မျက်နှာ အလွန်ဆင်းရဲလှရှာ၏။ လူပြိတ္တာ လူတိရစ္ဆာန်မျိုးဖြစ်၏။ ခုနစ်နှစ်အရွယ်တွင် အရှင်သာရိပုတ္တရာမထေရ်ကြီးနှင့်တွေ့၍ သာမဏေ ရဟန်းအဆင့်ဆင့်ဖြစ်သွားခဲ့သော်ငြားလည်း ဘုန်းကံနည်းပါး၊ လာဘ်လာဘရှားမြဲရှားလျက်ပင်။ မကုန်နိုင်မခန်းနိုင် အသဒိသအလှူကြီးပေးသော်လည်း သူ့မှာ ဝမ်းဗိုက်ပြည့်အောင် မစားရရှာ။ ဆွမ်းခံထွက်သည့်အခါ၌လည်း ယာဂုတစ်ဇွန်းမျှ လောင်းလှူ

လိုက်လျှင် သပိတ်ပြည့်သွားပြီဟု ဒါယကာများက ထင်မှတ်ကြ၏။ တစ်ခါတစ်ရံ ဒါယကာ ဒါယိကာမများက သူ့အား ယာဂုဆွမ်းလှူရန် ယာဂုခပ်လိုက်သည့်အခါ ခွက်ထဲတွင် ယာဂုများ မရှိသည့်အခါနှင့်လည်းကြုံရ၏။ ရဟန္တာကြီး ဖြစ်သွားသည့်တိုင်အောင်လည်း လာဘ်လာဘ ရှားလျက်ပင်ရှိသေး၏။ နောက်ဆုံး ပရိနိဗ္ဗာန်ဝင်စံမည့်နေ့ တစ်နေ့တည်းသာ စတုမဓုတို့ ဗိုက်ပြည့်အောင် ဘုဉ်းပေးသွားရရှာပေသည်။ ဤသို့ ဘုဉ်းပေးရခြင်းသည်ပင် အဂ္ဂသာဝကကြီး အရှင်သာရိပုတ္တရာမထေရ်၏ ကျေးဇူးကြောင့်ဖြစ်သည်။

ဘုရားရှင်၏ လက်ျာတော်ရံ အရှင်သာရိပုတ္တရာမထေရ်ကြီးသည် လောသကတိဿမထေရ် ပရိနိဗ္ဗာန်ဝင်စံမည့် နေ့၌ "ယနေ့ လောသကတိဿမထေရ် ပရိနိဗ္ဗာန်ဝင်စံတော့မယ်၊ မစံခင် ထိုမထေရ် ဝမ်းဗိုက်အပြည့် ဘုဉ်းပေးသွားနိုင်အောင် ငါစီမံမှတော်မယ်ဟု စဉ်းစား၏။ ဤစဉ်းစားချက်အတိုင်း လောသကတိဿမထေရ်ကိုခေါ်ပြီး သာဝတ္ထိမြို့ထဲသို့ နှစ်ပါးအတူ ဆွမ်းခံထွက်တော်မူကြရာ ဆွမ်းရဖို့ကိုမဆိုထားဘိ လက်အုပ်ချီမိုး ရှိခိုးခြင်းကိုမျှ မရကြချေ။

ထိုအခါ လောသကတိဿမထေရ်ကို ကျောင်းသို့ ပြန်လွှတ်လိုက်ပြီး အရှင်သာရိပုတ္တရာမထေရ်ကြီး တစ်ပါးတည်း ဆက်လက်ကြွသွားသည့်အခါမှ ဆွမ်းခဲဘွယ်ဘောဇဉ်တို့ကို ရ၏။ မထေရ်ကြီးက ရသော ခဲဘွယ်ဘောဇဉ်တို့ကို လောသကတိဿမထေရ်ထံသို့ အပို့လွှတ်လိုက်၏။ သို့သော် ဆွမ်းပို့သူများသည်

လောသကတိဿမထေရ်ကို အမှတ်မရသဖြင့် (ဝါ) မမှတ်မိတော့သဖြင့် မိမိတို့ပင် စားပစ်လိုက်ကြသတဲ့။

အရှင်သာရိပုတ္တရာ ပထေရ်ကြီးသည် လောသကတိဿမထေရ် ဆွမ်းမစားရမှန်း သိရသည်နှင့် တစ်ပြိုင်နက် ဒုတိယအကြိမ် တစ်ပါးတည်း ဆွမ်းခံထွက်ပြန်၏။ ထိုအချိန်မှာမွန်းလွဲနေပြီဖြစ်၍ ဒကာဒကာမများက စတုမဓုကို သပိတ်အပြည့်လှူဒါန်းလိုက်ကြ၏။ မထေရ်ကြီးသည်ကျောင်းသို့ပြန်ရောက်သည့်အခါ "တိဿ-လာပါ၊ သပိတ်ကို တပည့်တော်ကိုင်ထားပါမယ်၊ အရှင်ဘုရားအလိုရှိသလို အဝသာ ဘုဉ်းပေးပေတော့၊ သပိတ်ကို တပည့်တော် ကိုင်မထားရင် သပိတ်ထဲကစတုမဓုတွေ ပျောက်သွားလိမ့်မယ်" ဟုအမိန့်ရှိကာစတုမဓုများကိုကျွေး၏။ ထိုအခါမှပင် လောသကတိဿမထေရ်လည်း စတုမဓုကိုဗိုက်ပြည့်အောင် တကြိမ်း ဘုဉ်းပေးရ၏။ သပိတ်ထဲက စတုမဓုများသည်လည်း အဂ္ဂသာဝကမထေရ်ကြီး၏ တန်ခိုးအစွမ်းဖြင့် လျော့သွားကုန်သည် ဟူ၍ မရှိဟု ဆိုပေသည်။

ဤသို့ ရဟန္တာကြီးဖြစ်နိုင်သော ပုဗ္ဗေစကတပုညတာစက်ပင် ပါလာခဲ့သော်လည်း ချမ်းသာကြွယ်ဝ၊ လာဘ်လာဘ ပေါများစေနိုင်သော ပုဗ္ဗေစကတပုညတာစက် ချို့တဲ့ခဲ့သည့် အပြင် တစ်ခုသောဘဝတွင် ရဟန္တာအရှင်မြတ်အား လာဘ်လာဘမရအောင် ပိတ်ပင်ဟန့်တားခဲ့သည့် အကုသိုလ်ကံကြောင့် လောသကတိဿမထေရ်မှာ ဘုန်းကံနည်းပါး၊ လာဘ်လာဘ ရှားပါးသည့်ဝဋ်ကြွေးကို ဆပ်ရရှာပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၃၊ အမှတ်-၁၀)

ကံမရှိ ဉာဏ်ရှိတိုင်းမွဲ။ ။ရှေးကံ နည်းလာသူများမှာ ဉာဏ်
ဝီရိယဖြင့် ကြိုးစားအားထုတ်သော်
လည်း ကံကောင်းထောက်မမှု ကင်းသဖြင့် ကြံတိုင်းအောင်
ဆောင်တိုင်းမြောက် မဖြစ်နိုင်ပါချေ။ ပုဗ္ဗေစကတပုညတာ
စက် ချိတဲ့လာသူတို့မှာ ပင်ပန်းကြီးစွာ အားထုတ်လုပ်ကိုင်
ကြသော်လည်း စားရရုံ့သောက်ရရုံမျှသာ ရှိကြ၏။ကုန်ကူး
သန်းရောင်းဝယ်ရေး၌ လွန်စွာလိမ္မာ ကျွမ်းကျင်ကြ၍ ကြီး
ပွားတိုးတက်ရန် အမျိုးမျိုး ကြံစည်အားထုတ်ကြသော်လည်း
အားထုတ်သလောက်အကျိုးစီးပွား မခံစားကြရကုန်။ အကျိုး
စီးပွား ခံစားရခါနီးမှာပင်သော်လည်း ကံကြီးသောသူတို့၏
လက်ထဲသို့ ရောက်သွားတတ်၏။

လွန်စွာအကြံအစည်ကောင်း၍ လုံ့လဝီရိယနှင့် အလွန်
ပြည့်စုံကြသော အချို့သော သူဌေးကြီး,ကုန်သည်ကြီးတို့မှာ
လည်း ကံနည်းသည့်အခါ များစွာပျက်စီးကြကုန်၏။ အချို့
သူတို့မှာ အားသွန်ခွန်စိုက် ရှာဖွေ စုဆောင်းသဖြင့် ဥစ္စာ
ပစ္စည်း အမြောက်အမြား ရရှိသော်ငြားလည်းမိမိသုံးစွဲနိုင်ရန်
ကံမပါသည့်အတွက် စားသောက်သုံးစွဲခြင်းမပြုမီ ကွယ်လွန်
သွားကြရကား ကံရှိသူများကသာ ထိုပစ္စည်းများကိုချမ်းသာ
လွယ်ကူစွာ စားသောက်သုံးစွဲကြရ၏။ ထို့ကြောင့် ကျေးဇူး
ရှင် မန်လည်ဆရာတော်ဘုရားကြီးက....

"ပုဗ္ဗေကတ၊ ရှေးဘ၀က ပုညဆင်းရဲ၊ ကံမွဲချိတဲ့၊
ဘုန်းမဲ့သူ၊ များဗိုလ်လူတို့၊ ချမ်းပူမနေ၊ ရှာဖွေကြိုး

ကုတ်၊ အားထုတ်အထူး၊ ဆည်းပူးလို့လာ၊ ပြုသမျှကား၊ ရှေးကကောင်းမှု၊ အပြုများလှ၊ ပုညသိဂိ၊ ပြည့်စုံဘိသည့်၊ ဘုန်းရှိသူတို့၊ ခံစားဖို့တည့်၊ ထိုသို့စင်စင်၊ ဖြစ်၏လူတွင်၊ အမြင်မျက်စိ၊ ရှုမျှော်သိလေ့၊ ဘုန်းရှိကားစံ၊ ဘုန်းမဲ့ ရံ၏''

စသည်ဖြင့် လမ်းညွှန်ဆုံးမထားခြင်း ဖြစ်ပေသည်။

ကံနည်းသူတို့ ပင်ပန်းကြီးစွာ၊ ရှာဖွေစုဆောင်းခဲ့သည့် ဥစ္စာပစ္စည်းများကို ကံရှိသူတို့လွယ်ကူစွာ သုံးဆောင်ခံစား ကြရ၏။ ကံနည်းသူတို့ လုပ်ကိုင်အားထုတ်၍ အကျိုးမဖြစ် ထွန်းသောအရပ်ဒေသတို့၌ ကံကြီးသူတို့ လုပ်ကိုင်သည့်အခါ လွန်စွာအကျိုးဖြစ်ထွန်းကြသည်လည်းရှိပေသည်။ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည်တိကနိပါတ်၊ဇာတ်ပါဠိတော်၊သိရိဇာတ်၌....

''ရှေးဘဝက ပြုလုပ်ခဲ့သော ဒါနသီလ- စသည် ပေါင်းစု၊ ကောင်းမှုကံမရှိသောသူတို့သည်၊အသိအလိမ္မာ ဉာဏ်ပညာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ များလှ သောင်းသောင်း၊ အကြွင်သို့သော ရွှေငွေဘဏ္ဍာ ဥစ္စာ ပစ္စည်း အပေါင်းတို့ မနေမနား ကြိုးစား ရှာဖွေ၍ စုဆောင်းကြကုန်၏။ ထိုပင်ပန်းကြီးစွာ ရှာဖွေစုဆောင်း ထားသော ဥစ္စာပစ္စည်းတို့ကို ဒါန-သီလ စသည်ပေါင်းစု၊ ကောင်းမှုကံ ရှိသူတို့သာ သုံးဆောင်ခံစားကြရ၏။

နေရာတကာ၌ အထူးသဖြင့် ဥစ္စာစီးပွား၊ မထွန်း ကားသော အရပ်ဒေသတို့၌ပင် ဒါန,သီလ- စသည်

စုဆောင်း၊ ကောင်းမှုကံကြီးမားသော သူတို့သည် ရှေးကံနည်းပါး၊ ဆင်းရဲနုံချာသူတို့ကို ထူးထူးချွန်ချွန်၊ကျော်လွန်၍ ဥစ္စာစီးပွား အမြောက်အမြားဖြစ်ထွန်းကြပေ၏” ဟု ဟောတော်မူခဲ့ပေသည်။

**ငါတစ်ပါးမင်းဝတ္ထု။** ။မြန်မာသမိုင်းတွင် သရေခေတ္တရာ ခေတ်၌ “ငါ့ဦးခေါင်းစားလျှင်၊ ငါ့တစ်ပါးမင်း ဖြစ်လတ္တံ့”ဟု တွန်သော ကြက်တစ်ကောင်၏ အသံကို ကြားရသောဘုန်းတော်ကြီးတစ်ပါးမှာ ငါ့တစ်ပါး မင်း ဖြစ်လိုသဖြင့် တပည့်ဖြစ်သူ ကိုရင်အား ကြက်ကိုသတ်၍ ချက်ခိုင်း၏။ ကိုရင်လည်း ဆရာဘုန်းတော်ကြီး စေခိုင်းသည့် အတိုင်း ကြက်ကိုသတ်၍ ချက်၏။ ချက်ပြီးသည့်အခါ ဘုန်းတော်ကြီးအားကပ်ရန် ကြက်သားဟင်းကို ခပ်ယူလိုက်ရာ ကြက်၏ဦးခေါင်းမှာပြာထဲသို့ကျသွား၏။ ကိုရင်သည် ပြာပေနေသော ကြက်ဦးခေါင်းကို ဘုန်းကြီးအားကပ်ရန်မသင့်ဟု ဆိုပြီး မိမိကောက်ယူစားလိုက်၏။ ကိုရင်သည် ထိုကဲ့သို့ အသရေနှင့်ပြည့်စုံသော ကြက်၏ဦးခေါင်းကို စားရသည့်အတွက် မကြာမီပင် သရေခေတ္တရာပြည်တွင် ဘုရင်ဖြစ်၍ ငါ့တစ်ပါး မင်း-ဟု ထင်ရှား၏။

ဤဝတ္ထု၌ ဘုန်းတော်ကြီးသည် ရှင်ဘုရင်ဖြစ်ရန်ကြိုးစားသော်လည်း ကံမပါသဖြင့် ဘုရင်မဖြစ်ဘဲ သူ၏ ကြိုးစားမှုသည် ကံကောင်းထောက်မမှုရှိသော ကိုရင်အား မင်းဖြစ်ဖို့ရန် စီမံပေးရသည်နှင့် တူပေသည်။ ဤသို့ ပုဗ္ဗေစကတပုညတာ

စက်သည် ကြီးပွားချမ်းသာရေး၌ အလွန် အရေးပါလှပေသည်။

**ဃောသက သူဌေးကြီးနှင့် ကျန်စစ်မင်း။** ။ကံတရားသည် အလွန် ဆန်းကြယ်၏။ သေကံရောက်၍ သက်ပျောက်ချိန် စေ့သည့်အခါ အလှူ့ဝယ်ဆရာပင် မြွေကိုက်၍သေရ၏။ ဓားပြီးသူ ဓားနှင့်သေရ၏။ လှံပြီးသူ လှံနှင့်သေရ၏။ သေနတ်ပြီးသူ သေနတ်နှင့် သေရ၏။ ပယောဂဆရာ ပယောဂနှောင့်ယှက်၍ သေရ၏။ အယုတ်သဖြင့် သမန်းမြက်များနှင့် ထိုးမိကာမျှဖြင့် သေရ၏။ သေကံမရောက်၊ သက်ပျောက်ချိန် မစေ့သေးသည့်အခါ၌ မြားအစင်းတစ်ရာဖြင့် ပစ်သော်လည်းကောင်း၊ လူသူမနီး တောကြီးထဲ၌ ပစ်ထားသော်လည်း သေခြင်းသို့မရောက်သည်ကို တွေ့ရ၏။

မှန်၏။ ဘုရားရှင်လက်ထက်တော်က ဃောသက သူဌေးကြီးသည် အလွန်ကံထူး၏။ မွေးစားသူ ဖခင်သူဌေးကြီးက (၇)ကြိမ်(၇)ခါတိုင်တိုင် သေကြောင်းကြံသော်လည်း သေကံမရောက်၊ သက်မပျောက်ဘဲ ဃောသကသူဌေး- ဟူသောအမည်ဖြင့် အလွန်ကျော်ဇောထင်ရှားခဲ့ဖူးပေသည်။

ထို့ပြင် မြန်မာသမိုင်းတွင် ပုဂံခေတ်က ထင်ရှားခဲ့သော ကျန်စစ်မင်းသည် ပဋိသန္ဓေနေချိန်မှ (၁၉) နှစ်သားအရွယ် လူလားမြောက်ချိန်အထိ အနော်ရထာမင်းကြီးက မသေ သေ

အောင် ကြိုးစားအားထုတ်သော်လည်း ကံကောင်းထောက်မ၍ အသက်မသေဘဲ လူစွမ်းကောင်းမင်းအဖြစ်ကို ရဖူး၏။

ဤသို့ ယခုလက်ရှိဘဝ၌ ချမ်းသာ ကြီးပွားရေးတွင် ပုဗ္ဗေစကတပုညတာစက်ဟူသော အတိတ်ကံသည် အရေးပါသော အကြောင်းတစ်ခုဖြစ်၏။ ဤဘဝတွင် လူတိုင်းပင် ကံဆောင်မှု ပြောင်ပြောင်ရောင်ရောင်ဖြစ်နိုင်၏။ ကံမခိုင်က သံတိုင်အိမ်ကြီး ဆောက်ထားသော်လည်း ကံမှောက်လျှင် သံတိုင်ပင် ကျိုးရမြဲဖြစ်သည်။ ကံမရှိက ဉာဏ်ရှိတိုင်း အမျိုးမျိုး ကြံဖန်လုပ်ဆောင်သော်လည်း ကိုယ်ပင်ပန်းစိတ်ပင်ပန်းရုံမျှဖြစ်သည်ကို ကြုံဖူးကြပေလိမ့်မည်။ ထို့ကြောင့် ရှင်တော်ဘုရားက....

အရှင်မြတ်ဘုရား....ဤလောက၌ အချို့ လူများသည် အများနည်းတူ ရောင်းဝယ် ကုန်သွယ်ကြသော်ငြားလည်း အခြားလူများကဲ့သို့ စီးပွားမဖြစ်ထွန်းဘဲ ဆင်းရဲသွားကြခြင်းမှာ အဘယ်အကြောင်းကြောင့်ပါလဲဘုရား- စသည်ဖြင့် ရှင်သာရိပုတ္တရာမထေရ်ကြီး၏ လျှောက်ထားချက်ကို အောက်ပါအတိုင်း ဖြေဆိုတော်မူပါသည်။

"သာရိပုတ္တရာ....ဤလောက၌ အချို့သောသူသည် အတိတ်ဘဝ၌ ရဟန်းပုဏ္ဏားများထံတွင် အရှင်မြတ်တို့ အလိုရှိသော ပစ္စည်းလေးပါးတို့ မိန့်ကြားတော် မူပါ" ဟု ဖိတ်ထားပြီး ထိုဖိတ်ထားသော ပစ္စည်းကို ပေးမလှူဘဲ နေ၏။ ထိုသူသည် ယခုဘဝ၌ အများနည်းတူ ကုန်

အရောင်းအဝယ် လုပ်သော်လည်း လုပ်တိုင်းဆုံးရှုံးပျက်စီးရာ၏။

အချို့သောသူသည် ဖိတ်ကြားထားသည့်ပစ္စည်းကိုမိမိ ရည်မှန်းထားသည့်အတိုင်း မပေးလှူဘဲနေ၏။ ထိုသူ၏ ရောင်းဝယ် ကုန်သွယ်မှုသည်လည်း ရည်မှန်းထားသည့် အတိုင်း မဖြစ်ပေ။

အချို့က မိမိဖိတ်ကြားထားသည့်ပစ္စည်းကို မိမိရည် မှန်းထားသည့်အတိုင်း ပေးလှူ၏။ ထိုသူ၏ ကုန်သွယ်မှု သည် ရည်မှန်းထားသည့်အတိုင်း ဖြစ်၏။

အချို့က ဖိတ်ကြားထားသည့်ပစ္စည်းကို ရည်မှန်း ထားသည်ထက်ပို၍ပေးလှူ၏။ ထိုသူ၏ ကုန်သွယ်မှုသည် ရည်မှန်းထားသည်ထက်ပို၍ အကျိုးစီးပွားဖြစ်သွန်း၏။

ဤသို့ စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော် ဝဏိဇ္ဇသုတ်၌ဟောတော် မူထားလေသည်။

ပုဗ္ဗေစကတပုညတာ-ရှိတိုင်းအကျိုးမပေး။ ဤပုဗ္ဗေစကတ ပုညတာစက်၌

ဇောတိကသူဌေး စသည်တို့ကဲ့သို့ အထက်တန်းစား ပုဗ္ဗေစ ကတပုညတာစက် ပါလာသူများအတွက် ကြိုးစားအားထုတ်မှု ပယောဂသမ္ပတ္တိရှိရန် မလိုသော်လည်း အလတ်စားနှင့် အညံ့ စား ပုဗ္ဗေစကတပုညတာစက် ပါလာသူများအဖို့မူ ပယောဂ သမ္ပတ္တိရှိရန် အထူးလိုပေသည်။ အတိတ်ဘဝက ကောင်းမှု ကုသိုလ်ကံ (ပုဗ္ဗေစကတပုညတာစက်)ပါလာသော်ငြားလည်း

ထိုကံသည် ဝီရိယအကူအညီကင်းပါက မီးခဲပြာဖုံး ဖြစ်နေတတ်၏။ အားမထုတ်သင့်သည့်အရာကို အားမထုတ်ဘဲ အားထုတ်သင့်သည့်အရာကို လုံ့လကြိုးကုတ်အားထုတ်ခြင်း ဟူသော ပယောဂသမ္ပတ္တိရှိမှသာ ဖွံ့ဖွံ့ဖြိုးဖြိုး ကြီးမားသော အကျိုးပေးခွင့်ကို ရနိုင်၏–ဟု ဘုရားရှင်ဟောတော်မူ၏။

ကောင်းမှုကုသိုလ်ကံကြောင့် နတ်ရွာစံရာ တာဝတိံသာ နတ်ပြည်သို့ပင် ရောက်သွားစေကာမူ အားထုတ်ဆောင်ရွက်သင့်သည့် အလုပ်တို့ကို အားမထုတ်ဘဲ နတ်တို့စည်းစိမ်ကို ချည်း ခံစားနေကြရသည် မဟုတ်ပါချေ။ အားထုတ်ပြုလုပ်သင့်သော အလုပ်တို့ကို အားထုတ်ဆောင်ရွက်ကြမှသာ မိမိတို့ ရရှိပြီးသော စည်းစိမ်ချမ်းသာ မလျော့သွားဘဲ အမြဲတည်တံ့နိုင်ပေသည်။ သာမန်နတ်တို့ကို မဆိုထားဘိ နတ်တို့သခင်၊ နင်း သိကြားမင်းကြီးသော်လည်း ပျင်းလှသည်ဆိုပြီး အလုပ်မလုပ်ဘဲ နေထိုင်ခွင့် မရရှာချေ။

မှန်ပါသည်။ တစ်ချိန်၌ သိကြားမင်းကြီးသည် အသုရာတို့နှင့် စစ်ဖြစ်ရာ သားတော်သုဝီရနှင့် သုသိမတို့ကို စစ်တိုက်ထွက်ရန် စေခိုင်း၏။ သားတော်တို့သည်ဖခင်သိကြားမင်းကြီး အကြိမ်ကြိမ်စေခိုင်းသော်လည်း ပျင်းရိကြသဖြင့် စစ်တိုက်မထွက်ဘဲ တွယ်ကပ်နေကြ၏။ ထိုအခါ ဖခင်သိကြားမင်းကြီးက သားတော်တို့ကို ခေါ်ပြီး....

"အိုချစ်သားတို့....အကြင်အရပ်ဒေသ၌ အလုပ်မလုပ်ဘဲ လုံ့လကြိုးကုတ် အားထုတ်ခြင်းမရှိဘဲ လိုအပ်သော

ချမ်းသာသုခကို လွယ်လင့်တကူ၊ မပူမပင် ယူငင်ရရှိနိုင်၏။ ယင်းသို့လို့ လမထူ ညာဏ်မကူဘဲ ကံမူသက်သက် ချမ်းသာတက်သော ထိုအရပ်သို့ လျင်မြန်မသွေ ကြွသွားတော်မူကြပါချေ၊ သင်တို့ဖခင် ငါရှင်သိကြားကိုလည်း ထိုအရပ်သို့ မရောက်ရောက်အောင် လမ်းပြဆောင်၍ သွားတော်မောင်တို့ ပို့ပေးကြပါလေ”

ဟု ပြောဆိုဆုံးမဖူးကြောင်း သဂါထာဝဂ္ဂသံယုတ်ပါဠိတော် သုဝီရသုတ်၊ သုသိမသုတ်တို့၌ တွေ့ရ၏။

ဤသို့ ရှေးကောင်းမှုကံအကျိုးကိုမှီ၍ အသက်ရှင်နေကြသူ (ပုညဖလူပဇီဝိ) နတ်သိကြားတို့သည်ပင် ဝီရိယနှင့်ကင်း၍ ချမ်းသာခြင်းသုခကို မရနိုင်ကြရကား လူသားတို့အတွက် ဝီရိယမဖက် ကံသက်သက်ဖြင့် ချမ်းသာသုခရရန် တောင်ထိပ်ကြာပေါက်သလောက် ခဲယဉ်းလှ၏။ အကယ်၍ ရှေးကုသိုလ်ကံ ထောက်မသဖြင့် သူဌေးကြီး သူကြွယ်ကြီး ဖြစ်လာသည့်တိုင်အောင် ကောင်းသောဝီရိယဟူသော ပယောဂသမ္ပတ္တိမှ ကင်းခဲ့ပါလျှင် သူဌေးကြီး၊ သူကြွယ်ကြီးဘဝ၌ ကြာရှည်လေးမြင့်စွာ မရပ်တည်နိုင်ဘဲ မကြာမီ ဆင်းရဲသွားကြရတတ်၏။

မဟာဓနသေဋ္ဌိဝတ္ထု။ ။ဥပမာဆိုရသော် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က မဟာဓနသေဋ္ဌိ အမည်ရှိသော သူဌေးကြီးသည် မိမိ၏ မိဘဘက်မှ ကုဋေ(၈၀)၊ ဇနီး

သည်၏ မိဘဘက်မှ ကုဋေ(၈၀)၊ ပေါင်း ကုဋေ(၁၆၀) ရွှေငွေ အသပြာ ချမ်းသာ၍ မဟာသေဋ္ဌိ (သူဌေးကြီး)ဟု အမည်တွင်၏။ ထိုသူဌေးကြီးသည် ပဌမအရွယ်၌ လုံ့လ ကြိုးကုတ်အားထုတ်၍ ပစ္စည်းဥစ္စာရှာဖွေစုဆောင်းလျှင် ပဌမ တန်းစား သူဌေးကြီး ဖြစ်နိုင်သော ကံပါ၏။ ဒုတိယအရွယ်၌ ထကြွလုံ့လဝီရိယဖြင့်ပစ္စည်းဥစ္စာရှာဖွေစုဆောင်းလျှင် ဒုတိယ တန်းစား သူဌေးကြီးဖြစ်နိုင်သောကံပါ၏။ တတိယအရွယ်၌ ကြိုးစားအားထုတ်၍ ပစ္စည်းဥစ္စာ ရှာဖွေ စုဆောင်းလျှင် တတိယတန်းစား သူဌေးကြီး ဖြစ်နိုင်သောကံပါ၏။

လောကုတ္တရာဘက်၌ဆိုလျှင် ပဌမအရွယ်တွင် တရားအား ထုတ်ပါက သူဌေးကြီးမှာ ရဟန္တာ၊ သူဌေးကတော်ကြီးမှာ အနာဂါမ်ဖြစ်ထိုက်သောကံပါ၏။

ဒုတိယအရွယ်တွင် အားထုတ်ပါက သူဌေးကြီးမှာ အနာ ဂါမ်၊ သူဌေးကတော်ကြီးမှာ သကဒါဂါမ် ဖြစ်ထိုက်သော ကံပါ၏။ တတိယအရွယ်မှာ အားထုတ်ပါက သူဌေးကြီးမှာ သကဒါဂါမ်၊ သူဌေးကတော်ကြီးမှာ သောတာပန် ဖြစ် ထိုက်သောကံပါ၏။ ယင်းသို့ လောကီ လောကုတ္တရာ နှစ် ဖက်လုံး၌ ကြီးပွားနိုင်သော စွယ်စုံကံနှင့် ပြည့်စုံပါသော် လည်း လုံ့လဝီရိယ ချို့တဲ့မှု ပယောဂဝိပ္ပတ္တိက တားမြစ် ထားသဖြင့် ကုဋေ (၁၆၀) ကြွယ်ဝသော သူဌေးကြီး ဘဝမှ ခွက်လက်စွဲကာ တောင်းစားရသည့် သူတောင်းစား ဘဝသို့ ရောက်ကြရပေသည်။

ဤသို့ ပုဗ္ဗေစကတပုညတာစက်နှင့် ပြည့်စုံ၍ ရှေးအတိတ်က ပါလာခဲ့သော်ငြားလည်း လက်ရှိဘဝ၌ ကြိုးစားအားထုတ်မှု ဝီရိယတည်းဟူသော ပစ္စုပ္ပန်ကံ၏ အကူအညီကို မရပါက အကျိုးမပေးနိုင်ကြောင်းကို ကောင်းစွာ သိထားသင့်ပေသည်။

## ပုဗ္ဗေစ၏ အဓိပ္ပာယ်တစ်မျိုး

“ပုဗ္ဗေစကတပုညတာ” ဟူသော ပါဠိတော်တွင် “ပုဗ္ဗေစ” ဟူသော ပါဠိကို အတိတ်ဘဝ၌ (အတီတဇာတိယံ) ဟု အဋ္ဌကထာ ဖွင့်ဆိုခဲ့သဖြင့် ရှေ့ပညာရှင်များက “ရှေးဘဝက” ဟု မြန်မာပြန်ဆိုခဲ့ကြပေသည်။ သို့သော် ပုဗ္ဗေစ ဟူသော ပါဠိသည် သာမန်အားဖြင့် “ရှေ့၌” ဟု အဓိပ္ပာယ် ပြန်ဆိုနိုင်ရကား “ရှေ့ဘဝက ကောင်းမှု ပြုခဲ့ဖူးသော သူများသာမဟုတ်၊ လက်ရှိပစ္စုပ္ပန်ဘဝ၌လည်း လွန်ခဲ့သော အရွယ်၊ နှစ်၊ လ၊ ရက်၊ နာရီတို့၌ ကောင်းမှု ပြုလုပ်ခဲ့သူများကိုလည်း ပုဗ္ဗေစကတပုညတာစက် ရှိသူများဟူ၍လည်း ခေါ်ဆိုနိုင်ကြောင်း မျက်မှောက် ပညာရှင်များ ယူဆကြသည်။

မှန်ပါသည်။ အကြင် အမျိုးကောင်းသား တစ်ဦးသည် ကျောင်းသားအရွယ် ငယ်စဉ်အခါက အပြစ်ကင်းသည့် ဝိဇ္ဇာပညာ၊ သိပ္ပံပညာ၊ အသက်မွေးဝမ်းကျောင်း ပညာတို့ကို ကောင်းစွာအားထုတ် သင်ယူခဲ့၏။ ထို အမျိုးကောင်းသား သည် စီးပွားဥစ္စာရှာချိန်တွင် ပညာ ကြိုးစားသင်ယူခဲ့ခြင်း

ဟူသော ကောင်းမှုကို ရှေ့ပိုင်းအချိန်တွင် ပြုလုပ်ခဲ့သော ကြောင့် အရာရှိကြီးသော် လည်းကောင်း၊ စီးပွားရေး ပါရဂူကြီးသော် လည်းကောင်း၊ ကုန်သည်ကြီးသော် လည်း ကောင်း၊ ဆရာဝန်ကြီးသော် လည်းကောင်း၊ အင်ဂျင်နီယာ ကြီးသော် လည်းကောင်း၊ ဖြစ်နိုင်၍ ကြီးပွားချမ်းသာနိုင် ပေသည်။

ထို့ကြောင့် ငယ်စဉ်အခါက ပညာကြိုးစား သင်ယူခြင်း စသော ကောင်းသည့်အလုပ်များကို လုပ်ခဲ့သူများကိုလည်း ပုဗ္ဗေစကတပုညတာစက်ရှိသူများ-ဟု ခေါ်နိုင်ပါသည်။ကံ၏ အရာတွင် ရှေးကံတစ်ခုတည်းကိုသာယူက "ပုဗ္ဗေကတဟေတု ဒိဋ္ဌိ"ဖြစ်နိုင်၍ အတိတ်ကံ,ပစ္စုပ္ပန်ကံ နှစ်မျိုးလုံးကို ယူရ သည့် ဗုဒ္ဓဘာသာအယူနှင့်လည်း လိုက်လျောညီထွေ ရှိသည့် အယူဖြစ်၍ ထိုအယူအဆကို သုတ္တာနုလောမအယူ-ဟု မှတ် သားသင့်ပေသည်။

**ပုဗ္ဗေစစက်သာပဓာန။** ။ပကတိ လှည်းဘီး စသည်တို့ကို အဆက်ဆက် လည်တတ်သော ကြောင့်ပါဠိလို"စက္က" မြန်မာလို"စက်"ဟုခေါ်၏။ ပတိရူပ ဒေသဝါသ စသောအကြောင်းတရား လေးပါးကိုလည်း ထို လှည်းဘီး စသည်ကဲ့သို့ ဆက်ကာဆက်ကာ လည်တတ်သော ကြောင့် "စက်" ဟုပင် ခေါ်ရသည်။ မှန်ပါသည်။ ရှေး ရှေးဘဝ၌ ကောင်းမှုပြုခဲ့ခြင်း-ဟူသော ပုဗ္ဗေစကတပုညတာ သမ္ပတ္တိစက်ကြောင့် ပတိရူပဒေသ၌ ဖြစ်ရနေရ၏။ ထို့ကြောင့်

ပတိရူပဒေသဝါသ သမ္မတ္တိစက်သည် ပုဗ္ဗေစကတပုညတာ သမ္ပတ္တိစက်နှင့် ဆက်သွယ်လျက် ရှိ၏။ ပတိရူပဒေသဝါသ သမ္ပတ္တိစက်ကြောင့် ယိုဒေသ၌ ရှိကြသော သူတော်ကောင်း မိဘဆရာ ပိတ်ဆွေတို့ကို မှီရ၏။ ထို့ကြောင့် သပ္ပုရိသူပ နိဿယစက်သည် ပတိရူပဒေသဝါသ သမ္ပတ္တိစက်နှင့် ဆက် သွယ်လျက်ရှိ၏။

သပ္ပုရိသူပနိဿယကြောင့် ကိုယ်စိတ်နှစ်ပါးကို ကောင်း စွာထားတတ်၊ ထိန်းသိမ်းပြုပြင်တတ်၏။ စိတ်ကောင်း နှလုံး ကောင်း ရှိသူဖြစ်၏။ ထို့ကြောင့် အတ္တသမ္မာပဏိဓိစက်သည် သပ္ပုရိသူပနိဿယစက်နှင့် ဆက်သွယ်နေပြန်၏။ထိုအတ္တသမ္မာ ပဏိဓိစက်ရှိသောကြောင့် ယခုဘဝ၌ ကုသိုလ်တရားများ တိုး ပွား၏။ ဤကုသိုလ်တရားများသည် လာမည့်အနာဂတ်ဘဝ ကို တစ်ပြန်ကြည့်လျှင် ပုဗ္ဗေစကတပုညတာပင် ဖြစ်ပေသည်။ ဤနည်းအားဖြင့် သမ္ပတ္တိစက်လေးပါးသည် နိဗ္ဗာန်ရသည့်ဘဝ အထိ တစ်ဆင့်ထက်တစ်ဆင့် မြင့်ကာမြင့်ကာ သွားပေသည်။

တစ်နည်းအားဖြင့် ဤဘဝ၌ ပုဗ္ဗေစကတပုညတာ စသော စက်(၄)ပါးနှင့်ပြည့်စုံသောသူမှာ နောက်ဘဝ၌လည်းပြည့်စုံ တတ်၏။ ဤသို့အားဖြင့် အဆက်မပြတ် လည်သွားတတ်၍ "စက်"ဟု ဆိုရပေမည်။

ပုဗ္ဗေစက်ရှိသော်လည်း စိတ်မချရ။ ။ဤ၌ ပုဗ္ဗေစကတပုည စက်နှင့်ပြည့်စုံခဲ့သော်ကျန် သုံးပါးသည်လည်း ဆက်ကာဆက်ကာ လည်၍သွားသည်ဟု

ဆိုသော်လည်း သာမန်ပု ဗ္ဗေစကတပုညတာစက်ရှိသူများအဖို့ စိတ်မချရပေ။ ရှင်ဒေဝဒတ်သည် သာသနာတော်နှင့် ကြုံတွေ့ရခြင်းဟူသော ပတိရူပဒေသဝါသစက်၊ သာသနာ၌ရဟန်းပြုခွင့်ရခြင်း-ဟူသော ပုဗ္ဗေစကတပုညတာစက် ဘုရားရှင်ကို မှီရခြင်း-ဟူသော သပ္ပုရိသူပနိဿယစက်တို့နှင့်ပြည့်စုံ၏။သို့သော် အတ္တသမ္မာပဏိဓိစက် ပျက်ကာ အကျိုးမဲ့ ဆုံးရှုံးခဲ့ရရှာ၏။ အဇာတသတ်ဘုရင်လည်း ကောင်းမှုရှင် တစ်ဦးပင် ဖြစ်၏။ ဖခင် သောတာပန် သူတော်ကောင်းကိုမှီရပါလျက် ရှင်ဒေဝဒတ်နှင့် အပေါင်းမှားကာ အတ္တသမ္မာပဏိဓိစက် ပျက်ခဲ့၍ နစ်နာရရှာလေသည်။

ဗုဒ္ဓရှင်တော်မြတ်၏ လက်ထက်တော်က အဂ္ဂသာဝကကြီး နှစ်ပါး၏ တပည့်ရင်းများဖြစ်ကြသော ခြောက်ပါးဂိုဏ်းအဖွဲ့ (ဆဗ္ဗဂ္ဂီ)ရဟန်းတို့သည်သာသနာတော်နှင့်ကြုံတွေ့ရခြင်း၊ ပတိရူပဒေသဝါသစက်၊ ရှေးကောင်းမှုကြောင့် ဘုရားသာသနာ သို့ဝင်ကာ ရဟန်းပြုခွင့်ရခြင်း၊ ပုဗ္ဗေစ ကတပုညတာစက်၊ အဂ္ဂသာဝကကြီးနှစ်ပါးကဲ့သို့သော ဘုန်းရှင်ကံရှင် ရဟန္တာ အရှင်မြတ်ကြီးများကို အမှီပြုရခြင်း၊ သပ္ပုရိသူပနိဿယစက် ဟူသော စက်ကြီးသုံးပါးတို့နှင့် ပြည့်စုံခဲ့ကြ၏။သို့သော်လည်း သူတို့ကိုယ်တိုင် အတ္တသမ္မာပဏိဓိစက်နှင့် ကင်းဝေးလျက် အတွင်းရေးစိတ်ဓာတ် ချွတ်ယွင်းခြင်းကြောင့် သာသနာ့ အရိပ်ကောင်းကြီးကို ခိုလှုံကြရသော်ငြားလည်းခိုလှုံရာမရောက် ဘဲ သာသနာ့သူပုန်သဖွယ် ဖြစ်ခဲ့ကြရပေသည်။

ဤသည်တို့ကား လောကီလောကုတ္တရာ ကြီးပွားချမ်းသာကြောင်း၊ သမ္ဗုတ္တိစက်လေးပါးတို့၏ အဓိပ္ပာယ်အကျယ် ဖြစ်ပါသည်။ ထိုစက်လေးပါးနှင့် ပြည့်စုံသော နတ်လူပြဟ္မာသတ္တဝါတို့သည် ထိုစက်လေးပါးနှင့်ပြည့်စုံ၍ မကြာမီမှာပင် စည်းစိမ်ဥစ္စာ တိုးတက် ကြီးပွားလာမည်။ ဥစ္စာစပါး၊ အခြံအရံ အကျော်အစောများ ဖြစ်ပွားလာ၍ ချမ်းသာမည်–ဟု အင်္ဂုတ္တိုရ်ပါဠိတော်၊ စတုက္ကနိပါတ်စက္ကသုတ်၌ ဘုရားရှင်ဟောထားပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၃၊ အမှတ်-၁၁)

# မြတ်ဗုဒ္ဓ၏
# ကြီးပွားချမ်းသာရေးလမ်းညွှန်
# တရားတော်များ

( ၃ )

အခန်း (၉)

## ကြီးပွားတိုးတက်ကြောင်း သမ္ဗုဒ္ဓါတရား (၄) ပါး

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ကောလိယမြို့၊ ကက္ကရပတ္တရွာနိဂုံး၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဒီဃဇာဏုမည်သော (မျိုးရိုး စဉ်ဆက်အားဖြင့် ဗျဂ္ဃပဇ္ဇ-ဟုခေါ်သော) ကောလိယ မင်းသားသည် မြတ်စွာဘုရား ထံမှောက်သို့ ကပ်ရောက်ရှိခိုးပြီး ဤသို့လျှောက်ထား၏။

"သုံးလူထွတ်တင် ရှင်တော်မြတ်ဘုရား.... တပည့်တော်တို့ အိမ်ရာတည်ထောင် လူတို့ဘောင်၌ ကာမဂုဏ်ချမ်းသာကို ခံစားနေကြရသော ဒါယကာ ဒါယိကာမတို့မှာ သားမွေးမှု မယားကျွေးမှုအတွက်ကြောင့် ရဟန်းတော်များကဲ့သို့ကုသိုလ် ကောင်းမှုကို ပြုခွင့်မရကြပါ။ ကျဉ်းမြောင်း ကြပ်တည်းစွာ နေထိုင်ကြရပါသည်။ ကာသိတိုင်းဖြစ် နှစ်သက်ဖွယ် အဝတ်ပုဆိုးတို့ကို ဝတ်ဆင်ခြင်း၊ စန္ဒကူးနံ့သာ, ပန်းနံ့သာစသော အမွှေးအတုံ့တို့ကို ပန်ဆင်လိမ်းကျံခြင်းတို့မှ မကင်းနိုင်ကြပါ။ ရွှေ-ငွေ-ဥစ္စာ-ရတနာတို့ကိုလည်း မက်မောတွယ်တာ သာယာကြပါကုန်၏။ ဘုရားရှင်သည် မျက်မှောက် ချမ်းသာစီးပွား,

တမလွန် ချမ်းသာစီးပွားတို့ကို ဖြစ်စေနိုင်သော တရားကို တပည့်ဒါယကာ ဒါယိကာမတို့အား ဟောကြားတော်မူပါ ဘုရား....ဟု လျှောက်ထားသဖြင့် သမ္ပဒါတရား လေးပါးကို ဘုရားရှင် ဟောကြားတော်မူသည့် အကြောင်းကို အဌက အင်္ဂုတ္တရပါဠိတော်၊ ဒီဃဇာဏုသုတ်၌ တွေ့ရပါသည်။ ထို သမ္ပဒါတရား လေးပါးမှာ...

(၁) ထကြွ လုံ့လ ဝီရိယနှင့် ပြည့်စုံရခြင်း (ဥဌာန သမ္ပဒါ)။

(၂) လက်ရှိ ဥစ္စာစီးပွား မပျက်ပြားအောင် စောင့် ရှောက်ခြင်းနှင့်ပြည့်စုံရခြင်း(အာရက္ခသမ္ပဒါ)။

(၃) မျှတစွာ အသက်မွေးမြူရခြင်း (သမဇီဝိတာ)။

(၄) မိတ်ကောင်း ဆွေကောင်း ရှိရခြင်း (ကလျာဏ မိတ္တတာ)။

တို့ ဖြစ်ပါသည်။ ဤလေးပါးကို မှတ်သားရလွယ်ကူရန် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရတိုက် ပထမ စံကျောင်း ဆရာတော်ဘုရားကြီးက....

ထကြွသိမ်းဆဲ၊ မျှသုံးစွဲ၊ ပေါင်းမြဲ မိတ်ဆွေကောင်း။
ဤလေးပါးသာ၊ လောကီမှာ၊ မှန်စွာ ကြီးပွား ကြောင်း။

ဟု လင်္ကာစီကုံးထားပေသည်။

သမ္ပဒါ ဆိုသည်မှာ- အလိုရှိတိုင်း ပြည့်စုံစေနိုင်သော အကြောင်းတရားများဟု အဓိပ္ပာယ်ရသည်။ မျက်မှောက် လောကတွင် အရေးအကြီးဆုံးမှာ ရွှေငွေဘဏ္ဍာ၊ ဥစ္စာရတနာ များပင် ဖြစ်သည်။ ထို ရွှေငွေဘဏ္ဍာ၊ ပစ္စည်းဥစ္စာတို့နှင့်ပြည့် စုံနိုင်ရန်မှာ ဤသမ္ပဒါတရား လေးပါးတို့သာ အကြောင်း ရင်းများ ဖြစ်ကြသည်။

ထို့ကြောင့် ရွှေငွေဥစ္စာ ရတနာတို့ကို အလိုရှိသောသူသည် ရှင်တော်ဘုရား ဟောကြားတော်မူသော သမ္ပဒါ ဟူသော စီးပွားရေးလမ်းညွှန် တရားနှင့်အညီ ရွှေငွေဘဏ္ဍာ၊ ပစ္စည်း ဥစ္စာတို့ကို ရှာမှီးစုဆောင်းထိန်းသိမ်းရမည်၊ ယခု ဤကြီးပွား ချမ်းသာရေး လမ်းညွှန်တရားများဖြစ်သည့် သမ္ပဒါတရား လေးပါးကို အကျယ်ပြဆိုပါမည်။

(၁) ထကြွလုံ့လ ဝီရိယနှင့်ပြည့်စုံခြင်း (ဥဋ္ဌာနသမ္ပဒါ)

ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ-ထကြွလုံ့လ ဝီရိယနှင့် ပြည့်စုံ မှုဟူသည် အဘယ်နည်း။

ဗျဂ္ဃပဇ္ဇ-ဤလောက၌ အမျိုးကောင်းသားသည် အသက် မွေး ဝမ်းကျောင်းအလုပ်ဖြစ်သော လယ်လုပ်ခြင်း၊ ကုန်သွယ် ခြင်း၊ နွားကျောင်းခြင်း၊ မင်းမှုထမ်းခြင်း၊ လေးအတတ် ပညာ၊ အခြားအတတ်ပညာတို့ဖြင့် အသက်မွေးမြူ၏။ ထိုလုပ် ငန်း ထိုအတတ်ပညာတို့၌ လိမ္မာကျွမ်းကျင်ရ၏။ ပျင်းရိမှုမရှိရ၊ ထိုလုပ်ငန်းတို့၌ အကြောင်းဉပါယ်တို့ကို စုံစမ်းလေ့လာတတ် သော ပညာနှင့် ပြည့်စုံရ၏။ ကိုယ်တိုင် ပြုလုပ်နိုင်ရ၏။ စီမံ

ခန့်ခွဲနိုင်ရ၏။ ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ.... ဤသည်ကိုပင် ထကြွလုံ့လ၊ ဝီရိယနှင့် ပြည့်စုံမှု "ဥဋ္ဌာနသမ္ပဒါ" ဟု ခေါ်ဆို ပေသည်။

ဤဘုရားဟောဒေသနာတော်၌ဟောတော်မူလိုရင်းအချုပ်မှာ– မိမိပြုလုပ်နေသော အသက်မွေးဝမ်းကျောင်း လုပ်ငန်း၌ ကျွမ်းကျင်လိမ္မာရမည်၊ ကျွမ်းကျင်လိမ္မာအောင်လည်း သင်ကြားလေ့လာခြင်း၊ မေးမြန်းခြင်း၊ စုံစမ်းခြင်းစသည်ဖြင့် မနားမနေ ကြိုးပမ်းရမည်။ပျင်းရိခြင်းမရှိရ၊ တက်တက်ကြွကြွ လုံ့လဝီရိယရှိရမည်၊ ကိုယ်တိုင်လုပ်နိုင် စီမံခန့်ခွဲနိုင်ရမည်ဟု ဆိုလိုပေသည်။

ယင်းသို့ ထကြွလုံ့လ ဝီရိယရှိမှသာ ပစ္စည်းဥစ္စာ ရတနာတို့နှင့် ပြည့်စုံမည်။ အလုပ်ကိုမကြိုးစားဘဲ ကံကောင်းထောက်မပြီး အလိုအလျောက် တိုးတက်ကြီးပွား လာနိုင်သည်ဟု ဘုရားဟောတော်မမူပါချေ။ပစ္စည်းဥစ္စာ ရတနာတို့ကို ရှာမှီးစုဆောင်းရာ၌ ကံ၊ဉာဏ်၊ဝီရိယ(၃)မျိုးရှိသည်တွင် ကံကောင်း မကောင်းကို သိနိုင်ရန် ခဲယဉ်းသည့်အတွက် အတိတ်ကံကို မျှော်လင့်အားကိုးမနေရ၊ လက်ရှိပြုလုပ်နိုင်သည့် ပစ္စုပ္ပန်ကံဟု ဆိုရသော ဝီရိယကိုသာ ဉာဏ်နှင့်ယှဉ်၍ အားထုတ်ရမည်။

ချွဲဦးအံ့....ထကြွလုံ့လ၊ ဝီရိယရှိရမည် ဆိုသော်လည်း၊ ထိုလုံ့လဝီရိယသည် ဉာဏ်နှင့်ပြည့်စုံရမည် (ဉာဏသမ္ပတ္တိ)၊ အကွက်ကောင်း၊ နေရာကောင်းရှိရခြင်း (ဂတိသမ္ပတ္တိ)၊ အသွင်အပြင် လှပခံ့ညားခြင်း၊ ကိရိယာ တန်ဆာပလာတို့

နှင့် ပြည့်စုံခြင်း (ဥပဓိသမ္ပတ္တိ)၊ သင့်လျော် အံဝင်သော အချိန်ကာလဖြစ်ခြင်း(ကာလသမ္ပတ္တိ)၊ အားထုတ်သင့်သည်ကို အားထုတ်ခြင်း၊ အားမထုတ်သင့်သည်ကို အားမထုတ်ဘဲနေခြင်း(ပယောဂသမ္ပတ္တိ)ဟူသော အင်္ဂါ၊ ရပ်တို့နှင့် ပြည့်စုံမှသာ လုံ့လ ဝီရိယရှိသလောက် အကျိုးစီးပွားဖြစ်ထွန်းနိုင်ပေသည်။

**မြော်မြင်ဉာဏ်ရှိရမှု။** ။ထိုငါးပါးတွင် ဉာဏ်နှင့် ပြည့်စုံရခြင်း (ဉာဏသမ္ပတ္တိ) ဆိုသည်မှာ မိမိ၏ လုပ်ငန်းကိုင်ငန်းနှင့်စပ်၍သိသင့်သိထိုက်၊ တတ်သင့်တတ်ထိုက်၊ နားလည်သင့်၊ နားလည်ထိုက်သော အရာဟူသမျှကို အားလုံးတတ်သိနားလည်ထားရမည်၊ ထိုလုပ်ငန်းကို မိမိနိုင်နင်းစွာ လုပ်နိုင်မလုပ်နိုင်၊ မိမိတွင် လုပ်နိုင်သော ကိုယ်အား ပစ္စည်းအား၊ ဉာဏ်အားရှိ မရှိ၊ ထိုလုပ်ငန်းကို လုပ်သဖြင့် အကျိုးဖြစ်ထွန်းနိုင်၊ မဖြစ်ထွန်းနိုင် စသည်ဖြင့် နှိုင်းချိန်မြော်မြင်နိုင်ရမည်၊ အကယ်၍ အကျိုးမဖြစ်ထွန်းသည့်တိုင်အောင် ဘယ်နည်းနဲ့မှ အကျိုးမယုတ်နိုင်ဆိုသည့် အကြောင်းတို့ကို တွက်ဆနိုင်ရမည်၊ ဤသို့ မိမိလုပ်ငန်း၌ အစစအရာရာ လိမ္မာကျွမ်းကျင်၊ မြော်မြင်တတ်သိသော ဉာဏ်နှင့်ယှဉ်သော ဝီရိယမျိုးသာ အကျိုးဖြစ်ထွန်းနိုင်ပေသည်။

ဤနေရာ၌ တရုတ်၊ ကုလား စသည့် လူမျိုးခြားများကို အတုယူဖို့ အလွန်ကောင်း၏။ သူတို့သည် လုပ်ငန်းတစ်ခုကို လုပ်တော့မည်ဆိုလျှင် ရှေးဦးစွာ ထိုလုပ်ငန်းကို နားလည်

သဘောပေါက်အောင် လေ့လာ၍ အကျိုးရှိနိုင်၊ မရှိနိုင် အဘက်ဘက်က နှိုင်းချိန်တွက်ဆပြီးမှ လုပ်ကိုင်လေ့ရှိကြသည်။ သူတကာလုပ်ကိုင်၍ အကျိုးဖြစ်ထွန်းတိုင်း ဂိုင်းအုံလုပ်ကိုင်လေ့ မရှိကြချေ။ ထို့ကြောင့် သူတို့လုပ်ကိုင်ကြသော လုပ်ငန်းတိုင်းမှာလိုလို ပျက်စီးဆုံးရှုံးမှုမရှိဘဲ အကျိုးစီးပွား ဖြစ်ထွန်းကြီးပွားကြပေသည်။

မြန်မာတိုင်းရင်းသားတို့မှာမူ အများအားဖြင့် လုပ်ငန်းသဘောကို နားလည်ကျွမ်းကျင်အောင် မကြိုးစားဘဲ ကံကိုသာ အားကိုးအားထားပြု၍ လုပ်တတ်ကြ၏။ ယင်းသို့ ကံကိုသာ အားကိုးပြီး ဆင်ကန်းတောတိုးလုပ်သော သူတို့မှာ ပျက်စီကန်းများ လမ်းသွားသည့်ပမာ တစ်ခါတစ်ရံ အခန့်သင့်၍ အကျိုးဖြစ်ထွန်းတတ်သော်လည်း မကြာမီ အရှုံးနှင့်သာ ရင်ဆိုင်တတ်ကြရလေသည်။ ထို့ကြောင့် ထကြလုံ့လ ဝီရိယ ရှိရမည်ဆိုသော်လည်း ဉာဏ်နှင့်ယှဉ်သော ဝီရိယမျိုးကသာ ထိုက်ထိုက်တန်တန် ကြီးပွားချမ်းသာစေနိုင်ပေသည်။

နေရာကောင်းရွေးရန်။ ။အကွက်ကောင်း၊ နေရာကောင်း ရရှိမှု (ဂတိသမ္ပတ္တိ)သည် နေရာဘကာ၌ အလွန်အရေးပါ၏။ အကွက်ကောင်း၊နေရာကောင်း ရမှသာ မိမိကြံစည်အားထုတ်တိုင်း ပြီးစီးအောင်မြင်နိုင်၏။ ထိုအကြောင်းအရာနှင့်ပတ်သက်၍ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ တရားတော်တွင် ကုသိုလ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသည်တို့ဖြစ်ထွန်းတိုးတက်နိုင်သည့်နေရာကောင်း၊

အကွက်ကောင်းများကို ရရှိခြင်းသည် "ပတိရူပ ဒေသဝါသ မင်္ဂလာ" ဖြစ်သည်ဟု ဘုရားရှင် ဟောကြားတော် မူခဲ့ပါသည်။ ထင်ရှားစေဦးအံ့....လျှော်ဖွပ်မှု လုပ်ငန်းဖြင့် အသက်မွေးရသော ဝါသည်များသည် အဝတ်မရှိသော နေရာဒေသ၌ နေပါက သူတို့၏ အဝတ်ဖွပ်လျှော်မှုလုပ်ငန်းသည် မည်သို့မျှ အကျိုးရှိနိုင်မည် မဟုတ်ချေ။

ထို့ကြောင့် ဗေဒင်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူသည် မိမိလုပ်ငန်းနှင့် ဆီလျော်သော တန်ခိုးကြီးဘုရားအနီး၊ ကျောင်းအနီးစသော လူသွားလူလာများသည့်နေရာမျိုးကို ရွေးချယ်ရ၏။

ထို့အတူ ဈေးသည်ကုန်သည်တို့သည်လည်း မိမိတို့ ကုန်ပစ္စည်းများ အရောင်းသွက်မည့် နေရာကောင်း၊ အကွက်ကောင်းကို ရှာကြရ၏။ ဈေးရုံကြီးတစ်ရုံတည်း၌ပင် သော်လည်း အတွင်းဘက်တန်း ဆိုင်များထက် မျက်နှာစာ (ရှေ့) တန်းဆိုင်များက ပိုမို အရောင်းအဝယ်ကောင်းကြသည်ကား ဂတိသမ္ပတ္တိရှိသဖြင့် အကျိုးဖြစ်ထွန်းပုံ မျက်မှောက်သာဓကများပင် ဖြစ်သည်။

ဘုရားဟော ပိဋကတော်၌လည်း ရေအိုင်တည်းဟူသော နေရာကောင်းကို ရရှိသဖြင့် ဖားငယ်ကလေးပင်ဖြစ်လင့်ကစား တောသုံးထောင်ကို အစိုးရသော ခြင်္သေ့မင်းကို အံတုဖက်ပြိုင်နိုင်သည်။ ဘီလုံးငှက်ကလေးပင် ဖြစ်သော်ငြားလည်း နွားခြေရာကွက်ဟူသော နေရာကောင်းကို ရရှိသဖြင့် သိန်းစွန်ကြီးကို ဖက်ပြိုင်နိုင်သည်။

အထူးသဖြင့် သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရား သည်ပင် ပွင့်တော်မူရန် အရပ်ဒေသအတွက် တရားဓမ္မစက်ကို မသိနားမလည်နိုင်သော ပစ္စန္တရစ် အရပ်ဒေသမျိုးကို မရွေးဘဲ သိမြင်နားလည်နိုင်၊လက်ခံကျင့်သုံးနိုင်သော မဇ္ဈိမဒေသအရပ် ကိုသာ ရွေးတော်မူရသည်။ ကြည့်ခြင်းကြီး ငါးပါးတွင် တစ်ပါးအဖြစ် ကြည့်တော်မူရသည်။ ဤသို့ ဘုရားဟော ပိဋကတော်၌လည်း နေရာကောင်း အကွက်ကောင်း ရရှိမှသာ ကြိုးစားအားထုတ်သည့်အတိုင်း အောင်မြင်နိုင်ကြောင်း တွေ့ ရှိရသည်။

ကိရိယာတန်ဆာပလာ ပြည့်စုံရခြင်း။ ။အသက်မွေး ဝမ်းကျောင်း လုပ်ငန်းစသည်တို့ကို ကြိုးပမ်းကြရာ၌ လုပ်ငန်းနှင့်ဆိုင်ရာ၊ လက်နက်ကိရိယာ တန်ဆာပလာတို့နှင့် ပြည့်စုံရခြင်း၊ ထုတ် လုပ်သည့် ပစ္စည်းများ လှပခိုင်ခံ့ရခြင်း (ဥပဓိသမ္ပတ္တိ)တို့ကို လည်း အထူးလိုအပ်ပေသည်။ မှန်၏....လက်သမားအလုပ်ဖြင့် အသက်မွေးသူဖြစ်လျှင် ဓား၊ ဆောက်၊ ရွှေပေါ်၊ လွှ၊ တူ စသော လက်သမား ကိရိယာ တန်ဆာပလာများ စုံလင်စွာ ရှိရမည်။ လှေဖြင့် ကုန်သွယ်သူဖြစ်လျှင် ထိုးဝါးခတ်တက်၊ ရွက်၊ ရွက်တိုင်၊ ရွက်လက်၊ ရွက်ကြိုး၊ တက်မ၊ ကျောက်၊ ကျောက်ကြိုးစသော ကိရိယာများ ရှိရမည်။ ထိုကိရိယာ တန်ဆာပလာများ ခေတ်မီတိုးတက်လျှင် တိုးတက်သလို လုပ် ငန်း အောင်မြင်၏။

ဤနေရာတွင် အနောက်နိုင်ငံသားတို့နှင့် မြန်မာလူမျိုးတို့ကို နှိုင်းယှဉ်ကြည့်လျှင် သိသာ၏။ အနောက်နိုင်ငံများ၌ သိပ္ပံပညာ တိုးတက်လာသည်နှင့်အမျှ စက်မှုလက်မှုလုပ်ငန်း တိုးတက်လာရကား မြန်မာတို့ တစ်နှစ်လုပ်ရသည့်အလုပ်ကို ထိုသူတို့ တစ်လ၊ နှစ်လမျှနှင့် ပြီးအောင်လုပ်နိုင်ကြ၏။ မြန်မာတို့ တစ်လ၊ နှစ်လ ကြာသွားရသည့်ခရီးကို သူတို့လေးငါးရက်မျှဖြင့် ရောက်အောင် သွားနိုင်ကြ၏။ မြန်မာတို့ တစ်နေ့လေးငါးခုလောက်သာ ပြီးနိုင်သည့်အလုပ်ကို ထိုသူတို့ တစ်ရာ တစ်ထောင်ရအောင် လုပ်နိုင်ကြ၏။ ဤသို့ ကိရိယာ တန်ဆာပလာများ တိုးတက်ခေတ်မီလျှင် ခေတ်မီသလို လုပ်ငန်းလျင်မြန်တိုးတက်အောင်မြင်မှု ရနိုင်သည်။ ကုန်ထုတ်စွမ်းအားတိုးတက်နိုင်သည်။

ထို့ပြင် မိမိတို့ ထုတ်လုပ်သည့်ပစ္စည်းများကို တစ်ပါးသူတို့မြင်က လိုချင်မက်မောဖွယ်ဖြစ်အောင်လည်း ကြိုးပမ်းကြရမည်။ ဥပမာ—မုန့်လုပ်ရောင်းသူပင်ဖြစ်သော်လည်း မိမိမုန့်ကို မြင်သူတိုင်း ဝယ်စားချင်အောင် ဖန်တီးတတ်ရ၏။ မုန့်ကို သန့်ရှင်းသောနေရာ၌ သန့်ရှင်းစွာထားရသည်။ ယင်နားစွာ ဖြစ်ပါက ယင်မနားအောင် ပုံးလုပ်ထားရ၏။ ဖုံ၊ မြူမှုန့်စသည်တို့ မဝင်အောင်လည်း ကာကွယ် ဖုံးအုပ်ထားရ၏။ မုန့်ထုပ်သော စက္ကူ၊ ဖက်ရွက်ကအစ သန့်ရှင်းသေသပ်စွာ ထားရ၏။ တတ်နိုင်လျှင် မုန့်သည်ကိုယ်တိုင် သန့်သန့်ရှင်းရှင်း ဝတ်စားဆင်ယင်ထားရသည်။

ဤနေရာတွင် ဂျပန်လူမျိုးတို့၏ ကုန်ထုတ်လုပ်ငန်းကို နည်း

ယူစရာကောင်း၏။ ဂျပန်ပြည်လုပ် ပစ္စည်းများသည် အလွန်လှပကြသည်၊ သေသပ်ကြသည်။ မြင်သူတိုင်း လိုချင်နှစ်သက်ကြသည်။ တစ်လနှင့်တလ၊ တစ်နေ့နှင့်တစ်နေ့ မတူအောင် ဆန်းသစ်တီထွင်ကြသည်။ ထို့ကြောင့် ဂျပန်ပြည်လုပ်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်တွင် အနောက်နိုင်ငံများနှင့် ယှဉ်ပြိုင် ရောင်းချနိုင်၍ ဂျပန်နိုင်ငံသည် လျင်မြန်စွာ တိုးတက်ကြီးပွားလျက် ရှိနေသည် မဟုတ်ပါလော။

ကုန်ပစ္စည်းများကို လှပရုံသာမဟုတ်။ ကြာရှည်လေးမြင့်သုံးစွဲနိုင်အောင် ခိုင်ခိုင်ခံ့ခံ့ ပြုလုပ်ရန်လည်းလို၏။ ဥပမာ–ထီး၊ ဖိနပ်လုပ်သူဖြစ်လျှင် မိမိထုတ်လုပ်သည့် ထီး၊ ဖိနပ်ကို အခြားသူတို့၏ထီးဖိနပ်တို့ထက်ပို၍လှအောင် ပို၍ခိုင်ခံ့အောင် ကြိုးစားရမည်၊ မဆောင်းမိက ပျက်နေသောထီးမျိုး၊ မစီးမိက ဟောင်းနွမ်းပုံပေါ်နေသော ဖိနပ်မျိုး မဖြစ်စေရပေ။

ပစ္စည်းများ ကြာရှည်ခိုင်ခံ့သည့် အရာတွင် အင်္ဂလန်ပြည်လုပ် ဂျာမဏီပြည်လုပ်ပစ္စည်းများသည် နာမည်ရကြ၏။ ဝယ်သူများ စိတ်ချယုံကြည်မှုရှိသဖြင့် ထိုနိုင်ငံများလုပ် ပစ္စည်းတို့သည် ကမ္ဘာ့ဈေးကွက်တွင် အရောင်းသွက်လျက် ရှိကြ၏။ ယင်းသို့ ဥဿာနသမ္ပဒါအရ ကြိုးစားအားထုတ်ရမည်ဆိုသော်လည်း မိမိလုပ်ငန်းဆိုင်ရာအတွက် တိုးတက် ခေတ်မီသော ကိရိယာတန်ဆာပလာတို့ ပြည့်စုံဖို့ပစ္စည်းများကို လှပခိုင်ခံ့အောင် ပြုလုပ်ဖို့လည်း လိုပေသည်။ သို့မှသာ ကြိုးစားသလောက် အကျိုးဖြစ်ထွန်းနိုင်မည် ဖြစ်သည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၃၊ အမှတ်-၁၂)

**အချိန်ကာလကိုက်ညီရခြင်း။** ။အချိန်ကာလနှင့်ကိုက်ညီခြင်း (ကာလသမ္ပတ္တိ) သည်လည်း ကိစ္စခပ်သိမ်းကိုသာ အားထုတ်ရာ၌ တိုးတက်အောင်မြင်ခြင်းကို များစွာအထောက်အကူပြုသည့် အင်္ဂါရပ်တစ်ခု ဖြစ်၏။ မိမိအားထုတ်သော လုပ်ငန်းသည် အချိန်အခါနှင့် အံဝင်ခွင်ကျဖြစ်မှသာ အကျိုးဖြစ်ထွန်းနိုင်၏။ ထို့ကြောင့် အချိန်အခါသည် မည်သည့်လုပ်ငန်းနှင့် သင့်လျော်သည်၊ မည်သည့်လုပ်ငန်းနှင့် မသင့်လျော်ဟု စိစစ်ရွေးချယ်၍ အချိန်အခါနှင့် ကိုက်ညီသည့် လုပ်ငန်းမျိုးကိုသာ လုပ်ကြရ၏။ ဥပမာ မိုးဥတု၌ လယ်လုပ်ခြင်း၊ ရော်ဘာဖိနပ်များ ရောင်းချခြင်း၊ ထီးများရောင်းခြင်း၊ ဆောင်းဥတု၌ ကိုင်းလုပ်ခြင်း စသည်တို့သည် အချိန်နှင့်လုပ်ငန်း အံဝင်ခွင်ကျဖြစ်အောင် ပြုလုပ်ခြင်းမျိုး ဖြစ်သည်။

“မိုးလွန်မှလွန်ချ၊ နေဝင်မှစပါးလှန်း” ဆိုသကဲ့သို့ အချိန်ကာလကုန်လွန်မှ (၁၇) အချိန်နောက်ကျမှ ပြုလုပ်ခြင်းသည် အလုပ်နှင့်အချိန် အံမဝင်သကဲ့သို့ အချိန်မကျရောက်မီ ပြုလုပ်ခြင်းသည်လည်း အချိန်နှင့် ကိုက်ညီအံဝင်သော လုပ်ငန်းမျိုး မဟုတ်ချေ။ မျက်မှောက်ခေတ်၌ ဤသို့အချိန်နှောင်းမှ လုပ်ခြင်း၊ အချိန်မကျမီ လုပ်ခြင်းတို့ကြောင့် အကျိုးစီးပွား ဆုတ်ယုတ်ပျက်ပြားရသည့် လက်တွေ့သာဓကများမှာ အလွန်များပြားလှပေရာ ဝတ္ထုပုံပြင်များဖြင့် လက်တွေ့သာဓက တင်စရာမလိုဟု ထင်ပါသည်။

သတ္တဝါများအား သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း နည်းလမ်းကောင်းများကို ညွှန်ကြားတော်မူကြသည့် ပရဟိတရေးထွတ်တင် ဘုရားသခင်များပင်သော်လည်း ဆုတ်ကပ်၊ တက်ကပ် ဤနှစ်ရပ်တို့တွင် တရားတော်ဟော၍ ရနိုင်သည့် ကာလဖြစ်သော ဆုတ်ကပ်အခါ၌သာပွင့်တော်မူကြမြဲ ဖြစ်ပါသည်။ ဆုတ်ကပ်တွင်လည်း အသက် တစ်သိန်းတမ်းအထက်နှင့် တစ်ရာတမ်းအောက်တို့၌ ပွင့်တော်မမူကြဘဲ တစ်သိန်းတမ်းနှင့်တစ်ရာတမ်းကြားကာလတို့၌သာ ပွင့်တော်မူကြလေ့ ရှိပါသည်။ ဤသို့ ထကြွလုံ့လဝီရိယရှိရမည် ဆိုသော်လည်း ထိုဝီရိယသည်အချိန်အခါနှင့် ကိုက်ညီသော ဝီရိယမျိုးဖြစ်မှသာ အကျိုးစီးပွား ဖြစ်ထွန်းနိုင်ပေသည်။

**အားထုတ်သင့်သည်ကိုသာ အားထုတ်ရခြင်း။** ။ထကြွလုံ့လ ဝီရိယ ရှိရခြင်း

ဟူသော ဥဒ္ဒါနသမ္ပဒါနှင့် ပြည့်စုံရမည်ဆိုသော်လည်း အားထုတ်သင့်သည်ကို အားထုတ်ခြင်း၊ အားမထုတ်သင့်သည်ကို အားမထုတ်ဘဲနေခြင်းဟူသော ပယောဂသမ္ပတ္တိမျိုးဖြစ်မှသာ အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်နိုင်သည်။ ပယောဂသမ္ပတ္တိရှိသူသည် ဆီကိုအလိုရှိသဖြင့် နှမ်း၊ ပဲတို့ကို ဆီကြိတ်သောသူ၊ သရက်သီးကို အလိုရှိသဖြင့် သရက်ပင် စိုက်ပျိုးသောသူတို့နှင့်တူ၏။ နှမ်း၊ ပဲတို့ကို ဆီကြိတ်လျှင် ဆီရမည်။ သရက်ပင်ကို စိုက်လျှင် သရက်သီးရမည်မှာ ကေန်ဖြစ်၏။ ကေန်မလွဲသေ အကျိုးရသော ဤအလုပ်မျိုးကား အားထုတ်သင့်သော အလုပ်များဖြစ်၏။

တောင်ထိပ်၌ ကြာပန်းကိုရှာခြင်း၊ ကျောက်ခဲကိုဆီကြိတ်ခြင်း၊ နွားဦးချိုကို နို့ညှစ်ခြင်း စသည်တို့ကား အားမထုတ်သင့်သော အလုပ်များဖြစ်၏။ ယင်းသို့ အားထုတ်သင့်သည်ကို အားထုတ်ခြင်း၊ အားမထုတ်သင့်သည်ကို အားမထုတ်ခြင်းသည် ပယောဂသမ္ပတ္တိဖြစ်သည်။

တစ်နည်းအားဖြင့် မိမိအင်အားနှင့်ထိုက်တန်သော အလုပ်ကို လုပ်ခြင်း၊ မထိုက်တန်သောအလုပ်ကို မလုပ်ခြင်းသည်လည်းကောင်း၊ မိမိနှင့်ဆိုင်သောအလုပ် မိမိတာဝန်ကျသော အလုပ်ကို ရွက်ဆောင်ခြင်း၊ မိမိနှင့်မဆိုင်သောအလုပ် မိမိတာဝန်မကျသော အလုပ်ကို မရွက်ဆောင်ခြင်းသည်လည်းကောင်း ပယောဂသမ္ပတ္တိမည်၏။

ချဲ့ဦးအံ့....လူဖြစ်လျှင် လူတို့ပြုလုပ်ထိုက်သော ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်း၊ နွားမွေးခြင်းစသော လောကီဘက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်း အလုပ်တို့ကိုပြုလုပ်၍ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ကို စောင့်သုံးခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးကပ်လှူခြင်း၊ ဆွမ်းလောင်းခြင်း၊ ရေတွင်း ရေကန် တူးခြင်း၊ တံတားခင်းခြင်း၊ ကျောင်းဆောက်ခြင်း၊ ဇရပ် တန်ဆောင်း ဆောက်ခြင်း စသော လောကုတ္တရာ ဘက်ဆိုင်ရာအလုပ်တို့ကို ပြုလုပ်ရမည်။ မိမိတို့နှင့် မသက်ဆိုင်သော ဖဲရိုက်ခြင်း၊ ကြက်တိုက်ခြင်း၊ နွားပြိုင်ခြင်း၊ မြင်းပြိုင်ခြင်း၊ ဘိန်းစားခြင်း၊ အရက်သောက်ခြင်း သူတစ်ပါး သားပျို သမီးပျိုတို့ကို ဖျက်ဆီးခြင်း၊ အပျော်

အပေါ်းကြူးခြင်း၊ ထိုအရာတို့ကို အားပေးခြင်း စသည့် ပျက်စီးဆုတ်ယုတ်ကြောင်း အလုပ်များကို ရှောင်ကြဉ်ကြရမည်။

ရဟန်းဖြစ်လျှင် ရဟန်းအလုပ်ဖြစ်သည့် စာပေကျမ်းဂန်သင်အံပို့ချခြင်း၊ ဝိနည်းသိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းခြင်း၊ ဓုတင်အကျင့်တို့ကို တတ်နိုင်သမျှကျင့်ခြင်း၊ရဟန်းသံဃာများ၏ အမှုကြီးငယ်ကို ရွက်ဆောင်ခြင်း၊ ကျောင်းဝတ်၊ ဆရာဝတ်၊ တပည့်ဝတ်တို့ကိုပြုခြင်း စသည်ဖြင့် ရဟန်းနှင့်ဆိုင်သော အလုပ်တို့ကို လုပ်ရမည်။ ရဟန်းအလုပ် မဟုတ်သည့် ဈေးဝယ်ခြမ်းပေးခြင်း၊ မြို့ကြီးပြကြီး တိုက်ဆိုင်ကြီးတို့ကို လိုက်ပြခြင်း၊ဗေဒင်ဟောခြင်း၊ဆေးကုသပေးခြင်း၊ယတြာချေစေခြင်း၊ နွားမွေးခြင်း၊ ဇာတ်တောင်ခြင်း၊ ဆိုင်းထောင်ခြင်း၊ ဘောပွဲကြည့်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်း-စသော ရဟန်းတော်တို့နှင့် မဆိုင်သည့်အလုပ်တို့ကို ရှောင်ကြဉ်ရမည်ဟု ဆိုလိုပေသည်။

အားထုတ်သဖြင့် အကျိုးရှိပုံ ဝတ္ထုများ။ ။ဤနေရာတွင် အားထုတ်သင့်သည်ကို အားထုတ်သဖြင့် အကျိုးဖြစ်ထွန်းပုံကို နိပါတ်မဟာဝင်တို့မှ အကျဉ်းချုပ် ထုတ်နုတ်တင်ပြပါမည်။ စတုက္ကနိပါတ်စူဠကာလိင်္ဂဇာတ်၌ အဿကမင်းကြီးသည် ကာလိင်္ဂမင်းနှင့် စစ်ဖက်ပြိုင်ရာတွင် သိကြားမင်းကိုယ်တိုင်က မိမိစစ်ရှုံးမည်ဟု ဟောထားသော်လည်း အားမလျှော့ဘဲ အားထုတ်သင့် အားထုတ်ထိုက်သော ဝီရိယဖြင့် အားသွန်ခွန်စိုက်ကြိုးစားခဲ့သဖြင့်

မိမိထက် အဖက်ဖက်က သာလွန် အင်အားကြီးမားသော ကာလိင်္ဂမင်းကို ထိုက်ထိုက်တန်တန် အောင်ပွဲရလိုက်ပေသည်။

ဓမ္မပဒအဋ္ဌကထာ အာယုဝဍ္ဎန သတို့သားဝတ္ထု၌လည်း အာယုဝဍ္ဎနသတို့သားအား ရသေ့နှင့် ဘုရားရှင်ကိုယ်တိုင်က နောက်ထပ်အသက်(၇)ရက်မျှသာ ရှည်တော့မည်ဟု ဟောထားသော်ငြားလည်း ဘုရားပေးသည့် အသက်ရှည်နည်းအတိုင်း (၇)ရက်ပတ်လုံး ပရိတ်တရားတော်ကို နာကြားခြင်းဟူသော လုံ့လဝီရိယကို အားထုတ်သဖြင့် အသက် (၁၂၀) တိုင်တိုင် ရှည်ခဲ့ဖူးလေသည်။

မဟာဝင်၌လည်း သီဟိုဠ်ကျွန်း ဝသဘမင်းကြီးအား ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့က နန်းသက် (၁၂) နှစ်မျှသာ အသက်ရှည်မည်ဟု ဟောထားသော်လည်း ရဟန္တာအရှင်မြတ်များ ညွှန်ကြားတော်မူသည့်အတိုင်း အသက်ရှည်ကြောင်း၊ နည်းလမ်းကောင်းတို့ကို အားထုတ်ပြုလုပ်သဖြင့် နန်းသက် (၄၄)နှစ်အထိ အသက်ရှည်ခဲ့ဖူးလေသည်။ ထို့ကြောင့် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက "သက်ပိုင်းတို့ချာ ဇာတာပါသည်း သမ္ဘာပယောဂ၊ ကုသလဖြင့် ဒီဃအာယု ပြိုင်တုဖက်ရှား၊ သက်ရှည်ပွား၍ ထင်ရှားချမ်းသာ ကြီးကျယ်စွာလျက်၊ တေဇာဘုန်းရောင်၊ တိုးတက်ပြောင်၏" ဟု ကျမ်းဂန်နှင့်အညီ လင်္ကာစီခဲ့ပေသည်။

ကံ၊ ဝီရိယတို့ကို မှီနေရသော လူသားများ။ ။ထို့ကြောင့် ဤလူ့ဘောင်

လောကကို ကြည့်လျှင် ကြီးပွားချမ်းသာသော သူတို့သည်

အများအားဖြင့် ထကြွလုံ့လ ဝီရိယ (ဥစ္စာသမ္ပဒါ)နှင့် ပြည့်စုံသူများ ဖြစ်ကြသည်ကို တွေ့ရ၏။ ကံသက်သက်အတွက် တိုးတက် ကြီးပွားသူကား တစ်ထောင်မှာတစ်ယောက်ပင် ရှိဖို့ရန် ခဲယဉ်း၏။ ရှင်တော်ဗုဒ္ဓကလည်း လူ့ဘုံမှ နိမ္မာနရတိနတ်ပြည် တိုင်အောင်သော သူတို့ကို အတိတ်ကံ၊ ပစ္စုပ္ပန်ကံ နှစ်တန်သော ကံ၏ အကျိုးကိုမှီ၍ အသက်မွေးမြူသောသူ (ကမ္မဖလဥပဇီဝိတပုဂ္ဂိုလ်)။ ထကြွလုံ့လ ဝီရိယ၏အကျိုးကို မှီ၍ အသက်မွေးမြူသောသူ (ဥဋ္ဌာနဖလဥပဇီဝိတပုဂ္ဂိုလ်)တို့ဟူ၍ ပုဂ္ဂလပညတ် ပါဠိတော်၌ ဟောထားပေသည်။

သို့ဖြစ်၍ဤလောက၌ ကံမကောင်း၍ဆင်းရဲကြသောသူတို့သည် တစ်ထောင်လျှင် တစ်ယောက်သာ ရှိကောင်းရှိမည်။ အထက်တွင် တင်ပြခဲ့သည့်နည်းအတိုင်း အလုပ်ကိုနားမလည်ခြင်း၊ နားလည်သော်လည်း မိမိတာဝန်ကို ကျေပွန်အောင် မလုပ်ခြင်း၊ ပျင်းရိခြင်း၊ မိမိတို့မနိုင်သောအလုပ်၊ မကျွမ်းကျင် မထိုက်တန်သော အလုပ်တို့ကို ပြုလုပ်ခြင်းတို့ကြောင့် ဆင်းရဲရသော သူတို့သာ များလှ၏။ ထို့ကြောင့် ကြီးပွားချမ်းသာလိုသော သူတို့သည် တင်ပြခဲ့ပြီးသော အင်္ဂါ၊ရပ်နှင့် ပြည့်စုံသည့် ထကြွလုံ့လ ဝီရိယမျိုးဖြင့် နေရာတကာ၌ ကြိုးစားအားထုတ်သင့်ပေသည်။

## (၂) ဥစ္စာစီးပွားမပျက်ပြားအောင် စောင့်ရှောက်ချခြင်း (အာရက္ခသမ္ပဒါ)

ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှုဟူသည် အဘယ်နည်း။ ဗျဂ္ဃပဇ္ဇ-ဤလောက၌ အမျိုးသား

ကောင်းအား ကံကောင်း၍မဟုတ်၊ ဝီရိယတို့ အားထုတ်ခြင်းကြောင့် ရအပ်ကုန်သော ကံကိုမကိုးစားဘဲ လက်ရုံးအားဖြင့် ဆည်းပူးအပ်ကုန်သော ကံကိုမယုံ၊ ဝီရိယကိုပုံ၍ ချွေးဒီးဒီးယိုစီးအောင် ပြုလုပ်မှုရအပ်ကုန်သော တရားနှင့်ညီသော၊ တရားသဖြင့် ရကုန်သော စည်းစိမ်ဥစ္စာတို့ ရှိကုန်၏။ ထိုစည်းစိမ်ဥစ္စာတို့ကို "ငါ၏ ဤစည်းစိမ်ဥစ္စာတို့ကို မည်ကဲ့သို့ပြုလုပ်မှ မင်းတို့သည် မယူနိုင်၊ သူခိုး ဓားပြများ မခိုးမတိုက်နိုင်၊ မီးမလောင်နိုင်၊ ရေမမျောနိုင်၊ အမွေခံသားဆိုး သမီးဆိုးတို့ မယူနိုင်ကြဘဲရှိမည်နည်း"ဟု ကြံစည်စိတ်ကူး၍ စောင့်ရှောက်လုံခြုံစေခြင်းတို့နှင့် ပြည့်စုံစေ၏။

ဗျဂ္ဃပဇ္ဇ-ဤသည်ကိုပင် အစောင့်အရှောက်နှင့်ပြည့်စုံခြင်း "အာရက္ခသမ္ပဒါ" ဟု ခေါ်ဆိုပေသည်။

ဤဒေသနာတော်၏ အဓိပ္ပာယ်အတိုချုပ်မှာ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ အမွေခံသားဆိုးသမီးဆိုး ဟူသော ရန်သူမျိုးငါးပါးကြောင့် မိမိလက်ရှိ စီးပွားဥစ္စာရတနာများ မလျော့ပါး မပျက်ပြားရအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ဟောတော်မူလိုရင်း ဖြစ်ပေသည်။

**မင်းဘေးမှ ကာကွယ်စောင့်ရှောက်ပုံ။** ။ထိုတွင် မင်းဘေးမှ ကာကွယ်စောင့်ရှောက်ပုံကို ရှေးဦးစွာ ရှင်းလင်းပြပါမည်။ ဤ၌ မင်းဆိုသည်မှာ မင်းကောင်းမင်းဆိုး နှစ်မျိုးလုံးကိုပင် ဆိုလိုပေသည်။ တရားသဖြင့် စီမံအုပ်ချုပ်သည့် မင်းကောင်းမင်းမြတ်များပင် ဖြစ်

စေကာမူ ထိုသူတို့၏ ဘေးရန်ဟူသော ရာဇဝတ်ပြစ်ဒဏ် ကင်းလွတ်အောင်နေထိုင်ရမည်။ သတ်မှု၊ ခိုးမှု၊ လုမှု၊ တိုက်မှု၊ လောင်းကစားမှု၊ မတရားခေါင်းပုံဖြတ်မှု၊ အမြတ်ကြီးစားမှု၊ မှောင်ခိုရောင်းဝယ်မှု စသော ရာဇဝတ်ပြစ်မှု မကင်းသည့် အလုပ်တို့ကို မိမိကိုယ်တိုင် မပြုမိအောင် ရှောင်ရှားရမည်။ ထိုကဲ့သို့ ရာဇဝတ်ပြစ်မှုမကင်းသည့် အလုပ်တို့ကို လုပ်ကိုင်သူများနှင့်လည်း ကင်းရှင်းစွာ နေထိုင်ရမည်။ ငွေကုန်ကြေးကျများမှုကို ဖန်တီးတတ်သော အမွေလုမှု၊ တရားတွေ့မှု စသည်တို့ မဖြစ်အောင် သတိထားရမည်။

လယ်ယာကိုင်းကျွန်း လုပ်သူများဖြစ်လျှင် ထိုလယ်ယာကိုင်းကျွန်းအတွက် အစိုးရသို့ ပေးဆောင်ရမည့် အခွန်တော်ငွေ၊ အမတော်ငွေများကို အခြားကိစ္စများထက် ဂရုစိုက်၍ ရှာမှီးစုဆောင်းထားရမည်။ ကုန်သည်၊ ဈေးသည်၊ ကုန်ထုတ်လုပ်သူများဖြစ်လျှင် အမြတ်တော်ခွန်များကို မှန်မှန်ကန်ကန် ပေးဆောင်နိုင်ရန် အထူးအားထုတ်ရမည်။ အချင်းချင်းကြွေးမြီ ချေးငှား ဝယ်ယူကြသည့်အခါ၌လည်း "ခုရှုပ်မှ နောင်ရှင်း" ဆိုသကဲ့သို့ နောင်အရှုပ်အထွေး မရှိရအောင် တရားဝင်စာချုပ်စာတမ်း အသိသက်သေ အာမခံအပေါင်ခံ နိုင်လုံစွာ သေသေချာချာ ပြုလုပ်ရမည်။

အကယ်၍ အမှုမဲ့အမှတ်မဲ့ လုပ်မိသဖြင့် ပြဿနာတစ်စုံတစ်ရာ ပေါ်လာခဲ့လျှင် ရုံးသို့မသွားကြဘဲ မိမိတို့အချင်းချင်း အကောင်အတန် အနာခံကာ ဖြေရှင်းယူသော နည်းသည် အကောင်းဆုံးဖြစ်၏။ သည်းမခံနိုင်ကြသဖြင့် တရားရုံးသို့

ရောက်သွားလျှင် ပစ္စည်းတနိဖိုးလိုက်၍ တံဆိပ်တော် ခေါင်းကပ်ဖို့ ခေါင်းဖိုးပေးရ၊ ရှေ့နေငှားရ၊ သက်သေစရိတ်ပေးရ၊ ရုံးချိန်းခဏခဏသွားရသဖြင့် အလုပ်အကိုင်ပျက်ရ၊ ခရီးစရိတ်ကုန်ရ၊ လူပင်ပန်းရ၊ စသည်ဖြင့် နှစ်ဖက်လုံး ငွေကုန်လူပန်းဖြစ်ကာ အကျိုးဆိုးရှုံး ပျက်စီးကြရသည်။

အကယ်၍ အထက်ပါနည်းအတိုင်း ရာဇဝတ် ပြစ်ဒဏ်မှကင်းလွတ်အောင်မနေလျှင် မိမိတို့ နှစ်ရှည်လများ ပင်ပန်းကြီးစွာ ရှာမှီးစုဆောင်းထားသော စီးပွားဥစ္စာ ရတနာတို့သည် တစ်ခါတည်း ပျက်စီးပြုန်းတီးသွားရန်သာ ရှိပေသည်။ အချို့မှာ ဥစ္စာပစ္စည်း ပျက်စီးရုံသာမက အထက်ပါ ဆုံးရှုံးပျက်စီးခြင်းသို့ ရောက်ရသည်။ ဤသို့ မင်းကောင်းများ အုပ်စိုးချိန်၌ ဖြစ်စေ၊ မင်းဆိုးများ စီမံအုပ်ချုပ်နေချိန်၌ ဖြစ်စေ ရာဇဝတ်မင်းဘေး၊ မင်းဒဏ်မသင့်အောင် နေထိုင်ခြင်းသည် မင်းဘေးမှလုံခြုံအောင် ကာကွယ်စောင့်ရှောက်ခြင်းမည်ပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၃၊ အမှတ်-၁၃)

ခိုးသူ ခါးပြဘေးမှ ကာကွယ်စောင့်ရှောက်ပုံ။ ။ပစ္စည်းဥစ္စာ ရတနာဆိုသည်မှာ လူတိုင်း လိုချင်ကြသောအရာ ဖြစ်၏။ "မရှိတောင့်တ၊ ရှိကြောင့်ကြ" ဆိုသကဲ့သို့ မရှိစဉ်က ရှိလာအောင် တောင့်တကြ၏။ လိုလားကြ၏။ ရှိလာသည့်အခါ၌ကား "သူခိုးခိုးမလား၊ အနုကြမ်းစီးမလား၊ ခါးပြတိုက်မလား၊ ခါး

ပိုက်နှိုက်မလား၊ လုယူမလား” စသည်ဖြင့် အလှန် ကြောင့်ကြရ၏။ ထို့ကြောင့် မိမိတို့၏ ပစ္စည်းဥစ္စာ ရတနာများကို သူခိုးမခိုး၊ ဓားပြမတိုက်၊ မလုယူနိုင်ကြရန် ဖြစ်နိုင်သော နည်းလမ်းများဖြင့် စောင့်ရှောက်ကာကွယ်ကြရမည်။

မိမိတို့အိမ်တွင် မိမိတို့ သုံးစွဲစားသောက်ရုံမျှသာထား၍ ခေတ်အလိုက် လုံခြုံစိတ်ချရသည့် ဘဏ်များ၌ အပ်နှံထားရမည်။ သို့မဟုတ် သူခိုး ဓားပြတို့ မခိုးနိုင် မတိုက်နိုင်သော လယ်ယာကိုင်းကျွန်း ခြံဥယျာဉ်၊ အိမ်၊ လှေ၊ လှည်း-စသည့် ထာဝရပစ္စည်းတို့ကို ဝယ်ထားရမည်။ အိမ်ရှိ ပစ္စည်းများကိုလည်း လုံခြုံသည့်နေရာတွင် လုံခြုံသည့် သေတ္တာ စသည်တို့၌ ထည့်ထားရမည်။ အိမ်ကိုလည်း လုံခြုံခိုင်ခံ့စွာ ဆောက်လုပ်ရမည်။

မြတ်စွာဘုရားက “သင်တို့ ဥစ္စာပစ္စည်းများကို ထားချင်သလိုထားကြ၊ ကံကောင်းရင် လုံခြုံလိမ့်မယ်” ဟု ဟောတော်မမူခဲ့။ “ခိုးသား၊ ဓားပြတို့ မယူနိုင်အောင် ဉာဏ်ထုတ်၍ စောင့်ရှောက်ရမယ်” ဟုသာ ဟောတော်မူ၏။ ထို့ကြောင့် သူခိုးခိုးမခံရ၊ ဓားပြတိုက်မခံရ၊ ခါးပိုက်နှိုက်မခံရ၊ ရွှေလိမ်၊ အဂ္ဂိရတ်လိမ်၊ ဖဲလိမ် စသည့် အလိမ်မျိုးစုံတို့ မခံရအောင် ကြံဆောင် သိမ်းဆည်းထားရမည်။

ရွှေလိမ်၊ အဂ္ဂိရတ်လိမ် စသည်တို့ ခံရသော သူတို့မှာ သူတစ်ပါး ပစ္စည်းဥစ္စာများကို မတရားလိုချင်သည့် ဝိသမလောဘသမားတို့သာ များပေသည်။ ထို့ကြောင့် သူတစ်ပါး ဥစ္စာပစ္စည်းတို့ကို အလွယ်တကူနဲ့ မတော်မတရား မလို

ချင်မိအောင် အထူး သတိဆောင်ကြရမည်။ ယင်းသို့ သတိထား၍ လောဘတရားကို သိမ်းဆည်းသောသူတို့အား မည်သည့် ရွှေလိမ်၊ အင်္ဂရိတ်လိမ်မျိုးကိုမှ ခံရမည်မဟုတ်ပါချေ။

ဤနေရာ၌ အထူးသတိပြု စဉ်းစားရန်မှာ မိမိနှင့် တစ်ခါတစ်ရံမျှသာ တွေ့ကြုံဖူးသော လူတစ်ယောက်က မိမိ အကျိုးစီးပွားကို ရှက်ဆောင်လိုသည်ဟု ပြောလာသောအခါ မယုံကြည်မိအောင် သတိဆောင်ရမည်။ သူ့အပေါ်၌ မိမိက တစ်စုံတစ်ခု ကျေးဇူးမပြုဖူးပါဘဲလျက် မိမိအား ကျေးဇူးပြုလိုသည်–ဟု ဆိုလျှင် စင်စစ် ထိုသူသည် မိမိထံမှ တစ်စုံတစ်ခုကို ရယူလိုသောကြောင့်သာ ဖြစ်ပေမည်ဟု ဆင်ခြင်စဉ်းစား သတိထားရမည်။

ဖော်ပြပါ နည်းလမ်းများအတိုင်း မိမိတို့ ပစ္စည်းတို့ကို ရောင်းချသောအခါ၌ဖြစ်စေ၊ သူတစ်ပါး ပစ္စည်းကို ဝယ်ယူသောအခါ၌ဖြစ်စေ၊ မိမိကလည်း သူတစ်ပါး အပေါ်၌ လိမ်၍မယူမိအောင်၊ သူတစ်ပါးကလည်း မိမိအပေါ်၌ လိမ်မယူနိုင်အောင် အထူး ဂရုစိုက်ရမည်။ အာမခံကို လုံလောက်အောင် တောင်းသောနည်းသည် မလိမ်နိုင်အောင် လုပ်သောနည်းတို့တွင် အကောင်းဆုံးသောနည်း ဖြစ်၏။

နိုင်ငံခြားသားများသည် ဤနည်းကိုအထူးအသုံးပြုကြ၏။ သူတို့သည် မိုင်ပေါင်း(၇)ထောင်၊(၈)ထောင်ကွာခြားသော နေရာကနေ၍ ရောင်းဝယ်ဖောက်ကားခြင်းကို ပြုနိုင်ကြသဖြင့် အလွန်ကြီးပွားတိုးတက်ကြသည်။

ထို့ကြောင့် မိမိတို့ဥစ္စာပစ္စည်းကို သူခိုးခိုးခံရသောအခါ ခါးပိုက်နှိုက်ခံရသောအခါ၊ အလေးခိုး၊ တင်းခိုး၊ ချိန်ခိုးခံရသောအခါစသည်တို့၌ "ငါကံမကောင်းလို့ ဖြစ်ရတယ်"ဟု သဘောမထားကြဘဲ "ငါ့ရဲ့ သတိ ဝီရိယ ပေါ့လျော့ခြင်း၊ ပျင်းရိထိုင်းမှိုင်းခြင်း၊ အထားအသိုမလိမ္မာခြင်း၊ ပါးရည်နပ်ရည် မရှိခြင်း စသည်တို့ကြောင့်သာ ဖြစ်ရသည်။ နောင်ဤကဲ့သို့မဖြစ်အောင် အထူးဂရုစိုက်ရမည်"ဟု နှလုံးသွင်းကာ သူတစ်ပါးမခိုးနိုင်၊ မတိုက်နိုင်၊ မနှိုက်နိုင်၊ မလုနိုင်အောင် မိမိတို့ပစ္စည်းဥစ္စာတို့ကို လုံခြုံစွာ စောင့်ရှောက်ကြရမည်။

**မီးဘေးမှကာကွယ်ရပုံ။** ။မီးကို ရန်သူဟု ဘုရားရှင် ဟောတော်မူခြင်းမှာ မီးကိုအသုံးမချတတ်သူ၊ မထိမ်မြင် ပြုတတ်သူတို့ကို ရည်ရွယ်၍ ဟောတော်မူခြင်း ဖြစ်ပါသည်။ မီးဆိုသည်မှာ အသုံးချတတ်လျှင် အကူအညီ အမျိုးမျိုးကို ပေးစွမ်းနိုင်သော မိတ်ဆွေစစ် မိတ်ဆွေကောင်းကြီး ဖြစ်သကဲ့သို့ အသုံးမချတတ်ပါက အသက်ခန္ဓာ စည်းစိမ်ဥစ္စာ အိုးအိမ်အဆောက်အအုံပေါင်း မြောက်မြားစွာကိုပင် ပျက်စီးဆုံးရှုံးစေနိုင်သော ရန်သူကြီး ဖြစ်၏။

မီးကား အလင်းရောင်ရရှိခြင်း၊ အစားအသောက်များကို ချက်ပြုတ်ရခြင်း၊ အအေးဒဏ်၊ အချမ်းဒဏ်ကို ဖယ်ရှားနိုင်ခြင်း၊ မီးရထား၊ မီးသင်္ဘော၊ မော်တော်ကား၊ လေယာဉ်ပျံစသော စက်ဘက်ဆိုင်ရာတို့၌ မီးကို မခေါနအနေဖြင့် အသုံးပြု

ရခြင်း စသည်ဖြင့် လူ့လောကတွင် အသုံးချတတ်ပါက အသုံးချတတ်သလို များစွာ အသုံးဝင် ကျေးဇူးများလှပေသည်။

သို့သော် အသုံးမချတတ်ပါက တစ်ရွာလုံး၊ တစ်မြို့လုံး၊ သက်ရှိသက်မဲ့ ဘာမျှချန်မထားဘဲ လောင်စာရှိသမျှ ပြာကျအောင် လောင်ကျွမ်းတတ်ပေရာ အလွန်ကြောက်စရာကောင်းသည့် ရန်သူကြီးဖြစ်၏။ ဗုဒ္ဓရှင်တော်ဘုရားကလည်း "မီး၊ သမုဒ္ဒရာ၊ အလွန်အလိုလောဘကြီးသူ" တို့သည် မရောင့်ရဲ မတင်းတိမ်နိုင်သည့် အရာသုံးမျိုးတို့ ဖြစ်ကြသည်"ဟု ဟောထားရာ မီးသည် ကောင်းကျိုးကို ပေးစွမ်းနိုင်သည်နှင့်အမျှ ဆိုးကျိုးကိုလည်း ဖန်တီးနိုင်စွမ်းရှိသည်ကို ထာဝစဉ် သတိပြုရမည်။ ထို့ကြောင့် ရှေးမြန်မာကြီးများက "သူခိုးခိုးလျှင် တစ်ချို့တစ်ဝက်သာပါသည်။ မီးခိုးပါက တစ်အိမ်လုံးပြောင်သည်" ဆိုထုံးပြုခဲ့ကြသည် မဟုတ်ပါလော။

မီးသည် ဆိုးကျိုးပေးရာ၌ မထိမဲ့မြင်ပြုသူ၊ မလေးစားသူ တစ်ဦးတစ်ယောက်ကိုသာ ပေးသည်မဟုတ်၊ တစ်ရပ်ကွက်လုံး တစ်ရွာလုံး စသည်ဖြင့် အများစုကို ဆိုးကျိုးပေးလေ့ရှိရာ "မီးဘေးရှောင်၊ မလောင်ခင်ကတား" ဆိုသည်နှင့် အညီ မီးဘေးမဖြစ်အောင် မလောင်မီက ကြိုတင်ကာကွယ်ကြရမည်။ ချက်ပြုတ်ခြင်း ကိစ္စ လုံး၁ ပြီးစီးသွားသည့်အခါတိုင်း မီးကြွင်းမီးကျန်များကို ငြိမ်းသတ်ပစ်ရမည်။ မီးလောင်စေတတ်သည့် ကိရိယာတန်ဆာပလာတို့ကို အထူး ဂရုစိုက်၍ ကိုင်တွယ်ရမည်။ အယုတ်ဆုံးအားဖြင့် ဘုရားမီးပူဇော်ရာ၌ပင် ဖယောင်းတိုင်ဖြင့် ပူဇော်မည့်အစား လျှပ်စစ်မီးများဖြင့်

ပူဇော်ခြင်းသည် ဘေးရန် အကင်းဆုံးဖြစ်၏။ ဖယောင်းတိုင်ဖြင့် ပူဇော်လျှင်လည်း မီးလောင်တတ်သည့်အရာများအပေါ်တင်၍ မပူဇော်ဘဲ ဖယောင်းတိုင် ခိုင်မခိုင်ကိုလည်း ဂရုစိုက်ရမည်။

ဤနေရာ၌ မီးရန်သူကို အကောင်းဆုံး ကာကွယ်နည်းကား မီးအာမခံကုမ္ပဏီ၌ မီးပေါင်ပေးထားသောနည်း ဖြစ်၏။ ဤနည်းဖြင့်ပြုလုပ်ထားပါက မီးလောင်ပျက်စီးသွားခဲ့သော် ပျက်စီးသွားသောပစ္စည်းဥစ္စာများအတွက် မီးအာမခံကုမ္ပဏီထံမှ လျော်ကြေးငွေများ ရရှိပေမည်။ အကယ်၍ မီးပေါင်မထားနိုင်လျှင် မီးခံသေတ္တာထဲတွင် ထည့်ထားခြင်း၊ အိမ်အောက်တွင် မြေတိုက်ပြုလုပ်၍ ထားခြင်း၊ သွတ်၊ သံ၊ အုတ်၊ ကျောက် စသော မီးမလောင်နိုင်သည့် အရာဝတ္ထုတို့ဖြင့် ပြုလုပ်ထားခြင်း၊ အကယ်၍မီးလောင်လာခဲ့သော် မီးကို အလွယ်တကူ ငြိမ်းသတ်နိုင်သော ကိရိယာတန်ဆာတို့ကို အလွယ်တကူထားရှိခြင်း စသည့် နည်းမျိုးစုံတို့ဖြင့် မီးဘေးမဖြစ်ပေါ်အောင် ကာကွယ်စောင့်ရှောက်ရမည်။

ဤသို့အားဖြင့် ရှေးကံကိုသာ အားကိုးအားထား မပြုကြမူ၍ ဘုရားဟောဒေသနာတော်လာသည့်အတိုင်းတတ်နိုင်သမျှကြိုးစား၍ မီးဘေးမဖြစ်အောင် အားထုတ်စောင့်ရှောက်ကြရမည်။

ရေဘေးမှကာကွယ်ရပုံ။ ။ရေသည် မီးကဲ့သို့ပင် သတ္တဝါများအဖို့ လွန်စွာကျေးဇူးများလှ

၏။ ''ထမင်းအသက် ၇-ရက်၊ ရေအသက် တစ်နံနက် ''ဆိုရိုး စကားကဲ့သို့ သက်ရှိသတ္တဝါတို့၏ အသက်သခင် ကျေးဇူးရှင် လည်း ဖြစ်၏။ ရေဖြင့် အညစ်အကြေးတို့ကို သုတ်သင်ဆေး ကြောနိုင်၏။ အပူကို ပယ်ဖျောက်နိုင်၏။ သယ်ယာဥပျော်၌ စိုက်ပျိုးနိုင်၏။ မော်တော်ကား၊ မီးသင်္ဘော၊ မီးရထား၊ စက်ရုံစသည်တို့ကား ရေမရှိလျှင် မသွားနိုင် မလည်ပတ်နိုင် ချေ။ ယနေ့ ရေမရှိလျှင် ယနေ့ပင် သတ္တဝါများ သေကုန်ကြ မည် ဖြစ်၏။ ထိုမျှအသုံးဝင် ကျေးဇူးများလှသည့်ရေသည်ပင် မထိန်းသိမ်းစားပြုပါက ကြီးမားသောဘေးရန်ကို ဖန်တီးတတ် ပေသည်။ ကမ္ဘာတွင် ရေကြောင့် ပျက်စီးမှုကား များလှ၏။ ရေမလုံလောက်သဖြင့် တော်မွတ်ခြင်း ဖြစ်ကြရသည်ထက် ရေ လွှမ်းမိုးသဖြင့် သေကျေပျက်စီးကြသည်က ပို၍များပေသည်။

ရေလမ်းခရီးဖြင့် အသက်မွေးကြသည့်လှေပိုင်ရှင်, သင်္ဘော ပိုင်ရှင် စသူတို့သည် မိမိတို့၏လှေ, တုံကင်း, သမ္ဗန်၊ သင်္ဘော စသည်တို့ ပျက်စီးသွားသော်လည်း မဆုံးရှုံးနိုင်ကြစေရန် နိုင်ငံတော်အစိုးရ အာမခံဌာနများ၌ အာမခံထားကြရမည်။ ဤနည်းကား ရေဘေးကို ကာကွယ်ရာ၌ အကောင်းဆုံးနည်း ဖြစ်သည်။

ထိုနည်းဖြင့် မကာကွယ်နိုင်သော သူတို့သည် မိမိတို့၏လှေ၊ သမ္ဗန်၊ တုံကင်း၊ သင်္ဘောတို့ကို လှိုင်းပုတ်၍ဖြစ်စေ၊ သောင်တင် ၍ဖြစ်စေမပျက်စီးနိုင်ရန် မကြာခဏကြည့်ရှုပြင်ဆင်ကြရမည်။ မိုးလေဝသဌာနမှ အထူးသတင်းကြေညာချက်ကို အထူးဂရု

စိုက်နားထောင်ရမည့်အပြင် မိမိတို့ရှေးရိုးစဉ်လာ မိုးလေဝသ အကဲခတ်နည်းတို့ဖြင့်လည်း အထူး အကဲခတ်လေ့လာရမည်။ လှိုင်းလေကြီး၍ စိတ်ချရပုံမပေါ်သောအခါ မိမိတို့၏ လုပ်သားတို့ကို အသွားအလာမပြုစေဘဲ လှိုင်းလေငြိမ်သက်သည့် အခါမှသာ သွားလာစေရမည်။

စည်းတိမ် သောင်တိမ်ရှိသော အရပ်သို့ သွားသောအခါ၌လည်း အမှုမဲ့အမှတ်မဲ့ မသွားဘဲ ရေကိုစမ်းလျက် တဖြည်းဖြည်း သွားရမည်။ အကြင်အခါ၌ လှိုင်းလေ စည်းတိမ် သောင်တိမ်ကြောင့် ဖြစ်စေ၊ နွံကျ၍ဖြစ်စေ၊ မှောင်၍ဖြစ်စေ၊ ရေလမ်းခရီးအတွက် စိုးရိမ်ရပုံပေါ်၏။ ထိုအခါ မသွားမလာဘဲ ရေဘေးမှ ကင်းဝေးအောင် ရှောင်ကြဉ်ရမည်။

ထို့ပြင် ရေစိုသဖြင့် ပျက်စီးတတ်သော ဆန်၊ စပါး၊ သကြား၊ ထန်းလျက်၊ ဆား၊ အထည်အလိပ်၊ စားဖွယ် သောက်ဖွယ်၊ ဆေး၊ ကွမ်းသီး၊ ငြုတ်သီး၊ ကြက်သွန်-စသည့် ထိုထို ဝတ္ထုပစ္စည်းတို့ကို ရေမစို ရေမထိရအောင် အထူး ကာကွယ် စောင့်ရှောက်ရမည်။ ရေကြီးတတ်သော အရပ်၌ နေရသူဖြစ်အံ့၊ အိမ်-စသော အဆောက်အဦတို့ကို အကြီးဆုံး အမြင့်ဆုံးတက်တတ်သော ရေအောက် မြင့်၍ ဆောက်လုပ်ရမည်။ လယ်သမားဖြစ်လျှင် မိမိ လယ်ကို ရေကြီးသောအခါ ရေမလွှမ်းမိုးနိုင်ရန် တမံဆည်ခြင်း၊ များသော ရေတို့ကို ဖောက်ထုတ်နိုင်အောင် ရေမြောင်းတူးခြင်း စသည်တို့ကို ပြုလုပ်သောအားဖြင့် ရေဘေးမှ ကင်းအောင် ကာကွယ်ရမည်။

ရေကြောင့် ပျက်စီးခြင်းကား ရေလွှမ်းမိုး၍ ပျက်စီးခြင်း၊ ရေမလုံလောက်၍ (ဝါ) ရေမရှိ၍ ပျက်စီးခြင်း-ဟူ၍ နှစ်မျိုးရှိရာတွင် ရေလွှမ်းမိုး၍ မပျက်စီးနိုင်အောင် ရေကာတာကြီးများ တည်ဆောက်ခြင်း၊ တူးမြောင်းတူးခြင်း၊ ရေ အာမခံထားခြင်းဖြင့် ကာကွယ်နိုင်ပေသည်။ မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်ရိုးတစ်လျှောက်၌ ရေကာတာ တမံ တာရိုးကြီးတို့ဖြင့် ခိုင်ခံ့စွာ တားဆီးထားရာ ရေလွှမ်းမိုးမှုကြောင့် လယ်မလုပ်နိုင်သော အရပ်ဒေသများ၌ လယ်ကေ သိန်းသန်း ချီ၍ လုပ်ကိုင်လာနိုင်ကြသည်မှာ လက်တွေ့ အကျိုးတရားပင် ဖြစ်သည်။

လယ်ယာတို့တွင် ရေမလုံလောက်ရာ၌ တူးမြောင်းဖောက်သွယ်၍ပေးခြင်း၊ သောက်ရေ သုံးရေ မလုံလောက်ရာ၌ ရေတွင်း၊ ရေကန် တူးပေးခြင်း၊ အဝီစိတွင်း တူးပေးခြင်း-စသည်တို့ဖြင့် ကာကွယ်စောင့်ရှောက်နိုင်ပေသည်။ ကံကိုချည်းအားမကိုးရ၊ "လူမတန်၊ ကံကိုချ" ဆိုသကဲ့သို့ ကံကို အဆိုးမချသင့်ကြချေ။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၃၊ အမှတ်-၁၄)

အမွေခံ သားဆိုး သမီးဆိုးဘေးမှ ကာကွယ်ပုံ။ ။သားဆိုး သမီးဆိုး

ဆိုသည်မှာ မိဘ ဆရာသမား- စသူတို့၏ ဆုံးမစကားကို မနာခံဘဲ တော်လှန်နေသူများနှင့် မိမိကိုယ်တိုင် အရက်သေစာ သောက်စားခြင်း၊ မူးယစ်ဆေးဝါးများ သုံးစွဲခြင်း၊

အလေ့အစားများခြင်း၊ မိန်းမလိုက်စားခြင်း၊ ပွဲလမ်းသဘင် အပျော်အရှင် လိုက်စားခြင်း၊ အပေါင်းအသင်း၌ ပျော်မွေ့ခြင်းစသည့် ပျက်စီးဆုတ်ယုတ်ကြောင်းအလုပ်တို့၌ ပျော်မွေ့ပြီး မိမိကဲ့သို့ အပျော်အပါး၌သာ နစ်မွန်းနေသူများနှင့် ပေါင်းသင်းဆက်ဆံသူများ ဖြစ်သည်။

ထိုသို့ မူးရူးသောက်စား ပျော်ပါး လေလွင့်နေသည့် သားဆိုးသားမိုက်တို့သည် မိဘတို့ ပစ္စည်းဥစ္စာ ပျက်စီးဆုတ်ယုတ်သွားမည်ကိုလည်း နားမလည်၊ မိမိတို့ ပျော်ပါးရလျှင်ပြီးရော သဘောထားကာ မိဘတို့အိမ်တွင် ရှိသမျှသော ရွှေငွေ ပစ္စည်းတို့ကို တိတ်တဆိတ် ခိုးယူဖြုန်းတီးပစ်တတ်ကြသည်။ ထိုကဲ့သို့သော သားဆိုးသားမိုက်တို့ကို တိတ်တဆိတ် မယူနိုင်အောင် မိမိတို့ ဥစ္စာပစ္စည်းများကို လုံခြုံစွာထားရမည်။ ထို သားဆိုးသားမိုက်တို့ကို အိမ်တွင် အကြီးအမှူးအဖြစ် လွှဲအပ်ခြင်းမပြုမိအောင် သတိထား၍ သားဆိုးသားမိုက်တို့၏ ဘေးရန်မှ ကင်းလွတ်အောင် စောင့်ရှောက်ရမည်။

ထို့ပြင် အလွန်ဆိုးမိုက်သည့် သားသမီးတို့ကို ပထမတွင် ကျိုးကြောင်းပြနည်းဖြင့် တရားသဖြင့် ပြောဆိုဆုံးမရမည်။ ထိုနည်းနှင့်မရလျှင် ကြိမ်ဖြင့် ရိုက်နှက်၍ဖြစ်စေ၊ ရဲဌာနတိုင်တန်း၍ ချုပ်နှောင်ထားစေခြင်းဖြစ်စေ၊ အကြမ်းနည်းသုံး၍ ဆုံးမရမည်။ ထို အနုနည်း အကြမ်းနည်း နှစ်မျိုးလုံးဖြင့် ဆုံးမ၍မရသော် ''ကိုယ်မချိက အမိသော်လဲ သားတော်ခဲ'' ဆိုဘိသကဲ့သို့ အမွေပြတ် ကြေညာ၍ သားသမီးအရာမှ ထုတ်ပယ်လိုက်ရမည်။ ဤသို့အားဖြင့် သားဆိုး သမီးဆိုးတို့

၏ ဘေးရန်မှ ကင်းလွတ်အောင် စောင့်ရှောက်ရသည်။

မိမိတို့ အသက်အရွယ် အိုမင်းလာသည့် အချိန်အထိ မလိမ္မာသေးဘဲ မိုက်မြဲ မိုက်နေသေးလျှင် "တောင်းဆိုး ပလုံးဆိုးတို့ကိုသာ ပစ်ရိုးရှိသည်။ သားဆိုး သမီးဆိုးတို့ကို ပစ်ရိုးမရှိ" ဆိုသကဲ့သို့ မိမိတို့၏ ဥစ္စာပစ္စည်းတို့ကို ဘဏ္ဍာ အပ်နှံပြီးလျှင် သားဆိုး သမီးဆိုးတို့အား အတိုးအညွန့်တို့ကို သာ လစဉ် ပေးအပ်ဖို့ရန် ယုံကြည်စိတ်ချရသူများအား စာ ချုပ်ဖြင့် လွှဲထားခဲ့ရမည်။

သားဆိုး သမီးဆိုးတို့ ဖြစ်လာရခြင်းသည် "သားသမီး မကောင်း မိဘခေါင်း" ဆိုဘိသကဲ့သို့ အများအားဖြင့် မိဘ ဘိုးဘွားတို့ တာဝန်မကျေကြသောကြောင့် ဖြစ်သည်။ အချို့ မိဘဘိုးဘွားများမှ သားသမီး မြေးမြစ်တို့ကို မပြောရက်၊ မဆိုရက်၊ မဆုံးမရက်သဖြင့် အစစအရာရာ၌ အလိုလိုက်ထား လေ့ရှိကြသည်။ အချို့မှာ သားသမီးတို့ကို ဆုံးမချိန်မရ အောင် မိသားစု စားဝတ်နေရေးကို လုံးပမ်းနေရသဖြင့် မဆုံးမဘဲ လျစ်လျူရှုထားတတ်ကြသည်။ အချို့မိဘများမှာမူ ဆုံးမချိန်ရသော်လည်း သားသမီးတို့ကို ဆုံးမလေ့မရှိဘဲ အမှုမဲ့အမှတ်မဲ့နေကာ ဥပေက္ခာပြုထားလေ့ရှိကြသည်။

မည်သို့ပင်ဖြစ်စေ "မကောင်းမြစ်တာ၊ ကောင်းရာညွှန် လတ်" စသော မိဘတို့ ဝတ္တရားနှင့်အညီ သားသမီးတို့ကို ဆုံးမလမ်းညွှန် သွန်သင်မှု မပြုသော မိဘတို့သည် "သားကို ငယ်က၊ မဆုံးမက၊ မိဘတလည်၊ ရန်သူမည်၏" ဆိုသကဲ့သို့

သားသမီးတို့၏ ရန်သူကြီးပင် ဖြစ်ပေသည်။ နောက်ဆုံးတွင် မိဘရော သားသမီးများပါ ဒုက္ခကြီးစွာ ရောက်ကြရလေသည်။

သားကောင်း သမီးကောင်းဖြစ်လာရန် ပြုစုပျိုးထောင်ရေးကား "တိမ်မရောင်နှင့်နက်၊ လွယ်မရောင်နှင့်ခက်" သည့်အရာ ဖြစ်၏။ ယခုကဲ့သို့ ဝိပတ္တိခေတ်မျိုး၌ကား ပို၍ခက်လှပေသည်။ ခက်သည်ဆိုပြီး မပြုစု မပျိုးထောင်ဘဲနေ၍ရသည့်အရာမျိုးမဟုတ်၊ မိဘတိုင်း၌ သားကောင်း သမီးကောင်းများ ဖြစ်လာရန် ပြုစုပျိုးထောင်ပေးဖို့ တာဝန်ရှိပေသည်။ ပြုစုပျိုးထောင်ပုံ ပျိုးထောင်နည်း၊ ကိုင်တွယ်ပုံ ကိုင်တွယ်နည်းမှန်လျှင် မိမိ လိုချင်သလို ဖြစ်လာနိုင်ပါသည်။ လိမ္မာပါးနပ်စွာ ကိုင်တွယ်တတ်ပါက အသိဉာဏ်နည်းပါးလှသည့် တောတိရစ္ဆာန်ရိုင်းများပင် ယဉ်ကျေး လိမ္မာလာသည် မဟုတ်ပါလော။

အချို့ မိဘတို့သည် သားသမီးတို့ကို ကလေးအရွယ်တွင် အလိုလိုက်ထားကြပြီး အရွယ်ရောက်လာမှ ဆုံးမသွန်သင်ပဲ့ပြင်ကြသည်။ ဤနည်းသည် "အလာကောင်းသော်လည်း အခါနှောင်းခဲ့ပြီ" ဆိုသကဲ့သို့ အချိန်လွန်မှ ဆုံးမသွန်သင်သောနည်းဖြစ်၍ မှန်ကန် အကျိုးရှိသောနည်း မဟုတ်ချေ။ ထို မိဘများကား မာကျောနေပြီဖြစ်၍ လိုသလို ဆွဲယူပြုပြင်၍ မရတော့သော ဖယောင်းရုပ်ကို လိုသလို ပြုပြင်ကြသောသူများနှင့် တူလှပေသည်။

ထို့ကြောင့် မိမိတို့ ရင်သွေးများကို တကယ် ချစ်၍ တကယ် ကောင်းစားလိုပါက ငယ်စဉ်ကာလ၊ ကလေးဘဝ ကပင် စတင်၍ စည်းသေ မျဉ်းသေဖြစ်အောင် အမြဲတစေ လမ်းညွှန် သွန်သင် ပဲ့ပြင်ဆုံးမရမည်။ ဥပမာ–သစ်ပင် ပန်းပင် စိုက်ပျိုးသော ဥယျာဉ်မှူးသည် သစ်ပင်ငယ်၊ ပန်းပင်ငယ်ကလေးများကို နေ့စဉ် အကဲခတ် လေ့လာကြည့်ရှု၍ ရေလောင်းခြင်း၊ ပေါင်းသင်ခြင်း–စသည်တို့ဖြင့် နေ့စဉ် ဂရုစိုက် ပြုပြင်နေရသကဲ့သို့ သားငယ် သမီးငယ်တို့၏ အခြေအနေကိုလည်း ပန်းပင်ငယ်များပမာ နေ့စဉ် အကဲခတ် လေ့လာ၍ လိုသလို ထိန်းသိမ်း ပြုပြင်ပေးနေရမည်။

ကလေးအရွယ်ကား ပျော့ပျောင်းနေသည့် ဖယောင်းရုပ်ပမာ လိုသလို ပုံသွန်း၍ရသောအရွယ် ဖြစ်သည်။ ထိုအရွယ်တွင် ကောင်းသော အကျင့်စာရိတ္တ၊ ကောင်းသောအမူအရာ၊ ဝါသနာ အလေ့အကျင့်များရှိအောင် ပြုပြင် ဖန်တီးပေးရမည်။ စကား နားလည်နိုင်လောက်သည့် အရွယ်မှစ၍ ကျောင်းမထားမီ အချိန်အတွင်းမှာပင် လိမ်ညာပြောတတ်သည့်အလေ့၊ ဆဲရေးတိုင်းထွာတတ်သည့်အလေ့၊ ကြောက်တတ်သည့်အလေ့များ မစွဲကပ်ရန် ထိန်းသိမ်း ပြုစုပျိုးထောင်ပေးရမည်။ တစ်ချိန်တည်းမှာပင် စကားမှန်မှန် ပြောဆိုတတ်ရန်၊ သူ့အသက်ကို မညှဉ်းဆဲ မသတ်ဖြတ်တတ်ရန်၊ သူ့ဥစ္စာကို မခိုးယူတတ်ရန်၊ ပြောရဲဆိုရဲသည့် သတ္တိရှိရန်၊ လူကြီးမိဘများကို ရိုသေလေးစားတတ်ရန်၊ အချိန်မှန် ဘုရားရှိခိုးတတ်ရန်၊ ကိုယ်အမူအရာနှင့် နှုတ်အပြောအဆို တို့၌

ယဉ်ယဉ်ကျေးကျေးဖြစ်ရန် အမြဲ သွန်သင်ပေးရမည်။ လေ့ကျင့်ပေးရမည်။

ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်များနှင့် မိဘ ဆရာသမားတို့၏ ဂုဏ်ကျေးဇူးများကို ပုံဝတ္ထုများဖြင့် သင်ကြားပေးရမည်။ အိပ်ရာဝင် အိပ်ရာထ အနန္တောအနန္တ ငါးပါးတို့ကို ရှိခိုးရခြင်း-စသော အလေ့အကျင့်ကောင်းများကို လုပ်ပေးရမည်။ မိဘစကားကို နားမထောင်သဖြင့် ဒုက္ခရောက်ရသည့် ပုံဝတ္ထု၊ လုံ့လကြိုးကုတ် အားထုတ်သဖြင့် အခက်အခဲမှ လွတ်မြောက်သွားသည့် ပုံဝတ္ထု၊ ဆရာ မိဘစသူတို့၏ ဆုံးမစကားကို နားထောင်သဖြင့် ကြီးပွားတိုးတက်သည့် ပုံဝတ္ထု၊ ကိုယ့်အားကိုယ်ကိုးသဖြင့် အထွတ်အထိပ်သို့ရောက်သည့် ပုံဝတ္ထုများနှင့် မှတ်သားဖွယ်ကောင်းသည့် ဇာတ်နိပါတ် ဗုဒ္ဓဝင်တို့ကို အရွယ်နှင့်တန်ရုံ ပြောကြားပေးရမည်။ ရေသာခိုလိုစိတ်၊ ပေါ့ပေါ့တန်တန် နေလိုစိတ်များ မဝင်စေဘဲ မိမိကိုယ်ကို မိမိ အားကိုးလိုစိတ်များရှိအောင် လေ့ကျင့်ပေးရမည်။

ကျောင်းထားချိန်၌လည်း အချိန်မဲ့အခါမဲ့၊ စည်းမရှိ၊ ကမ်းမရှိ မဖြစ်စေဘဲ စနစ်ကျကျ သွားလာစားသောက်တတ်ဖို့ရန် သွန်သင်ဆုံးမရမည်။ ပိုက်ဆံကိုမပေးဘဲ မုန့်ပဲသရေစာ အစားအသောက်တို့ကို မိဘတို့ ကိုယ်တိုင် ဝယ်ပေးလိုက်ရမည်။ အင်္ကျီ၊ ပုဆိုး၊ ထမီ၊ ဖိနပ်၊ စာအုပ်၊ ခဲတံ စသည်တို့ကိုလည်း အရွယ်နှင့်တန်ရုံ မိဘတို့က ဝယ်ပေးရမည်။ သူတို့

သဘောအတိုင်း ဝယ်စားခြင်း၊ ဝယ်ဝတ်ခြင်း စသည်တို့ကို ပြုခွင့်ရအောင် ပိုက်ဆံကို သူတို့အား မအပ်လိုက်သင့်ပေ။

အကယ်၍ တတ်နိုင်ပါက ကျောင်းအပ်သည့်အခါ အကျင့်သိလင့်၍ အသင်အပြ အဆုံးအမကောင်းသည့်အပြင် စည်းစနစ်ကောင်းသော ဆရာထံ အပ်နှံရမည်။ ဆရာထံ အပ်နှံပြီးလျှင် မိဘတာဝန်မရှိတော့ဟု ပစ်မထားရ။ စာကြိုးစားရဲ့လား၊ အနေအထိုင် အကျင့်စာရိတ္တ ကောင်းရဲ့လား၊ အပေါင်းအသင်း ပတ်ဝန်းကျင် ကောင်းရဲ့လား စသည်တို့ကို ရံဖန်ရံခါ စုံစမ်းရမည်။ မကောင်းလျှင် အတန်းပိုင်ဆရာနှင့် တိုင်ပင်၍ အမြန်ကောင်းအောင် သုံးမပြုပြင်ပေးရမည်။ မိမိ၏ သားသမီးများ မူးယစ်ဆေးဝါး များကို သောက်စား ထိုးသွင်းခြင်း၊ လောင်းကစားခြင်း-စသည့် မကောင်းမှုများကို မပြုလုပ်မိအောင် အထူး စောင့်ရှောက်ထိန်းသိမ်းရမည်။ သတ္တဝါတို့၏ စိတ်သည် မကောင်းမှုမှာ ပျော်မွေ့တတ်သည်-ဟူသော မြတ်စွာဘုရား၏ ဟောကြားချက်ကို အထူး သတိပြု၍ ကျောင်းသား အရွယ်ကပင် မကောင်းမှုဘက် မရောက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်။

အကယ်၍ အကြောင်းမညီညွတ်သဖြင့် ရပ်ဝေးသို့ ပို့ထားရလျှင်လည်း မိမိသားသမီး၏ အခြေအနေကို လိုက်၍ ငွေအပ်သင့်မှ အပ်လိုက်ရမည်။ မအပ်သင့်ပါက ယုံကြည်စိတ်ချလောက်သည့် မိတ်ဆွေထံဖြစ်စေ၊ ကျောင်းဆရာထံဖြစ်စေ၊ အပ်နှံထားပြီးမှ တစ်ဆင့် သုံးစွဲစေသင့်သည်။

ပိုက်ဆံကြေးငွေကိုလည်း တောင်းတိုင်း မပေးဘဲ ဆင်ခြင်စဉ်းစား စုံစမ်းမေးမြန်း၍ ပေးသင့်မှ ပေးရာ၏။ အကယ်၍ စာမကြိုးစားဘဲ လည်ပတ်နေသည်ကိုသိလျှင် ချက်ချင်း ပြန်ခေါ်ရမည်။ ဤသို့-စသည်ဖြင့် သားဆိုး သမီးဆိုးတို့ ဘေးမှ ကင်းလွတ်အောင် စောင့်ရှောက်ရာ၏။

ဤနေရာတွင် မိဘတိုင်း သတိပြုသင့်သော အချက်များမှာ–ကလေး၏ ဗီဇနှင့် ပတ်ဝန်းကျင်ဖြစ်သည်။ ဤ ဗီဇနှင့် ပတ်ဝန်းကျင်တို့သည် သားသမီးတို့ ဆိုးမှု ကောင်းမှုတွင် အရေးကြီးဆုံးအကြောင်းတရားများ ဖြစ်ကြသည်။ ဗီဇရော ပတ်ဝန်းကျင်ပါ ကောင်းပါမှ သားသမီးကောင်း ဖြစ်လာနိုင်၏။ ဗီဇကောင်းသော်လည်း ပတ်ဝန်းကျင် မကောင်းပါက လောင်းရိပ်မိသည့် သစ်ပင်ပမာ ညှိုးဖျော့သွားတတ်၏။ ထို့အတူ ပတ်ဝန်းကျင် ကောင်းသော်လည်း ဗီဇမကောင်းပါက မျိုးစေ့မမှန်သော မအောင်သော သစ်ပင်ကဲ့သို့ အညွန့်အညှောက်ထွက်ရန် ခဲယဉ်း၏။ ဗီဇဆိုသည်မှာ မွေးလာကတည်းက မျိုးစေ့သယ်ဆောင်ပါလာသည့်ညာဉ် (စိတ်ဓာတ်) နှင့် စရိုက် ဝါသနာ ဖြစ်သည်။ ဗီဇ ညှိုးဖျော့လာသူဖြစ်ပါက ဗီဇကောင်းလာရန် ဖန်တီး ပြုပြင်ရန် မလွယ်ကူလှချေ။ သို့သော် စိတ်ရှည်ရှည်ဖြင့် အချိန်ယူပြီး ပြုပြင်ပါက အောင်မြင်မှုရသည့် သာဓကများ အမြောက်အမြား ရှိပေသည်။ မိဘနှစ်ဦးလုံး ဗီဇကောင်းသူများ ဖြစ်ပါက သားသမီးများမှာ အများအားဖြင့် ဗီဇကောင်းတတ်သည့် သဘောရှိပေသည်။

ကလေးသူငယ်တို့၏ အနီးကပ်ဆုံး ပတ်ဝန်းကျင်မှာ သူတို့၏ မိသားစု-ဟူသော အိမ်တွင်းပတ်ဝန်းကျင်ပင် ဖြစ်သည်။ ကလေးများမှာ အပုံသင်စ ငှက်ငယ်ပမာ အတုနေ လူကြီးများ၏ အပြောအဆို အပြုအမူ အနေအထိုင်တို့ကို အတုခိုးလေ့ရှိကြသည်။ သို့ဖြစ်၍ မိဘနှစ်ပါးနှင့် အခြား အတုနေသားချင်းများ၏ အမူအရာ စရိုက် ဝါသနာများသည် များသောအားဖြင့် သားသမီးများသို့ ကူးစက်လေ့ရှိပေသည်။ ထို့ကြောင့် ပထမအနေဖြင့် ကလေးများ၏ အနီးကပ်ဆုံး ပတ်ဝန်းကျင်များ ဖြစ်ကြသည့် မိဘနှစ်ပါးနှင့် အတုနေသားချင်းတို့သည် အကျင့်စာရိတ္တ စရိုက် ဝါသနာ ကောင်းကြရန် အပြောအဆို အပြုအမူ အနေအထိုင် လိမ္မာယဉ်ကျေးကြရန် အထူး လိုအပ်ပေသည်။

ဒုတိယအနေဖြင့် ကလေးတို့ ဆက်ဆံသော အိမ်ပြင် ပတ်ဝန်းကျင်ကို အမြဲ လေ့လာ အကဲခတ်နေရမည်။ မကောင်းသော ပတ်ဝန်းကျင်သို့ မရောက်အောင် အမြဲတစေ လမ်းညွှန်နေရမည်။ ပညာပေး ဆုံးမနေရမည်။ "သတ္တဝါတို့၏ စိတ်ဓာတ်သည် မကောင်းသော ပတ်ဝန်းကျင်၌သာ ပျော်မွေ့တတ်သည့် သဘောရှိ၏"။ (ပါပသ္မိံ ရမတိ မနော) ဟူသော ဘုရားဟော ဒေသနာတော်အရ မကောင်းသော ပတ်ဝန်းကျင်သည် ဆွဲအားကောင်း၏။ လှမ်းမိုးလှယ်၏။ တံငါနားနီး တံငါ မုဆိုးနားနီး မုဆိုး ဖြစ်တတ်၏။ ထိုမကောင်းသော ပတ်ဝန်းကျင်ထဲသို့ ဝင်မိလျှင် ပြန်ထွက်ရန် မလွယ်ကူတော့ချေ။ အလွန် ကြောက်ရွံ့ လေးစားကြရ

သည့် ကျေးဇူးရှင် မိဘနှစ်ပါးနှင့် ဆရာသမားတို့၏ စကား ကိုပင် နားမထောင်ကြတော့ချေ။

ဗီဇနှင့် ပတ်ဝန်းကျင် နှစ်မျိုးတွင် ဗီဇကို ပြုပြင်ရန် ခဲယဉ်းသော်လည်း ပတ်ဝန်းကျင်ကို ပြုပြင်လျှင် ရနိုင်ပါ သည်။ ထို့ကြောင့် အပ်နှင့်ထွင်ရမည့် အရာကို ပုဆိန်နှင့် ပေါက်ယူရသည့် အဖြစ်မျိုးသို့ မရောက်ရအောင် ငယ်စဉ် ကာလ ကလေးဘဝမှာပင် ကြိုတင်၍ လိုသလို ပုံသွင်းထားရ မည်။ စိတ်ဓာတ်ကောင်း၊ စရိုက် ဝါသနာကောင်းနှင့် အလေ့အကျင့်ကောင်းများ ရှိလာအောင် ကလေးတို့၏ ဗီဇနှင့် ပတ်ဝန်းကျင်ကို အကဲခတ်၍ ပြုစုပျိုးထောင်ပေးရ မည်။ ဤသို့ ပြုစုပျိုးထောင်ပေးခြင်းသည် သားဆိုး သမီး ဆိုးတို့၏ ဘေးရန်ကို အကောင်းဆုံး ကာကွယ်စောင့်ရှောက် ခြင်းမည်ပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၄၊ အမှတ်-၁)

## ၃-မျှတစွာ အသက်မွေးပြုခြင်း (သမဇီဝိတာသမ္ပဒါ)

ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ မျှတစွာ အသက်မွေးမှုဟူ သည် အဘယ်နည်း။ ဗျဂ္ဃပဇ္ဇ...ဤလောက၌ အမျိုးကောင်း သားသည် စည်းစိမ်ဥစ္စာတို့၏ တိုးပွားမှု (ဝင်ငွေ) ကိုလည်း ကောင်း၊ ဆုတ်ယုတ်မှု (ထွက်ငွေ) ကိုလည်းကောင်း သိမြင်၍

ဤသို့ သုံးစွဲသော် ငါ၏ဝင်ငွေသည် ထွက်ငွေထက် များလိမ့်မည်။ ငါ၏ထွက်ငွေသည် ဝင်ငွေထက် များလိမ့်မည် မဟုတ်ဟု သိမြင်ကာ မများလွန်း မနည်းလွန်း မျှတစွာ အသက်မွေးမှုကို ပြု၏။

ဗျဂ္ဃပဇ္ဇ.... ဥပမာ ချိန်ခွင် ကိုင်သူသည် လည်းကောင်း၊ ချိန်ခွင်ကိုင်သူ၏ တပည့်သည် လည်းကောင်း၊ ချိန်ခွင်ကို မြှောက်သည့်အခါ ဤမျှလောက်ဖြင့် အောက်သို့နိမ့်၏။ ဤမျှလောက်ဖြင့် အထက်မြင့်၏ဟု သိသကဲ့သို့ပင် ဖြစ်၏။

ဗျဂ္ဃပဇ္ဇမည်သော ဒါယကာ– ဤအမျိုးကောင်း သားသည် ဝင်ငွေနည်းသူဖြစ်လျက် အထက်တန်းကျကျ နေထိုင်ဝတ်စားအံ့၊ ထိုသူအား သဖန်းသီးကို စားသူကဲ့သို့ စည်းစိမ်ဥစ္စာတို့ကို သုံးဆောင်စားသောက်၏ဟု ဆိုဖွယ်ရာ ဖြစ်၏။ ဗျဂ္ဃပဇ္ဇ ဤအမျိုးကောင်းသားသည် ဝင်ငွေများသည်ဖြစ်လျက် ဆင်းဆင်းရဲရဲနေထိုင် ဝတ်စားအံ့။ ထိုသူအား အားထားရာမဲ့ သေခြင်းကဲ့သို့ သေရမည်ဟု ဆိုဖွယ်ရာဖြစ်၏။

ဗျဂ္ဃပဇ္ဇ အမျိုးကောင်းသားသည် ဝင်ငွေနှင့် ထွက်ငွေကို သိ၍ ဤသို့ သုံးစွဲသော် ငါ၏ဝင်ငွေသည် ထွက်ငွေထက် များလိမ့်မည်။ ငါ၏ထွက်ငွေသည် ဝင်ငွေထက် များလိမ့်မည်မဟုတ်ဟု မများလွန်း မနည်းလွန်း ဝင်ငွေနှင့် ထွက်ငွေကို မျှတစွာအသက်မွေးမှုကိုပြု၏။ ဗျဂ္ဃပဇ္ဇ ဤသည်ကိုပင် မျှတစွာ အသက်မွေးမှုခြင်း သမဇီဝိတာသမ္ပဒါဟု ဆိုပေသည်။

ဤဘုရားဟောဒေသနာတော်ကို အနည်းငယ် ရှင်းပြရသော် မျှတစွာ အသက်မွေးခြင်း သမဇီဝိတာသမ္ပဒါဆိုသည်မှာ "ဝန်နှင့်အား၊ လေးနှင့်မြား" ဆိုသကဲ့သို့ မိမိတို့၏ ဝင်ငွေအင်အားနှင့် ထွက်ငွေအင်အားတို့ကို မျှတအောင် သုံးစွဲရခြင်းပင် ဖြစ်သည်။ ဝင်ငွေနည်းသော်လည်း မိမိ၏ပမာဏကို မကြည့်ဘဲ ပစ္စည်းဥစ္စာအင်အားနှင့် မမျှမတ အထက်တန်းကျကျ ဝတ်စားနေထိုင်သော သူတို့သည် ရေသဖန်းသီးကို လှုပ်ခြွေစားသူနှင့်တူ၏။ ရေသဖန်းသီးမှည့်ကို စားလိုသောသူသည် သဖန်းပင်ကို လှုပ်ခြွေပြီး မိမိအလိုရှိရာ တစ်လုံး နှစ်လုံးမျှကိုသာစားပြီး များစွာသော သဖန်းသီးတို့ကို အကျိုးမဲ့ ချန်ထားခဲ့၏။ ထို့အတူ ဝင်ငွေနှင့် မမျှအောင် အထက်တန်းကျကျ သုံးစွဲသူသည်လည်း မိမိပစ္စည်း ဥစ္စာများကို အကျိုးမဲ့ ဖြစ်အောင် (ဝါ) မွဲအောင် ဖန်တီးသူဖြစ်၏။

ဝင်ငွေများသော်လည်း မစားရက်၊မသောက်ရက်၊မပေးကမ်း မစွန့်ကြဲရက်သဖြင့် ဆင်းဆင်းရဲရဲ ဝတ်စားနေထိုင်သူများကား ငတ်တတ်ပြတ်ပြတ် ဆင်းဆင်းရဲရဲနှင့်ပင် ဘဝနိဂုံးချုပ်ကြရမည့် သူများဖြစ်ကြသည်ဟူ၍ အဋ္ဌကထာဆရာဖွင့်ဆိုထားလေသည်။ ထို့ကြောင့် အလွန်လည်း မသုံးဖြုန်းရ၊ အလွန်လည်း မချွေတာရဘဲ ဝင်ငွေနှင့် ထွက်ငွေမျှတအောင် သုံးစွဲကြရမည်ဟု ဆိုပေသည်။ ဤနေရာ၌ မျှမျှတတ သုံးစွဲနည်းများကို ဘုရားဟော ဒေသနာတော်အတိုင်း ဆက်လက် ရှင်းလင်းပြပါမည်။

## ပစ္စည်းဥစ္စာသုံးစွဲနည်း ဥပဒေသ (၁)

အိမ်ရာတည်ထောင် လူ့ဘောင်၌နေသော အမျိုးသားသည် ရရှိလာသော ပစ္စည်းဥစ္စာတို့ကို လေးပုံပုံရမည်။ ဤသို့ လေးပုံပုံနိုင်လျှင် ထိုသူသည် မိတ်ဆွေ ခင်ပွန်းတို့ကို ခိုင်မြဲအောင် စည်းရုံးနိုင်၏။

ထိုလေးပုံအနက် တစ်ပုံသောပစ္စည်းဥစ္စာတို့ကို သုံးဆောင်ခံစားရမည်။ နှစ်ပုံသောဥစ္စာပစ္စည်းတို့ကို ကုန်သွယ်မှု စသည်တို့၌ အရင်းအနှီး ပြုလုပ်ရမည်။ ကျန်လေးခုမြောက် တစ်ပုံကိုမူ ကိုယ်မကျန်းမမာ ဖြစ်ခြင်းစသည့် ဘေးအန္တရာယ်တို့ ဖြစ်ပေါ်လာသည့်အခါ အသုံးပြုနိုင်ရန်အတွက်ရန်ပုံငွေအဖြစ် စုဆောင်းသိမ်းဆည်းထားရမည်။ (ပါထိကဝဂ္ဂပါဠိ၊ သိင်္ဂါလောဝါဒသုတ်)။

ဤဘုရားဟော ဒေသနာတော်ကို ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်၊ ကျေးဇူးရှင် ပဌမစံကျောင်းဆရာတော်ဘုရားကြီးက—

"လုပ်၍ရလာ၊ ထိုဥစ္စာကို၊ ပုံပါလေးပုံ၊
တစ်ပုံ့စားပါ၊ နှစ်ပုံကပ်ရင်း။
အကြွင်းရန်ပုံ ထားပါတုံ၊ မှတ်ယုံကြီးပွားမည်"

ဟု ဆောင်ပုဒ် ပြုထားပါသည်။

ဤဒေသနာတော်၌ ဘုရားဟောတော်မူလိုရင်း အဓိပ္ပာယ်ကား မိမိ၌ရှိသော ပစ္စည်းဥစ္စာတို့ကို လေးပုံပုံ၍ တစ်ပုံကို မိမိအိမ်ထောင်စုအတွက် သုံးစွဲခြင်း၊ လှူဒါန်း ပေးကမ်းခြင်း၊

ထောက်ပံ့ချီးမြှင့်ခြင်းစသည်ဖြင့် အသုံးပြုရမည်။ နှစ်ပုံကို ကုန်သွယ်မှုစသည်တို့၌ အရင်းအနှီးပြုလုပ်ရမည်။ ကျန်ပစ္စည်း တစ်ပုံကိုမူ မကုန်လျှင်မဖြစ်သည့်အရေးကိစ္စ တစ်စုံတစ်ရာပေါ် လာသည့်အခါ၌ အလွယ်တကူထုတ်ယူ သုံးစွဲနိုင်ရန် ရန်ပုံငွေ အဖြစ်ဖြင့် လုံခြုံစွာ သိမ်းဆည်းထားရမည် ဟူ၏။

ဥပမာ— ငွေလေးသောင်းရှိသော သူသည်၊ တစ်သောင်း ကို စားသောက်သုံးစွဲ လှူဒါန်း ပေးကမ်းမှုတို့၌ အသုံးပြုရ မည်။ နှစ်သောင်းကို အရင်းအနှီးပြုလုပ်ရမည်။ ကျန်တစ် သောင်းကို ရန်ပုံငွေအဖြစ် လုံခြုံစွာစုဆောင်းထားရမည်ဟု ဆိုလိုပေသည်။ ဤသည်မှာ ဥစ္စာပစ္စည်း ကြီးပွားတိုးတက်ရန် ကုန်သွယ်မှုစသည်ဖြင့် အသက်မွေးနေသူများကို ရည်ရွယ်၍ ဟောတော်မူသော ဒေသနာ ဖြစ်သည်။

လခစား အလုပ်သမားဖြစ်၍ ရင်းနှီးဖို့ရန် မလိုသောသူ ဖြစ်ပါမူ လခ ၁၂၀ဝိ ရသော သူအဖို့ လေးပုံတစ်ပုံဖြစ် သော ငွေ ၃၀ဝိ–ကို မကျန်းမာခြင်းစသော ဘေးဖြင့် အခက် အခဲကြုံ၍ မကုန်ရန် မဖြစ်နိုင်သော အခါ၌ လွယ်ကူစွာ ထုတ် ယူသုံးစွဲနိုင်ရန် ရန်ပုံငွေအဖြစ် စုဆောင်း သိမ်းဆည်းထားရ မည်။ ကျန်သုံးပုံကိုမူ စားသောက်သုံးစွဲရမည်။ အယုတ်ဆုံး အားဖြင့် လခ ၈၀ဝိ-ရသူပင် ဖြစ်စေကာမူ မိမိ၏အင်အား အလိုက် ၂၀ဝိ-ကိုစုဆောင်းနိုင်ရန် ကြိုးစားရမည်။ စုဆောင်း ထားသည့် ငွေကို သုံးစွဲမိမည်စိုးလျှင် ဘဏ်၌ အပ်နှံထား သောနည်းဖြင့်သော်လည်းကောင်း၊ ဆွဲကြိုးလက်ကောက်၊

လက်စွပ် စသည်ဖြင့် ရွှေထည်ပစ္စည်းများ ပြုလုပ်ထားသော နည်းဖြင့် သော်လည်းကောင်း စုဆောင်းရမည်။

ဤနေရာတွင် ဘုရားရှင် ဟောတော်မူလိုရင်းမှာ အိမ်ရာ တည်ထောင် လူ့ဘောင်နေသူများသည် နေ့စဉ်ဖြစ်စေ၊ လစဉ်ဖြစ်စေ မိမိတို့ ဝင်ငွေ အချိုးအစားအလိုက် ထိုက်သလို စုဆောင်းကြရန် ပဓာန ညွှန်ကြားလိုရင်းဖြစ်သည်။ ထို့ကြောင့် သမ္မာဝိတာသမ္ပဒါကို လက်ကိုင်ထား၍ ဘုရားဟော နည်းအတိုင်း ရန်ပုံငွေစုဆောင်းထားနိုင်သူတို့သည် တောင်ပို့ကြီး၊ ပျားအုံကြီးတို့ကို ပြုလုပ်နိုင်ကြသည့် ခြကောင်ကလေး၊ ပျားကောင်ကလေးများပမာ "ချွေတာစုဆောင်း သူဌေး လောင်း" ဆိုသည့်အတိုင်း လူချမ်းသာဘဝသို့ အမှန် ရောက်ကြပေလိမ့်မည်။ ထို့ကြောင့် ဤအဓိပ္ပာယ်သဘောကို ရည်ညွှန်း၍ လောကသာရပျို့တွင်....

> "စေမြွသိပ်သည်း၊ ရွှေ့ရွှေ့ဆည်းလော၊ စရည်း အိုးခွက်၊ ကြီးစွာလျက်လည်း၊ တစ်စက်ကျများ၊ ပြည့် သောလားသို့၊ ပျား၏နည်းနှုန်း၊ မှတ်ကျင့်သုံး၍၊ ခြပုန်း တောင်ပို့၊ ဖို့သည့်ခြင်းရာ၊ လူလိမ္မာတို့၊ ဥစ္စာဆည်းထွေ၊ တက်လှစေလော"

ဟု လမ်းညွှန်ခဲ့သည် မဟုတ်ပါလော....

အကယ်၍ ချွေတာစုဆောင်းခြင်းမရှိဘဲ ရသမျှ အကုန် သုံးစွဲပါက မည်သည့်အခါမျှ လူစဉ်မမီနိုင်ဘဲ လူမွဲ လူဆင်းရဲ ဘဝက လွတ်ကြရတော့မည် မဟုတ်ပေ။ မည်သူမဆို စား

ဝတ်နေရေး ကိစ္စတို့၌ ဆင်ခြင်တိုင်းထွာခြင်းမရှိက အနည်းငယ်မျှ သုံးစွဲသည်ဆိုစေကာမူ မကြာမကြာ အနည်းငယ်မျှပင် သွေးအပ်ခပ်အပ်သော အမွေးတုံးနှင့် မျက်စဉ်းတောင့်တို့ပမာ မကြာမီ ကုန်ခန်းခြင်းသို့ရောက်တတ်၏။ ထို့ကြောင့် သမဇီဝိတာသမ္ပဒါကို လက်စွဲပြုကာ တတ်နိုင်သမျှ ချွေတာစုဆောင်းကြရမည်ဟု ဟောတော်မူလိုရင်း ဖြစ်သည်။

၎င်း ချွေတာစုဆောင်းရေးနှင့် ပတ်သက်၍၊ ဘုရားရှင်လက်ထက်တော်က တောဒေယျခေါ် ပုဏ္ဏား သူဌေးကြီးကသားဖြစ်သူ သုဘလုလင်အား အောက်ပါအတိုင်း ဆုံးမခဲ့သည်ကို ဥပရိပဏ္ဏာသအဋ္ဌကထာ၊ စူဠကမ္မဝိဘင်္ဂသုတ်၌ တွေ့ရပေသည်။

"အမြော်အမြင် ဆင်ခြင်ဉာဏ်ရှိသော ပညာရှင်သည် တစ်နေ့ အနည်းငယ်မျှပင် ခတ်သော်လည်း ကာလကြာက ကုန်ခန်းသွားသော မျက်စဉ်းတောင့်ကို လည်းကောင်း၊ ခြကောင်ကလေးများက တောင်ပို့ကြီး ဖြစ်လာအောင် မြေကြီး သယ်စုနည်းကို လည်းကောင်း၊ ပျားကောင်များ၏ ပျားအုံကြီးဖြစ်လာအောင် ပန်းဝတ်ရည် စုပ်ယူစုဆောင်းနည်းကို လည်းကောင်း၊ ရှုမြင်သုံးသပ်၍ (ဝါ) နည်းယူ၍ ပစ္စည်းဥစ္စာ အချည်းနှီး ကုန်ကျမှုများကို ရှောင်ရှားလျက် တိုးပွားမှုကိုသာ အစဉ် ကြိုးစားကာ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေရာ၏။"

ဤအကြောင်းအရာနှင့် ပတ်သက်၍ ညောင်တုန်းမြို့၊ ရွှေသဲသေတာရဘိုက်၊ ကျေးဇူးရှင် ပထမစံကျောင်း ဆရာတော်ဘုရားကြီးက၊

"ပျားအုံပျားက၊ ပြုလုပ်ကြသို့၊ ခြကတောင်ပို့၊ သယ်ပို့ကြနည်း၊ ပစ္စည်းဥစ္စာ၊ စုစည်းပါ၊ မုန်စွာကြီးပွားမည်"

ဟု လင်္ကာဆောင်ပုဒ် ပြုလုပ်ထားပေသည်။

## ပစ္စည်းဥစ္စာ သုံးစွဲနည်း ဥပဒေသ (၂)

ဤ ပစ္စည်းဥစ္စာသုံးစွဲနည်း ဥပဒေသ (၂) ကား စတုက္ကအင်္ဂုတ္တိုရ် ပါဠိတော်၊ ကုလသုတ်၌၊ ရဟန်းတော်များအား ဟောကြားတော်မူသောနည်း ဖြစ်ပါသည်။ ဤနည်းကို စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာခြင်းသို့ ရောက်ပြီးသည့်နောက် လူချမ်းသာဘဝ၊ သူဌေးဘဝတို့၌ ကြာမြင့်စွာ တည်မြဲနေနိုင်သောနည်း ဖြစ်၏။ ဤနည်းတွင် အကြောင်းအရာလေးမျိုး ပါဝင်သည်။ ထို အကြောင်းအရာလေးမျိုးမှာ....

(၁) ပျောက်သော ပစ္စည်းဥစ္စာ စသည်တို့ကို ရှာဖွေရခြင်း။

(၂) ဟောင်းနွမ်းဆွေးမြေ့နေသော အရာကို ထပ်မံပြုပြင် ပြင်ဆင်ရခြင်း။

(၃) အတိုင်းအရှည်အားဖြင့် (ဝါ) မိမိ ဝင်ငွေနှင့် လိုက်လျောညီထွေ ဖြစ်အောင် ဝတ်စားနေထိုင်ရခြင်း။

(၄) ကိုယ်ကျင့်သီလရှိ၍ စာရိတ္တ ကောင်းသော အမျိုးသားကိုဖြစ်စေ အမျိုးသမီးကိုဖြစ်စေ အကြီးအမှူး ဘဏ္ဍာစိုးအရာ၌ ထားရခြင်း တို့ဖြစ်သည်။ ဤအကြောင်းအရာ လေးမျိုးလုံးတို့ကြောင့်သော် လည်းကောင်း၊ တစ်မျိုးမျိုးကြောင့်သော် လည်းကောင်း၊ လူချမ်းသာများ ဘဝ၌ ကြာရှည်စွာ မတည်မြဲနိုင်ကြဟု ဘုရားရှင် ဟောတော်မူထားပေသည်။

ဤ အကြောင်းအရာ လေးမျိုးကို ညောင်တုန်းမြို့ "ရွှေဟင်္သာတောရတိုက်၊ ကျေးဇူးရှင် ပထမစံကျောင်း သရာတော်ဘုရားကြီးက "ပျက်သည်ကိုပြင်၊ ပျောက်လျှင်ရှာဖွေ၊ သုံးလေမျှတ၊ ဥာဏ်ရှိသူအား အမှူးထား၊ လေးပါးကြီးပွားကြောင်း" ဟု လင်္ကာဆောင်ပုဒ် ပြုလုပ်ထားပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၄၊ အမှတ်-၂)

ပျောက်လျှင် ရှာဖွေရခြင်း။ ။အိုးခွက်၊ ပန်းကန်၊ ခဲတံ၊ မင်အိုး၊ အဝတ်၊ ပုဆိုး၊ဖျာ၊ သင်ဖြူးစသည့် လူ့အသုံးအဆောင်ပစ္စည်းတို့ကို နေရာတကျ မထားမသိုခြင်း၊ အထားအသို နေရာမှားခြင်း စသည်တို့

ကြောင့် ပျောက်သွားသည့်အခါ မတွေ့ တွေ့အောင် ရှာဖွေရမည်။ မရှာဖွေဘဲ ပျောက်တိုင်း အသစ်အသစ်ကိုသာ ဝယ်ယူသုံးစွဲပါက မကြာမီ ဆင်းရဲသွားရန် ရှိပေသည်။

ထို့ကြောင့် မိမိတို့ အသုံးအဆောင်ပစ္စည်း ဟူသမျှတို့ကို စနစ်တကျ ထားသိုရမည်။ ကလေးသူငယ်တို့ ယူမကိုင်နိုင်အောင် သိမ်းဆည်းရမည်။ အသုံးအဆောင်ကို ယူကိုင်ပြီး လျှင်ပြီးချင်း မူလနေရာ၌ထားဖြစ်အောင် ပြန်ထားတတ်သည့် အလေ့ရှိရမည်။ အိမ်နီးနားချင်းများ ငှားယူသွားသည့် အခါ၌လည်း ကိစ္စပြီးလျှင်ပြီးချင်း ပြန်တောင်းထားရမည်။ ပျောက်သည့်အခါ၌လည်း မရရအောင် ရှာဖွေရမည်။ ယင်းသို့ မရှာဖွေဘဲ ပျောက်တိုင်း အသစ်ကိုသာ ထုတ်ယူသုံးစွဲလျှင် မီးခြစ်တစ်လုံး၊ ခဲတံတစ်ချောင်းနှင့်ပင် ဖွတ်ကျောပြာစု၊ ခရုဆံကျွတ် ဖြစ်ရန် သေချာသည်။

ဤသို့ ပျောက်သည့်အရာကို ရှာဖွေ သုံးစွဲခြင်းသည်သာ ထွက်ငွေကို သက်သာစေသော နည်းဖြစ်၍ ကြီးပွားတိုးတက်ကြောင်း ဖြစ်သည်။ ယခုခေတ်၌ ခေတ်မီနိုင်ငံတိုင်းသည် မြေကြီးထဲ၌ နှစ်ပေါင်းကြာမြင့်စွာ မြုပ်နေသည့် ဘာသာရေးဆိုင်ရာ ရှေးဟောင်း အဆောက်အဦများ၊ မြို့ပြဆိုင်ရာ အဆောက်အဦများ၊ ရှေးခေတ်လူတို့ အသုံးအဆောင်များ၊ ရှေးသတ္တဝါကြီးများ၏ ရုပ်ကြွင်းများ၊ ကျောက်စာများ၊ ရှေးဟောင်းစာပေများ စသည်တို့ကို ဌာနကြီးများ သီးခြားဖွင့်လှစ်ကာ ရှာဖွေတူးဖော်လျက်ရှိကြရာ သမိုင်းရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှု စသည်တို့ဘက်၌ များစွာ အသုံးဝင်

အကျိုးများလျက် ရှိပေသည်။ ထို့ကြောင့် ရှင်တော်ဘုရားက "ပျောက်သည့်အရာ ဟူသမျှကို ရှာဖွေရမည်"ဟု ဟောကြားတော်မူထားခြင်း ဖြစ်ပေသည်။

**ပျက်လျှင် ပြုပြင်ရခြင်း။** ။စားဝတ်နေရေးတို့၌ အသုံးပြုကြရသည့် လူ့အသုံးအဆောင်ပစ္စည်းတို့ကို စနစ်တကျ ရှိရှိသေသေ ကိုင်တွယ်အသုံးချရမည်။ အကယ်၍ ပျက်စီးယိုယွင်းသွားလျှင် "ပျက်အစဉ်-ပြင်ခဏ" ဆိုသည့်အတိုင်း ပြင်ဆင်နိုင်သမျှ ပြင်ဆင်၍ ပြန်လည်အသုံးပြုရမည်။ ပျက်သည့်အရာကို ပြင်ဆင်မသုံးစွဲဘဲ အသစ်အသစ်တို့ကိုသာ ဝယ်ယူသုံးစွဲလျှင် အသုံး အဆောင် ပစ္စည်းများ သလောက် မကြာမကြာ ဝယ်ယူရသည့်အတွက် ဥစ္စာပစ္စည်း ဆုတ်ယုတ်သွားရန် ရှိပေသည်။

ဟောင်းနွမ်းသော အဝတ်တို့ကို ဖွပ်လျှော်ခြင်း၊ စုတ်ပြတ်သောအရာတို့ကို ဖာထေးချုပ်စပ်ခြင်း၊ ပျက်စီးယိုယွင်းသည့်အရာတို့ကို ပြင်ဆင်ခြင်း စသည်တို့ကိုပြုလုပ်ပါက အကုန်အကျနည်းပါးသဖြင့် တစ်နေ့တခြား ကြီးပွား တိုးတက်ခြင်းသို့ ရောက်နိုင်ပေသည်။ ဤနေရာ၌ ရှေးမြန်မာကြီးတို့၏နည်းကို အတုယူစရာကောင်း၏။ ရှေးခေတ်မြန်မာကြီးတို့သည် ပုဆိုးတစ်ထည်ကိုပင် အနှစ် နှစ်ဆယ်ကြာသည်အထိ ရိုရိုသေသေ စည်းကမ်းတကျ ဝတ်ဆင်လေ့ရှိကြသည်။ စုတ်ပြတ်သွားသည့်အခါ၌လည်း ချုပ်စပ်ဖာထေး၍ ဝတ်လေ့ရှိ၏။

နိုင်ငံခြားများသည်လည်း ဈေးဟောင်း ယဉ်ကျေးမှု အဆောက်အဦတို့ကို ပြုပြင် ပြင်ဆင်လေ့ရှိကြသဖြင့် ထိုသူတို့၏နေရာ မြို့ရွာတို့၌ ဈေးဟောင်းယဉ်ကျေးမှု အဆောက်အအုံတို့သည် ကြာမြင့်စွာ တည်တံ့လျက် ရှိကြသည်။ ထို့အတူ မြန်မာနိုင်ငံ၌လည်း ရွှေတိဂုံစေတီတော်၊ ရွှေမော်ဓောစေတီတော် စသည်တို့မှာလည်း မင်းနှင့် ပြည်သူတို့ အစဉ်တစိုက် ထပ်ကာ ထပ်ကာ ပြင်ဆင်လာခဲ့ကြသဖြင့် ယနေ့အထိ နိုင်ငံ ထျက်သရေဆောင်ကြီးများအဖြစ် ဖူးမြော်ခွင့်ရနေကြခြင်းပင် ဖြစ်သည်။

ပါရာဇိကဏ် အဋ္ဌကထာကျမ်း၌လည်း "ငါ့ရှင်တို့.... သုံးလူ့ထွတ်တင် ဘုရားသခင်သည် ကျိုးပျက်ယိုယွင်းနေသည်တို့ကို ပြင်ဆင်ပြုပြင်ခြင်းကို ချီးမွမ်းတော်မူ၏" ဟု ဘုရားရှင် အလိုတော်ကို ဖော်ပြထားပေသည်။ ထို့ကြောင့် မိမိတို့ အဝတ်အစား အသုံးအဆောင်တို့ကို ကြာရှည်လေးမြင့်စွာ ခံအောင် သတိဆောင်၍ ဝတ်ရုံသုံးစွဲရမည်။ အကယ်၍ ပျက်စီး ယိုယွင်း ဟောင်းနွမ်း ဆွေးမြေ့သွားလျှင်လည်း ကောင်းစွာ ပြင်ဆင်၍ သုံးစွဲရမည်ဟု ဆိုလိုပေသည်။

အသိုင်းအရှည်နှင့် သုံးဆောင်ရခြင်း။ ။စားစရာ သောက်စရာတို့ကို ဖြစ်စေ၊ ဝတ်ဆင်စရာတို့ကို ဖြစ်စေ၊ နေစရာ ထိုင်စရာတို့ကို ဖြစ်စေ မိမိတို့၏ ဝင်ငွေပမာဏနှင့် တိုင်းထွာ၍ မျှတစွာ သုံးစွဲရမည်။ ဤသို့ သုံးစွဲရာ၌ စာရင်းဇယားရှိရန် အလွန်အရေးကြီး၏။ ဝင်ငွေနှင့်

ထွက်ငွေစာရင်းဇယားကို သေချာစွာပြုလုပ်ပြီး အထွက်အဝင် မျှတစေရန် အရာရာမှာ အတိုင်းအရှည်ဖြင့်သာ သုံးစွဲရမည်။

နိုင်ငံခြားသားတို့သည် မည်သည့် အလုပ်အကိုင်၌မဆို ဝင်ငွေက မည်မျှ၊ ကုန်ကျမည့် စရိတ်ငွေက မည်မျှဟု ကြိုတင်တွက်ချက်၍ အဝင်နည်းလျှင် အသုံးနည်းကြလေ့ ရှိရကား ထိုသူတို့၏ အလုပ်များမှာ ပျက်ပြားဆုတ်ယုတ်သည်ဟူ၍ မရှိသလောက်ပင် ဖြစ်၏။

ဝင်ငွေပင့်နည်းသော်ငြားလည်း အိမ်တွင်မရှိလျှင် ဖြစ်နိုင်သော ကိုယ်လုံးပေါ် မှန်ဗီရိုကြီး၊ စားပွဲခုံကြီး၊ ရေဒီယို၊ ကက်ဆက်၊ တယ်လီဗေးရှင်း စသည့် အသုံးအဆောင်များကို ဝယ်ခြင်း၊ ဝင်ငွေများသူတို့သာ ဝတ်နိုင် စားနိုင်သော အထက်တန်းစား အဝတ်အစားတို့ကို ဝတ်ဆင် စားသောက်ခြင်း၊ လူ ၄-၅-ယောက်စားဖို့ရန်ကို လူ ၇-ယောက်၊ ၈-ယောက်စာခန့်ချက်၍ အပိုကိုသွန်ပစ်ခြင်း စသည်ဖြင့် မည်သည့် နေရာ၌မဆို ပိုပိုမိုမိုပြု၍ အတိုင်းအရှည်မရှိဘဲ သုံးစွဲစားသောက် ဝတ်ရုံနေထိုင်ပါက မကြာမီ ဆင်းရဲပျက်စီးမည်မှာ ကေန်ဖြစ်သည်။

ထို့ကြောင့် နေထိုင်ရာအိမ်ကို ဆောက်လုပ်ရာ၌ဖြစ်စေ၊ အဝတ်အရုံ အစားအသောက်၌ ဖြစ်စေ၊ အိမ်ထောင် ပရိဘောဂ အသုံးအဆောင်၌ ဖြစ်စေ၊ အတိုင်းအရှည်မရှိ သုံးဆောင် စားသောက်ခြင်းမှ လုံးဝရှောင်ကြဉ်ရမည်။ ထိုသို့ရှောင်ကြဉ်ပြီး "သူ့အိုးနှင့် သူ့ဆန် တန်ရုံ" သုံးဆောင်

စားသောက်ကြပါမှ ကြီးပွားချမ်းသာလာနိုင်မည်ဟု ဆိုလို ပေသည်။

လူတော်လူကောင်းကို အကြီးအမှူးနေရာ၌ ထားရခြင်း။ ။ အကြီးအမှူး နေရာများ၌ နေရသူသည် အများအားဖြင့် စီမံခန့်ခွဲရေးပိုင်းကို ကိုင်ရသူဖြစ်၏။ အိမ်တစ်အိမ်၌ ဖြစ်စေ၊ အသင်းတစ်သင်း၊ ကုမ္ပဏီတစ်ခု၌ ဖြစ်စေ၊ ရွာတစ်ရွာ၊ မြို့တစ်မြို့၌ဖြစ်စေ၊ ရုံးတစ်ရုံး၌ဖြစ်စေ၊ တိုင်းပြည်တစ်ပြည်၌ ဖြစ်စေ စီမံခန့်ခွဲရေးဌာနသည် သော့ချက် အကျဆုံး ဖြစ်၏။ အိမ်တစ်အိမ် တိုးတက် ကြီးပွားလာသည် (ဝါ) တိုင်းပြည် တစ်ပြည် တိုးတက်ကြီးပွားလာသည်ဟုဆိုလျှင် စီမံခန့်ခွဲရေး ဌာနကို ကိုင်သော သူတို့၏ ရိုးသားဖြောင့်မတ်မှု၊ ကျွမ်းကျင် လိမ္မာစွာ ကိုင်တွယ်နိုင်မှုကြောင့်ပင် ဖြစ်ပေသည်။

ထို့ကြောင့် စီမံခန့်ခွဲရေးအပိုင်းကို ကိုင်သော ပုဂ္ဂိုလ်သည် ရိုးသားဖြောင့်မတ်ရန် စိတ်ကောင်းရှိရန်နှင့် စီမံခန့်ခွဲနိုင်သော ဉာဏ်ရည်ဉာဏ်စွမ်းရှိရန် အလွန် လိုပေသည်။

ကိုယ်ကျင့်သီလမရှိ၍ စည်းစောင့်ခြင်းမရှိသော အမျိုးသားကိုဖြစ်စေ၊ အမျိုးသမီးကိုဖြစ်စေ အကြီးအမှူးနေရာ၌ ထားအံ့၊ မျောက်ကို ဥယျာဉ်မှူးနေရာ၌ ခန့်ထားဘိသကဲ့သို့ စည်းမရှိ၊ ကမ်းမရှိ ပြုမိပြုရာ ပြုလုပ်စီမံခန့်ခွဲသဖြင့် မကြာမီ ဆင်းရဲပျက်စီးခြင်းသို့ ရောက်တတ်၏။

အနောက်နိုင်ငံသားတို့သည် အကြီးအမှူးခန့်ထားသည့် နေရာတွင် ဘုရားဟော ဒေသနာတော်နှင့် အလွန် ညီညွတ်ကြ

သည်။ လူတော်လူကောင်းများကို ရွေးချယ်၍ အကြီးအမှူး နေရာများ၌ ထားလေ့ရှိကြ၏။ ထိုသူက မိမိတို့၏ အကျိုးမဲ့ကို လုပ်လိုကလည်း မလုပ်နိုင်အောင် ကြံဆောင်ဖန်တီးထားတတ်ကြ၏။ ထို့ကြောင့် ထိုလူတော်လူကောင်းတို့ ကြီးမှူး၍ လုပ်သော ကုမ္ပဏီစသည်တို့မှာ ပျက်စီးသည်က နည်းပါး၍ ကြီးပွား တိုးတက်သည်ကသာ များပေသည်။

ထို့ကြောင့် အိမ်၌ဖြစ်စေ၊ ရုံး၌ဖြစ်စေ၊ အသင်း၌ဖြစ်စေ၊ မြို့ရွာ, ရပ်ကွက်တို့၌ဖြစ်စေ၊ တိုင်းပြည်၌ဖြစ်စေ၊ အကျင့်သီလမကောင်းသူတို့ကို အကြီးအမှူး နေရာများ၌ လွှဲအပ်မထားဘဲ ကိုယ်ကျင့်သီလရှိ၍ ကျွမ်းကျင်လိမ္မာသည့် အမျိုးသား၊ အမျိုးသမီးတို့ကိုသာ ရွေးချယ် လွှဲအပ်ထားရမည်ဟု ဆိုလိုပေသည်။

ဤသို့ ပျောက်လျှင် ရှာဖွေရခြင်း၊ ပျက်လျှင် ပြင်ရခြင်း၊ အတိုင်းအရှည်နှင့် သုံးဆောင်ရ၊ သုံးစွဲရခြင်း၊ လူတော်လူကောင်းတို့ကို အကြီးအမှူးနေရာ၌ ထားရခြင်း ဟူသော ဥစ္စာပစ္စည်းသုံးစွဲနည်း ဥပဒေသကို တိုးတက် ကြီးပွားလိုသူတိုင်း လိုက်နာ ဆောင်ရွက်သင့်ကြပေသည်။

## ပစ္စည်းဥစ္စာ သုံးစွဲနည်း ဥပဒေသ (၃)

အရှင်အာနန္ဒာနှင့် ဥတေနမင်းကြီး။ ။ဤ ပစ္စည်းဥစ္စာ သုံးစွဲနည်း ဥပဒေသ (၃) သည် ဘုရား ညီတော် အရှင်အာနန္ဒာမထေရ်၏ သုံးစွဲနည်း

ဖြစ်သည်။ ဤနည်းကို စူဠဝါပါဠိတော်၊ ဗြဟ္မဒဏ္ဍကထာ၌ ဟောတော်မူထားပါသည်။

တစ်နေ့သောအခါ ဘုရားရှင်၏ အလုပ်အကျွေးဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်သည် နောက်ပါ ရဟန်းငါးရာတို့နှင့်အတူ ကောသမ္ဗီပြည်သို့ ဒေသစာရီ ကြွချီတော်မူလာခဲ့လေသည်။ ကြွတော်မူလာခြင်းအကြောင်းမှာ မထေရ်မြတ်ကြီးများ၏ တိုက်တွန်း တာဝန်ပေးချက်အရ ဘုရားရှင်မိန့်မှာတော်မူခဲ့သည့်အတိုင်း အရှင်ဆန္နအား ဗြဟ္မဒဏ်ပေးရန် ဖြစ်သည်။ ကောသမ္ဗီပြည်သို့ ရောက်တော်မူကြသည့်အခါ ကောသမ္ဗီပြည့်ရှင် ဥတေနဘုရင်၏ ဥယျာဉ်နှင့် မနီးမဝေးရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် ခေတ္တ သီတင်းသုံးတော်မူကြ၏။ ထိုအချိန်ကား ဥဒေန ဘုရင်ကြီးသည် မောင်းမမိဿံ ငါးရာနှင့်အတူ ဥယျာဉ်တော်၌ ပျော်စံနေချိန်တည်း။

ဘုရင်ကြီး၏ ကိုယ်လုပ်မောင်းမ ငါးရာတို့သည် အရှင်အာနန္ဒာ ကြွလာတော်မူကြောင်း ကြားသိကြလျှင် သူတို့၏ဆရာ အရှင်အာနန္ဒာအား သွားရောက် ဖူးမြော်ခွင့်ပြုပါရန် ဘုရင်ကြီးထံ ခွင့်ပန်ကြ၏။ ဘုရင်ကြီးထံမှ ခွင့်ပြုချက်ရသဖြင့် မောင်းမ ငါးရာတို့ အားလုံး အရှင်အာနန္ဒာထံမှောက်သို့ သွားရောက် ဖူးမြော်ကန်တော့ကြ၏။ အရှင်အာနန္ဒာ မထေရ်မြတ်သည် ဆည်းကပ်လာကြသည့် နန်းတွင်းသူ တပည့်မတို့အား တရားစကား ဟောကြား, ပြသ, ဆုံးမ, ပဲ့ပြင်, လမ်းညွှန်, သွန်သင်တော်မူလေသည်။

မောင်းမ ငါးရာတို့သည် အရှင်အာနန္ဒာ၏ တရားဓမ္မကို နှစ်သက်သဘောကျကြသဖြင့် မိမိတို့ကိုယ်ပေါ်တွင် လွှမ်းခြုံလာခဲ့ကြသည့် အပေါ်ရုံ တဘက်တို့ကို အရှင်အာနန္ဒာအား အသီးသီး လှူဒါန်းခဲ့ကြပြီး ပြန်လာခဲ့ကြသည်။ ဘုရင်ထံမှောက်သို့ ရောက်ကြသည့်အခါ ဘုရင်ကြီးက "မင်းတို့.... အရှင်အာနန္ဒာကို ဖူးမြော်ခဲ့ကြရဲ့လား၊ လှူဖွယ်ဝတ္ထု တစ်ခုခုကိုကော လှူဒါန်းခဲ့ကြရဲ့လား" ဟု မေးမြန်းသဖြင့် မောင်းမငါးရာတို့က "ဖူးမြော်ကန်တော့ကြပြီး အပေါ်ရုံ တဘက် ငါးရာကို လှူဒါန်းခဲ့ပါကြောင်း" လျှောက်တင်ကြ၏။

ထိုအခါ ဥတေနဘုရင်ကြီးက "အရှင်အာနန္ဒာဟာ ဘာဖြစ်လို့ ဒါလောက်များများကြီး အလှူခံရပါသလဲ၊ အထည်ကုန်များကူးမလို့လား၊ ဒါမှမဟုတ် အထည်ဆိုင်ကြီး ဖွင့်ဦးမလို့လား" ဟု ကဲ့ရဲ့စကား ပြောကြားသတဲ့။ ထို့နောက် မကျေနပ်သဖြင့် မိမိကိုယ်တိုင် အရှင်အာနန္ဒာအား သွားရောက် ဖူးမြော်ကန်တော့ပြီး အကျိုးအကြောင်း မေးမြန်းလျှောက်ထားလေသည်။ အောက်ပါတို့သည် အရှင်အာနန္ဒာနှင့် ဥတေနဘုရင်ကြီးတို့ အပြန်အလှန် ဆွေးနွေးချက်များဖြစ်ပါသည်။

"အရှင်ဘုရား-တပည့်တော်ရဲ့ မောင်းမငါးရာတို့ လှူဒါန်းခဲ့တဲ့ အပေါ်ရုံတဘက်တွေကို ဘယ်လိုအသုံးချပါသလဲဘုရား"

"ဒါယကာမင်းကြီး၊ အဲဒီ တဘက်ငါးရာကို သင်္ကန်းဟောင်းနွမ်းပါးရှာတဲ့ ရဟန်းတော်တွေ ဝေငှပြီး သုံးစွဲကြရပါတယ်"

"ဒီလိုဆိုရင် ဟောင်းနွမ်းနေတဲ့ သင်္ကန်းတွေကို ဘယ်လို အသုံးပြုပါသလဲဘုရား"

"အဲဒီ ဟောင်းနွမ်းနေတဲ့ သင်္ကန်းတွေကို ခုတင်၊ ညောင် စောင်းတွေမှာ အခင်းအဖြစ် အသုံးပြုပါတယ်"

"ခုတင်၊ ညောင်စောင်း အခင်းဟောင်းတွေကိုတော့ ဘယ်လို အသုံးပြုပါသလဲဘုရား"

"အဲဒီ အခင်းအဟောင်းတွေကိုတော့ ဘုံလျှိုစွပ်အဖြစ် အသုံးပြုပါတယ်"

"ဘုံလျှိုစွပ် အဟောင်းတွေကို ဘယ်လို အသုံးပြုပါသလဲ ဘုရား"

"ဘုံလျှိုစွပ် အဟောင်းတွေကို မြေခင်း၊ ကြမ်းခင်း ပြုလုပ် အသုံးချပါတယ်"

"မူလ ကြမ်းခင်း၊ မြေခင်း အဟောင်းတွေကို ဘယ်နေ ရာမှာ အသုံးပြုပါသလဲ ဘုရား"

"အဲဒီ မြေခင်း၊ ကြမ်းခင်း အဟောင်းတွေကို ခြေသုတ် ပုဆိုး ပြုလုပ်ထားပါတယ်"

"ခြေသုတ်ပုဆိုးဟောင်းတွေကိုတော့ ဘယ်လို အသုံးပြု ပါသလဲ ဘုရား"

"အဲဒီ ခြေသုတ်ပုဆိုးဟောင်းတွေကို မြူမှုန်သုတ်ဖို့ ဖုန် သုတ် ဖုန်ခါ ပြုလုပ်ထားပါတယ်"

"ဖုန်သုတ် ဖုန်ခါဟောင်းတွေကိုတော့ ဘယ်လို အသုံး ပြုပါသလဲ ဘုရား"

"ဖုန်သုတ် ဖုန်ခါဟောင်းတွေကို ရေခဲနဲ့ နုပ်နုပ်စဥ်း ထောင်းပြီး ရွှံ့ညွှန်တွေနဲ့ ရောနယ်ကာ မြေကြီးကို လိမ်းကျံ ရပါတယ်"

ဟု မိန့်တော်မူလေသည်။

ထိုအခါ ဥတေနမင်းကြီးသည် "သာကီဝင် မင်းသား ရဟန်းတော်အရှင်မြတ်များဟာ ပစ္စည်းပရိက္ခရာတွေကို သုံးစွဲ ရာမှာ စည်းစနစ်ကျနစွာ သင့်လျော်သလို သုံးစွဲတော်မူတတ် ကြတယ်။ အကျိုးမဲ့ မပျက်စီးစေတတ်ကြကုန်" ဟု ချီးကျူး ကာ နောက်ထပ် အထည်ငါးရာတို့ကို ဆက်ကပ် လှူဒါန်းပြန် သတဲ့။

ဤဝတ္ထု၌ ပစ္စည်းဥစ္စာ သုံးစွဲရာတွင် အရှင်အာနန္ဒာ မထေရ်၏ စေ့စေ့စပ်စပ်ရှိပုံ၊ သေချာကျစ်လျစ်ပုံ၊ စည်း စနစ်ကျနပုံ၊ တစ်နေရာ၌ အသုံးမဝင်တော့လျှင် အခြား အသုံးတည့်သည့် နေရာများ၌ သုံးစွဲပုံကို တွေ့ရသည်။ ဤ သုံးစွဲပုံ သုံးစွဲနည်းသည် သာမဇီဝိတာသမ္ပဒါ ဖြစ်၍ ဤနည်းကို ကြီးပွားချမ်းသာလိုသူ ရဟန်းရှင် လူတိုင်း အတုယူ၍ လိုက် နာကျင့်သုံးသင့်ကြပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၄၊ အမှတ်-၃)

## ဥစ္စာပစ္စည်း သုံးစွဲနည်း ဥပဒေသ (၄)

သမဇီဝိတာသမ္ပဒါ ဆိုသည်မှာ အရာရာ၌ ချွေတာစီစစ် ရမည်ဟု အဓိပ္ပာယ်မရ၊ အသုံးနှင့် အဖြုန်းကို ခွဲခြားသိ၍ အကြောင်းမဟုတ်ရာ၌ မကုန်ခန်း မလေလွင့်ရအောင် ကျစ်

လျစ်စွာ သုံးစွဲရမည်။ ကုန်ကျသင့်သောအရာဖြစ်က မည်မျှ လောက်ပင် ကုန်ကျသည်ဖြစ်စေ နှမြောစစ်စီခြင်း မရှိရဟု ဆိုလို၏။ ဤအရာ၌ ဝိနည်း မဟာဝဂ္ဂပါဠိတော်၊ စီဝရက္ခန္ဓ ကလာ သာကေတ သူဌေးကတော်ကြီး ဝတ္ထုကို သာဓက အဖြစ် တင်ပြပါမည်။

**သူဌေးကတော်ကြီးဝတ္ထု။** ။ဘုရားရှင် လက်ထက်တော်က ဆေးဆရာလောကတွင် အလွန် ထင်ရှားကျော်ကြားသည့် သမားတော်ကြီး ဇီဝကဆိုလျှင် လူတိုင်းသိပြီးဖြစ်ပါသည်။ ဆရာကြီး ဇီဝကသည် ဆေးဆရာ ဖြစ်စ တက္ကသိုလ်ပြည်မှ ရာဇဂြိုဟ် နေပြည်တော်သို့ အပြန် သာကေတမြို့အရောက်တွင် ပါလာသော ရိက္ခာ ပြတ်သွား သဖြင့် သာကေတ သူဌေးကတော်ကြီး တစ်ဦးကို ပထမဆုံး အနေဖြင့် ဆေးကုသလေသည်။ သူဌေးကတော်ကြီးကား ခုနစ်နှစ်တိုင်တိုင် ခေါင်းကိုက် ခေါင်းခဲ ဝေဒနာကို ခံစား နေရသည့် နှာတာရှည် ရောဂါသည်ကြီးတည်း။ —

ဆရာကြီးသည် လူနာ၏ ရောဂါဝေဒနာကို အကဲခတ် လေ့လာပြီး တစ်လက်ခုပ်လောက်သော ထောပတ် ကို တောင်း၏။ ထို့နောက် ထောပတ် တစ်လက်ခုပ်ကို အမျိုး မျိုးသော ဆေးတို့ဖြင့် ချက်၍ သူဌေးကတော်ကြီးကို နှာ ပေး၏။ နှာခေါင်းမှ သွင်းပေးလိုက်သော ထောပတ် နှာ ဆေးသည် ခံတွင်းမှ အန်ထွက်လာ၏။ သူဌေးကတော်ကြီး သည် အန်ထွက်လာသည့် ထောပတ် နှာဆေးကို ထွေးခံဖြင့်

ခံယူထားစေပြီး ထောပတ်တို့ကို ဝါဂွမ်းဖြင့် တို့ယူထားရန် ကျွန်ုပ်မတို့ကို ခိုင်း၏။

ဤအခြင်းအရာကို ဆရာကြီး ဇီဝက တွေ့မြင်ရသည့်အခါ "အင်း....အံ့သြစရာပဲ၊ ဒီ သူဌေးကတော်ကြီးဟာ ကော်တရာ ကပ်စေးနဲမကြီးနဲ့ တူတယ်၊ သူဌေးမကြီး တစ်ယောက် ဖြစ်ပါလျက် စွန့်ပစ်ရတော့မယ့် ထောပတ်ကလေးကိုပင် ဂွမ်းစကလေးနဲ့ တို့ယူနေသေးရင် ဆေး အဖိုးတန်ကြီးနဲ့ ကုသထားရတဲ့ ငါ့ ဆေးကုခကိုတော့ ထိုက်ထိုက်တန်တန် ပေးပုံမပေါ်ဘူး" ဟု စဉ်းစားမိပြီး မျက်စိမျက်နှာ ပျက်သွား၏။

ဆေးဆရာကြီး ဇီဝက၏ မျက်နှာ ပျက်သွားဟန်ကို သူဌေးကတော်ကြီး သိရှိရိပ်မိသွားပြီး "ဆရာကြီး–ကျွန်မတို့ အိမ်ရှင်မတွေဟာ ဆေးကုသပေးတဲ့ ကျေးဇူးကို သိတတ်ကြပါတယ်၊ အခု ဒီထောပတ်ဟာ ကျွန်အမှုလုပ်တွေအတွက် ခြေနယ်ဆီအဖြစ် ဆီမီးညှိထွန်းစရာအဖြစ် အသုံးဝင်ပါသေးတယ်၊ ဆရာကြီး မျက်နှာမကောင်း မဖြစ်ပါနဲ့၊ ဆရာကြီး အတွက် ပေးသင့်တဲ့ ဆေးကုခကို ဆရာကြီး ကျေနပ်အောင် ကျေးဇူးဆပ်ပါ့မယ်" ဟု ကတိပေး ပြောဆို၏။

ဆရာဇီဝက၏ ထိုတစ်ကြိမ် ဆေးပေးခြင်းဖြင့်ပင် သူဌေးကတော်ကြီး၏ နှာတွာရှည် ခေါင်းကိုက် ခေါင်းခဲ ရောဂါမှာ လုံးဝ ပျောက်ကင်းသွားတော့၏။ ထို့ကြောင့် သူဌေးကတော်ကြီးက သူ ကတိပေး ပြောကြားခဲ့သည့်အတိုင်း အသပြာလေးထောင် ပူဇော်သည့်အပြင် သား၊ ချွေးမနှင့်

သူဌေးကြီးတို့ သုံးယောက်ကလည်း အသပြာ လေးထောင်စီ ဆုချပြီး ကျွန်မိန်းမ, ကျွန်ယောကျ်ား၊ မြင်းရထားတို့ကိုပါ ကောင်းစွာ ပူဇော်လိုက်ကြကုန်၏။

ဤဝတ္ထုကား မကုန်ကျသင့်သော အရာဖြစ်က တစ်ချင်ရွေးမျှပင် မကုန်ကျစေမူ၍ ကုန်ကျသင့်သည့်အရာ၌မူကား နှမြောတွန့်တိုခြင်းမရှိ၊ ထိုက်ထိုက်တန်တန် စွန့်လွှတ်ပေးကမ်းရမည်ကို ဖော်ပြသော ဝတ္ထု ဖြစ်ပေသည်။ ဤနည်းကို မှီ၍ မိမိတို့သည် မကုန်သင့်သောအရာဖြစ်က အနည်းငယ်မျှ မကုန်ကျရအောင် ကြိုးစားကြ၍ ကုန်သင့်သော အရာ၌ နှမြောတွန့်တိုခြင်း မရှိမိအောင် အထူး သတိပြုသင့်ကြပေသည်။

## ဥစ္စာပစ္စည်း သုံးစွဲနည်း ဥပဒေသ (၅)

ရှေးအခါ မြန်မာကြီးတို့သည် အသုံးနှင့် အဖြုန်းကို နားလည်ကြ၍ သမဇီဝိတာသမ္ဗဒါ တရားတော်အတိုင်း လိုက်နာ သုံးစွဲကြသဖြင့် ချမ်းသာကြွယ်ဝသူ များကြ၏။ ယခုခေတ်လူတို့မှာမူ မကုန်ကျသင့်သော ပွဲလမ်းသဘင် ပျော်ရွှင်မှုများနှင့် အလှအပ ပကာသနဘက်တို့၌ များစွာ အကုန်အကျခံလေ့ ရှိကြသော်လည်း တကယ် ကုန်ကျသင့်သည့် ကျန်းမာရေး ပညာရေးစသည့် အရာတို့၌ကား နှမြောတွန့်တိုလျက် ရှိကြသည်။

အလကားသက်သက် ငွေတစ်ရာ၊ နှစ်ရာ ဖြုန်းနိုင်ကြသော်လည်း အဖိုးမဖြတ်နိုင်သည့် အသိအလိမ္မာ ဉာဏ်ပညာ တိုး

တက်စေနိုင်သော တစ်ဆယ်၊ နှစ်ဆယ်တန် စာအုပ်တစ်အုပ်ကို ဝယ်ယူဖတ်ရှုရန် လွန်စွာ နှမြောတတ်ကြ၏။ တစ်ကျပ်တန်၊ နှစ်ကျပ်တန်အတွက် တစ်ထောင်တန် ပျက်သည်ကို ခံလိုသည့် သဘော ရှိကြ၏။ လေးကျပ် ငါးကျပ်တန် အိမ်သော့ခလောက် စသည်တို့ကို ဝယ်ရမှာ နှမြောသည့်အတွက် တစ်ထောင်တန် ပျက်စီးသွားသော သူတို့နှင့် တူ၏။

အချို့သောသူများကား ကုန်သင့်သည့်အရာ၊ မကုန်သင့်သည့်အရာဟု ခွဲခြား မစဉ်းစားတော့ဘဲ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၊ ကောသလသံယုတ်၊ ပထမ အပုတ္တကသုတ်လာ အာဂန္တုက သူဌေးကြီးကဲ့သို့ နေရာတကာတွင် အမြဲတစေ နှမြောတွန့်တိုလျက် နေကြသည်။ ယင်းသို့ နှမြောတွန့်တိုလှသောကြောင့် မိမိတို့ ကွယ်လွန်သွားသည့်အခါ ပစ္စည်းအားလုံး "မစားရက်လောက်တက်" ဆိုသကဲ့သို့ အချည်းနှီးဖြစ်သွားရသည်က များပေသည်။

နှမြောစိစိလွန်းသော အာဂန္တုက သူဌေးကြီး။ ။မြတ်စွာဘုရား

သက်တော်ထင်ရှားရှိတော်မူစဉ်က သာဝတ္ထိပြည်တွင် အာဂန္တုက ခေါ်သော သူဌေးကြီးတစ်ဦးရှိသတဲ့။ သူဌေးကြီးသည် အလွန် ကြွယ်ဝချမ်းသာ၏။ ရွှေဒင်္ဂါး သိန်းပေါင်း ၈၀-ကြွယ်ဝ၍ ငွေဒင်္ဂါးမှာမူ မရေမတွက်နိုင်လောက်အောင် ချမ်းသာ၏။ သို့သော် သူဌေးကြီး၌ သားသမီး တစ်ဦးတစ်ယောက်မျှ မထွန်းကားချေ။ သူဌေးကြီးမှာ ဤမျှ

လောကချမ်းသာကြွယ်ဝ၍ သားသမီး အခြွေအရံ မရှိသော်လည်း မိမိကိုယ်တိုင် မစားရက်မသောက်ရက် မဝတ်ရက်လောက်အောင် နှမြောတွန့်တိုသူ ဖြစ်၏။

သူဌေးကြီး၏ ဘဝကား ပစ္စည်း ချမ်းသာသော်လည်း အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေဆင်းရဲသည့် ဆင်းရဲသား ဘဝနှင့် မည်သို့မျှ မခြားနားချေ။ သူ၏ နေ့စဉ်စားသောက်နေကျအစားအစာများမှာ ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းတို့သာ ဖြစ်၏။ အဝတ်ဆိုသည်မှာလည်း ပိုး၊ ဖဲ၊ ကတ္တီပါ၊ ကမ္ဗလာစသည့် အဖိုးတန် အဝတ်များကို ကိုင်၍မျှပင် မကြည့်။ ပိုက်ဆံ လျှော်ချည်ဖြင့် ရက်ထားသည့် ဂုန်နီအိတ်ပမာ ကြမ်းတမ်းသည့် အဝတ်တို့ကိုသာ ဝတ်ဆင်၏။ ရထားမှာလည်း ကောင်းမွန်သည့်ရထားကိုမစီး။ သူတကာ စွန့်ပစ်ထားသည့် ရထားဆွေး၊ ရထားဟောင်းတို့ကိုသာ စီးလေ့ရှိ၏။ ထီးဆောင်းရာမှာပင် သစ်ရွက်ဖြင့် ပြုလုပ်ထားသည့် သစ်ရွက်ထီးကိုသာ အမြဲဆောင်းလေ့ရှိ၏။

ထိုသူဌေးကြီးသည် ဤမျှ ကြွယ်ဝသော ဉစ္စာပစ္စည်းတို့ကို မိမိကိုယ်တိုင်လည်း မသုံးဆောင်၊ ကျေးဇူးရှင် မိဘနှစ်ပါးတို့ကိုလည်း လုပ်ကျွေးမွေးမြူခြင်းမပြု၊ သားမယားတို့ကိုလည်း မလုပ်ကျွေး၊ အခိုင်းအစေ အလုပ်သမားတို့အားလည်း ဆုချပေးကမ်းခြင်းမရှိ။ မိတ်ဆွေ အပေါင်းအသင်းတို့အားလည်း ချီးမြှင့်ထောက်ပံ့ရန် မကြံရွယ်။ ရဟန်း၊ သံဃာတော်များအားလည်း လှူဒါန်းလေ့မရှိ။ ထို သူဌေးကြီး ကွယ်လွန်သွားသည့်အခါ အမွေခံ အမွေစား သားသမီး

တစ်ယောက်တလေမျှ မရှိသဖြင့် ထို ပစ္စည်းဥစ္စာ အားလုံး မင်းဘဏ္ဍာ ဖြစ်သွားရလေသည်။

ဤ အာဂန္တုက သူဌေးကြီး၏ ပစ္စည်း သုံးစွဲနည်းမျိုးကား သမဇီဝိတာသမ္ပဒါ တရားတော်နှင့် အလွန်ဆန့်ကျင်သော သုံးစွဲနည်းမျိုးပင် ဖြစ်သည်။ ဥပမာပြရလျှင် ထို အာဂန္တုက သူဌေးကြီးပိုင် ပစ္စည်းဥစ္စာတို့သည် မြို့အနီးရွာအနီးတွင်ရှိသော အလွန် ကြည်လင်အေးမြသည့် ရေအိုင်ကြီးနှင့် တူ၏။ သူဌေးကြီးကား ထို ရေအိုင်ကြီးကို ထိန်းသိမ်းစောင့်ရှောက်နေသော လူသားစား ဘီလူးရက္ခိုသ်ကြီးနှင့် တူ၏။ ထို ရေအိုင်ကြီးမှာ ရက္ခိုသ် ဘီလူးတို့ စောင့်ရှောက်နေသဖြင့် လူအများ သုံးစွဲခွင့်မရဘဲ နောက်ဆုံး အချည်းနှီး ပျောက်ပျက်ရသကဲ့သို့ အလွန်စစ်စီ နှမြောတတ်သူ၏ ပစ္စည်းဥစ္စာတို့သည်လည်း မိမိနှင့်တကွ အခြားသူများပါ မသုံးစားရဘဲ အချည်းနှီး ဖြစ်သွားရလေသည်။

ပညာရှိတို့၏ သမဇီဝိတာသမ္ပဒါ တရားတော်နှင့်အညီ သုံးစွဲနည်းကား ဤသို့ အမြဲတစေ နှမြောစစ်စီနေရမည်မဟုတ်၊ မိမိတို့၏ ပစ္စည်းဥစ္စာတို့ကို ဝင်ငွေနှင့် ထွက်ငွေ မျှတစေလျက် မိမိကိုယ်တိုင်လည်း သုံးဆောင်ခံစား၏။ ကျေးဇူးရှင် မိဘနှစ်ပါးတို့ကိုလည်း ကျွေးမွေးပြုစု၏။ သားမယားတို့ကိုလည်း ချမ်းသာအောင် ကျွေးမွေးစောင့်ရှောက်၏။ မိတ်ဆွေ အပေါင်းအသင်းတို့ကိုလည်း အထိုက်အလျောက် ပေးကမ်း ချီးမြှင့်၏။ ရဟန်း၊ သံဃာ စသူတို့ကိုလည်း လှူဒါန်း၏။ ဆွေမျိုးတို့ကိုလည်း ချီးမြှောက်ထောက်ပံ့၏။ ယင်းသို့ သုံးစွဲ

ခြင်းသည့်သာ အကျိုးရှိရှိသုံးစွဲခြင်းဖြစ်၍ သာမာဇီဝိတာသမ္ပဒါ ဖြစ်သည်ဟု ဘုရားရှင် ဟောတော်မူလေသည်။

## ဥစ္စာပစ္စည်း သုံးစွဲနည်း ဥပဒေသ (၆)

ဤ ဥစ္စာပစ္စည်းသုံးစွဲနည်းကား စတုက္က အင်္ဂုတ္တိုရ်ပါဠိတော် "ပတ္တကမ္မ" သုတ်နှင့် ပဉ္စက အင်္ဂုတ္တိုရ် ပါဠိတော် "အာဒိယသုတ်" တို့၌ အနာထပိဏ်သူဌေးကြီးအား မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သုံးစွဲနည်းဖြစ်၏။ ဤနည်းများမှာ ပစ္စည်းဥစ္စာတို့ကို အကျိုးရှိရှိ နေရာတကျ သုံးစွဲနည်းများပင် ဖြစ်ပါသည်။

(၁) ဤလူ့ဘောင်လောက၌ ဘုရားရှင်၏ တပည့်သည် အကြင်ဥစ္စာပစ္စည်းတို့ကို ကံကိုအားကိုး၊ လက်ရုံးကိုအားကိုး၍ နဖူးက ချွေး ခြေမကျအောင် တရားနည်းလမ်းကျကျ လွန်ကဲသော ဝီရိယဖြင့် ကြိုးစားအားထုတ်မှု ရကုန်၏။ ထို ဥစ္စာပစ္စည်းတို့ဖြင့် မိမိကိုယ်ကို ချမ်းသာစေ၏။ ခွန်အားဗလ တိုးစေ၏။ ချမ်းသာကို ပေးဆောင်၏။ မိခင် ဖခင် ကျေးဇူးရှင်တို့ကို ချမ်းသာစေ၏။ ခွန်အားဗလနှင့် ပြည့်စုံစေ၏။ ချမ်းသာကို ပေးဆောင်၏။ သားမယား၊ အစေခံနှင့်အလုပ်သမားတို့ကို ချမ်းသာစေ၏။ ခွန်အားဗလနှင့် ပြည့်စုံစေ၏။ ချမ်းသာကို ပေးဆောင်၏။ ဤသည်မှာ ပစ္စည်းဥစ္စာတို့ကို အကျိုးရှိရှိ နေရာတကျသုံးစွဲရာတွင် ပထမနည်းဖြစ်သည်။

(၂) ဘုရား၏ တပည့်သားသည် အကြင်ပစ္စည်းဥစ္စာတို့ကို။ ပ။ ကြိုးစားအားထုတ်မှ ရကုန်၏။ ထိုပစ္စည်းဥစ္စာတို့ဖြင့် မိတ်ဆွေသဂ်ဟ အပေါင်းအသင်း၊ ချစ်ကျွမ်းဝင်သူ တို့ကို ချမ်းသာစေ၏။ ခွန်အားဗလနှင့် ပြည့်စုံစေ၏။ ချမ်းသာကို ပေးဆောင်၏။ ဤသည်မှာ ပစ္စည်းဥစ္စာတို့ကို အကျိုးရှိရှိ နေရာတကျ သုံးစွဲရာ၌ ဒုတိယသုံးစွဲနည်းတည်း။

(၃) ဘုရား၏ တပည့်သားသည် အကြင်ပစ္စည်းဥစ္စာတို့ကို။ ပ ။ ကြိုးစားအားထုတ်မှ ရကုန်၏။ ထိုပစ္စည်းဥစ္စာတို ဖြင့် ရေ၊ မီး၊ မင်း၊ ခိုးသူ၊ အမွေခံ သားဆိုး၊ သမီးဆိုးတို့ ကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်တို့ကို ကာကွယ် ပိတ်ဆို့၍ မိမိကိုယ်ကို ချမ်းသာအောင် ပြု၏။ ဤသည်မှာ ပစ္စည်းဥစ္စာတို့ကို အကျိုးရှိရှိ နေရာတကျ သုံးစွဲရာ၌ တတိယ သုံးစွဲနည်းတည်း။

(၄) ဘုရား၏ တပည့်သားသည် အကြင်ပစ္စည်းဥစ္စာတို့ကို။ ပ။ ကြိုးစားအားထုတ်မှ ရကုန်၏။ ထိုပစ္စည်းဥစ္စာတို့ဖြင့် ဆွေမျိုးဉာတိတို့အား အထိုက်အလျောက် ထောက်ပံ့ပူဇော် ခြင်း (ဉာတိဗလိ)၊ ဧည့်သည်တို့အား ဝတ္တရားကျေပွန်စွာ ပြုစုကျွေးမွေးခြင်း (အတိထိဗလိ)၊ ကွယ်လွန် ပြီးသော ဆွေမျိုးတို့အတွက် အလှူဒါနပြု၍ ရေစက်သွန်းချ အမျှပေးဝေ ခြင်း (ပုဗ္ဗပေတဗလိ)။ မင်းတို့အား ပေးသင့်ပေးထိုက်သော အခွန်အတုတ်တို့ကို ပေးခြင်း (ရာဇဗလိ)၊ နတ်တို့အား ပူဇော် ပသခြင်း (ဒေဝတာဗလိ) ဟူသော ပူဇော်ခြင်းငါးမျိုးတို့ကို

ပြု၏။ ဤသည်မှာ ပစ္စည်းဥစ္စာတို့ကို အကျိုးရှိရှိ နေရာတကျ သုံးစွဲရာ၌ စတုတ္ထသုံးစွဲနည်းဖြစ်သည်။

(၅) အကြင်ရသေ့ ရဟန်းတို့သည် မာန်ယစ်ခြင်း၊ မေ့လျော့ခြင်းတို့မှကင်းကုန်၏။ သည်းခံတတ်ကြကုန်၏။ကောင်းမှု၌ ပျော်မွေ့ကြ၏။ တစ်ခုတည်းသော မိမိကိုယ်ကို ဆုံးမတတ်ကုန်၏။ တစ်ခုတည်းသော မိမိစိတ်ကို ကိလေသာတို့မှ ငြိမ်းစေတတ်ကြကုန်၏။ ထိုရသေ့ရဟန်းတို့၌ နတ်ပြည်ရောက်ကြောင်း၊ ချမ်းသာကြောင်း ဖြစ်သော အလှူဒါနကို ပေးလှူ၏။ ဤသည်မှာ ပစ္စည်းဥစ္စာတို့ကို အကျိုးရှိရှိ နေရာတကျ သုံးစွဲရာ၌ ပဥ္စမသုံးစွဲနည်းဖြစ်၏။

ဤငါးမျိုးသော သုံးစွဲနည်းအတိုင်း တရားသဖြင့် သုံးစွဲသောဘုရား၏ တပည့်သားအား ပစ္စည်းဥစ္စာတို့ ကုန်ခန်းသွားသည်ဖြစ်စေ၊ တိုးတက်ပွားများလာသည်ဖြစ်စေ မိမိ၏ တရားသဖြင့် သုံးစွဲခဲ့သည်ကို အောက်မေ့ ဆင်ခြင်သည့်အခါ နှလုံးမသာယာခြင်း၊ နောင်တတစ်ဖန် ပူပန်ခြင်းတို့ မဖြစ်နိုင်ကြကုန်ဟု မြတ်စွာဘုရား ဟောကြားထား၏။ ထို့ကြောင့် ဤပြဆိုခဲ့သည့် နည်းများအတိုင်း မိမိတို့၏ ဥစ္စာပစ္စည်းတို့ကို အကျိုးရှိရှိနေရာတကျ သုံးစွဲမိအောင် အထူး သတိဆောင်ကြရာ၏။

**(သာသနာရောင်ခြည်မဂ္ဂဇင်း အတွဲ ၁၄၊ အမှတ် ၄)**

# ၄။ မိတ်ကောင်းဆွေကောင်း ရှိရခြင်း (ကလျာဏမိတ္တသမ္ပဒါ)

ဗျဂ္ဃပဇ္ဇ မည်သော ဒါယကာ– မိတ်ကောင်း၊ ဆွေကောင်း ရှိမှုဟူသည် အဘယ်နည်း။

ဗျဂ္ဃပဇ္ဇ– ဤလောက၌ အမျိုးကောင်းသားသည် ရွာ၌ဖြစ်စေ၊ နိဂုံး၌ဖြစ်စေ နေ၏။ ထိုရွာနိဂုံးတို့၌ သူကြွယ်တို့ယည်လည်းကောင်း၊ သူကြွယ်သားတို့သည် လည်းကောင်း ရှိကြကုန်၏။ ငယ်ကြကုန်သော်လည်း ကြီးမြင့်သော ကိုယ်ကျင့်တရား ရှိကြ၏။ ကြီး၍လည်း ကြီးမြင့်သော ကိုယ်ကျင့်တရား ရှိကြ၏။ သဒ္ဓါတရားနှင့် ပြည့်စုံကြ၏။ သီလနှင့် ပြည့်စုံကြ၏။ စွန့်ကြဲပေးကမ်းခြင်းနှင့် ပြည့်စုံကြ၏။ ပညာနှင့်ပြည့်စုံကြ၏။ ထိုသူတို့နှင့်အတူနေ၏။ အတူပြော၏။ အတူဆွေးနွေး၏။ ယင်းသဒ္ဓါတရားနှင့် ပြည့်စုံသူတို့၏ သဒ္ဓါတရားနှင့် ပြည့်စုံမှုကို အတုလိုက်၍ကျင့်၏။ သီလနှင့်ပြည့်စုံမှုကိုအတုလိုက်၍ ကျင့်၏။ စွန့်ကြဲပေးကမ်းခြင်းနှင့် ပြည့်စုံမှုကို အတုလိုက်၍ ကျင့်၏။ ပညာနှင့်ပြည့်စုံမှုကို အတုလိုက်၍ ကျင့်၏။

ဗျဂ္ဃပဇ္ဇ– ဤသည်ကိုပင် မိတ်ကောင်း ဆွေကောင်းရှိမှု ကလျာဏမိတ္တသမ္ပဒါဟု ဆိုပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။

ဤလောက၌ လောကီလူသားမှန်သမျှ တစ်ဦးတည်း တစ်ယောက်တည်း နေလို့မရ၊ လူ့အဖွဲ့အစည်းထဲတွင် ပါဝင်၍ မိမိကဲ့သို့သော လူများနှင့် အချင်းချင်း ပေါင်းသင်း ဆက်ဆံ၍

နေကြရသည်။ ယင်းသို့ပေါင်းသင်း ဆက်ဆံ၍ နေကြရာ၌ မိမိ၏ အပေါင်းအသင်းများသည် သဒ္ဓါ၊ သီလ၊ ပညာ စသည်တို့နှင့် ပြည့်စုံသည့် မိတ်ကောင်းဆွေကောင်းများဖြစ်ဖို့ လိုပေသည်။

မိတ်ကောင်း ဆွေကောင်းများ ဖြစ်ကြမှသာ ထိုမိတ်ဆွေကောင်းများထံမှာ ပညာဗဟုသုတမျိုးစုံကိုလည်း ရနိုင်သည်။ ရတနာသုံးပါး၊ ကံ၊ ကံ၏အကျိုးတို့၌ ယုံကြည်မှု သဒ္ဓါတရားဖြစ်ပွား၍ စွန့်ကြဲပေးကမ်းမှု၌လည်း ဝါသနာပါနိုင်သည့်အပြင် ကိုယ်ကျင့်သီလတို့နှင့်လည်း ပြည့်စုံ လာနိုင်ပေသည်။ ဤအရည်အသွေးများနှင့် ပြည့်စုံလာသူများအဖို့ ဥစ္စာပစ္စည်းတိုးတက်ရေးလမ်းကြောင်း ဖြောင့်ဖြူးနေ၍ ကြီးပွားချမ်းသာရေးလမ်းကြောင်း ပွင့်လျက်ရှိပေသည်ဟု ဟောတော်မူလိုရင်း ဖြစ်ပါသည်။

"အမှီကောင်းလျှင် တစ်ချက်" ဆိုသကဲ့သို့ မိတ်ကောင်းဆွေကောင်း တည်းဟူသော အမှီကောင်းကို ရလျှင် တစ်ချက်တည်းဖြင့် ကြီးပွားချမ်းသာနိုင်သည်။ ထို့ကြောင့် ရှင်တော်ဗုဒ္ဓသည် ကြီးပွားချမ်းသာလိုသူများအဖို့ မိတ်ကောင်း ဆွေကောင်းရှိရန် အထူးလိုအပ်ပုံကို ဤသမ္ပဒါခေါ် ကြီးပွားချမ်းသာရေးလမ်းညွှန် တရား၌သာ မဟုတ်။ သမ္ပတ္တိစက်လေးပါးတွင် "သပ္ပုရိသာဝဿယ" (သူတော်ကောင်းတို့ကို အမှီပြုရခြင်း) စက်ဟုလည်းကောင်း (သပ္ပုရိသူပနိဿယဟုလည်း ဆိုကြသည်)။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရား

တော်တွင် "ပဏ္ဍိတာနုဋ္ဌ သေဝနာ"ဟု လည်းကောင်း ဟောတော်မူထားသည်ကို တွေ့ရပေသည်။

ဤနေရာတွင် မိတ်ဆွေ စစ်နှင့် မိတ်ဆွေတုတို့ကို ကွဲကွဲပြားပြား ခွဲခြားသိနိုင်ရန် အရေးကြီးပေသည်။ အစစ်နှင့် အတုကို ခွဲခြား သိမှ အစစ်ကို ရွေးချယ် နိုင်စွမ်းရှိ၍ မိတ်ကောင်းဆွေကောင်းရနိုင်၏။ ထို့ကြောင့် မိတ်ဆွေစစ်နှင့် မိတ်ဆွေတုတို့ကို သုတ်ပါထေယျ ပါဠိတော် သိင်္ဂါလသုတ်၌ ဘုရားရှင် ဟောတော်မူထားသည့်အတိုင်း ခွဲခြားဖော်ပြပါမည်။ ယင်းဖော်ပြချက်တို့၌ ပါရှိသော ဆောင်ပုဒ်လင်္ကာများကား ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရတိုက်၊ ကျေးဇူးရှင် ပထမစံကျောင်း ဆရာတော်ဘုရားကြီး ရေးသားစီကုံးခဲ့သည့် လင်္ကာများဖြစ်ပါသည်။

## အခန်း ( ၁၀ )

# မိတ်ဆွေစစ် ၄ ယောက်

သူကြွယ်သား....

၁-အကြင်မိတ်ဆွေသည် ကျေးဇူး ပြုတတ်၏ (ဥပကာရမိတ္တ)။

၂-အကြင်မိတ်ဆွေသည် ဆင်းရဲအတူချမ်းသာအမျှဖြစ်၏ (သမာနသုခ ဒုက္ခမိတ္တ)။

၃-အကြင် မိတ်ဆွေသည် အကျိုးစီးပွားကို ညွှန်ကြား ပြောဆိုတတ်၏ (အတ္ထက္ခာယီမိတ္တ)။

၄-အကြင်မိတ်ဆွေသည် အစဉ် သနားတတ်၏ (အနုကမ္ပကမိတ္တ)။

ဤမိတ်ဆွေ ၄-ယောက်တို့သည် မိတ်ဆွေစစ်များဖြစ်၍ အမိသည် ရင်၌ဖြစ်သောသားသို့ ချဉ်းကပ်သကဲ့သို့ မိတ်ဆွေစစ်များသို့ လေးလေးစားစား ချဉ်းကပ်ရာ၏-ဟု မြတ်စွာဘုရား ဟောကြားထား၏။

(၁) ကျေးဇူးပြုတတ်သောဥပကာရမိတ်ဆွေ။ ။ဤလေးယောက်သော မိတ်ဆွေစစ်တို့တွင် ကျေးဇူး ပြုတတ်သောဥပကာရမိတ်ဆွေစစ်ဆိုသည်မှာ တစ်စုံတစ်ခုသောအကြောင်းကြောင့် မေ့လျော့ပေါ့ဆရှိနေသော မိမိ၏မိတ်ဆွေကို ရန်သူများအန္တရာယ်အယှက် မလုပ်နိုင်ရန် ကာကွယ် စောင့်ရှောက်တတ်၏။ မိမိ၏မိတ်ဆွေ ပြင်ပသို့ သွားသော်လည်းကောင်း၊ မေ့လျော့ပေါ့ဆရှိနေသော်လည်းကောင်း၊မိတ်ဆွေ၏ပစ္စည်းဥစ္စာတို့ကို ရန်သူများ မယူနိုင် မဖျက်ဆီးနိုင်ရန် စောင့်ရှောက်ကူညီတတ်၏။ မိမိ၏ မိတ်ဆွေ၌ ဘေးရန်တစ်စုံတစ်ရာပေါ်လာခဲ့သော် ဘာမျှမကြောက်လန့် မစိုးရိမ်ပါနှင့်၊ ငါလိုမိတ်ဆွေတစ်ယောက်ရှိပါလျက် ဘာကို ကြောက်လန့် စိုးရိမ်ရမှာလဲ-ဟု အားပေးစကား ပြောကြားကာ မိမိမိတ်ဆွေ၏ အားကိုးရာ အားထားရာဖြစ်ရ၏။ မိမိမိတ်ဆွေ၏ ပြုဖွယ်ကိစ္စဟူသမျှတို့၌ လိုအပ်သည်ထက် နှစ်ဆသုံးဆ ပိုမိုရက်ရောပေးလေ့ရှိ၏။ဤမိတ်ဆွေမျိုးကို ကျေးဇူးပြုတတ်သော ‘ဥပကာရ’ မိတ်ဆွေဟု ခေါ်သည်။

ဆောင်ပုဒ်။ ။မေ့လျော့ စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊
ဘေးရောက်ကိုးကွယ်၊ ပြုဖွယ်ရှိက၊နှစ်ဆဥစ္စာ၊
ချေးပေးလာသည်၊လေးဖြာ ဥပကာရတည်း။

(၂) ဆင်းရဲအတူ ချမ်းသာအမျှ (သမာနသုခဒုက္ခ) မိတ်ဆွေ။ ။ဆင်းရဲအတူ ချမ်းသာအမျှ (သမာနသုခဒုက္ခ) မိတ်ဆွေစစ်ဆိုသည်မှာ မိမိလျှို့ဝှက်အပ်သောစကားကိုအခြား

သူ့အား မပြောကြားဘဲ မိမိမိတ်ဆွေကိုသာ အကုန်အစင် ပြောကြားလေ့ရှိသည်။ မိမိမိတ်ဆွေ၏ လျှို့ဝှက်ဖွယ် ကိစ္စအသွယ်သွယ်ကို တစ်စုံတစ်ယောက်သို့ပင် မပေါက်မကြား အောင် လျှို့ဝှက်စောင့်ရှောက်တတ်၏။ ဘေးရန်ရောက်လာသည့်အခါ တစ်ကိုယ်ကောင်းကြံလျက် မိတ်ဆွေကို စွန့်ပစ်သွားလေ့မရှိချေ။ မိတ်ဆွေအတွက်ဆိုလျှင် မိမိအသက်ကိုပင် စွန့်လွှတ်နိုင်ပေသည်။ (ဝါ) မိမိ၏အသက်ကို ပဓာနမထားဘဲ မိတ်ဆွေ၏ကိစ္စကို ရွက်ဆောင်နိုင်ပေသည်။

ဆောင်ပုဒ်။ ။လျှို့ဝှက်စကား၊ ကြားစေတုံ့လျက်၊ သူ့လျှို့ဝှက်၍၊ ဘေးတွက်မစွန့်၊ မတွန့်တိုပါ၊ သူ့ကို ညှာလျက်၊ ကိုယ်သက်စွန့်မြောက်၊ ဤလေးယောက်ကား၊ မျှလောက်ချမ်းသာ ဆင်းရဲတည်း။

(၃) အကျိုး စီးပွားကို ညွှန်ကြား ပြောဆို တတ်သော (အတ္ထက္ခာယီ) မိတ်ဆွေ။ ။အကျိုးစီးပွားကို ညွှန်ကြားပြောဆိုတတ်သော (အတ္ထက္ခာယီ) မိတ်ဆွေစစ် ဆိုသည်မှာ မိမိမိတ်ဆွေအား မကောင်းမှုများ မပြုရအောင် တားမြစ်လေ့ရှိ၏။ သရဏဂုံနှင့်တကွ ငါးပါးသီလကို ဆောက်တည်ပါ။ သုစရိုက်ဆယ်ပါးကို ကျင့်ပါ။ ပေးကမ်း လှူဒါန်းပါ။ တရားနာပါစသည်ဖြင့် ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ဖို့ရန် အဖန်ဖန်နှိုးဆော်တိုက်တွန်းလေ့ရှိ၏။ ရှေးက မကြားဖူးသေးသည့် သိမ်မွေ့ထူးဆန်းသောတရားစကားကို ပြောကြားတတ်

၏။ နတ်ရွာရောက်ကြောင်း လမ်းစဉ်ကောင်းကိုလည်း ညွှန်ကြားတတ်၏။

ဆောင်ပုဒ်။ ။မကောင်း မြစ်တား၊ ကောင်းရာကြား၍၊ မကြား စကောင်း၊ အကြောင်းကြားလာ၊ နတ်ရွာလမ်းပြ၊ ဤလေးဝကား၊ မည်ရအတ္ထကွာယီတည်း။

(၄) အစဉ်သနားတတ်သော (အနုကမ္ပက) မိတ်ဆွေ။ ။ အစဉ်သနားတတ်သော (အနုကမ္ပက) မိတ်ဆွေစစ်ဆိုသည်မှာ မိမိမိတ်ဆွေတွင် ပစ္စည်းဥစ္စာ ဆုတ်ယုတ် ပျက်စီးသည်ကို ကြားရသည်ဖြစ်စေ၊ မြင်ရသည်ဖြစ်စေ၊ လွန်စွာဝမ်းနည်းလေ့ရှိ၏။ မိမိမိတ်ဆွေမှာ ပစ္စည်းဥစ္စာ တိုးတက် လာသည့်အခါ၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ့ရှိ၏။ အခြားသူများက မိမိမိတ်ဆွေအားကျေးဇူးမဲ့ကဲ့ရဲ့စကားပြောကြားလာသည့်အခါ ဤအတိုင်း မမှန်သဖြင့် မပြောကြားရန် တားမြစ်ပိတ်ပင်လေ့ရှိ၏။ မိမိမိတ်ဆွေအား ချီးကျူးစကား ပြောကြားလာသည့်အခါ လွန်စွာနှစ်သက် သဘောကျ၍ ပြောကြားလာသူကို ချီးကျူးလေ့ရှိလေသည်။

ဆောင်ပုဒ်။ ။ဥစ္စာခမ်းနား၊ မပွားသမျှ၊ မနှစ်လိုငြား၊ ပွားကရှင်မြူး၊ ကျေးဇူးမဲ့ကို၊ ဆိုသော်တားမြစ်၊ ကျေးဇူးနှစ်ကို၊ ဆိုလစ်ချီးမွမ်း၊ သူတို့တမ်းကား၊ မိတ်ကျွမ်းအနုကမ္ပတည်း။

ဤပုဂ္ဂိုလ် လေးမျိုးတို့ကား မြတ်စွာဘုရား ဟောကြားတော်မူထားခဲ့သော မိတ်ဆွေဖွဲ့ကောင်းသော မိတ်ဆွေစစ်လေးမျိုးတို့ ဖြစ်ပါသည်။ မိတ်ဆွေစစ် လေးမျိုးကို ဟောကြားပြီး မိတ်ဆွေ မဖွဲ့ကောင်းသည့် မိတ်ဆွေတု လေးမျိုးတို့ကို အောက်ပါအတိုင်း ဟောကြားတော်မူပါသည်။

## မိတ်ဆွေတု ၄-ယောက်

သူကြွယ်သား...

(၁) အကြင်မိတ်ဆွေသည် မိမိ အကျိုးအတွက် ယူသာယူတတ်၏။ (အညဒတ္ထုဟရမိတ္တ)။

(၂) အကြင်မိတ်ဆွေသည် နှုတ်ဖြင့်သာ ပေးတတ်၏။ (ဝစီပရမမိတ္တ)။

(၃) အကြင်မိတ်ဆွေသည် အကြိုက်ကိုသာလိုက်၍ ပြောကြားတတ်၏။ (အနုပိယဘာဏီမိတ္တ)။

(၄) အကြင်မိတ်ဆွေသည် ပျက်စီးရာ ပျက်စီးကြောင်းတို့၌ သွေးဆောင် တိုက်တွန်းတတ်၏။ (အပါယသဟာယမိတ္တ)။

ဤ မိတ်ဆွေ လေးမျိုးတို့သည် မိတ်ဆွေတု မိတ်ဆွေယောင်များ ဖြစ်ကြသည်။ ထို့ကြောင့် ကြောင်းကျိုးမြင်သိ ပညာရှိသည် ထို မိတ်ဆွေတု မိတ်ဆွေယောင်များကို ကောန်တိတိ ပိုင်းခြားသိမြင်၍ ဘေးရန်တူပြွမ်းသည့် ခရီးသမ်းကို အဝေးမှ

ရှောင်ကွင်းသွားရဘိသကဲ့သို့ ထို့အတူ ထို မိတ်ဆွေတုတို့ကို အပေါင်းအသင်းမပြုသင့်၊ အဝေးမှ ရှောင်ကွင်းသွားရမည် ဟု ဟောကြားထား၏။

(၁) ယူသာယူတတ်သော အညဒတ္ထုဟာရမိတ်ဆွေတု။ ။အချို့မိတ်ဆွေများသည် အမြဲတမ်း မိမိပစ္စည်းကို ပေးလိုသောစိတ်မျိုးမရှိ၊ မိတ်ဆွေထံမှသာ နည်းများမဆို ယူလိုသောစိတ် ရှိ၏။ မိတ်ဆွေထံသို့ လက်ချည်းလာ၍ ချစ်ခင်ဖွယ်ရာ၊ မြှောက်ပင့်ပြောဆိုပြီး ရရာပစ္စည်းကို နည်းများမဟူ ဆောင်ယူသွားလေ့ရှိ၏။ မလွှဲသာ မရှောင်သာ၍ မိမိပစ္စည်းကို ပေးရသည့်အခါ၌ပင်သော်လည်း အနည်းငယ်မျှသာ မိမိက ပေး၍ မိတ်ဆွေထံမှ များများ လိုချင်သော သဘောထားရှိ၏။ ရှေးအခါက တစ်ခါတစ်ရံမျှပင် သတိမရဘဲ ဘေးရောက်လာသည့်အခါမှ အခြား၌ အားကိုးရာမရသဖြင့် အားကိုးအားထား ရစေရန် မိတ်ဆွေ၏ အမှုကိစ္စတို့ကို ကျေးကျွန်သဖွယ် အရေးပေါ် ဆောင်ရွက်တတ်၏။

မူလ အပေါင်းအသင်းဖွဲ့စဉ်ကပင် မိတ်ဆွေ၏ အကျိုး (ပရဟိတ) ကို အနည်းငယ်မျှ ထည့်မတွက်ဘဲ မိမိအကျိုး (အတ္တဟိတ) ကိုသာ မျှော်ကိုး၍ မိတ်ဆွေဖွဲ့တတ်၏။ အချုပ်ဆိုရသော် အတ္တလွန်ကဲ၍ ကိုယ်ကျိုးသက်သက်ကိုသာ ရှာလေ့ရှိသည့် မိတ်ဆွေမျိုး ဖြစ်ပေသည်။ တစ်နည်းအားဖြင့် ဆိုရသော် သူ့ဖို့ ကိုယ့်ဖို့ဟူ၍ ဖို့နှစ်ဖို့မထားဘဲ အရာရာ၌ ကိုယ့်ဖို့

ချည်းသာ ကြည့်တတ်သည့် တစ်ဖိုသမား (ဝါ) ငို့ဘသမား မိတ်ဆွေများ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။လက်ချည်းလာ၍၊ ဥစ္စာဆောင်သယ်၊ နည်းငယ်ဖြင့်သာ၊ များစွာလို၍၊ ဘေးထိရောက်ခါ၊ ပြုလာတုံဘိ၊ မိမိကျိုးရှာ၊ မှီလာပေါင်းယှဉ်၊ လေးယောက်စဉ်ကာ အညဒတ္ထုဟာရ တည်း။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၄၊ အမှတ်-၅)

(၂) နှုတ်ဖြင့်သာ ပေးတတ်သော ဝစီပရမ မိတ်ဆွေတု။ ။အချို့သော မိတ်ဆွေများသည် ယခုတလော ငါတို့ အလုပ်အကိုင် အလွန်ကောင်းသည်။ မနေ့က (ဝါ) တမြန်နေ့က မည်သည့်ခဲဘူယ်ဘောဇဉ်၊ မည်သည့် အသုံးအဆောင်များကိုသင့်အတွက်ထား၍သင့်ကို မျှော်နေပါသည်။ သို့သော်လည်း သင်မပေါ်လာသဖြင့် မည်သို့မည်ပုံ ပြုလုပ်လိုက်ရပါသည် စသည်ဖြင့် လွန်ခဲ့သော အကျိုးစီးပွားဖြင့် ကြားရသူတို့ လွမ်းလောက်အောင်လောကွတ်လုပ်၍ပြောဆိုတတ်ကြ၏။ယခုနှစ် သို့မဟုတ် ယခုလတော့ ငါတို့ အလုပ်အကိုင်ကောင်းလိမ့်မည်။မည်သည့်နေ့၊ မည်သည့်လကျလျှင် မည်သည့်ပစ္စည်းဝတ္ထုကို သင့်အား ပေးမည်။သင့်ကို မည်ကဲ့သို့မစမည်။ ချီးမြှင့်မည် စသည်ဖြင့် မရှိသေးသော အကျိုးစီးပွားဖြင့် ကြားရသူများ မစားရဝခမန်းဖြစ်အောင် လောကွတ် လုပ်တတ်ကြပေသည်။

အဝတ်အစားကောင်းတို့ကို ဝတ်ဆင်၍ မိတ်ဆွေနှင့် တွေ့သည့်အခါ "ဒီပုဆိုးကလေးဟာ မိတ်ဆွေနဲ့ဆိုရင် သိပ်တော်မှာပဲ၊ ဒါပေမယ့် ငါ့မှာ အပိုကလည်း မရှိဘူး" စသည်ဖြင့် အကျိုးမရှိသောစကားဖြင့် အကျိုးလိုဟန် ပြောကြားတတ်၏။ ဤသို့ မည်သည့်အခါ မည်သည့်အကျိုးကို ဆောင်ရွက်လိုက်တော့မည်ဟန်ဖြင့် သူတစ်ပါးအား ရအောင် ပြောဆိုတတ်သော်လည်း တကယ် အရေးကိစ္စပေါ်၍ အကူအညီသွားတောင်းသည့်အခါ ဘယ်သို့ ဘယ်ညာ စသည်ဖြင့် လွှဲဖယ်ရှောင်ရှား၍ တောင်လိုလို မြောက်လိုလို လုပ်နေတတ်သည့် မိတ်ဆွေမျိုးကား နှုတ်သာကောင်းပြီး လက်မပါသည့် ဝစီပရမအမျိုးအစား မိတ်ဆွေတုများ ဖြစ်၏။

**ဆောင်ပုဒ်။** ။ရှေးဖြင့် စေ့စပ်၊ တထပ်နောက်မီး၊ ချည်းနှီးသဂြိုဟ်၊ ပေးလိုစဟန်၊ ပစ္စုပ္ပန်မူ၊ ပြည့်နှံပျက်ပြား၊ ဤလေးပါးကား မှတ်သား ဝစီပရမတည်း။

(၃) သူ့အကြိုက်ကိုသာ လိုက်၍ ပြောကြားတတ်သော အနုပိယဘာဏီမိတ်ဆွေတု။ ။မကောင်းမှုကိုပြုလို၍ကောင်း မကောင်း အကြံပေးရန် တိုင်ပင် ဆွေးနွေးသည့် အခါ "ကောင်းပါတယ်၊ လုပ်သာလုပ်ပါ"ဟု ခွင့်ပေး စကားပြောကြားတတ်၏။ ကုသိုလ်ကောင်းမှုပြုလို၍ တိုင်ပင်သည့်အခါ၌လည်း ကြောင်းကျိုးပြကာ မဝေဖန်ဘဲ "ကောင်းပါတယ်၊ လုပ်သာလုပ်ပါ"ဟု ပြောကြားတတ်၏။ မိတ်ဆွေ၏

ရှေ့မှောက်တွင် ချီးမွမ်းစကားပြောကြားတတ်၍ မမြင်ကွယ်ရာ၌မူ "ဤသူသည် ဤသို့သောအပြစ်ကို ပြုတတ်သည်"စသည်ဖြင့် ကဲ့ရဲ့ကာ ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတစ်မျိုး ပြောဆိုတတ်သည်။

ထိုမိတ်ဆွေတုမျိုးကား ယခုခေတ် ဘုန်းကြီးသော ဆရာတော်ကြီးများအနီး၌ဖြစ်စေ၊ အရာရှိကြီးများ၏အနီး၌ ဖြစ်စေ၊ ချဉ်းကပ်နေထိုင်ကာ မျက်နှာလိုမျက်နှာရ လိုက်လျောပြောဆိုတတ်သည့် ရဟန်းငယ်၊ သာမဏေငယ်၊ အမှုထမ်းငယ် စသော လက်အောက်ငယ်သား အချို့နှင့်တူ၏။ ထိုပုဂ္ဂိုလ်များကို ယခုခေတ်၌ အနားပြော ကပ်ဖားဟု ခေါ်ကြသည်။ အချို့သော အကြီးအမှူးဖြစ်သောသူများကလည်း ထိုကဲ့သို့ မိမိသဘောနှင့် လိုက်လျောစွာ မိမိလုပ်ကိုင်သမျှကို ကောင်းပါသည်၊ ဟုတ်ပါသည်၊ သင့်ပါသည်ဟု အမြဲတမ်း ထောက်ခံပြောဆိုလေ့ရှိသော လူငယ်များကိုသာ မျက်နှာသာပေးလေ့ရှိကြ၏။ အရေးပေးလေ့ရှိကြ၏။

အမှန်စင်စစ် ထိုသို့သဘောရှိသော လက်အောက်ငယ်သားများမှာ အမှားအမှန်ကို ဝေဖန်ပြောဆိုပေးလေ့ မရှိသဖြင့် အလွန် ကြောက်စရာ ကောင်းရကား ထိုသူမျိုးကို အထူးရှောင်ရှားရမည်။ "ချီးမွမ်းသူတပည့်၊ ကဲ့ရဲ့သူဆရာ" ဆိုသည့်အတိုင်း မိမိက တိုင်ပင်ဆွေးနွေးသောအခါ မိမိ ပြုလုပ်မည့်လုပ်ငန်း၏ အကျိုးအပြစ်တို့ကို ဝေဖန်စိစစ်ကာ တင်ပြပြောဆိုတတ်သည့် လက်အောက်ငယ်သားတို့ကိုသာ အထူးအားကိုးအားထားပြုရမည်။

ဤနေရာ၌ ဥမင်္ဂဇာတ် (ဝေသန္တရာဇာတ်) တော်လာ အခန်းတစ်ခန်းကို သင်ခန်းစာယူရန် တင်ပြ လိုပါသည်။ ပဉ္စာလရာဇ်ပြည့်ရှင် စူဠနီဗြဟ္မဒတ် ဘုရင်ကြီးသည် ဝိဒေဟ ရာဇ်မင်းကြီးအား မိမိသမီးတော်နှင့် ဖြားယောင်းလှည့်ပတ်၍ ဖမ်းယူလို၏။ ထို့ကြောင့် မိမိသမီးတော်နှင့် ထိမ်းမြား လက် ထပ်ရန် ပဉ္စာလရာဇ်တိုင်းပြည်သို့ ကြွရောက်ပါမည့်အကြောင်း ကို ဝိဒေဟရာဇ်မင်းကြီးအား လျှောက်တင်ရန် ကေဝဋ္ဋ ပုဏ္ဏားကြီးကို သံတမန်တော်ကြီးအဖြစ် စေလွှတ်လိုက်၏။ ကေဝဋ္ဋပုဏ္ဏားကြီးသည် ဝိဒေဟရာဇ်မင်းကြီးထံ သွားပြီး အကြောင်းစုံလျှောက်တင်ရာ ဝိဒေဟရာဇ်မင်းကြီးမှာ လွန်စွာ သဘောကျတော်မူ၍ မဟောသဓာစသည့် သုခမိန်ကြီးငါးဦး တို့နှင့် တိုင်ပင်ဆွေးနွေးတော်မူပါသည်။

ထိုအခါ သေနကစသော သုခမိန်အမတ်ကြီးလေးယောက် တို့က ဘုရင့်အလိုတော်လိုက်ပြီး ပဉ္စာလရာဇ်တိုင်းသို့ကြွရောက် ရန် သင့်ကြောင်း လျှောက်တင်ကြရာ မင်းကြီးမှာ အလွန် သဘောကျတော်မူ၏။ ဘုရားလောင်း မဟောသဓာသုခမိန် အမတ်ကြီးကမူ ဘုရင့်အလိုတော်သို့ မလိုက်ဘဲ ကြွရောက်ဖို့ရန် မသင့်ကြောင်း၊ အကယ်၍ ကြွရောက်တော်မူပါက သမင်မ ဖြင့် ထောင်ဖမ်းခံရသော သမင်ဖိုသည် မုဆိုးလက်တွင် အသက်ကုန်ရသကဲ့သို့ ဖြစ်ပါလိမ့်မည်အကြောင်းနှင့်ကြွရောက် ရန် မသင့်လျော်ကြောင်း တင်လျှောက်သည့်အခါ အလိုတော် မကျသဖြင့် ရာဇမာန် ရှတော်မူဖူးကြောင်း ထုံးဟောင်း သာဓက ရှိပေသည်။

ဤထုံးဟောင်းသာဓကအရ ဘုရားလောင်း မဟောသဓာ သုခမိန်ကဲ့သို့ မိမိအား တိုင်ပင်နှီးနှောလာသည့်အခါ ကောင်းလျှင် ကောင်းကြောင်း၊ မကောင်းလျှင် မကောင်းကြောင်း ကြောင်းကျိုးပြကာ မိမိထင်မြင်ချက်ကို ရိုးသားစွာ ဝေဖန်တင်ပြရမည်။ ကောင်းသည့်အရာကို ဖြစ်စေ၊ မကောင်းသည့် အရာကိုဖြစ်စေ၊ "ကောင်းပါသည်" ဟူ၍ အများအကြိုက်ကို ချည်းလိုက်ကာ မပြောမဆိုရ၊ ပြောဆိုခဲ့ပါလျှင် အနုပိယ ဘာဏီမိတ်ဆွေတုဂိုဏ်းဝင်ဖြစ်သည်ဟု ဆိုလိုပေသည်။

ဤလောက၌ သတ္တဝါတို့မည်သည် မည်သူမဆို မိမိအလိုကိုလိုက်မှ နှစ်ခြိုက်သဘောကျသူများ၏။ အချို့သောသူများမှာလည်း မိမိလုပ်ငန်း၏ အကျိုးအပြစ်တို့ကို စိစစ်ဝေဖန် ပြောကြားသော ငယ်ရွယ်သူများကိုမူ သဘောကျလေ့မရှိဘဲ မိမိတို့အကြိုက်သို့ လိုက်ကာ မြှောက်ပင့်ပြောဆိုတတ်သည့် ငယ်ရွယ်သူများနှင့်သာ သင့်တင့်ကြကုန်၏။ ငယ်ရွယ်ကြသူများကလည်း မိမိအား မကောင်းမြစ်တား၊ ကောင်းရာညွှန်ပြတတ်သည့် လူကြီးများ၏အနားသို့ကပ်ရန် အလွန်ဝန်လေးကြ၍ မိမိတို့ကိုမြှောက်ပင့်ချော့မြှူပေါင်းသော သူကြီးများနှင့်သာ သင့်မြတ်ကြကုန်၏။ ထို့ကြောင့် မိမိတို့ကိုယ်တိုင် မိတ်ဆွေတုများ မဖြစ်အောင် အထူးကြိုးစား၍ ထိုကဲ့သို့သော မိတ်ဆွေတုများကိုလည်း အထူး ရှောင်ရှားသင့်ကြပေသည်။

**ဆောင်ပုဒ်။** ။မကောင်းခွင့်ပြု၊ ကောင်းမှုကိုလျှင်၊ ဆင်ခြင်မရှု၊ ခွင့်ပြုသည်ပင်၊ ရှေ့တွင်ချီးမွမ်း၊ ဖုံးလွှမ်း

ကွယ်လျှင်၊ ကဲ့ရဲ့ချင်သည်၊ လေးအင်ပီယဘာ
ဏီတည်း။

(၄) ပျက်စီးကြောင်း . သွေးဆောင် တိုက်တွန်းတတ်သော အပါယသဟာယမိတ်ဆွေတု။ ။ပျက်စီးကြောင်းကို သွေးဆောင် တိုက်တွန်းတတ်သော မိတ်ဆွေတုဆိုသည်မှာ သေရည်သေရက်စသော မူးယစ်စေတတ်သည့် အရာဟူသမျှကို သောက်မျိုခြင်းငှာ အခါခါ သွေးဆောင် တိုက်တွန်းတတ်၏။ အချိန်မရှိ ညဥ့်နက်သန်းကောင်၌ လှည့်လည်သွားလာရန် သွေးဆောင်ဖြားယောင်းတတ်၏။ ရုပ်ရှင်ပွဲ၊ ဇာတ်ပွဲ၊ ဘောလုံးပွဲ၊ လက်ဝှေ့ပွဲ၊ လှေပွဲ၊ မြင်းပွဲ စသော ပွဲလမ်းသဘင် အပျော်အရွှင်တို့ကို လိုက်စားရန်လည်း သွေးဆောင်လေ့ရှိ၏။ ဖဲ၊ အနီထောင်၊ ခြောက်ကောင်၊ မျောက်ပန်းစသော လောင်းတမ်း ကစားမှုတို့ကိုလည်း ပြုလုပ်ဖို့သာ အခါခါ တိုက်တွန်းတတ်၏။

ထို လောက၌ သတ္တဝါတို့မည်သည် ဤကဲ့သို့ မကောင်းမှုကို ပြုလုပ်ရန် တိုက်တွန်းတတ်သူတို့ကိုသာ တကယ့် ကျေးဇူးရှင်ကြီးများဟု ထင်တတ်ကြ၍ ဤကဲ့သို့ အမှုမျိုးကို မပြုကျင့်ရန် တားမြစ်တတ်သော မိတ်ဆွေစစ်ကိုမူကား များစွာ မုန်းတတ်ကြကုန်၏။ ထို့ကြောင့် ထိုကဲ့သို့ မဖြစ်စေမူ၍ မိမိတို့ကိုယ်တိုင် မိတ်ဆွေကောင်းပီသအောင် ပြုကျင့်ပြီး ထိုကဲ့သို့သော မိတ်ဆွေတုများကို ရှောင်ရှားကြရမည်။

ဆောင်ပုဒ်။ ။သောက်တုပ်သေရက်၊ ညဉ့်နက် လမ်းသွား၊ ရှုစားသဘင်၊ ပျော်ရွှင်အံစာ၊ လေးရပ်မှာ လျှင်၊ တကွထင်သည် လေးအင်အပါယသဟဲ တည်း။"

ထို့ပြင် ဤ ကလျာဏမိတ္တသမ္ပဒါအရာ၌ မိတ်ဆွေစစ်နှင့် မိတ်ဆွေတုတို့ကို ခွဲခြားသိရှိ၍ မိတ်ဆွေစစ်များကိုသာ ရွေးချယ်ပေါင်းသင်းနိုင်ရန် ဒွါဒသနိပါတ် "မိတ္တာ မိတ္တဇာတ်" ၌ ဟောတော်မူသည့် မိတ်ဆွေစစ်နှင့် မိတ်ဆွေတုတို့၏ သဘောလက္ခဏာများကို ဖော်ပြပါဦးမည်။

## မိတ်ဆွေစစ်လက္ခဏာ (၁၆)ပါး

၁။ မိတ်ဆွေနှင့် ခွဲခွာ၍နေရသောအခါ မကြာ မကြာ သတိရခြင်း။

၂။ မိမိထံသို့ မိတ်ဆွေလာသည့်အခါ လွန်စွာ နှစ်သက် သဘောကျခြင်း။

၃။ ဟန်ဆောင်မလုပ်၊ အဟုတ်တကယ် ချစ်ခင်ခြင်း။

၄။ စကားပြောသောအခါ၌ လွန်စွာ နှစ်သက်တတ်ခြင်း။

၅။ မိမိ၏ မိတ်ဆွေတို့နှင့်သာ ပေါင်းသင်းဆက်ဆံလေ့ ရှိခြင်း။

၆။ မိမိ၏ ရန်သူတို့နှင့် ပေါင်းသင်းဆက်ဆံလေ့ မရှိခြင်း။

၇။ မိမိ၏ အတင်းစကားကို ပြောကြားလာသူတို့အား တားမြစ်ကန့်ကွက်လေ့ရှိခြင်း။

၈။ မိမိ၏ ဂုဏ်ကျေးဇူး စကားကို ပြောဆိုသူတို့အား များစွာ ချီးကျူးလေ့ရှိခြင်း။

၉။ လျှို့ဝှက်အပ်သော စကားတို့ကို ထိန်ချန်၍ မထားတတ်ခြင်း။

၁၀။ မိတ်ဆွေ၏ လျှို့ဝှက်သင့်သော ကိစ္စကို လုံခြုံစွာ လျှို့ဝှက်ထားလေ့ရှိခြင်း။

၁၁။ မိမိပြုလုပ်သော လုပ်ငန်းတို့ကို ချီးကျူး အားပေးလေ့ရှိခြင်း။

၁၂။ မိမိ၏ အသိအလိမ္မာ ဉာဏ်ပညာတို့ကို ကောင်းစွာ ချီးမွမ်းတတ်ခြင်း။

၁၃။ မိမိတွင် ပစ္စည်းဥစ္စာ တိုးတက်လာသောအခါ လွန်စွာ ဝမ်းမြောက်လေ့ရှိခြင်း။

၁၄။ မိမိ၌ ပစ္စည်းဥစ္စာ ဆုတ်ယုတ်သည့်အခါ လွန်စွာ ဝမ်းနည်းလေ့ရှိခြင်း။

၁၅။ ကောင်းမွန်ထူးဆန်းသော စားသောက်ဖွယ်ရာတို့ကို စားသောက်ရသည့်အခါ မိမိကို လွန်စွာ သတိရခြင်း။

၁၆။ မိမိအား ချစ်ခင်သနားသဖြင့် ထိုမိတ်ဆွေထံမှ ရှင်လန်းနှစ်သက်ဖွယ် တစ်စုံတစ်ရာ ရရှိခြင်းတို့ ဖြစ်ပါသည်။

ထို့ကြောင့် မိမိတို့သည် မိတ်ဆွေတုမျိုး မဖြစ်စေဘဲ ထိုလက္ခဏာများနှင့် ညီညွတ်သော မိတ်ဆွေကောင်းများ ဖြစ်အောင် ကြိုးစားကြပါဟု တိုက်တွန်းလိုက်ရပေသည်။

**(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၄၊ အမှတ်-၆)**

**မိတ်ဆွေတုလက္ခဏာ (၁၆) ပါး**

(၁) တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံကြသောအခါ ဝမ်းမြောက်သောအခြင်းအရာဖြင့် ပြုံးရယ်ခြင်းမျှကို ပြုလေ့မရှိခြင်း။ (၂) စကားပြောဆိုသောအခါ နှစ်သက်သောအမူအရာကို မပြခြင်း။ (၃) မိမိကကြည့်သော်လည်း မိမိအားပြန်၍ မကြည့်ခြင်း။ (၄) မိမိပြောဆိုသောစကားနှင့် ဆန့်ကျင်ဘက်ကိုရှာ၍ ပြောလေ့ရှိခြင်း။ (၅) မိမိ၏ရန်သူတို့နှင့်သာ ပေါင်းသင်းဆက်ဆံ ထွက်ဝင် သွားလာလေ့ရှိခြင်း။ (၆) မိမိ၏ မိတ်ဆွေများနှင့် အပေါင်း အသင်း မလုပ်ခြင်း။ (၇) မိမိ၏ဂုဏ်ကျေးဇူးများကို ချီးကျူးပြောဆိုသူအား တားမြစ်ကန့်ကွက်ခြင်း။ (၈) မိမိ၏အပြစ်ကို ထုတ်ဖော်ပြောကြားသူအား ချီးကျူးအားပေးလေ့ရှိခြင်း။ (၉) သူ၏လျှို့ဝှက် ကိစ္စတို့ကို မိမိအားပြောကြားလေ့ မရှိခြင်း။ (၁၀) မိမိက ယုံကြည်သဖြင့် ဖွင့်ပြောသည့် စကားတို့ကို အခြားသူတို့အား ပြောကြားတတ်ခြင်း။ (၁၁) မိမိ၏

အလုပ်အကိုင်တို့ကို ချီးမွမ်းလေ့၊ အားပေးလေ့ မရှိခြင်း။ (၁၂) မိမိ၏အသိအလိမ္မာ ဉာဏ်ပညာကို (ဝါ) အရည်အချင်းကို အသိအမှတ်ပြုကာ ချီးကျူးလေ့ မရှိခြင်း။ (၁၃) မိမိ၌ စီးပွားဥစ္စာဆုတ်ယုတ်လာသည့်အခါ လွန်စွာနှစ်သက် အားရတတ်ခြင်း။ (၁၄) မိမိတွင် စီးပွားဥစ္စာ တိုးတက်လာသည့်အခါ နှစ်သက် ဝမ်းသာလေ့ မရှိခြင်း။ (၁၅) ကောင်းမွန်သော စားဖွယ် သောက်ဖွယ်တို့ကို စားသောက်ရသည့်အခါ သတိမရခြင်း။ (၁၆) မိမိအား ချစ်ခင်နှစ်သက်မှု မရှိသဖြင့် ထိုသူ့ထံမှ နှစ်သက်ဖွယ် တစ်စုံတစ်ခုကိုမျှ မရခြင်းတို့ ဖြစ်ပါသည်။

## မိတ်မြဲစေသောနည်းများ

ဤနေရာ၌ မိတ်ဆွေများနှင့် ပေါင်းသင်းဆက်ဆံရာဝယ် တစ်ယောက်နှင့် တစ်ယောက် မေတ္တာ မပျက် ခိုင်မြဲသော ပေါင်းသင်းဆက်ဆံနည်းများကိုလည်း သိထား သင့်ပေသည်။ ထိုနည်းများကို မြတ်စွာဘုရားသည် "ပဏ္ဍာသနိပါတ်၊ မဟာဗောဓိဇာတ်" ၌ ဟောတော်မူထားပေသည်။

ဤလောက၌ မိမိထံဝင်ထွက် သွားလာလေ့ရှိသော မိတ်ဆွေထံသို့ မိမိကလည်း အပြန်အလှန်အားဖြင့် ဝင်ထွက်သွားလာပေးရမည်။ မိမိထံမလာသော မိတ်ဆွေထံသို့ သွားသောသူမှာ သူတော်ကောင်းတရား၌ တည်သောသူမဟုတ်။ မိမိထံ ဝင်ထွက်သွားလာသူ၏ ထံသို့မူကား မိမိကလည်း ဝင်ထွက်

သွားလာရမည်။ တစ်ပါးသူက မိမိထံဝင်ထွက်သွားလာပါ လျက် မိမိက မဝင်ထွက် မသွားမလာဘဲ နေခဲ့ပါမူ သူတော်ကောင်းမပီသချေ။

ထိုသို့ ဝင်ထွက်သွားလာခြင်း ပြုရမည်ဆိုသော်လည်း အမြဲမပြတ်တရစပ် ဝင်ထွက်သွားလာခြင်း မပြုရ။ အခါခပ်သိမ်း မသွားမလာဘဲလည်း ဖြစ်၍လည်း မထားရ။ မတောင်းသင့်သည့်အခါမျိုး၌ မဆင်မခြင် တောင်းရမ်းခြင်းကိုလည်း မပြုရချေ။ မကြာမကြာ သွားလာဝင်ထွက်၍ အဆက်ဆံ အပေါင်းအသင်း အတွေ့အကြုံများအားကြီးလျှင် "အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ" ဆိုဘိ သကဲ့သို့ တစ်နေ့နေ့၌ မိတ်ပျက်ကြောင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာတတ်၏။ မည်သည့်အခါမှ မသွားဘဲ မလာဘဲ ဖြစ်၍ ထားလိုက် ပြန်လျှင်လည်း တစ်ယောက် သဘောကို တစ်ယောက် သိခွင့် မရကြသဖြင့် တစ်ယောက်ကို တစ်ယောက် အထင်မှား အမြင်မှား ဖြစ်တတ်ကြ၏။ မတောင်းသင့်သော အရာကို တောင်းခြင်း၌လည်း "ရသေ့ တစ်ပါးသည် မိမိအား လွန်စွာချစ်ခင်လှသဖြင့် မကြာမကြာ မိမိထံသို့လာသော နဂါးထံ မပေးနိုင်သော ပတ္တမြားကို တောင်းသည့်အတွက် မိတ်ဆွေပျက်သွားရသကဲ့သို့" ဖြစ်တတ် ပေသည်။ "ယာစတော အပ္ပိယော ဟောတိ" ဟူသော လောကနီတိ ကျမ်းလာအတိုင်း ပေးကမ်းခြင်းသည် လူချစ်လူခင် ပေါ်၍ မိတ်မြဲသကဲ့သို့ တောင်းခြင်းသည် မုန်းသူများပြီး မိတ်ပျက်တတ်ပေ၏။

“ပဉ္စကနိပါတ် ဝဏ္ဏာရောဟဇာတ်”၌လည်း မိတ်မြဲအောင် လုပ်နည်းကို ဤသို့ နည်းပေးလမ်းညွှန်ထားသေး၏။ မိတ်ဆွေတစ်ယောက်နှင့်တစ်ယောက် ပေါင်းသင်း ဆက်ဆံရာ၌ အခြားလူများ၏ ကုန်းတိုက်စကား မဝင်နိုင်အောင် အထူး သတိဆောင်ရမည်။ သင့်ကို မည်သည့် မိတ်ဆွေက မည်ကဲ့သို့ ပြောသည်ဟု သူတစ်ပါးက ပြောကြားလာလျှင် ဤသူသည် ဤကဲ့သို့သော စကားမျိုးကို မပြောတန်ရာ၊ ဤစကားမျိုးကို ဘယ်သောအခါမှလည်း ပြောကြားမည် မဟုတ်” ဟု အထူး ယုံကြည်အားထားပြီး “သားငယ်သည် အမိရင်ခွင်၌ ယုံမှားခြင်းမရှိ ပကတိချမ်းသာစွာ အိပ်စက်နေသည့်ပမာ “ယုံကြည်စွာ ပေါင်းသင်းရမည်။ ဤနေရာ၌.... “သူတစ်ပါးတို့၏ကြားစကားကို ယုံလွယ်ခြင်း၊ တို့နှစ်ယောက် တစ်နေ့နေ့မှာ ကွဲပြားကြရမှာပါပဲဟု အမြဲယုံမှား သံသယဖြစ်နေခြင်း၊ ပြောဆိုလုပ်ကိုင်သမျှ၌ အပြစ်သာ ရှုလေ့ရှိခြင်း” ဟူသော မိတ်ပျက်ကြောင်း အချက်များကို သတိထား ရှောင်ရှားနိုင်ရမည်ဟု ဟောတော်မူထားပေသည်။

ဤသို့လျှင် ဒီဃဇာဏုမည်သော ကောဠိယ မင်းသားအား မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် လောကလူသားတို့ ကြီးပွားတိုးတက်ကြောင်း သမ္ပဒါတရားလေးပါးတို့ကို ဆိုင်ရာဆိုင်ရာ ဘုရားဟောသာဓကများဖြင့် တန်ဆာဆင်၍ အကျယ်ဖွင့်ဆို ရေးသားပြီးပေပြီ။ ထိုသမ္ပဒါတရားလေးပါးနှင့် ပြည့်စုံလျှင်ပင် ကြီးပွားချမ်းသာသူ ဖြစ်နိုင်ပါသည်။ သို့ရာတွင် ဧကကနိပါတ်၊ အတ္ထဿဒွါရဇာတ်၌လည်း

ကြီးပွား ချမ်းသာကြောင်း တရားခြောက်ပါးကို မြတ်စွာဘုရား ဟောကြားတော်မူထားပါသေးသည်။ ထိုတရားခြောက်ပါးကို ကြီးပွားချမ်းသာလိုသူများ လိုက်နာကျင့်သုံးနိုင်ရန် ဆက်လက်တင်ပြပါမည်။

# မြတ်ဗုဒ္ဓ၏
# ကြီးပွားချမ်းသာရေးလမ်းညွှန်
# တရားတော်များ

( ၄ )

## အခန်း ( ၁၁ )

# ကေကနိပါတ် အဋ္ဌသဒ္ဒါရဇာတ်လာ ကြီးပွားကြောင်း ၆-ပါး

ပစ္စုပ္ပန်ဝတ္ထု။ ။ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်သည် ဇေတဝန် ကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူစဉ် အကျိုးစီးပွား၌ လိမ္မာကျွမ်းကျင်သည့် အမျိုးသားတစ်ယောက်ကို အကြောင်းပြု၍ "အတ္ထသဒ္ဒါရ"* ဇာတ်ကို ဟောတော်မူခဲ့ပါသည်။

သာဝတ္ထိပြည်၌ သူဌေးသားတစ်ယောက်သည် ခုနစ်နှစ်သားအရွယ် ငယ်စဉ်ကပင် ပညာရှိ၏။ အကျိုးစီးပွား၌ လိမ္မာ၏။ ထိုသူဌေးသည် တစ်နေ့သောအခါ ဖခင်သူဌေးကြီးအား အကျိုးစီးပွားရကြောင်းနှင့် စပ်သော မေးခွန်း (ပြဿနာ)ကို မေး၏။ ဖခင်သည် ထိုမေးခွန်းကို မဖြေတတ်သဖြင့် "ဤမေးခွန်းကား အလွန်သိမ်မွေ့ နက်နဲ ခက်ခဲ၏။ ဘုရားရှင်မှ တစ်ပါး မည်သူမျှ ဖြေဆိုနိုင်မည် မဟုတ်" ဟု စဉ်းစား၏။

---

* အတ္တသ=အကျိုးစီးပွားကို+ဒွါရ=ရကြောင်းနည်းလမ်း။

ထို့နောက် သူဌေးကြီးသည် သားငယ်ကို ခေါ်၍ ဇေတဝန်ကျောင်းတော်သို့ သွားပြီး "မြတ်စွာဘုရား .. ဤသားငယ်သည် တပည့်တော်ကို အကျိုးစီးပွားရကြောင်း၊ ဖြစ်ကြောင်း နည်းလမ်းကောင်းများနှင့် ပတ်သက်သည့် မေးခွန်းကို မေးပါသည်။ ထို သားငယ်၏ မေးခွန်း မဖြေတတ်၍ တပည့်တော် လာရခြင်း ဖြစ်ပါသည်။ ဖြေကြားပေးတော်မူပါဘုရား" ဟု လျှောက်ထားသည်။

မြတ်စွာဘုရားက "ဒါယကာ သူဌေးကြီး ဤသူငယ်သည် ရှေးအခါကလည်း ဤမေးခွန်းမျိုးကို မေးခဲ့ဖူးပြီ။ ငါလည်း ဖြေဆိုခဲ့ဖူးပြီ။ ယခုအခါ၌ကား သူသည် ကာလရှည်လျားဘဝခြားခဲ့ပြီဖြစ်၍ မမှတ်မိရှာတော့ပေ" ဟု မိန့်တော်မူကာ အောက်ပါ "အတ္ထဿဒ္ဒါရ ဇာတ်တော်" ကို ဟောတော်မူပါသည်။

အတိတ်ဝတ္ထု။ ။ဗာရာဏသီပြည့်တွင် ဗြဟ္မဒတ်မင်း မင်းပြုချိန် ဖြစ်သည်။ ထိုအခါ ဘုရားလောင်းသည် စည်းစိမ်ဥစ္စာ အလွန်ချမ်းသာသည့် သူဌေးတစ်ဦး ဖြစ်ပါသည်။ ဘုရားလောင်း သူဌေးကြီး၌ သားငယ်တစ်ဦး ရှိ၏။ ထို သားငယ်သည် ခုနစ်နှစ်အရွယ်ကပင် ပညာဉာဏ်ရှိ၏။ အကျိုးစီးပွား၌ လိမ္မာ၏။ တစ်ချိန်တွင် သူဌေးသားသည် ဖခင် သူဌေးကြီးအား အကျိုးစီးပွား ရကြောင်း နည်းလမ်းကောင်းတို့ကို မေးသတဲ့။ ထိုအခါ ဖခင် သူဌေးကြီးက ချစ်သား....ကြီးပွားချမ်းသာလိုသောသူသည် ..

(၁) အနာရောဂါကင်းရှင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာရခြင်း။
(၂) ကိုယ်ကျင့်တရား ကောင်းမွန်ရခြင်း။
(၃) ပညာရှိတို့၏ အဆုံးအမကို မှတ်သား နာယူရခြင်း။
(၄) များသော အကြားအမြင် ရှိရခြင်း။
(၅) သုစရိုက်တရားတို့ကို ကျင့်ရခြင်း။
(၆) မဆုတ်မနစ် အားသစ်တက်ကြွသော ဝီရိယ ရှိရခြင်း–တို့ကို နေ့ရာတကာ၌လိုအပ်သည်။ ဤတရားခြောက်မျိုးတို့သည် လောကီ လောကုတ္တရာ အကျိုးစီးပွားရကြောင်း နည်းလမ်းကောင်းတို့ဖြစ်ပေသည်ဟု ရှင်းပြသည်။

ဤ အတ္တသဒ္ဒါရဇာတ်လာ ကြီးပွားကြောင်း ခြောက်ပါးတို့ကို ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် ကျောင်းထိုင်ရှင် ပထမစံကျောင်း ဆရာတော်ဘုရားကြီးက မင်္ဂလာ အဖွင့်အကျယ် ကျမ်းတွင် အောက်ပါအတိုင်း လင်္ကာ စီကုံးခဲ့ပါသည်။

**လင်္ကာ။** ။အနာကင်းခြင်း၊ စောင့်ခြင်းသီလ၊ ဆုံးမမှတ်သား၊ ကြားမြင်ရှိစေ၊ ကျင့်လေသိတိုင်း၊ ထိုင်းမှိုင်းပျင်းရိ၊ မရှိစေရ၊ ဤခြောက်ဝ မုချကြီးပွားကြောင်း။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ–၁၄၊ အမှတ်–၇)

## အခန်း (၁၂)

# အနာကင်းရှင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာရခြင်း

(အာရောဂျ)

မကျန်းမာသူ လူသေနှင့်တူ။ ။လောက လူသားတိုင်း ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာကြပါမှ မိမိတို့ ကြီးပွားချမ်းသာအောင် ဆောင်ရွက်နိုင်ကြ၏။ ထို့ကြောင့် မြတ်စွာဘုရားက အင်္ဂုတ္တရပါဠိတော်တွင် "အနာကင်းရှင်း၊ ကျန်းမာခြင်း" သည် ကြီးပွားချမ်းသာခြင်း၏ ပထမဆုံး အကြောင်းတရား ဖြစ်သည်ဟု ဟောကြားတော်မူခြင်း ဖြစ်၏။ ဤကမ္ဘာလောကရှိ သက်ရှိသတ္တဝါ အားလုံးတို့သည် အနာရောဂါဝေဒနာများမှ လွတ်ကင်းရှိးထုံးစံ မရှိကြပါချေ။ မိမိတို့ ဘဝဖြစ်စဉ် တစ်လျှောက်၌ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းလေးဝအလိုက် နာဘေး အမျိုးမျိုးနှင့် ထိုက်သလို ဆုံစည်းကြရမည်သာ ဖြစ်ပေသည်။

ယင်းသို့ နာဘေးတို့နှင့် ဆုံစည်းရခိုက်တွင် စိတ်ဓာတ် ထက်သန်မှု မရှိသဖြင့် ကြီးပွားရာ ကြီးပွားကြောင်း၊ နည်းလမ်းကောင်းများကို ကြံစည်နိုင်ဖို့ဝေးစွ၊ အစာအာဟာရ

များ၊ ရောဂါပျောက်သေးများကိုပင် မှီဝဲလိုစိတ်များ မရှိကြတော့ချေ။ ထို့ကြောင့် ညောင်တုန်းမြို့၊ ကျေးဇူးရှင်ရွှေဟင်္သာတောရ၊ ဒုတိယစံကျောင်း ဆရာတော်ဘုရားကြီးက "မကျန်းမာသူ၊ လူသေနှင့်တူ" ဟူသော သြဝါဒစကားကို မြွက်ကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

မှန်ပါသည်။ သေသွားသောသူများသည် ကြီးပွားချမ်းသာကြောင်း ကိစ္စအဝဝတို့ကို ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးတို့ဖြင့် မဆောင်ရွက်နိုင်ဘိသကဲ့သို့ မကျန်းမာသော ပုဂ္ဂိုလ်တို့သည်လည်း ပညာရေး၊ စီးပွားရေး စသည့် ကြီးပွားချမ်းသာရေး ကိစ္စတို့ကို စိတ်ဖြင့်ပင် မစဉ်းစား မတွေးတောနိုင်သဖြင့် ထိုသူတို့၌ ထိုထိုသို့သော ကြီးပွားချမ်းသာရေးတို့သည် အမြဲတစေ သေလျက် ရှိနေကြပေသည်။

အဋ္ဌကထာ ကျမ်းပြုဆရာကြီး အရှင်မဟာဗုဒ္ဓ ဃောသမထေရ်ကလည်း "ရောဂါကင်းရှင်း၊ ကျန်းမာခြင်းမရှိသောသူအား (မိမိလက်ဝယ်) ထင်ရှား ရှိနေသော လာဘ်များသည်ပင် လာဘ်မမည်ကြတော့ချေ၊ (ရောဂိနော ဟိ ဝိဇ္ဇမာနာပိလာဘာ အလာဘာယေဝ) ဟု မွေပဒအဋ္ဌကထာ၊ ပသေနဒီကောသလ ဝတ္ထု၌ မိန့်ဆိုထား၏။ ဤမျှမကသေးပါ၊ ထိုကျန်းမာခြင်းလာဘ် ဆုံးရှုံးနေသူတို့သည် နေ့စဉ်ယိုဖိတ်လျက် ရှိနေသည့် အသုံးစရိတ်တို့ကို အသစ် အသစ်ဖြစ်သော ဥစ္စာစီးပွားတို့ဖြင့် အစားမထိုးနိုင်တော့ရာ လက်ရှိဥစ္စာ စီးပွားရေးသည်ပင် "လဆုတ်နောက်သိမ်၊ လေတိုက်

တိမ်သို့ တဖြည်းဖြည်း မှေးမှိန်လွင့်ပါး၍သာ သွားရဖို့ ရှိပေသည်။

"လောက၌ ကျန်းမာခြင်းနှင့် ကြောင့်ကြကင်းခြင်းသည် အမြတ်ဆုံးသော စည်းစိမ်ပင်ဖြစ်၏။ ထိုစည်းစိမ်၏ ထူးမြတ်ခြင်းကို မကျန်းမမာ ဖြစ်သည့်အခါနှင့် ကြောင့်ကြ ပူပန်ခြင်းများ ဖြစ်လာသည့်အခါတို့၌ ပိုမို၍ သိရှိရသည်" ဟူသော ပညာရှင်ကြီးများ၏ မိန့်ဆိုချက်အရ လူတိုင်း လူတိုင်း ကျန်းမာနေခိုက်တွင် ကျန်းမာခြင်း၏ အကျိုးအာနိသင်ကို မဆင်ခြင်မိကြသော်ငြားလည်း "ရေဘူးနှင့် ဖိနပ်မပါလျှင် နွေခါမှသိမည်၊ ဒါနနှင့် သီလမပါလျှင် သေခါမှသိမည်" ဟူသော စကားပုံများကဲ့သို့ မကျန်းမမာ ဖြစ်သည့်အခါမှသာ ကျန်းမာခြင်း၏ တန်ဖိုးရှိပုံ၊ အကျိုးရှိပုံတို့ကို အကုန်အစင် သိမြင်နိုင်ကြသည်။

**ကိုယ်ကျန်းမှ စိတ်လန်းသည်။** ။မည်သည့် ပုဂ္ဂိုလ်မျိုးမဆို ခန္ဓာကိုယ် ခန့်ကျန်းမှသာ စိတ်ခေတ်ရွှင်လန်းနိုင်ပါသည်။ ရှေးဟောင်း မြန်မာစာပေတွင် "စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုမှ ကိုယ်နု" ဟူသော စကားပုံများရှိသကဲ့သို့ "ကိုယ်ကျန်းမှ စိတ်လန်း" ဟူသော စကားပုံလည်းရှိပါသည်။ ထိုစကားပုံအားလုံးမှာ ဗုဒ္ဓအဘိဓမ္မာသဘောဆန်သည့် စကားပုံများ ဖြစ်ပါသည်။

ဗုဒ္ဓအဘိဓမ္မာ၌ စိတ်ဟူသော သဘောတရား တို့သည် ဆိုင်ရာ ဝတ္ထုရုပ်များကို အမှီပြုကာ မြစ်ရေလျှဉ်အလား ဖြစ်

တည်ချုပ်ပျက် အဆက်ဆက် ဖြစ်ပွားနေကြသည်။ ထို စိတ်တရားတို့ကား မှီရာ ဝတ္ထုရုပ်ကို အစွဲပြု၍ အားရှိ၊ အားမဲ့ ဖြစ်ကြရသည်။ မှီရာ ဝတ္ထုရုပ် အားကောင်းလျှင် စိတ်မှာ အားရှိ၍ မှီရာ ဝတ္ထုရုပ် အားမကောင်းလျှင် စိတ်မှာ အားမရှိပါချေ။ သိလွယ်သော အထောက်အထား တစ်ခုကို တင်ပြပါမည်။ သတ္တဝါတိုင်း သေခါနီးအချိန်တွင် အပြင်းအထန် ဒုက္ခဝေဒနာဒဏ်ကို ခံစားကြရသည်မှာ ဓမ္မတာ ဖြစ်ပါသည်။ ထိုအချိန်တွင် ခန္ဓာကိုယ်တစ်ခုလုံး ညှိုးချုံး နွမ်းနယ်နေသဖြင့် စိတ်၏မှီရာ ဟဒယ ဝတ္ထုရုပ်မှာလည်း အင်အားလျော့ပါးနေပါသည်။ ထို့ကြောင့် ထို အင်အား ချည့်နဲ့နေသည့် ဟဒယ ဝတ္ထုရုပ်ကို မှီ၍ ပေါ်လာရသည့် ဇောစိတ်တို့မှာ အင်အားနည်းပါး၊ အဟုန်အရှိန် လျော့ပါးနေတော့သဖြင့် ပကတိ အချိန်မျိုးမှာကဲ့သို့ ၆-ကြိမ်၊ ၇-ကြိမ် မဖြစ်နိုင်ဘဲ ၅-ကြိမ်မျှသာ ဖြစ်ရတော့သည်ဟု အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ၌ မိန့်ဆိုထားပါသည်။

ထို့အတူ အနာရောဂါ နှိပ်စက်၍ မကျန်းမမာဖြစ်နေသူတို့၏ ဝတ္ထုရုပ်များမှာလည်း ဒုက္ခဝေဒနာ ဒဏ်ချက်ဖြင့် အားပျက် လျော့ပါးနေလေရာ ထို ဝတ္ထုရုပ်များကို အမှီပြု၍ ဖြစ်လာရသည့် စိတ်ဓာတ်တို့မှာလည်း ပေါ့ပါး လျင်မြန် ထက်သန် လန်းဆန်းခြင်းမရှိ၊ လေးလံ ထိုင်းမှိုင်း၍ နေဘိ၏။ ထို အဘိဓမ္မာ သဘောတရားနှင့် အလားတူစွာ ပရော်ဖက်ဆာ ကာလ်ဂျန်းက "ရောဂါဝေဒနာ ဖိစီးနှိပ်

စက်လျက်ရှိသော ကိုယ်ကာယသည် ဦးနှောက်၏ ခွန်အား တို့ကို ယုတ်လျော့စေခြင်း၌ အကြီးဆုံးသောရန်သူပင် ဖြစ်၏” ဟု ရေးသားခဲ့ပေသည်။

ယခု ပစ္စက္ခ မျက်မှောက်လောက၌လည်း ကိုယ်ခန္ဓာ ခန့်ကျန်းနေခိုက်၌သာ စိတ်ဓာတ်များ သစ်ဆန်း ရွှင်လန်း နေ၍ မကျန်းမမာ ဖြစ်လာသည့်အခါ၌ စိတ်ဓာတ်များ အင်အားလျော့ပါး ညှိုးနွမ်းသွားတတ်ပုံ၊ တက်ကြွမှုကင်း၊ စိတ်ဓာတ်ကျဆင်းသွားတတ်ပုံတို့ကို မိမိတို့သန္တာန်၌ဖြစ်စေ၊ သူတစ်ပါးတို့ သန္တာန်၌ဖြစ်စေ တွေ့မြင် သိရှိနိုင်ကြပေသည်။ ထိုသဘောအတိုင်းပင် ကျန်းမာရေးပညာကို လေ့လာနေကြ သည့် ကာယဗလ ဝိဇ္ဇာပညာရှင်ကြီးများက “ကျန်းမာသန့် ရှင်းသော ခန္ဓာကိုယ်၌သာ ကျန်းမာသန့်ရှင်းသောစိတ် ကိန်း အောင်းနိုင်၏”ဟု ပြောဆိုရေးသားခဲ့ကြသည်။ ထို့ကြောင့် ကိုယ်ခန္ဓာ ခန့်ကျန်းမှ စိတ်ဓာတ်များ ရွှင်လန်းနိုင်ပါသည်။

စိတ်လန်းမှ ကြီးပွားရေးကို ဆောင်ရွက်နိုင်ခြင်း။ ။လူတိုင်း

လူတိုင်း

စိတ်ဓာတ်ရွှင်ပျ အားပြည့်ဝလျက်ရှိမှသာ ကြီးပွားရာ ကြီး ပွားကြောင်းတို့ကို ပြုလုပ်နိုင်ပါသည်။ ထိုစကားကို ဆိုသင့် ပါ၏။ သက်ရှိ သတ္တဝါတို့၏ ခန္ဓာကိုယ်၌ စိတ်သည် အချက် အချာ ပဓာနဖြစ်၏။ မိမိ တည်ရာ သတ္တဝါတို့ကို သဏ္ဌာန် အမျိုးမျိုး၊ ဘဝအမျိုးမျိုး ဖန်ဆင်းပေးနိုင်၏။ ရှင်တော် ဗုဒ္ဓသည် “စိတ္တေန နိယတေ လောကော” စသည်ဖြင့် စိတ်

ခေတ်၏ သတ္တိ ထက်မြက်ပုံ၊ ဆန်းကြယ်ပုံ အလုံးစုံတို့ကို အကျယ် ဝေဖန် ဟောကြားခဲ့ပါသည်။ အကောင်းအဆိုး အကျိုးအပြစ်သည် စိတ်ကြံရွယ်ခြင်းသာ ပဓာနဖြစ်သည်" ဟုလည်း အင်္ဂလိပ်စကားပုံရှိ၏။

ထိုရာတွင် "ညစ်ညူး အားပျော့သော စိတ်ဓာတ်သည် မှန်ကန်သော ဆုံးဖြတ်ချက်ကို မချနိုင်" ဟူသော ပညာရှင်များ စကားအရ ထိုစိတ်ဓာတ်သည် အားအင်ချည့်နဲ့၊ ရှင်လန်းခြင်း ချို့တဲ့၍နေပါမူ မည်သည့်အရာကိုမျှ တိကျပြတ်သားစွာ မဆုံးဖြတ်နိုင်သည့်အပြင် ကြီးပွားရာ ကြီးပွားကြောင်း အမှုကိစ္စအဝဝပေါင်းကိုလည်း စွမ်းစွမ်းတမံ ရှက်ဆောင်လိုစိတ်ရှိမည် မဟုတ်ချေ။ ကိုယ်ခန္ဓာ ခန့်ကျန်းလျက် စိတ်ဓာတ်ရှင်လန်း၊ အားသစ်ဆန်း၍နေမှသာ အလိုရှိရာ လောကီ လောကုတ္တရာ ကြီးပွားကြောင်း လုပ်ငန်းတို့ကို ဆုံးခန်းတိုင် ရွက်ဆောင်နိုင်ပေရာ "စိတ်အားသန်၊ ကြံတိုင်းပေါက်" ဆိုဘိသကဲ့သို့ ကိစ္စခပ်သိမ်း ပြီးမြောက်၍ ကြီးပွားခြင်းသို့ ရောက်နိုင်ပေသည်။

ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဆန္ဒပြင်းထန် စိတ်ထက်သန်သောသူအား အဘယ်မည်သော အမှုကိစ္စသည် မပြီးစီးဘဲရှိအံ့နည်း၊ ပြီးရမည်မုချ (ဆန္ဒဝတောကိံ နာမ ကမ္မံ န သိဇ္ဈတိ) ဟု ဟောကြား လမ်းညွှန်တော်မူခဲ့ခြင်း ဖြစ်ပေသည်။

ရောဂါကင်းပ ကျန်းမာမှ မှုချကြီးပွားမည်။ ။ဤသို့ဖြင့် ခန္ဓာ
ကိုယ် ခန့်ကျန်း
သည့် လူများ၌သာ အားအင်ပြည့်ဝ ရွှင်လန်းတက်ကြွသော
စိတ်ဓာတ်များ ဖြစ်လေ့ရှိသော သဘောကို မည်သူမျှ မငြင်း
နိုင်ပါချေ။ သို့ဖြစ်၍ ကျန်းမာခြင်းလာဘ်နှင့် ပြည့်စုံသူများ
သာ တက်ကြွရွှင်လန်း သစ်ဆန်းသောစိတ်ဓာတ် ဉာဏ်ဓာတ်
အားလျော်စွာ စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာကို ပြီးမြောက်
အောင် ပြုစွမ်းနိုင်ကြပေသည်။ ကိုယ်ခန္ဓာ ခန့်ကျန်းမှု မရှိခဲ့
သော် ကြီးပွားခြင်း ပန်းတိုင်ကို လှမ်းကိုင်နိုင်ကြမည် မဟုတ်
ပေ။ ဤမျှသာ မဟုတ်သေးပါ၊ ထို မကျန်းမာသူတို့၌
"သိတင်းသိသစောင့်သုံးခြင်း၊ ဆုံးမစကားကို နာခံ မှတ်
သားခြင်း၊ အကြားအမြင် ဗဟုသုတများခြင်း၊ သိသည့်
အတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်း၊ မပျင်းမရိ ဝီရိယ
ရှိခြင်း" ဆိုသည့် ကြီးပွားကြောင်း အင်္ဂါရပ်များနှင့်လည်း
ပြည့်စုံနိုင်မည်မဟုတ်ပါချေ။ သို့ဖြစ်သောကြောင့် အနာကင်း
ရှင်း ကျန်းမာခြင်းကို ကြီးပွားခြင်း၏လိုရင်း မူလအခြေခံ
ပဘာဝအကြောင်းဟု ဆိုရပေမည်။

"ကျန်းမာရေးသည် စီးပွားရေးထက် ပိုမိုကောင်းသည်၊
ပိုမိုအရေးကြီးသည်" ဆိုသည့် အင်္ဂလိပ်စကားပုံတစ်ခု ရှိပါ
သည်။ မှန်၏။ မကျန်းမမာဖြစ်နေသူတို့အား မည်မျှလောက်
ပင် စီးပွားရေးအင်အား တောင့်တင်းစေကာမူ ထိုလူမမာ
သည်တို့၌ ဥစ္စာစီးပွား တည်တံ့ရာ တည်တံ့ကြောင်း တိုး
တက်ရာ တိုးတက်ကြောင်းတို့ကို ပြုစွမ်းနိုင်သည့် ကိုယ်အား

စိတ်အား ဉာဏ်အားတို့ ပျက်ပြားဆုံးပါးနေသဖြင့် လက်ရှိ စီးပွားဥစ္စာတို့သည်ပင် အပျက်သဘောသို့ တဖြည်းဖြည်း ရွေ့လျောသွားရမည်မှာ သေချာသည်။

ရောဂါကင်းရှင်း ကျန်းမာခြင်း လာဘ်ကြီးကို ရင်ဝယ် ပိုက်ထားသူများမှာကား ဥစ္စာပစ္စည်းများ ရှားပါးပင် ရှားပါးသော်ငြားလည်း ပစ္စည်းဥစ္စာ ရရာရကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်း အမှုကိစ္စအပေါင်းတို့ကို ပြုစွမ်းနိုင်ကြသည့် ကိုယ်အား ဉာဏ်အားတို့ အပြည့်အဝရှိကြသဖြင့် မိမိတို့၏ ဝီရိယအစွမ်း၊ ဉာဏ်အစွမ်းအလိုက် ထိုက်သလို ကြီးပွားကြရမည်မှာ ယုံမှားစရာမရှိပေ။ ထို့ကြောင့် ရှင်တော်ဗုဒ္ဓသည် ပသေနဒီကောသလမင်းအား "အနာကင်းရှင်း ကျန်းမာခြင်းသည်၊ လာဘ်များထိပ်တင်၊ လာဘ်ဘုရင်ပေတည်း (အာရောဂျ ပရမာ လာဘာ)ဟု လမ်းညွှန်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဤသည့် ဘုရားစကားတော်ကိုပင် အဋ္ဌကထာဆရာ၊ အရှင်မဟာဗုဒ္ဓဃောသပုဂ္ဂိုလ်ကျော်က "ထိုသို့ မကျန်းမမာသူ ရောဂါသည်အား မိမိလက်ထဲတွင် ထင်ရှားရှိနေသော လာဘ်များသည်ပင် လာဘ်မမည်တော့သောကြောင့် ရောဂါကင်းရှင်း ကျန်းမာခြင်းနှင့် ပြည့်စုံသူထံသို့ အလုံးစုံသော လာဘ်လာဘတို့သည် စုပုံ၍ ရောက်လာကြတော့သည်သာတည်း။ (တသ္မာ အာရောဂဿ သဗ္ဗလာဘာ အာဂတာဝ ဟောန္တိ၊ တေနေတံ ဝုတ္တံအာရောဂျ ပရမာလာဘာတိ)ဟု ဓမ္မပဒ အဋ္ဌကထာ၌ ထပ်လောင်း မိန့်ဆိုထားပါသည်။

ကျန်းမာ၍ ကြီးပွား ချမ်းသာခဲ့ရသူကလေး။ ။ယခု မျက်မှောက်ခေတ်၌ ကျန်းမာကြသဖြင့် တိုးတက်ကြီးပွားသာကြရသည့်ပစ္စုပ္ပန် အဖြစ်အပျက်များရှိသကဲ့သို့ ဗုဒ္ဓကျမ်းဂန်များ၌လည်း ကျန်းမာခြင်းကြောင့် ကြီးပွားချမ်းသာလာကြသည့် အတိတ်ဝတ္ထုပေါင်းများစွာရှိပါသည်။ ထိုဝတ္ထုများအနက် ကေနိပါတ် ဇာတ်အဋ္ဌကထာမှ "ဗာဟိယဇာတက" မည်သော အတိတ်ဇာတ်ကြောင်းတစ်ခုကိုသာ သာဓကအနေနှင့် တင်ပြလိုပါသည်။

လွန်ခဲ့သည့်နှစ်ပေါင်း အတန်ကြာက အိန္ဒိယပြည် ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး နန်းစံခဲ့ပါသည်။ ထိုစဉ်အခါက ကျန်းမာရေး အလွန်ကောင်းသည့် ဇနပုဒ် ကျေးတောသူကလေးတစ်ယောက် ရှိပါသည်။ ထိုတောသူကလေးမှာ ကျန်းမာရေးအရ အလွန် ဝဖြိုးလှသဖြင့် ခန္ဓာကိုယ်အချိုး မကျမလှမပ ဖြစ်နေရှာသည်။ တစ်နေ့တွင် သူမသည် အခစား အလုပ်ကို လုပ်ကိုင်ပြီးသဖြင့် မင်းနန်းတော်ရင်ပြင်၏ မနီးမဝေးမှ ဖြတ်သန်းလာစဉ် မအောင့်အည်းနိုင် သည်းမခံနိုင်လောက်အောင် ကျင်ကြီးစွန့်ချင်လာသည်။ ထို့ကြောင့် ခါးဝတ်သိုင်းချည်ဖြင့် ကိုယ်ကို ဖုံးထိုင်ပြီး ခဏချင်း တသွားရှာသတဲ့။

ထိုအချိန်တွင် ဘုရင်မင်းမြတ်မှာ လေသာပြတင်းကို ဖွင့်လှစ်၍ နန်းရင်ပြင်ကို မျှော်ကြည့်နေခိုက်နှင့် ကြုံကြိုက်နေသဖြင့် ထိုအခြင်းအရာကို တွေ့မြင်မိလေရာ ဤသို့ ကြံစည်

စဉ်းစားမိသည်။ "ဒီသူငယ်မကလေးဟာ ကျင်ကြီးစွန့်ချင်တာတောင် ရဲရဲတင်းတင်း အရှက်အကြောက် ကင်းတဲ့ အမူအရာမျိုးမရှိဘဲ ကျင်ကြီးစွန့်ပြီး မြန်မြန် ထသွားရှာတယ်။ ကျင်ကြီးစွန့်တဲ့ကိစ္စကို မြန်မြန်ပြီးစေနိုင်တဲ့ သူကလေး ဖြစ်လို့ ဒီသူငယ်မကလေးဟာ ကျန်းမာသန့်ရှင်း ရောဂါကင်းသူလေး ကေန်ဖြစ်ရမယ်၊ သူမရဲ့ သားအိမ်ဟာလဲ ညစ်ကြေးမတင် သန့်ရှင်းစင်ကြယ်ပေလိမ့်မယ်၊ ထိုသားအိမ်မှာ သားယောကျ်ားထွန်းကားရင် ကျန်းမာဝဖြိုး၊ ဘုန်းတန်ခိုးရှိသူ ဖြစ်ရမယ်။ ဒါကြောင့် ဒီသူငယ်မလေးကို တောင်ညာစံဒေဝီ၊ မဟေသီမိဖုရားခေါင်ကြီး တင်မြှောက်ရရင် ကောင်းမယ်" ဟု စဉ်းစားမိပါသတဲ့။

ထိုနောက် ဘုရင်မင်းမြတ်သည် ထိုသူငယ်မကလေးအား ပိုင်ရှင်ယောကျ်ား ရှိ, မရှိ စုံစမ်းခေါ်ဆောင်စေပြီး တောင်ညာစံဒေဝီ၊ မဟေသီ မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်တော်မူလိုက်ပါသည်။ ကာလမကြာမြင့်မီပင် ထိုမိဖုရားခေါင်ကြီး၌ သားယောကျ်ားတစ်ပါး ထွန်းကားခဲ့ရာ ထိုမင်းသားသည် ကျွန်းငယ်နှစ်ထောင်၊ အရံဆောင်ဖိုး၊ လေးကျွန်းလုံးကို လွှမ်းမိုးအုပ်စိုးနိုင်သည့် စကြာမင်းဖြစ်ခဲ့၏။

ဤအတိတ် အဖြစ်အပျက်ကလေး၌ သူငယ်မကလေးသည် ဆင်းရဲ နွမ်းပါး အစားအလုပ်ဖြင့် အသက်မွေး ရသည့် မထင်မရှား ကျေးတောသူမကလေးပင် ဖြစ်သော်ငြားသည်း ကြီးပွားတိုးတက်ခြင်း၏ အကြောင်းရင်းဖြစ်သော ကျန်းမာခြင်းဂုဏ်ရည်နှင့် စုံညီခဲ့သောကြောင့် အမျိုးသမီးလောက

တွင် ဒီဂရီအမြင့်ဆုံးဖြစ်သည့် အဂ္ဂမဟာသိ တောင်ညာစံဒေဝီ အဖြစ်သို့ ရောက်သည့်အထိ တိုးတက်ကြီးပွားချမ်းသာခဲ့သည့် အပြင် စကြာမင်းလောင်း သားကောင်း ရတနာကိုပင် မွေးဖွားပေးနိုင်ခဲ့ပါသည်။

ထို့ပြင် သက်ရှိလောကဥ္ဇကမ္ဘာအနှံ့ အပြားတွင် မားမား ပတ်မတ် တည်ရှိနေကြသည့် ဆေးရုံကြီးများ၊ ကျန်းမာရေး ဌာနများ၊ သူနာပြုအသင်းများ စသည်တို့က ကျန်းမာရေး မည်မျှအရေးကြီးကြောင်းကို သက်သေထူလျက် ရှိနေကြ၏။ သုဓာဝလင်္ကာရ ကျမ်းဆရာကလည်း....

မိန်းမနှင့် သူယုတ်မာ၊
အဆိပ်ပါရောဂါနှော၊ ဟောခဲ့မြစ်မှာ။
ဦးချိုရှိသတ္တဝါ၊ ဇာတ်မဟာမင်းမျိုး၊
ဆိုခဲ့ပြီး ခုနစ်အင်မှာ၊
ကျွမ်းဝင်လျှင် ဒုက္ခနှင့်တိုး....

ဟု အကျွမ်းမဝင်အပ်သည့်အရာ ခုနစ်မျိုး၌ "အနာရောဂါ"ကိုပါထည့်သွင်း ပြဆိုတော်မူထားပါသည်။

အမှန်အားဖြင့် ကျန်းမာရေး ချို့တဲ့နေပါက လောကီ ကြီးပွားချမ်းသာကြောင်းများဖြစ်သော ပညာရေး၊စီးပွား ရေး၊ နိုင်ငံရေး၊ လူမှုရေး စသည့်အရေး ကိစ္စများကို မစွမ်း ဆောင်နိုင်သည့်အပြင် လောကုတ္တရာ ကြီးပွားကြောင်း သီလ၊ သမာဓိ၊ ပညာအကျင့်တရားများကိုလည်း မပွားများ မအား ထုတ်နိုင်ပါချေ။

ဤသို့အားဖြင့် ဤကမ္ဘာလောက၌ ကျန်းမာရေးသည် ရှိရှိ သမျှသော ကြီးပွား ချမ်းသာကြောင်းများတွင် အခြေခံ အကျဆုံး ပင်မအကြောင်းကြီးဖြစ်ကြောင်း ထင်ရှားသိသာ ပါသည်။ ထို့ကြောင့် ကြီးပွားချမ်းသာလိုသူတိုင်း (ဝါ) ချမ်းချမ်းသာသာ နေလိုသူတိုင်း ကျန်းမာရေးကို အခြား အရေးများထက် ပိုမိုဦးစားပေး၍ ဂရုစိုက်သင့်ကြပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း အတွဲ-၁၄၊ အမှတ် ၈ မှ

အခန်း ( ၁၃ )

# စောင့်ခြင်းသီလ (သီလ)

**သီလ-ဆိုသည်မှာ။** ။အထူးသဖြင့် ကိုယ်နှုတ် နှစ်ပါးနှင့် စပ်၍ အပြစ်များ မပေါ်ပေါက်ရအောင် ကိုယ်၊ နှုတ် နှစ်ပါးတို့ကို ကောင်းစွာ ထားခြင်းကို (ဝါ) ကိုယ်နှုတ်နှစ်ပါးတို့ကို ကောင်းစွာ ထိန်းသိမ်း စောင့်စည်းထားခြင်းကို "သီလ" ဟု ခေါ်သည်။ အပြစ်ဆိုသည်မှာ ထိခိုက်နစ်နာမှုပင် ဖြစ်သည်။ မိမိကိုဖြစ်စေ သူတစ်ပါးတို့ကို ဖြစ်စေ ထိခိုက်နစ်နာစေသော အပြုအမူ အပြောအဆိုများသည် အပြစ်ရှိသော အပြုအမူ အပြောအဆိုများ ဖြစ်သည်။ ထို အပြုအမူ အပြောအဆိုတို့ကား သူတစ်ပါးတို့ကို သတ်ဖြတ်ညှဉ်းဆဲမှု၊ သူတစ်ပါး ဥစ္စာပစ္စည်းတို့ကို ခိုးယူ လုယူ တိုက်ယူ၊ သိမ်းယူမှု ကာမဂုဏ်တို့၌ မှားမှားယွင်းယွင်း ယုတ်ယုတ်မာမာ ကျင့်မှု၊ အရက်သေစာသောက်စားမှု၊ လိမ်လည်လှည့်ဖြား မှုသားပြောဆိုမှု၊ တစ်ဦးနှင့် တစ်ဦး မုန်းသွားအောင် ကုန်းချောမှု၊ ဆဲရေးတိုင်းထွာမှု၊ အနှစ်မရှိ အပြစ်ဖြစ်သော စကားမျိုးကို ပြောဆိုမှု စသည်တို့ ဖြစ်ပါသည်။

ထိုကဲ့သို့ ကိုယ်၊ နှုတ်တို့၌ အပြစ်ရှိသည့် အပြုအမူ၊ အပြောအဆိုများ မပေါ်ပေါက်ရအောင် ကိုယ်၊ နှုတ်နှစ်ပါးတို့ကို ထိန်းသိမ်းစောင့်စည်းထားခြင်းကိုပင် သီလဟု ဆိုပေသည်။ တစ်နည်းအားဖြင့်ဆိုသော် သီလဆိုသည်မှာ ကိုယ်နှုတ်နှစ်ပါးတို့နှင့် စပ်၍ ပြစ်မှုများ၊ ထိခိုက်နစ်နာမှုများ မဖြစ်ပွားရအောင် ထိန်းသိမ်းကျင့်ကြံရခြင်းဖြစ်၍ လူတို့၏ ကိုယ်ကျင့်တရားပင် ဖြစ်၏။

**သီလ (၂) မျိုး။** ။ထို ကိုယ်ကျင့်တရားခေါ် သီလသည် ဝါရိတ္တသီလ၊ စာရိတ္တသီလဟု နှစ်မျိုးရှိ၏။ လွန်ကျူးလျှင် အပြစ်ရှိ၍ ရှောင်နိုင်၊ စောင့်ထိန်းနိုင်လျှင် အကျိုးရှိသောကြောင့် ဧကန် မပြုလုပ်ရဟု တားမြစ်ထားသည့် သီလကို "ဝါရိတ္တသီလ" ဟု ခေါ်၏။ (ဝါရိတ္တ= တားမြစ်ထားသည်ကို သီလ=ကောင်းစွာ ထိန်းသိမ်းထားခြင်း)။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ လိမ်ညာပြောဆိုခြင်း စသော အပြုအမူ အပြောအဆိုတို့ကို စောင့်ထိန်းထားသောကြောင့် သီလဟု ဆိုလိုပါသည်။

စာရိတ္တသီလကား မျိုးရိုးဓလေ့ထုံးစံလာ ကောင်းသောအကျင့်ဟူသမျှနှင့် ဝိနည်းခန္ဓကဝတ် စသည်တို့၌ လာသော ရဟန်းသာမဏေတို့၏ ကျင့်ဝတ်များ၊ သိင်္ဂါလောဝါဒသုတ်၊ မင်္ဂလသုတ် စသည်တို့၌လာ လူ့ကျင့်ဝတ်များ ဖြစ်သည်။ (စာရိတ္တ=မျိုးရိုးဓလေ့ထုံးစံအရ ကျင့်အပ်သော+သီလ= သီလ)၊ ထို စာရိတ္တသီလသည် တတ်သိနားလည်၍ ကျင့်နိုင်

လျှင် အထူးအကျိုးရှိ၏။ မသိ နားမလည်၍ မကျင့်သော်လည်း အကဲ့ရဲ့ခံရုံမှတစ်ပါး အပြစ်ကားမကြီးလှချေ။ ဤနေရာ၌ ဝါရိတ္တသီလ၊ စာရိတ္တသီလ နှစ်မျိုးလုံးကိုပင် လုံခြုံအောင် စောင့်ထိန်းရမည်ဟု ဆိုလိုပါသည်။

ထိုသီလနှစ်မျိုးလုံးကို လုံခြုံအောင်စောင့်ထိန်းပြုကျင့်ခြင်းကား လောကီ လောကုတ္တရာ နှစ်ဖက်လုံး ဘက်စုံ တိုးတက်ကြီးပွားကြောင်း အကြောင်းကြီးတစ်ခု ဖြစ်သည်။ မှန်ပါသည်၊ လူသတ္တဝါများ၌ သီလခေါ်သော ကိုယ်ကျင့်တရားသည် အလွန် အရေးကြီးသည်။ ယဉ်ကျေးသည်၊ ရိုင်းသည်၊ ကောင်းသည်၊ ဆိုးသည်၊ ယုတ်သည်၊ မြတ်သည်တို့ကို ထိုကိုယ်ကျင့်တရားတည်းဟူသော မှတ်ကျောက်ဖြင့် ခွဲခြား ဆုံးဖြတ်လေ့ ရှိကြသည်။ ကိုယ်ကျင့်တရား ကောင်းလျှင် လူကောင်း လူယဉ်ကျေးများအဖြစ် အသိအမှတ်ပြု ခံကြရသကဲ့သို့ ကိုယ်ကျင့်တရား မကောင်းလျှင်၊ လူဆိုး လူရိုင်းများအဖြစ် ဝိုင်းပယ်ခံကြရတတ်ပေသည်။

**ကိုယ်ကျင့်သီလနှင့် အကျိုးတရား။** ။ဗုဒ္ဓဝံသ အဋ္ဌကထာ၌ ကိုယ်ကျင့် သီလသည် ကြီးပွားချမ်းသာကြောင်း တရားတို့တွင် ပဓာနအကျဆုံးသော အကြောင်းတစ်ခု ဖြစ်သည်။ ဂုဏ်ဟူသမျှတို့၏ အမြတ်ဆုံး တည်ရာလည်း ဖြစ်သည်။ ကျော်စော ထင်ရှားစေရာ၌ ဖြစ်စေ၊ ကိလေသာ အညစ်အကြေးတို့ကို ဆေးကြောသုတ်သင်ရာ၌ ဖြစ်စေ၊ ပူပန်မှုမှန်သမျှကို ငြိမ်းအေးစေရာ၌ ဖြစ်

စေ၊ ကိုယ်ကျင့်သီလနှင့်တူသည့် အစွမ်းထက်သော လက်နက်ကောင်းကား မရှိချေ။ ကိုယ်ကျင့်သီလရှိသူသည် နတ်ပြည်သို့ ရောက်လိုလျှင်လည်း ကိုယ်ကျင့်သီလတည်းဟူသော စောင်းတန်း လှေကားဖြင့် တက်နိုင်၏။ နိဗ္ဗာန် ရွှေမြို့တော်ကြီးသို့ ဝင်လိုလျှင်လည်း ကိုယ်ကျင့်သီလဟူသော တံခါးပေါက်ဖြင့် ဝင်ရောက်နိုင်သည်။

နိဗ္ဗာန်မရောက်မီ သံသရာခရီးသည်ဘဝ၌လည်း ကိုယ်ကျင့်သီလသည် လူချမ်းသာ နတ်ချမ်းသာတို့ကို ရရှိခံစားနိုင်မှု အတွက် အားကိုးအားထားကြီးတစ်ခု ဖြစ်ပေသည်။ ကိုယ်ကျင့်သီလသည် သတ္တဝါတို့အဖို့ အတုမရှိသော အဆင်တန်ဆာ၊ အတုမရှိသော မွှေးရနံ့တစ်မျိုး ဖြစ်သည် စသည်ဖြင့် သီလ၏ အစွမ်းသတ္တိနှင့် အကျိုးတရားတို့ကို ဒီပင်္ကရာ မြတ်စွာဘုရား ဟောကြားတော်မူကြောင်း ဖွင့်ဆိုထားပါသည်။

ပဉ္စကအင်္ဂုတ္တရပါဠိတော် သီလသုတ်၌လည်း ကိုယ်ကျင့်သီလ ရှိသောသူသည်—

(၁) မမေ့မလျော့ခြင်းကြောင့် ဥစ္စာပစ္စည်းတို့ကိုရ၍ ကြီးပွားချမ်းသာ၏။

(၂) "လူသူတော်ကောင်းပဲ" ဟု သတင်းကောင်း ထွက်၊ နာမည်တက်၏။

(၃) ပရိသတ်အလယ်သို့ မကြောက်မရွံ့ ရဲဝံ့စွာ ဝင် နိုင်၏။

(၄) သတိရှိလျက် မတွေမဝေ သေရ၏။
(၅) တမလွန်တွင် သုဂတိဘဝသို့ ရောက်ရ၏။
ဟု အကျိုးတရား ငါးပါးကို ဗုဒ္ဓရှင်တော်မြတ် ထုတ်ဖော် ဟောကြားထားသည်ကိုလည်း တွေ့ရ၏။

ထို့ပြင် ကိုယ်ကျင့်တရားကောင်းမွန်၍ သီလ စောင့်ကြယ် လျှင် ရဟန်းရှင်လူတို့၏ ချစ်ခင်လေးစားမှုကိုခံရခြင်း၊ လာဘ် လာဘ ပေါများခြင်း၊ ကြည်ညို သူ ဒါနီးပူဇော်သူများ အကျိုးကြီးမားခြင်း၊ ရုပ်ဆင်းအင်္ဂါ လှပ တင့်တယ်ခြင်း စသော အကျိုးတရားများကိုလည်း ရရှိနိုင်သည်ဟု မူလ ပဏ္ဏာသ ပါဠိအာကင်္ခေယျသုတ် စသည်တို့၌ မြတ်စွာဘုရား ဟောကြားတော်မူအား၏။

ချွဲဦးအံ့။ ဆိုခဲ့ပြီးသော သီလနှစ်မျိုးတွင် ဝါရိတ္တသီလ သည် လောကီ ကြီးပွားချမ်းသာရေးထက် လောကုတ္တရာ ကြီးပွားချမ်းသာရေးကို ပို၍ အကျိုးပြုပေသည်။ ကိုယ်ကျင့် သီလ လုံခြုံလျှင် မိမိ ကိုယ်ကျင့်သီလကို စဉ်းစားဆင်ခြင်မိ တိုင်း စိတ်ကြည်လင်ရွှင်လန်း၏။ ဝမ်းမြောက်၏။ နှစ်သက် အားရ၏။ နှစ်သက်အားရလျှင် ကိုယ်ရော စိတ်ပါ ငြိမ်းအေး ၏။ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးလျှင် ကိုယ်စိတ်နှစ်ပါး ချမ်း သာ၏။ ကိုယ်စိတ်နှစ်ပါး ချမ်းသာသည့်အခါ တရား ရှုမှတ် ပွားလျှင် စိတ်တည်ငြိမ်မှု သမာဓိကို ရလွယ်၏။ စိတ်တည်ငြိမ် မှုကိုရလျှင် ရုပ်နာမ် အဖြစ်အပျက်ကို အမှန်အတိုင်းသိသော ဝိပဿနာ ဉာဏ်အမြင်နှင့် သစ္စာလေးပါး တရားကို ထိုးထွင်း သိသော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို လျင်မြန်စွာရ၏။

မည်သူမဆို ငါးပါးသီလလုံခြုံလျှင် လက်ရှိဘဝ၌ အသက်သတ်မှုစသော ကိစ္စကြီးငါးရပ်နှင့် ပတ်သက်၍ ဘေးလည်းမရှိ။ ရန်လည်း မပေါ်သဖြင့် စိတ်ချမ်းသာရ၏။ နောက်ဘဝ၌လည်း သုဂတိသို့ရောက်ရ၏ဟု ပဉ္စကအင်္ဂုတ္တရပါဠိတော်ဝေရသုတ်၌ မြတ်စွာဘုရား ဟောကြားထား၏။ ခုဒ္ဒကပါဌအဋ္ဌကထာ (၂၃)၌လည်း ငါးပါးသီလဟူသော အကျင့်သီလနှင့်ပြည့်စုံလျှင် နောက်ဘဝတို့၌ ကိုယ်အင်္ဂါလက္ခဏာကောင်းတို့နှင့် ပြည့်စုံခြင်း၊ ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်ခြင်း၊ အားခွန်ဗလကြီးမားခြင်း၊ သူတစ်ပါးတို့၏ လုံ့လဖြင့် မသေနိုင်ခြင်း၊ ရောဂါကင်းခြင်း၊ အသက်ရှည်ခြင်း၊ စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာခြင်း၊ ရရှိပြီးသော ပစ္စည်းဥစ္စာများ တည်မြဲခြင်း၊ အလိုရှိသည့်ဥစ္စာရတနာတို့ကို တစ်ခဏချင်း ရနိုင်ခြင်း၊ ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်ခြင်းစသည့် အကျိုးတရားများကို ရနိုင်သည်ဟု ဖွင့်ဆိုထား၏။

စာရိတ္တသီလကား ကျင့်ဝတ်တရားဖြစ်၍ လောကုတ္တရာကြီးပွားချမ်းသာရေးထက် လောကီကြီးပွားချမ်းသာရေးကိုပို၍ အကျိုးပြုပေသည်။ လောကတွင် ဂမ္ဘာဦးကာလမှတစ်ပါး ကျန်ကာလများ၌ မည်သည့်လူသားမျှ ဥပပတ်အနေဖြင့်ပေါ်ပေါက်လာသူများ မဟုတ်ပါချေ။ မိဘနှစ်ပါးကို အမှီပြု၍ ပေါက်ဖွားဖြစ်ပေါ်လာကြသူများသာ များပေသည်။ လူ့လောကသို့ ရောက်လာပြီးသည့်နောက်၌လည်း ဝိဇ္ဇာပညာ၊ သိပ္ပံပညာစသည့် ပညာရပ်များကို အလိုလိုတတ်မြောက်သူဟူ၍ မရှိရကား၊ ထိုပညာရပ်များကို အသိပညာရှင်၊ အတတ်

ပညာရှင်ဖြစ်ကြသည့် ဆရာသမားများထံ နည်းခံသင်ယူကြ ရ၏။ မိမိတစ်ဦးတည်း သီးခြားနေ၍ မဖြစ်နိုင်သော လောက ဖြစ်၍ အပေါင်းအသင်း မိတ်ဆွေရောင်းရင်းများနှင့် ပေါင်း သင်းဆက်ဆံကြရသည်။ အချိန်တန် အရွယ်ရောက်လာသည့် အခါ၌လည်း လောကလူ့ဘောင်၏ ဓမ္မတာအတိုင်း အိမ် ထောင်ပြုကြရသည်။

ထို့ကြောင့် ဤလူ့ဘောင် လောကတွင် မိဘဆရာသမား လင်မယား၊ မိတ်ဆွေ အပေါင်းအသင်း ရောင်းရင်း တို့နှင့် ဆက်ဆံပေါင်းသင်းကြရခြင်းကား၊ လူသားတိုင်း ရှောင်ကွင်း ၍ မရသော လောကထုံးတမ်း ဓမ္မတာသဘောတရားကြီးတစ်ခု ဖြစ်ပေသည်။ ထိုသို့ အချင်းချင်း ပေါင်းသင်းဆက်ဆံကြရာ၌ တစ်ဦးအပေါ် တစ်ဦး လိုက်နာပြုကျင့်ကြရမည့် လူ့ကျင့်ဝတ် လူ့စည်းကမ်းများ ရှိကြပေသည်။ ထိုလူ့ကျင့်ဝတ်များကို မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ တပည့် ကျင့်ဝတ်၊ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ် စသည်ဖြင့် သိင်္ဂါ လောဝါဒသုတ် စသော သုတ်တို့၌ ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ အပြည့်အစုံ ဟောကြားတော်မူထားခဲ့ပါသည်။

ယင်း လူ့ကျင့်ဝတ်များကား စာရိတ္တသီလများပင် ဖြစ်၏။ ထိုစာရိတ္တသီလကို ကိုယ်စီ ကိုယ်စီ လိုက်နာ ပြုကျင့်ကြပါလျှင် မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ ဇနီးနှင့်ခင်ပွန်း၊မိတ်ဆွေ အပေါင်းချင်း စသူတို့ကြားတွင် မည်သည့်ပြဿနာမျှ ဖြစ်ပွား ပေါ်ပေါက်လာရန် အကြောင်း မရှိပါချေ။ ထိုပြဿနာ များ မရှိကြသဖြင့် လူ့ကျင့်ဝတ်ကို လိုက်နာသူအားလုံး ကိုယ်

ဒိတ်နှစ်ဖြာ ချမ်းသာမှုကို ရကြပေမည်။ သားသမီးကျင့်ဝတ်ကို ကျေပွန်စွာ လိုက်နာသူကို မိဘတို့က "သားလိမ္မာ သမီးလိမ္မာများအဖြစ် ချစ်ခင်မြတ်နိုးကြသကဲ့သို့ တပည့်ကျင့်ဝတ်နှင့်ညီညွတ်သူကိုလည်း ဆရာသမားတို့က "တပည့်လိမ္မာ"များအဖြစ် ချစ်ခင်ကြမည်ကား ဧကန်ဖြစ်သည်။ မိဘဆရာသမားတို့၏ မြတ်နိုးချစ်ခင်ခြင်းကို ခံကြရသောသူသည် သောဝစဿတာမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာ စသောမင်္ဂလာများနှင့် ပြည့်စုံသူဖြစ်၍ လောကီ လောကုတ္တရာနှစ်ဖြာလုံး ကြီးပွားချမ်းသာမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်သည်။

ထို့ကြောင့် ဝိနည်း ပိဋက၊ စူဠဝါပါဠိတော် ဝတ္တက္ခန္ဓက၌....

"ကျင့်ဝတ်ကို ဖြည့်ကျင့်သော ပုဂ္ဂိုလ်သည် သီလကို ဖြည့်ကျင့်သည် မည်၏။ သီလစင်ကြယ်သော ပုဂ္ဂိုလ်သည် ပညာရှိဖြစ်၍ စိတ်တည်ငြိမ်မှုကို ရနိုင်၏။ စိတ်မပျံ့လွင့်သော ပုဂ္ဂိုလ်သည် သမာဓိရ၍ တရားကို ကောင်းစွာ သိမြင်နိုင်၏။ သူတော်ကောင်းတရားကို ကောင်းစွာ သိမြင်သော ပုဂ္ဂိုလ်သည် ဆင်းရဲခပ်သိမ်းမှ ကင်းငြိမ်းလွတ်မြောက်နိုင်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဘုရားအဆုံးအမဖြစ်သော ကျင့်ဝတ်ကို ဖြည့်ကျင့်ရာ၏။ ထိုသို့ ဖြည့်ကျင့်ခြင်းကြောင့် နိဗ္ဗာန်သို့ ရောက်ပေမည်" ဟု ဟောကြားတော်မူခဲ့ပါသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၄၊ အမှတ်-၉)

ကိုယ်ကျင့်သီလကြောင့် ကြီးပွားချမ်းသာပုံ။ ။ဤနေရာ၌ ကိုယ်ကျင့်သီလရှိသဖြင့် ကြီးပွားချမ်းသာသည့် ငါးရာငါးဆယ်လာ ဇာတ်ဝတ္ထုတစ်ခုကို သာဓကအဖြစ် တင်ပြပါမည်။ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက ဖြစ်ပါသည်။ ထိုစဉ်အခါက သောတာပန် အရိယာ အမျိုးသားကောင်းတစ်ယောက်သည် မိတ်ဆွေ ဆတ္တာသည်ကလေး တစ်ယောက်နှင့်အတူ လှေစီး၍ ပင်လယ်ခရီး ထွက်ခဲ့ကြသတဲ့။ ခရီးထွက်ခါနီးတွင်ဆတ္တာသည်၏ဇနီးက "အစ်ကိုကြီး–ကျွန်မယောကျ်ား၏ ချမ်းသာမှု ဆင်းရဲမှုဟာ အစ်ကိုကြီး၏ တာဝန်ပဲ" ဟု ဆိုကာ အရိယာ အမျိုးသားလက်သို့ အပ်နှံလိုက်သည်။

ခရီးထွက်၍ ခုနစ်ရက်မြောက်သည့် နေ့တွင် သမုဒ္ဒရာအလယ်ဘွင် လှေနစ်လေတော့၏။ သူငယ်ချင်း နှစ်ယောက်တို့သည် ပျဉ်ချပ်တစ်ခုကို ဖက်တွယ်မိကြသဖြင့် ကျွန်းငယ်တစ်ခုပေါ်သို့ ရောက်ရှိသွားကြသည်။ ကျွန်းပေါ် ရောက်သည့်အခါ ဆတ္တာသည်က ငှက်များကိုပစ်၍ ကင်စား၏။ ငှက်သားများကို သူငယ်ချင်းဖြစ်သူအား ပေးသည်။သို့သော် အရိယာဖြစ်သူ အမျိုးသားသည် ပေးသည့်ငှက်သားကို လုံးဝမစားဘဲ "ဒီလိုနေရာမျိုးမှာ ငါ့အတွက် ရတနာသုံးပါးမှ တစ်ပါး၊ အခြား ကိုးကွယ်အားထားစရာမရှိ" ဟု စဉ်းစားကာ ရတနာသုံးပါးတို့၏ ဂုဏ်တော်များကို အဖန်ဖန် အထပ်ထပ် အောက်မေ့ပွားများနေပါသည်။

ထိုအခါ ကျွန်းမှာရှိသော နဂါးမင်းကြီးသည် သူ့ကိုယ်ကို လှေကြီးအဖြစ် ဖန်ဆင်းလိုက်ပါသည်။ သမုဒ္ဒရာစောင့်

နတ်က လှေကြီးတွင် လှေသူကြီးအဖြစ် လိုက်ပါသည်။ လှေပေါ်မှာလည်း ရတနာ ခုနစ်ပါးတို့ဖြင့် ပြည့်နေပါသည်။ လှေရှက်တိုင်ကြီးသုံးခုကို ဣန္ဒနီလာကျောက်သားဖြင့် ပြုလုပ်ထား၏။ လှေရှက်ကြီးမှာ ရွှေရှက်ဖြစ်၍ ရှက်ကြိုးများမှာ ငွေကြိုးများဖြစ်ကြ၏၊ တက်မကြီးကို ရွှေဖြင့် ပြုလုပ်ထား၏။

သမုဒ္ဒရာစောင့်နတ်သည် လှေသူကြီးဟန်ဖြင့် "ဇမ္ဗူဒိပ်ကျွန်းသို့ သွားလိုသူများ ရှိသလား" ဟု ကြွေးကြော် အသံပြုလိုက်သည်။ ထိုအခါ အရိယာအမျိုးသားက "ကျွန်တော်တို့ သွားလိုပါတယ်" ဟု ပြောလိုက်ရာ "ဒါဖြင့် လှေပေါ်တက်" ဟု ဖိတ်ခေါ်၏။ အရိယာအမျိုးသားသည် လှေပေါ်ရောက်သည့်ခါ သူ့သူငယ်ချင်း ဆတ္တာသည်ကို လှမ်းခေါ်လိုက်၏။ လှေသူကြီးက "သင့်ကိုပဲ ခေါ်မယ်၊ ဒီလူကို မခေါ်နိုင်ဘူး" ဟု ဆိုသည်။ "ဘာဖြစ်လို့ပါလဲခင်ဗျာ" ဟု အရိယာအမျိုးသားက မေးသည့်အခါ ဆတ္တာသည်မှာ ကိုယ်ကျင့်သီလမရှိသောကြောင့် မခေါ်နိုင်ကြောင်း လှေသူကြီးက ပြော၏။ အရိယာ အမျိုးသားက "ဒီလိုဆိုရင် ကျွန်ုပ်ပြုလုပ်သမျှ ကုသိုလ်အဖို့ကို အမျှ ဝေပါ၏" ဟု ဆိုလိုက်ရာ ဆတ္တာသည်က သာဓုခေါ်လိုက်ပါသည်။

ထိုအခါ လှေသူကြီးက "ဒီအခြေအနေရောက်လျှင် ခေါ်သွားမယ်" ဟု ပြောပြီး ဆတ္တာသည်ကိုပါ လှေပေါ်တင်ပြီး ဗာရာဏသီမြို့သို့ ရောက်အောင် ပို့ပေးလိုက်သည်။ နတ်တန်ခိုးဖြင့် နှစ်အိမ်လုံးတွင် ဥစ္စာပစ္စည်းများကိုပါ ဖန်ဆင်းပေးခဲ့ကာ "ပညာရှိ သူတော်ကောင်းတို့နှင့်သာအပေါင်းအသင်း

ပြုလုပ်သင့်သည်၊ ဆတ္တာသည်သည် ဤအရိယာအမျိုးသားနှင့် သာ မပေါင်းသင်းခဲ့မိပါက သမုဒ္ဒရာ အလယ်မှာပင် နစ်မြုပ် ပျက်စီးရတော့မည်” ဟု ဆုံးမတရား ဟောကြားကာ မိမိတို့ ဗိမာန်သို့ ပြန်သွားကြပေသည်။

ဤသီလနိသံသ ဇာတ်ဝတ္ထု၌ အရိယာအမျိုးသားမှာ အကျင့်သီလနှင့်ပြည့်စုံမှုကြောင့် သေဘေးနှင့် တွေ့ကြုံရစေ ကာမူ ထိုဘေးမှ လွတ်မြောက်သွားသည့်အပြင် ပစ္စည်း ဥစ္စာ ရတနာများရရှိ၍ ကြီးပွားချမ်းသာ သွားခဲ့ဖူးပေသည်။

**ကိုယ်ကျင့် သီလကြောင့် မင်းဖြစ်လာသူ။** ။ကျွန်ုပ်တို့ မြန်မာနိုင်ငံသမိုင်းတွင် ကိုယ်ကျင့် သီလကောင်းသောကြောင့် မင်းဖြစ်လာသူတစ်ဦးရှိသည်။ထိုသူမှာမြန်မာသက္ကရာဇ် ၃၂၆ ခုနှစ်တွင် ပုဂံ၌ မင်းဖြစ်ခဲ့ဖူးသော ကွမ်းဆော်ကြောင်ဖြူ မင်း ဖြစ်၏။ ကြောင်ဖြူမင်းသည် တန်နက်မင်း၏သားတော် ဖြစ်သည်။ တန်နက်မင်းကို စလေငခွေး လုပ်ကြံပြီး မင်းပြု သည့်အခါ တန်နက်မင်း၏မိဖုရားသည် ကိုယ်ဝန်နှင့်ထွက်ပြေး ၍ ကြောင်ဖြူအရပ်၌နေ၏။ ထိုအရပ်၌ပင် မင်းသားငယ်ကို ဖွားမြင်၏။ မင်းသားအရွယ်ရောက်လာသည့်အခါ မယ်တော် ပြောပြသဖြင့် ပုဂံပြည့်ရှင် တန်နက်ဘုရင်၏ သားတော် ဖြစ်ကြောင်းသိသွား၏။

ထိုအခါ “ခမည်းတော် အရာကို ငါရပါစေသား” ဟု သစ္စာအဓိဋ္ဌာန်ပြုကာ ပုဂံမင်းထံ ခစား၏။ မင်းကြီးက လက်တုပ်ကို ကွမ်းဆော်ထည့်တော်မူ၏။ကြောင်ဖြူမင်းသား လည်း သားသမီးတို့ ကျင့်ဝတ်နှင့် အညီ မယ်တော်ကြီးကို

ရှိသေစွာ လုပ်ကျွေး မွေးမြူ၏။ မယ်တော်ကြီးကလည်း သားတော် ကွမ်းဆော်သွားသည့်အခါ စားမြိန်စာ ကောင်း စွာ စီရင်ပြီး နေ့စဉ်ထုပ်ပေး၏။ သားတော်သည် ထိုစားမြိန် စာထုပ်ကို စောင်ချမ်းပင်ကြီးအောက်၌ ဖြေ၍ နေ့စဉ်စား ၏။ မစားမီ စားဦးကို စောင်ချမ်းပင်တွင် အမြဲတင်ပြီးမှ စားလေ့ရှိ၏။

စောင်ချမ်းပင်စောင့် နတ်သည် "ဤသူသည် စားမြိန်စာ စားတိုင်း ငါ့ကို စားဦးပေးလေသည်။ ဤသူသည် အနာ ဂတ်ကာလတွင် မည်သို့ ဖြစ်မည်နည်း" ဟု ဆင်ခြင်ကြည့်ရာ မကြာမီ မင်းဖြစ်တော့မည်ကို မြင်၍ မင်းသားအား ကိုယ် ထင်ပြကာ ဤသို့ ပြောကြား၏။ "သင်သည် စားမြိန်စာ စားတိုင်း ငါ့အား စားဦးပေးလေသည်၊ သင် ဘုန်းကြီး လိုသော် သရဏဂုံပဉ္စသီလကို မြဲစွာ ဆောက်တည်လေ၊ သစ္စာ စကားကို မှန်အောင် သုံးလေ။ အနုဿတိ ဆယ်ပါးကို တစ်နေ့ နှစ်ထောင်ရအောင် စီးဖြန်းလေ" ဟု စောင်ချမ်းပင် စောင့်နတ်ကဆို၏။ မင်းသားလည်း ထိုနတ်ပြောသည့်နေ့မှ စ၍ နတ်ပြောသည့်အတိုင်း လိုက်နာပြုကျင့်လေသည်။

မကြာမီ သာသနာတော်စောင့်နတ်တို့၏ တန်ခိုးဖြင့် "ပုဂံ ပြည်တွင် မင်းလောင်းပေါ်မည်" ဟု ကောလာဟလ ဖြစ်၏။ လူတို့သည် "မည်သည့်နေ့ရက်တွင် မင်းလောင်း ရောက်မည်။ မင်းလောင်းကို ကြည့်ကြအံ့၊ ပူဇော်ကြအံ့" ဟု ဆိုကြပြီး တူရှင်တောင်သို့ သွားကြ၏။ ထိုသတင်းကို ကွမ်းဆော်မင်း သားကြားသည့်အခါ မင်းလောင်းကို သွားကြည့်ရန် မယ်

တော်အား စွားမြိန်စာကို စောစောထုပ်ခိုင်း၏။ စားမြိန်စာထုပ်ကို ယူသွားပြီး လက်ထုပ်သို့ ရောက်လျှင် ကွမ်းကို အပြင်းဆော်၍ မင်းလောင်းကို ကြည့်အံ့ဟု အမြန်လာခဲ့သည်။

သိကြားမင်းသည် သူအိုယောင်ဆောင်ကာ မြင်းကြီးကို စီးလာလျက် ကွမ်းဆော်မင်းသား အနီးသို့ ရောက်လျှင် "အမောင်လုလင်–ငါ့မြင်းကို ပုဂံပြည်သို့ ယူသွားနှင့်ပါ၊ ငါဒီမှာ ကိစ္စကလေးရှိသေးလို့ပါ"ဟု ဆို၏။ မင်းသားက "အဘိုး–ကျွန်တော် မင်းလောင်းကိုကြည့်မီအောင် သွားမလို့ပါ၊ အဘိုးရဲ့ မြင်းကို ယူမသွားနိုင်ပါ" ဟု ငြင်းဆို၏။ "အမောင်လုလင် .... ခြေလျင်သွားတာထက် မြင်းစီးသွားဘာက ပိုမမြန်ဘူးလား၊ ဒီမြင်းကိုလဲစီး၊ ဒီပတ္တမြားဥသျှောင်ကျင်နဲ့ ဒီပတ္တမြား လက်စွပ်ကိုလဲ ဝတ်ဆင်၊ ဒီလှံနဲ့ ဒီဓားကိုပါ စွဲကိုင်သွားပါ၊ ငါကြာနေလျှင် ၂စောင့်နဲ့၊ ဒီမြင်းကို စီးပြီး မင်းရင်ပြင်အထိ အရောက်သွားလေတော့"ဟု သိကြားမင်းက ဆို၏။

မင်းသားလည်း သိကြားမင်း မှာကြားသည့် အတိုင်း သက်စွပ်ကိုဝတ်၊ ဥသျှောင်ကျင်ကို တပ်ဆင်၍ သီလဝံသဓားနှင့် အရိန္ဒမာလှံတို့ကို ကိုင်စွဲလျက် မြင်းကို အပြင်း နှင်လေတော့၏။ မှူးမတ်၊ ကလန်၊ သံဗျင်စသော ပြည်သူအပေါင်းတို့သည် ကွမ်းဆော်မင်းသား မြင်းစီးလာသည်ကို မြင်ကြလျှင် ဦးတိုက်ကြ၏။ ထိုအခါ ကွမ်းဆော်မင်းသားသည် "ငါပင် မင်းလောင်းဖြစ်မည်၊ ရှေ့ကလဲ စောင်ချမ်းပင်စောင့်နတ်ပြောဖူး

သည်''ဟု စဉ်းစားမိပြီး နန်းတွင်းတိုင်အောင် မြင်းနှင့်ဝင်၏။ စောရဟန်းမင်းက"ငါရှိပါလျက် အဘယ်သူ ဝံ့အံ့နည်း''ဟု နန်းဦးတွင် ရပ်၍ဆို၏။ ထိုအခါ တံခါးမှ ထားသော ကျောက်သူရုပ်တွန်းချ၍ နန်းဦးက စောက်ထိုးကျကာ အနိစ္စ ရောက်လေတော့၏။ ထိုအခါ ကွမ်းဆော် မင်းသားသည် "ကွမ်းဆော်ကြောင်ဖြူ" ဟူသော အမည်ဖြင့် ပုဂံပြည်တွင် မင်းဖြစ်ခဲ့သည်ဟု မှန်နန်းရာဇဝင်တော်ကြီးတွင်လာရှိသည်။

ဤသို့သော ပုံဝတ္ထုတို့နှင့် ကျမ်းဂန်လာ အကြောင်းအရာ တို့ကို အထောက်အထားပြု၍ ကိုယ်ကျင့်သီလနှင့် ပြည့်စုံခြင်း သည် ကြီးပွားချမ်းသာခြင်း၏ အကြောင်းတစ်ခုဖြစ်ကြောင်း ထင်ရှားသိသာလှပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း အတွဲ ၁၄၊ အမှတ် ၁၀)

## အခန်း ( ၁၄ )

## ဆုံးမမှတ်သား(ဝုဍ္ဎါနုမတ)

**တန်ဖိုးရှိသော အဆုံးအမ။**

။လောက၌ ဉာဏ်အမြော်အမြင်ရှိကြကုန်သော မိဘ ဆရာသမားများနှင့် အကျိုးလိုလားသည့် သက်ကြီးဝါကြီး ပုဂ္ဂိုလ်များသည် မိမိတို့ သားသမီး တပည့်များနှင့် ငယ်ရွယ်သူတို့ကို အခါအားလျော်စွာ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည်တို့နှင့် စပ်၍ သွန်သင်ဆုံးမ၊ ဩဝါဒပေးလေ့ ရှိကြ၏။ ထို မြော်မြင်ဉာဏ်ရှိကြသည့် ပုဂ္ဂိုလ်ကြီးတို့၏ ဆုံးမစကားများကို မှတ်သားလိုက်နာခြင်းမျိုးကို ဆုံးမမှတ်သား (ဝုဍ္ဎါနုမတ) ဟု ခေါ်ပါသည်။ ထို အဆုံးအမများကို မှတ်သား၍ လိုက်နာ ပြုကျင့်ခြင်းသည် ကြီးပွားတိုးတက်ကြောင်း တစ်ခုပင် ဖြစ်သည်ဟု ဆိုလိုပါသည်။

မှန်ပါသည်။ ထို မိဘဆရာသမား သက်ကြီး ဝါကြီး ဆိုသူ ပုဂ္ဂိုလ်ကြီးများသည် လူ့လောကသို့ ရောက်လာကြ

သည်မှာ အချိန်ကာလကြာမြင့်ကြပြီဖြစ်ရကား ဘဝ အတွေ့အကြုံ၊ ဗဟုသုတများ စုံနေကြပေပြီ။ ထို ရရှိခဲ့ပြီးသော ဗဟုသုတများအပေါ် အခြေပြု၍ အမြော်အမြင် ဉာဏ်ပညာလည်း ကြီးမားကြ၏။ တပည့် သားသမီးစသည်တို့ အပေါ်၌ ကျန်းမာစေလို၊ ကြီးပွား ချမ်းသာစေလိုသည့် မေတ္တာ စေတနာတရားလည်း များပြားကြသည်။ ထိုကဲ့သို့ မေတ္တာ စေတနာတရားနှင့် အမြော်အမြင်ကြီးမားကြသူတို့၏ သွန်သင်ဆုံးမ၊ လမ်းညွှန်ချက် ဩဝါဒများမှာ နုသည်ဖြစ်စေ၊ ကြမ်းသည်ဖြစ်စေ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိလှ၏။

အမှန်အားဖြင့် ဤ "ဆုံးမမှတ်သား" ဟူသော လမ်းညွှန်ချက်၌ မိဘ ဆရာသမားနှင့် သက်ကြီးဝါကြီး ပုဂ္ဂိုလ်များ၏ အဆုံးအမများကိုသာ မှတ်သား လိုက်နာကြရမည်ဟုတ်။ သုံးလောကထွတ်တင် သဗ္ဗညု ဘုရားရှင်၏ အဆုံးအမ ဩဝါဒတရားများကို ပို၍ ပို၍ မှတ်သား လိုက်နာကြရမည် ဖြစ်သည်။ ရှင်တော်ဗုဒ္ဓ ဟောညွှန်ပြခဲ့သည့် အဆုံးအမ ဩဝါဒ တရားတော်များထက် ပို၍ တန်ဖိုးရှိသည့် အဆုံးအမကား လောကတွင် မရှိပါချေ။

ထို့ကြောင့် တန်ဖိုးရှိလှသည့် အဆုံးအမ ဩဝါဒများကို မှတ်သားလိုက်နာဖို့ရန် အလွန် အရေးကြီးလှသည်။ မှတ်သားလိုက်နာနိုင်လျှင် မှတ်သား လိုက်နာနိုင်သည်နှင့်အမျှ ကြီးပွားတိုးတက် ချမ်းသာနိုင်ပေသည်။ သို့ဖြစ်၍ ဗုဒ္ဓရှင်တော် မြတ်ဘုရားက...

အပြစ်ပြ၍ ဆိုဆုံးမသောသူကို မြေဥ္စာပြပ်ထားသည့် ရွှေအိုးကြီးကို ညွှန်ပြ ဖော်ထုတ်ပေးသူအလား သဘော ထားရမည်၊ နှိမ့်ချပြောလေ့ရှိသူ ပညာရှိမျိုးကို ဆည်းကပ် ရမည်။ ထိုပညာရှိမျိုးကို ဆည်းကပ်သောသူမှာ ယုတ်ညံ့ သူ၊ ဆင်းရဲသူမဖြစ်နိုင်၊ မြင့်မြတ်သူ၊ ကြီးပွားချမ်းသာသူ သာဖြစ်ရမည်။

ဟု ဟောတော်မူခြင်း ဖြစ်ပါသည်။

အဆုံးအမ တန်ဖိုးကို သိသူများ။ ။ဘုရားရှင် သက်တော် ထင်ရှားရှိစဉ် အခါက တစ်နေ့တွင် အရှင်သာရိပုတ္တရာ မထေရ်ကြီးသည် သင်္ကန်းကို မညီမညာဝတ်မိ၏။ ထိုသို့ အရှင်သာရိပုတ္တရာ မထေရ်ကြီး သင်္ကန်းဝတ်ပုံ မညီမညာဖြစ်နေသည်ကို ခုနစ်နှစ်အရွယ် သာ, မဏေယ်ကလေး တွေ့သွားလေသည်။ သာမဏေယ်က– "အရှင်ဘုရား....အရှင်ဘုရား သင်္ကန်းဝတ်ထားတာ မညီပါ လားဘုရား" ဟု လျှောက်သတဲ့၊ ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်ကြီးက ဒီကိုရင်ကလေးက ငါ့ပြောရကောင်းလားလို့ သဘောထားတော်မမူဘဲ တစ်နေရာသို့သွားပြီး သင်္ကန်းကို ညီညီညာညာကောင်းစွာ ပြင်ဝတ်လိုက်၏။ ပြီးမှ ကိုရင် ကလေးထံ ပြန်လာပြီး မတ်တတ်ရပ် လက်အုပ်ချီကာ "ဒီလောက်ဆိုလျှင် သင့်တော်ပါပြီလား ဆရာ" ဟု မိန့်ကြား ပြီး "ထိုနေ့ဖြစ်စ ခုနစ်နှစ်အရွယ် သာမဏေယ်ကလေးက ပင် ဆုံးမလာလျှင် ထိုအဆုံးအမကို ဦးထိပ်ထားကာ ခံယူပါ

မည်'' ဟု ကျူးရင့်တော်မူခဲ့သည်ကို သံယုတ် အဋ္ဌကထာ၌ တွေ့ရှိရပေသည်။

အရှင်ရာဟုလာသည်လည်း သဲများကို လက်ခုပ်ဖြင့် ကြုံးယူ၍ ''ဤ လက်ခုပ်အတွင်းရှိ သဲလုံးနှင့်အမျှ ငါ့ကို ဆုံးမမည့်သူရလျှင် ကောင်းလေစွ'' ဟု ကျူးရင့် တောင့်တတော်မူပါသည်။ ထို အရှင်မြတ်များကား အဆုံးအမ၏ တန်ဖိုးကို နားလည်သိမြင်သည့် ပုဂ္ဂိုလ်မွန်ကြီးများတည်း။ အဆုံးအမ၏ တန်ဖိုးကို သိမြင် နားလည်သူတိုင်း အဆုံးအမကို လိုလား တောင့်တမြဲပင် ဖြစ်ပါသည်။

**အဆုံးအမကို လိုလားသူ။** ။တစ်ခါက ရဟန်းတော် တစ်ပါးသည် ဆွမ်းခံရာမှ အပြန် ရေကန်ထဲဆင်းပြီး ရေချိုးနေစဉ် ကြာပန်းရနံ့ သင်းပျံ့ပျံ့ကလေးကို ရှူရှိုက်နေ၏။ ထိုအခြင်းအရာကို မြင်တွေ့သည့် နတ်သားတစ်ဦးက ''အရှင်- အရှင်ဟာ သူများမပေးတဲ့ ကြာပန်းကို နမ်းနေသည်မှာ ခိုးခြင်းတစ်မျိုးဖြစ်၍ အနံ့သူခိုး ဖြစ်ကြောင်း အပြစ်တင်၏။ ''ကြာစွယ်တွေတူးကာ ပန်းတွေ ခူးချိုးနေသူကို ထိုသို့မပြောဘဲ မချိုးမဖဲ့ အဝေးမှ အနံ့ခံရုံသာခံနေတဲ့ ငါ့ကို ဘာကြောင့် အနံ့သူခိုးဟုဆိုရသလဲ'' ဟု ရဟန်းက ပြန်မေး၏။

''ကြေးသွေ့တွေအထပ်ထပ် လိမ်းကပ် ပေကျံနေသော အထိန်းသည်၏ လက်နှီးကဲ့သို့ အပြစ်တွေ များနေတဲ့သူကို ပြောဖို့မလို၊ အရှင့်ကိုသာ ပြောထိုက်ပါသည်။ အရှင်ကား

အပြစ်ကင်းသူ၊ စင်ကြယ်ခြင်းကို လိုလားသူ၊ သားမြီးဖျားလောက် အပြစ်ကလေးကို တိမ်တိုက်ကြီးလောက် ထင်နေသူဖြစ်ပါသည်'' ဟု နတ်ကဆို၏။

''သင်ကား ငါ့ကို ကြင်နာသူဖြစ်၍ နောင် ဒီလိုအပြစ်မျိုးမြင်ပါလျှင် ပြောပါ'' ဟု ရဟန်းက ဖိတ်ကြား၏။

ငါ့အား ပြောမည့်သူရှိနေသားပဲဟု ကြောင့်ကြမဲ့ ဖြစ်မည်စိုးသည့်အတွက် ''တပည့်တော်မှာ အရှင့်ကိုမှီ၍ အသက်မွေးနေသူမဟုတ်၊ သုဂတိရောက်ကြောင်း တရားကို အရှင်သာသိအောင်ကြိုးစားပါ'' ဟု ဆိုကာ ကွယ်ပျောက်သွားလေသတဲ့။

ဤအရှင်ကား ဘာမဟုတ်သည့် အပြစ်ကလေးကို အကြီးအကျယ်လုပ်ပြီး ပြောနေသော နတ်ကို အကျိုးလိုလားသူအဖြစ် သဘောထားကာ လိုက်နာသည်မှာ အတုယူ အားကျဖွယ်ကောင်းလှ၏။ ဤအကြောင်းကို သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဂန္ဓတ္ထေနသုတ်၌ တွေ့ရ၏။

**အဆုံးအမကို မှတ်သားနာယူရခြင်း။** ။အမှန်စင်စစ် မိဘ ဆရာသမား သက်ကြီး ဝါကြီးစသော ပညာအမြော်အမြင်နှင့် ပြည့်စုံသူ ပုဂ္ဂိုလ်ကြီးတို့၏ လမ်းညွှန်ဆုံးမ၊ ဩဝါဒများကို မှတ်သားလိုက်နာခြင်းသည် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်များတွင် ''သောဝစဿတာ မင်္ဂလာ'' ဖြစ်၍ ကြီးပွား ချမ်းသာကြောင်းတရားတစ်ခုပင် ဖြစ်သည်။ ထို မိဘ ဆရာသမား စသူတို့၏

အဆုံးအမများကို မှတ်သားလိုက်နာကြသဖြင့် ကြီးပွားချမ်းသာသွားကြသည့် ဇာတ်ဝတ္ထုများကား ဘုရားဟော ကျမ်းဂန်များ၌ အမြောက်အမြားရှိပေသည်။ မျက်မှောက်ဘဝ၌လည်း ဆုံးမစကားကို နာယူသဖြင့် ကြီးပွားတိုးတက်သူတို့ကိုလည်း မကြာခဏ တွေ့ရပေသည်။

ဤနေရာ၌ ဆရာ စသူတို့၏ ဆုံးမစကားကို မှတ်သားနာယူသဖြင့် လောကီ လောကုတ္တရာဘက်တို့၌ ကြီးပွား တိုးတက်သွားသည့် ဝတ္ထုတို့ကို သာဓကအနေဖြင့် တစ်ခုစီ တင်ပြပါမည်။

တစ်ချိန်သောအခါက ကမ္မဋ္ဌာန်းဆရာကြီး စူဠပိဏ္ဍပါတိက မထေရ်ထံ ကမ္မဋ္ဌာန်းတောင်းရန် ရဟန်းတော်သုံးပါး ရောက်လာကြသည်။ ကမ္မဋ္ဌာန်းဆရာကြီးက "ငါ့ရှင်တို့ ငါ့ရှင်တို့သည် ငါ၏ သွန်သင်ဆုံးမ၊ ဩဝါဒကို နာယူနိုင်ကြမည်လော" ဟု မေးရာ "အရှင်ဘုရားမှာ အကျိုးကျေးဇူးရှိမည်ဆိုလျှင် ဖနောင့်မှစ၍ အကြွင်းမရှိအောင် ကျောက်ဖျာ၌ သေးပါမည်" ဟု တစ်ပါးက လျှောက်၏။ အသူတရာနက်သော ချောက်ထဲသို့ပင် ခုန်ဆင်းရဲပါသည်ဟု တစ်ပါးက လျှောက်၏။ ထွက်သက် ဝင်သက်တို့ကို ပိတ်၍ ဇီဝိတိန္ဒြေကို ချုပ်စေပါမည်ဟု ကျန်တစ်ပါးက လျှောက်၏။

ထိုအခါ ကမ္မဋ္ဌာန်းဆရာကြီးသည် "ဤပုဂ္ဂိုလ်တို့အား ကမ္မဋ္ဌာန်း နည်းပေးရန် သင့်လျော်ပြီ" ဟု နှလုံးသွင်းပြီး ကမ္မဋ္ဌာန်းပေးရာ ကာလမကြာမီ ရဟန်းတော် သုံးပါးလုံး အာသဝေါကုန်ခန်း၊ ရဟန္တာများအဖြစ်သို့ ရောက်တော်မူ

သွားကြပေသည်။ ဤ ရဟန်းတော် သုံးပါးတို့ ရဟန္တာ ပုဂ္ဂိုလ်များ ဖြစ်ကြသည်အထိ ကြီးပွားချမ်းသာသွားကြသည်မှာ ကမ္မဋ္ဌာန်းဆရာကြီး အရှင်စူဠပိဏ္ဍပါတိက မထေရ်၏ ဆုံးမသွန်သင် လမ်းညွှန်တော်မူချက်များကို မှတ်သား လိုက်နာကြသောကြောင့် ဖြစ်ပေသည်။

လောကီအရာ၌ ကြီးပွားချမ်းသာပုံကား၊ ရှေးအခါက ကျွန်ုပ်တို့ ဂေါတမ ဘုရားလောင်းသည် ဗာရာဏသီပြည်တွင် စူဠသေဋ္ဌိမည်သော သူဌေး ဖြစ်ခဲ့သည်။ ပညာအရည်အချင်းနှင့် ပြည့်စုံ၍ နိမိတ် နက္ခတ်တို့ကို တတ်မြောက် နားလည်၏။ တစ်နေ့သောအခါ ဘုရင်မင်းမြတ်ထံ အခစားဝင်ရန် သွားစဉ် လမ်းတွင် ကြွက်သေတစ်ကောင်ကို မြင်၍ နက္ခတ်ကိုကြည့်ကာ "ဒီကြွက်သေကို အရင်းအနှီးပြုသူဟာ လုပ်ငန်း အောင်မြင်ပြီး ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာနိုင်တယ်" ဟု နိမိတ်ဖတ်၏။

ဘုရားလောင်း နိမိတ်ဖတ်သံကို အနီးရှိ ဆင်းရဲသားတစ်ယောက် ကြားသွား၏။ ဆင်းရဲသားက "ဒီသူဌေးဟာ မသိဘဲနဲ့တော့ ပြောမှာမဟုတ်ဘူး" ဟု စဉ်းစားပြီး ကြွက်သေကို ကောက်ယူလိုက်၏။ ထို ကြွက်သေကို ဈေးတွင် ကြောင်စာအဖြစ်ရောင်းရာ ပိုက်ဆံ တစ်ရွေးရ၏။ ထို တစ်ရွေးဖြင့် တင်လဲဝယ်ပြီး အဆင့်ဆင့် မနေမနား ရောင်းဝယ်လုပ်ကိုင်ခဲ့ရာ လေးလအတွင်းမှာပင် ငွေအသပြာ နှစ်သိန်းကို လက်ဝယ်ပိုက်မိသွား၏။ ထိုအခါ ဆင်းရဲသားသည် "ငါဟာ လမ်းမှာ နိမိတ်ဖတ်သွားတဲ့ စူဠသူဌေးရဲ့ တပည့်ဖြစ်တယ်။

ဆရာသမားတွေရဲ့ ကျေးဇူးဆိုတာ မမေ့စကောင်းဘူး၊ ပြန်လှန် ကျေးဇူးဆပ်သင့်တယ်" ဟု စဉ်းစား၏။ ထို့နောက် မိမိပိုင် အသပြာနှစ်သိန်းအနက် တစ်သိန်းကို ယူဆောင်ပြီး ဆုံးမလမ်းညွှန်သူ စူဠသူဌေးအား ထိုငွေအသပြာ တစ်သိန်းဖြင့် ပူဇော် ကျေးဇူးဆပ်သည်။

ဘုရားလောင်း စူဠသူဌေးကြီးသည် ထို ဆင်းရဲသားသူငယ်၏ အရည်အသွေးနှင့် အလုပ်အကိုင်တို့ကို အလွန်နှစ်သက် သဘောကျသဖြင့် မိမိ၏ သမီးပျိုနှင့် လက်ထပ်ထိမ်းမြားလိုက်ပါသည်။ ဘုရားလောင်း သူဌေးကြီး ကွယ်လွန်သွားသောအခါ ထို ဆင်းရဲသားသည် ဗာရာဏသီပြည်၌ သူဌေးကြီး ဖြစ်လာခဲ့သည်။ ဤသို့ ပညာရှိတို့၏ သွန်သင်ဆုံးမ၊ ဩဝါဒ လမ်းညွှန်ချက်များကို မှတ်သား၍ လိုက်နာပြုလုပ်ခဲ့သဖြင့် "လေးလတွင်းဝယ် ငွေနှစ်သိန်းကြွယ်" ကာ နောက်ဆုံးတွင် သူဌေးသမီးနှင့်ညားပြီး သူဌေးကြီးဖြစ်သည်အထိ ကြီးပွားချမ်းသာခဲ့ရပေသည်။

ထို့ကြောင့် ပညာအမြော်အမြင်ရှိကြသည့် မိဘ ဆရာသမား၊ သက်ကြီးဝါကြီးများ၏ ဆုံးမစကားကို မှတ်သားလိုက်နာခြင်းသည် ကြီးပွားချမ်းသာကြောင်း တစ်ခု ဖြစ်ပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၄၊ အမှတ်-၁၁)

အခန်း (၁၅)

# ကြားမြင်ရှိစေ (သုတ)

အကြားအမြင် ၂-မျိုး။ ။အကြားအမြင်များခြင်းသည် လောကီ၊ လောကုတ္တရာ ကြီးပွားတိုးတက်ခြင်း၏ အကြောင်းရင်းတစ်ခု ဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် အကြားအမြင်များခြင်းကို သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ တရားတော်တွင် ''ဗာဟုသစ္စ'' မင်္ဂလာဖြစ်သည်ဟု ဟောကြား ခဲ့ပါသည်။ လောကတွင် ရှိရှိသမျှ အကြားအမြင်များကို အနှစ်ချုပ်လိုက်လျှင် လောကီဘက်ဆိုင်ရာ အကြားအမြင်နှင့် လောကုတ္တရာဘက်ဆိုင်ရာ အကြားအမြင်ဟူ၍ နှစ်မျိုးသာရှိ၏။

ထိုတွင် လောကီဘက်ဆိုင်ရာ အကြားအမြင်ဆိုသည်မှာ အပြစ်ကင်းသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များ၌ အကြားအမြင် ဗဟုသုတများခြင်းပင် ဖြစ်၏။ မိမိတို့ဝမ်းရေးအတွက် သိသင့်သိထိုက်သည့် လယ်ယာကိုင်းကျွန်း ထွန်ယက်စိုက်ပျိုးနည်း အတတ်ပညာ၊ ကူးသန်းရောင်းဝယ်ရေးအတတ်ပညာ၊ စာပေ သင်ကြားရေး အတတ်ပညာ၊

ဆေးကုသရေးအတတ်ပညာ၊ ကျန်းမာရေးအတတ်ပညာ၊ စီမံအုပ်ချုပ်ရေးအတတ်ပညာ၊ ဆောက်လုပ်ရေးအတတ်ပညာ၊ ပေါင်းသင်းဆက်ဆံရေးအတတ်ပညာ၊ ပန်းချီပန်းပုစသော ပန်းဆယ်မျိုး အတတ်ပညာ၊ အဆို၊ အက၊ အရေး၊ အတီး၊ အနုပညာ စသော လူမှုရေးရာ အတတ်ပညာ အဖြာဖြာတို့၌ အကြား အမြင် ဗဟုသုတများရခြင်း ဖြစ်သည်။

လောကုတ္တရာ အကြားအမြင်ကား အချုပ်အားဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ကြသည့် ဒါနမှု၊ သီလမှု၊ သမထဘာဝနာမှု၊ ဝိပဿနာဘာဝနာမှုတို့၌ အကြားအမြင် ဗဟုသုတ များရခြင်း ဖြစ်ပါသည်။ အကျယ်ဆိုရလျှင် လူ့ဝတ်ကြောင်များဖြစ်လျှင် သရဏဂုံအကြောင်းကို တတ်သိနားလည်ထားရမည်၊ ကံအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိထားရမည်။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ တရားတော်ကို နားလည်ရမည်။ ဒါနအရာတွင် အကျိုးရှိအောင် လှူဒါန်းနည်းကို သိထားရမည်။ သီလမကျိုးမပေါက်အောင် ဆောက်တည်နည်းကို နားလည်ရမည်။ စာရိတ္တသီလ ခေါ်သည့် လူမှုဆိုင်ရာကျင့်ဝတ်များကို တတ်သိထားရမည်။ သမထဘာဝနာ ပွားများအားထုတ်နည်း၊ ဝိပဿနာဘာဝနာ ပွားများအားထုတ်နည်းတို့၌ ဗဟုသုတရှိရမည်။ ဒုစရိုက်တရား၊ သုစရိုက်တရားနှင့် ဒုရာစာရတရားကို တတ်သိနားလည်ထားရမည်။ အထူးသဖြင့် အတိတ်ကံ ပစ္စုပ္ပန်ကံအကြောင်းနှင့် မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါးတရားတို့အကြောင်းကို နှံ့နှံ့စပ်စပ် နားလည်ထားသင့်ပေသည်။

ရဟန်းတော်များဖြစ်လျှင် အယုတ်ဆုံး မိမိတို့ကျင့်ရသည့် ဝိနည်းသိက္ခာပုဒ်များကို တတ်သိ၍ ကိုယ်ခန္ဓာကျန်းမာအောင် ဆောင်ရွက်နည်း၊ ဆရာသမား၊ တပည့်တပန်း သီတင်းသုံးဖော်၊ ဒါယကာ ဒါယိကာမတို့နှင့်ပေါင်းသင်းဆက်ဆံနည်း၊ ဝတ်ရုံသွားလာနေထိုင်နည်း၊ ပြောဆိုဆုံးမနည်း၊တရားဟောနည်း၊ အသုံးအဆောင် ပစ္စည်းတို့ကို ထားနည်း သိုနည်း၊ ကံကြီးကံငယ် ဆောင်နည်း၊ တရားဓမ္မ ကျင့်ကြံအားထုတ်နည်းတို့၌ တတ်သိနားလည်ထားရမည် ဖြစ်ပေသည်။

အထူးသဖြင့် လယ်သမားဖြစ်လျှင် လယ်ယာလုပ်ငန်းဆိုင်ရာ အတတ်ပညာများကို အောက်ခြေမှစ၍ တတ်သိနားလည်ထားရခြင်း၊ ကုန်သည်ဖြစ်လျှင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လုပ်ငန်းများကို လိမ္မာကျွမ်းကျင်စွာ တတ်သိထားရခြင်း စသည်ဖြင့် မိမိတို့ဆိုင်ရာ လုပ်ငန်းများတွင် ဗဟုသုတရှိကြရမည့်အပြင် မိမိတို့လုပ်ငန်းနှင့် ဆက်သွယ်နေသည့် လုပ်ငန်းရပ်များ၌လည်း တတ်သိနားလည် ထားရမည်ဟု ဆိုလိုပါသည်။

ကြားမြင်များမှ ကြီးပွားရ။ ။ယင်းသို့ လောကီ လောကုတ္တရာ နှစ်ဖြာလုံး၌ အကြားအမြင် ဗဟုသုတများပါမှ လောကီကြီးပွားရေး- လောကုတ္တရာကြီးပွားရေးတို့ကို စနစ်တကျဆောင်ရွက်နိုင်ပြီး လောကီဘက်တွင်လည်း ကြီးပွားတိုးတက်နိုင်သည်၊ လောကုတ္တရာဘက်တွင်လည်း ကြီးပွားတိုးတက်နိုင်သည်။

"သုတံ ပညာယ ဝဍ္ဎနံ" ဟူသော ဒေသနာတော်အရ အကြားအမြင်များခြင်း ဗဟုသုတသည် ပင်ကို ပကတိ အသိအလိမ္မာ ဉာဏ်ပညာကို တိုးပွားစေနိုင်ပေသည်။ ပညာကား လူတို့၏ အဆင်တန်ဆာရတနာနှင့် တူသည် (ပညာ နရာနံ ရတနံ)ဟု ဗုဒ္ဓရှင်တော်ဘုရား ဟောကြားခဲ့ပါသည်။ ပညာ ဗဟုသုတများသူများမှ အဆင်တန်ဆာ ရတနာဆင်ထားသကဲ့သို့ ထင်ရှားတင့်တယ်ခြင်း၊ အများမိုခိုရာ ဖြစ်ခြင်း၊ ကျော်စောထင်ရှားခြင်း၊ အခြွေအရံများခြင်း၊ ဥစ္စာစည်းစိမ်ရခြင်းစသော လောကီကျိုးများကို ရရှိခံစားရသည့်အပြင် ပညာဖြင့် သိရှိရသော လိုက်နာဖွယ် ရှောင်ရှားဖွယ်များကို လိုက်နာရှောင်ရှားခြင်းဖြင့် ကောင်းကင်ဘုံဌာနသို့ ရောက်ရခြင်း စသော တမလွန်ကျိုးများကိုလည်း ရရှိခံစားရနိုင်ပေသည်။

သို့ဖြစ်၍ အကြားအမြင်များခြင်းမှ ကြီးပွားကြောင်း မင်္ဂလာတစ်ပါးဖြစ်၏။ ထို့ကြောင့် ထေရဂါထာ ပါဠိတော်၊ မဟာစုန္ဒတ္ထေရဂါထာ၌....

"နာကြား မှတ်သားခြင်းသည် အကြားအမြင်ဗဟုသုတကို တိုးပွားစေ၏။ အကြား အမြင်များမှု ဗဟုသုတသည် ပင်ကိုယ်၌ရှိသော အသိအလိမ္မာ ဉာဏ်ပညာကို တိုးပွားစေတတ်၏။ တိုးတက် ပွားများလာသော အသိအလိမ္မာဉာဏ်ပညာဖြင့် လောကီလောကုတ္တရာ နှစ်ဖြာအကျိုးကို သိနိုင်၏။ ယင်းသို့ အကျိုးစီးပွားကို သိသောသူသည် ချမ်းသာကြီးပွားနိုင်၏"ဟု မြတ်စွာဘုရား ဟောကြားထား၏။

**လောကုတ္တရာ အကြားအမြင်များသော အရှင်အာနန္ဒာ။ ။**
အရှင်အာနန္ဒာဟုဆိုလျှင် ဗုဒ္ဓဘာသာဝင် ပရိသတ်တို့ ဘုရား ညီတော်ဖြစ်ကြောင်း အားလုံးသိကြ၏။သုံးလောကထွတ်တင် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ချိန်၌ အရှင်အာနန္ဒာမှာ သောတာ ပန် အရိယာအဆင့်မျှသာ ရှိသေး၏။ သို့သော် အရှင်အာနန္ဒာ ကား အကြားအမြင် ဗဟုသုတအရာ စသည်တို့၌ ဧတဒဂ်ငါး တန် ဘွဲ့ထူးခံထားသည့် ပုဂ္ဂိုလ်ထူးတည်း။ ဘုရားရှင်သာသ နာတော်တွင် အကြားအမြင် ဗဟုသုတအရာ၌ အရှင်အာနန္ဒာ နှင့် တန်းတူ ပုဂ္ဂိုလ်ပင်မရှိ၊ အထွတ်အထိပ်ရောက်သည့် ပါရဂူ မြောက် ပုဂ္ဂိုလ်ကြီးတည်း။

တစ်ချိန်က ရဟန္တာပုဂ္ဂိုလ်ငါးရာ သံဂါယနာတင်ကြမည် ဟု သတ်မှတ်ထားသည့်ပထမသံဂါယနာတင်ပွဲတွင် သောတာ ပန်မျှသာဖြစ်သော အရှင်အာနန္ဒာ ပါဝင်ရေးအတွက် အခက် ကြုံနေရသည်၊ ဗဟုသုတဧတဒဂ်ရ အရှင်အာနန္ဒာပါမှလည်း သံဂါယနာတင်ပွဲ အောင်မြင် ထမြောက်ပေမည်။ သို့သော် ပထမသံဂါယနာတင်ပွဲ ကျင်းပခါနီး အချိန်အထိ အရှင် အာနန္ဒာမှာ သောတာပန်သာ ဖြစ်သေးသည်။ ထို့ကြောင့် အရှင်အာနန္ဒာသည် မိမိရရှိထားပြီးသော လောကုတ္တရာ ဗဟုသုတကို အခြေပြု၍ ရဟန်းတရားကို ကြိုးစားအားထုတ် တော်မူရာ အချိန်မီ ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်၍ ပထမသံဂါ ယနာတင်ပွဲတွင် ရဟန္တာအဖြစ်ဖြင့် ပါဝင်ရှက်ဆောင်နိုင်ခွင့် ရခဲ့ပေသည်။ ဤကား လောကုတ္တရာ ဗဟုသုတကြောင့် တိုးတက်အောင်မြင်သော သာဓကဖြစ်သည်။

လောကီ အကြားအမြင်များသော ဘိုးရာဇာ။ ။မြန်မာနိုင်ငံတွင် အင်း၀

ခေတ် မင်းကြီးစွာစော်ကဲလက်ထက်၌ မြန်မာ့သမိုင်းတွင် ဗဟုသုတအရာ ဥဒါန်းတွင်ရစ်သည့် ပညာရှင်ကြီးတစ်ဦး ပေါ်ခဲ့ဖူးသည်။ ထိုပုဂ္ဂိုလ်ကြီးကား ၀န်ဇင်းမင်းရာဇာ အမတ်ကြီးဖြစ်သည်။ ထိုပညာရှိအမတ်ကြီးမှာ သူကောင်းပြု မခံရမီက တောနေလယ်သမားလေးတစ်ဦးသာဖြစ်၏။သို့သော် သူသည် ဗဟုသုတ ရှာဖွေစုဆောင်းရာ၌ ပျင်းရိတတ်သူမဟုတ်၊ဇွဲလုံ့လရှိသူ တစ်ယောက် ဖြစ်၏။

လယ်ထွန်ပြီး ထွန်တုံးဖြုတ်၍ ခေတ္တ ရပ်နားချိန်ကလေးကိုပင် အလွတ်မပေးဘဲ အရအမိဖမ်းယူကာ စာဖတ်ခြင်း မှတ်ခြင်းတို့ဖြင့် အချိန်ကို တန်ဖိုးရှိရှိ အသုံးချတတ်သူ ဖြစ်၏။ သူ၏ အားလပ်ချိန်ကလေးများကို စာဖတ်၍ဖြစ်စေ၊ ပညာရှိများထံ နည်းခံဆွေးနွေး မေးမြန်း၍ဖြစ်စေ ကုန်လွန်စေတတ်သူ တစ်ယောက်ဖြစ်၏။ ထိုသို့ အကြားအမြင်များအောင် ဗဟုသုတကို ရှာဖွေစုဆောင်းခြင်းက တစ်နေ့တွင် သူ့အား အထွတ်အထိပ်သို့ ရောက်အောင် ပို့ဆောင်ပေးလိုက်တော့သည်။

သက္ကရာဇ် ၇၃၀-ပြည့်နှစ်တွင် မိတ္ထီလာကန်တော် ကျိုးပေါက်သဖြင့် အင်း၀ဘုရင် မင်းကြီး စွာစော်ကဲသည် ကန်တော်ကို ပြန်လည် ဆည်ဖို့တော်မူရန် ခြေရံသင်းပင်း ဆင်မြင်းဗိုလ်ပါများနှင့်တကွ ရောက်ရှိ လာခဲ့သည်။ ကန်တော်ကိုးပေါက်၌ ဆောက်လုပ်ထားသော နံ့တ်ရုပ်နှင့်

နတ်ကွန်းတစ်ခုကို တွေ့ရ၍ ထိုအရုပ်နှင့် အဆောက်အဦ အကြောင်းကို မေးတော်မူရာ မည်သူမျှ မဖြေဆိုနိုင်ကြပေ။ ဝန်ဇင်းရွာသူကြီး၏ သမက်ဖြစ်သူ မောင်ညိုသည် အမှတ် အသား အကြားအမြင်များပါသည်။ သူသိတန်ကောင်းပါ သည်ဟုသာ လျှောက်တင်ကြ၏။ ထိုအခါ အင်းဝဘုရင် သည် ဗဟုသုတ အလွန်ကြွယ်ဝသည်ဆိုသည့် လယ်သမား မောင်ညိုကို အခေါ်လွှတ်ရသည်။

မောင်ညို ရောက်လာသည့်အခါ "ဤမိန်းမ ရုပ်သည် နတ်ရုပ်မဟုတ်ပါ၊ ဤအဆောက်အဦသည်လည်း နတ်ကွန်း မဟုတ်ပါ၊ အနော်ရထာမင်းစော ဤကန်ကြီးကို တည်ကာ နီးတွင် ရုတ်တရက် သေဆုံးသွားသော အနော်ရထာမင်းကြီး မိဖုရားငယ်တစ်ဦး၏ ပုံတူရုပ်တု ဖြစ်ပါသည်။ ရွှေသားရုပ်တု ကိုမူ ကန်ဘောင်ရိုးအောက်တွင် ကျောက်တိုက် ကျောက်ခန်း ပြုလုပ်ပြီး ထည့်သွင်း ထားပါသည်။ ထိုအရုပ်အောက်တွင် တူးဖော်ကြည့်ပါက ပုံတူသွန်းထားသည့် ရွှေရုပ်ကို တွေ့ရပါ လိမ့်မည်" ဟု တပ်အပ်သေချာ ပြောနိုင်ခဲ့သည်။ တူးဖော် ကြည့်သည့်အခါ သူတင်လျှောက်သည့်အတိုင်း အမှန်ပင်တွေ့ ရ၏။ မင်းကြီးစွာစော်ကဲသည် အလွန်နှစ်သက်သဘောကျ၍ "ဒီလို အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံတဲ့ ပညာရှင်ဟာ တောရပ်နှင့် မတန်" ဟု မိန့်ဆိုကာ နေပြည်တော်သို့ ခေါ်၍ သူကောင်းမြှောက်ခဲ့သည်။

ဤသို့ဖြင့် လယ်သမားကလေး မောင်ညိုသည် အကြား အမြင် ဗဟုသုတနှင့် ပြည့်စုံမှုကြောင့်ဆင်းရဲသား အလုပ်ကြမ်း

သမား ဘဝမှ မင်းအတိုင်ပင်ခံ ပညာရှိ သုခမိန်စည်းတပြစ် ဘွဲ့ခံ ဝန်ဇင်းမင်းရာဇာ ဘဝသို့ ရောက်ရှိခဲ့ပေသည်။

အကြားအမြင်များသော ကာတင်ဘွန်း။ ။ကာတင်ဘွန်း ကား အသက်

(၂၂) နှစ် အရွယ်မျှသာ ရှိသေးသည့် အမေရိကန်ပြည်သား တစ်ဦးတည်း။ သတင်းနှင့် ဝေဖန်ချက်များကို အသံလွှင့်၍ ကြီးပွားတိုးတက် ကျော်စောလာသူဖြစ်သည်။ တစ်နေ့တွင် ကာတင်ဘွန်းသည် ကိုယ့်ဒူးကိုယ်ချွန်လုပ်ကာ အတ္တလန်တိတ် သမုဒ္ဒရာကိုဖြတ်၍ အင်္ဂလန်သို့ ရောက်လာသည်။ ငွေကြေး ပြတ်သွားသဖြင့် သူ့ထံတွင် ပါလာသည့် ကင်မရာကို ငါး ဒေါ်လာနှင့် ရောင်း၍ အလုပ်ရှာရသည်။ နောက်ဆုံးတွင် လူသုံးအလွန်နည်းသော မှန်ပြောင်း ရောင်းရသည့် အလုပ် တစ်ခုကို ရ၏။ ပထမတွင် ထိုအလုပ်အတွက် များစွာစိတ်ပျက် ရသည်။ သို့သော် တစ်အိမ်တက် တစ်အိမ်ဆင်းရောင်းရာ ပထမနှစ်တွင်ပင် ဒေါ်လာ ငါးထောင်ကျော် ကော်မရှင် ရသည်။ယင်းသို့ ကော်မရှင်ရအောင်ရောင်းနိုင်သောအရောင်း သမားမျိုး ထိုနှစ်က မပေါ်ခဲ့ချေ။

တစ်အိမ်တက် တစ်အိမ်ဆင်း ရောင်းနေချိန်တွင် ဝယ်သူ ကြိုက်တတ်သော စကားများကို တစ်စတစ်စမှတ်သား၍ သူတို့ နှစ်သက်သဘောကျသော ဟန်အမူအရာများကို တဖြည်းဖြည်း မြင်လာသည်။ အကြားအမြင်မှ ပေးအပ်သော ပညာရပ် သည် ဟားဘာဒ် တက္ကသိုလ်တွင် သင်ကြားရသည့် ပညာထက်

ပင် ကြီးပွားမှုကို အထောက်အပံ့ ဖြစ်စေသည်ဟု ကာတင်ဘွန်းက ပြောကြားသည်။ ယင်းသို့ အရောင်းသမားဘ၀က ရရှိခဲ့သည့် ပညာရပ်များကို အခြေခံ၍ ဥရောပအကြောင်းများကို သတင်းနှင့် ဝေဖန်ချက် ပြုလုပ်ရာတွင် လူကြိုက်များလောက်အောင် ပြောနိုင်လေသည်။ ထို့ကြောင့် ထိုအလုပ်ဖြင့် တိုးတက်ထင်ရှား ကြီးပွားခဲ့လေသည်။

ဤသို့ အကြားအမြင် ဗဟုသုတများခြင်းသည် ကြီးပွားတိုးတက်မှု၏ အခြေခံ အကြောင်းတစ်ခု ဖြစ်ပေသည်။

**(သာသနာ့ရောင်ခြည်မဂ္ဂဇင်း အတွဲ - ၁၄၊ အမှတ် ၁၂)မှ**

## ကျင့်လေသိတိုင်း (ဓမ္မာနုဝတ္တိ)

**အသိနှင့်အကျင့်။** ။ကောင်းသော အကျင့် (သုစရိုက်)နှင့် မကောင်းသော အကျင့် ဒုစရိုက်တို့ကို ခွဲခြားသိမြင်၍ သိသည့်အတိုင်း ဒုစရိုက်အကျင့်တို့ကို ရှောင်ရှားပြီး သုစရိုက်အကျင့်တို့ကိုသာ ကျင့်ခြင်းကို ကျင့်လေသိတိုင်း (ဓမ္မာနုဝတ္တိ)ဟု ခေါ်ပါသည်။

ထိုသိသည့်အတိုင်း ကောင်းသောအကျင့်တို့ကို ကျင့်ခြင်းသည် လောကီလောကုတ္တရာ အကျိုးစီးပွား နှစ်မျိုးလုံးတို့ကို တိုးတက် ထွန်းကား ကြီးပွား လာစေနိုင်သည့် အခြေခံအကြောင်းတစ်ခု ဖြစ်ပါသည်။

အသိဉာဏ်ရှိသူ လူသားတို့သည် မိမိတို့ စုဆောင်းဆည်းပူးထားသည့် ဗဟုသုတများ၏ အကူအညီဖြင့် "ဤအလုပ်သည် အကျိုးစီးပွား ဖြစ်ထွန်းနိုင်သည့် အလုပ်၊ ဤအလုပ်သည်

အကျိုးစီးပွား ပျက်ပြား ဆုတ်ယုတ်နိုင်သည့် အလုပ်'' ဟု အများအားဖြင့် ခွဲခြားသိလေ့ရှိကြသည်။ တစ်နည်းဆိုရသော် "ဤသို့ ပြုကျင့်လျှင် ကောင်းကျိုးခံရမည်။ ထိုသို့ ပြုကျင့်လျှင် မကောင်းကျိုးခံရမည်'' ဟု သိသူများကြပေသည်။

သို့သော် သိသည့်အတိုင်းပြောဆိုပြုလုပ်ကျင့်ကြံသူတို့ကား အလွန်ရှားလှ၏။ အများအားဖြင့် အသိနှင့်အလုပ် မညီကြဲပြား တခြားစီ ဖြစ်နေသူတို့သာ များကြ၏။ အမှန်စင်စစ် သိသည့်အတိုင်းလိုက်နာပြုကျင့်မှသာ ထိုအသိဉာဏ်သည် ထိုသူ အတွက် တန်ဖိုးရှိ၍ သိရကျိုးနပ်သည်ဟု ဆိုနိုင်သည်။ သို့ရာတွင် သိတိုင်းမကျင့်နိုင်ကြသဖြင့် သိရကျိုးမနပ်သူတို့သာဖြစ်၍ နေကြသည်။

သူ့အသက်သတ်မှု၊ သူ့ဥစ္စာ ခိုးမှု၊ ကာမတရားတို့၌ အယုတ်တမာမှားယွင်းစွာကျင့်မှု၊ လိမ်ညာပြောဆိုမှု စသော ဒုစရိုက်မှုတို့ကား အပါယ်လေးဘုံသို့ ပို့ဆောင် တတ်သော ကြောင့် မကောင်းသည့်အကျင့်များဖြစ်ကြသည်။ ထိုအကျင့်များကို မကျင့်ဘဲ ရှောင်ကြဉ်လိုက်သည်နှင့် တစ်ပြိုင်နက် သုစရိုက်အကျင့်ကိုကျင့်ခြင်း မည်ပေတော့၏။

သုစရိုက်တရားများကို လိုက်နာပြုကျင့်သည့် ပုဂ္ဂိုလ်တို့မှာ မျက်မှောက် ဘဝ၌ပင် တိုးတက်ကြီးပွား ချမ်းသာနိုင်ကြသကဲ့သို့ နောင်ဘဝလွန် ဘဝ၌လည်း သုဂတိ ဘဝများသို့ ရောက်နိုင်ကြပေသည်။ ဤနေရာ၌ သိတိုင်းကျင့်သဖြင့် မျက်မှောက်ပစ္စက္ခဘဝ၌ပင် တိုးတက်ချမ်းသာပုံကို စတုက္ကနိပါတ် ဇာတ်တော်မှ သာဓကတစ်ခု တုတ်ဆောင်ပြပါမည်။

**ကိုယ်ကျင့်တရား ကောင်းသည့် စံပြကျောင်းတော်သား။ ။**

တစ်ချိန်သောအခါက ဗာရာဏသီပြည်ကြီးတွင် အနယ်နယ် အရပ်ရပ်မှ ရောက်လာကြသည့် လူ့အလွှာ အသီးသီးမှ ကျောင်းသားများအား ပညာသင်ကြားပေးနေသည့် ဒိသာပါမောက္ခ တက္ကသိုလ်ဆရာကြီးတစ်ဦး ရှိပါသည်။ ပညာသင်ယူနေကြသည့် တပည့်ပေါင်းမှာ ငါးရာတိတိရှိ၏။ ထိုတက္ကသိုလ်ကျောင်းတော်သား ငါးရာတို့တွင် ဘုရားလောင်း လုလင်ကလေးမှာ ကျောင်းသားခေါင်းဆောင် ဖြစ်သည်။ ပညာတော်၏ အနေအထိုင်ကောင်းသောကြောင့် တက္ကသိုလ်ဆရာကြီးက ကျောင်းသား ခေါင်းဆောင်အဖြစ် ခန့်ထားခြင်းဖြစ်သည်။ ပုဏ္ဏားလုလင်ကလေးသည် ကျောင်းသားခေါင်းဆောင် ဖြစ်သည့်အလျောက် ကျောင်းတော်သန့်ရှင်းရေးစသည့် အလုပ်ကိစ္စများတွင် တက်ကြွစွာ ဦးဆောင်ပါဝင်ဆောင်ရွက်လေ့ ရှိသည်။

တက္ကသိုလ်ဆရာကြီးမှာ အရွယ်ရောက်နေသည့် သမီးချောကလေးတစ်ဦးရှိ၏။ တစ်နေ့တွင် တက္ကသိုလ် ဆရာကြီးက "ဒီတပည့်တွေထဲက အကျင့်စာရိတ္တကောင်းတဲ့ တပည့်တစ်ဦးနှင့် ငါ့သမီးကို လက်ထပ်ထိမ်းမြားပေးရင် ကောင်းမှာပဲ" ဟု စဉ်းစား၏။ ထို့ကြောင့် တက္ကသိုလ် ကျောင်းတော်ကြီး၏ အစည်းအဝေးခန်းမကြီးထဲတွင် ကျောင်းသားအားလုံးကို စုဝေးစေပြီး "တပည့်တို့.... ဆရာကြီးရဲ့သမီးဟာ ထိမ်းမြားလက်ထပ်ပေးဖို့ အချိန်တန်အရွယ်ရောက်နေပြီ၊ ဆရာ့သမီးကို တပည့်တို့ထဲက ဆရာသဘောကျတဲ့သူ တစ်ဦးဦးနဲ့ လက်ထပ်

မယ်၊ ဆရာအဝတ်တန်ဆာတွေကို လိုချင်တယ်၊ တပည့်တို့ရဲ့ ဆွေမျိုးတွေဆီက အဝတ်တန်ဆာတွေကို ဆွေမျိုးတွေ မမြင်အောင် ခိုးဗုက်ယူလာကြပါ၊ ပေါ်ပေါ်ထင်ထင် ယူလာတဲ့ ပစ္စည်းကို ဆရာလက်မခံဘူး။ ကဲ....ဒါပဲ'' ဟုဆိုကာ အဝတ်အထည်တွေကို ခိုးခိုင်းလိုက်ပါသည်။

ကျောင်းတော်သားများသည် ဆရာကြီး စေခိုင်းသည့်အတိုင်း ဆရာ့သမီးကို လက်ထပ်ယူနိုင်ရေးအတွက် သူ့ထက်ငါ အပြိုင်အဆိုင် အဝတ်တန်ဆာများကို ခိုးယူလာကြပြီး ဆရာကြီးထံ အပ်နှံကြသည်။ ဆရာကြီးလည်း တပည့်တို့ခိုးယူလာကြသည့် ပစ္စည်းများကို စနစ်တကျ တစ်ပုံစီ စုပုံထားသည်။ ဤသို့ ဆရာကြီးခိုင်းသည့်အတိုင်း ပစ္စည်းခိုးယူလာကြသည့် ကျောင်းတော်သားများမှာ (၄၉၉) ယောက်ရှိသွားလေပြီ၊ ကျောင်းသား ခေါင်းဆောင် ပုဏ္ဏားလုလင်တစ်ဦးသာ ထူးထူးခြားခြား ကျန်နေ၏။ ထိုအချိန်ထိ ကျောင်းသားခေါင်းဆောင်မှာ မည်သည့်ပစ္စည်းမျှ လာမအပ်ဘဲ ကျောင်းတော်ကြီးထဲ၌သာ မလှုပ်မရှက် နေမြဲနေလျက်ရှိ၏။ ထိုအခါ ဆရာကြီးက ကျောင်းသားခေါင်းဆောင်ဖြစ်သည့် တပည့်ကြီးကို ခေါ်ပြီး ဤသို့ မေးမြန်းပြောဆိုသည်။

- ကဲ- ငါ့တပည့်၊ ဆရာယူခိုင်းတဲ့ပစ္စည်းတွေ ဘာတစ်ခုမှ မယူခဲ့ပါလား။
- ဟုတ်ပါတယ်ဆရာကြီး၊ ကျွန်တော် ဘာပစ္စည်းမှမယူခဲ့နိုင်ပါဘူးခင်ဗျား။

- အခြားတပည့်တွေ ယူလာနိုင်ရက်နဲ့မင်းကဘာကြောင့် မယူနိုင်ရတာလဲကွ။
- ဆရာကြီးက ဘယ်သူမှ မသိအောင် ယူလာရမယ်လို့ ပြောတဲ့အတွက် ဘယ်သူမှ မသိအောင် မယူနိုင်တာနဲ့ မယူခဲ့ခြင်း ဖြစ်ပါတယ်ခင်ဗျာ။
- အင်း– ငါ့တပည့်က တယ်ရိုးသကိုး၊ သူများတွေအသီးသီး ဘယ်သူမှ မသိအောင် ယူလာကြတာတွေ မတွေ့ဘူးလား။
- တွေ့ပါတယ်ခင်ဗျား၊ ပစ္စည်းယူလာသူတွေဟာ သူတို့ပြုတဲ့ မကောင်းမှုကို ဘယ်သူမှ မသိဘူးလို့ ထင်နေကြတဲ့ လူမိုက်တွေသာ ဖြစ်ပါတယ်၊ အမှန်ကတော့ မကောင်းမှုပြုတဲ့နေရာမှာ ဆိတ်ကွယ်ရာဆိုတာ မရှိပါဘူး။ ဘယ်သူမှ မသိနိုင်ဘူးလို့ မထင်နဲ့၊ ကိုယ်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်တွေ သိကြပါတယ်ခင်ဗျာ....

ဟု ပြန်လှန်ဖြေကြားပါသည်။

ထိုအခါ ဆရာကြီးသည် တပည့်ကြီး၏ ဖြေဆိုချက်ကို အလွန်နှစ်သက်သဘောကျသွားပြီး "တပည့်တို့–ဆရာကြီးဟာ ပစ္စည်းဥစ္စာချို့တဲ့သူမဟုတ်ပါဘူး၊ ငါ့သမီးကို တပည့်တို့ထဲက ကိုယ်ကျင့်သီလ ပြည့်စုံတဲ့လူနဲ့ ထိမ်းမြားပေးလိုတဲ့အတွက် ဒီလိုစိမ်ပြုလုပ်တာ ဖြစ်တယ်၊ အခု မင်းတို့သိတဲ့အတိုင်း ငါ့သမီးကို အကျင့်သီလရှိတဲ့ မင်းတို့ရဲ့ခေါင်းဆောင်တပည့်ကြီး

နဲ့ လက်ထပ်ထိမ်းမြားပေးမယ်၊ တပည့်တို့ရဲ့ ပစ္စည်းဥစ္စာတွေကို တပည့်တို့ အိမ်ပြန်ပို့ လိုက်ကြ''ဟု ဆိုပြီး သမီးကို ကျောင်းသားခေါင်းဆောင် တပည့်ကြီးနှင့် လက်ထပ် ထိမ်းမြားပေးလိုက်လေသည်။

ထို့ကြောင့် သိသည့်အတိုင်း လိုက်နာ ပြုကျင့်ခြင်းသည် လောကီလောကုတ္တရာ နှစ်ဖြာလုံး တိုးတက်ကြီးပွားကြောင်း တစ်ခုဖြစ်ကြောင်း ဘုရားဟောတော်မူခြင်း ဖြစ်ပါသည်။

## ထိုင်းမှိုင်းပျင်းရိ မရှိစေရ (အလီနတာ)

ထိုင်းမှိုင်းပျင်းရိ မရှိစေရ ဆိုသည်မှာ နေရာတကာ၌ မဆုတ်မနစ် အားသစ်တက်ကြွသော စိတ်ဓာတ်၊ ဝီရိယဓာတ်များရှိရမည်ဟု ဆိုလိုပေသည်။ ဝီရိယရှိလျှင် ''ဝီရိယဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ'' ဆိုသကဲ့သို့ အမှုခပ်သိမ်း ပြီးငြိမ်း အောင်မြင်ရမြဲပင် ဖြစ်သည်။ ဝီရိယကြောင့် ကြီးပွားတိုးတက်ပုံအကြောင်းကို ရှေ့ပိုင်းတွင် ''ဘဏ်ဦးဆောင်သော ဝီရိယ''အခန်း၌ အကျယ် ရေးသားရှင်းလင်းခဲ့ပြီး ဖြစ်ပါသည်။ ယခု ဤနေရာ၌ ရှေ့ပိုင်းတွင် မဖော်ပြရသေးသော အကြောင်းအရာ အချက်အလက်အချို့ဖြင့် အတန်ငယ် ထပ်မံတင်ပြပါဦးမည်။

သရေခေတ္တရာနှင့် ရောမအင်ပါယာ။ ။''ပျင်းလျှင် ဖျင်းသည်'' ဆိုသော စကားပုံကို လူတိုင်း ကြားဖူးကြပါသည်။ ထိုစကားပုံသည်

အလွန်မှန်သည်၊ မည်သူမဆို မည်သည့်တိုင်းနိုင်ငံမဆို ပျင်းလျှင် (ဝါ) လူပျင်းများပေါလျှင် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည်တို့ ညှိုးဖျင်းလာပြီး တဖြည်းဖြည်း ပျက်စီးသွားကြရတတ်ပေသည်။

မြန်မာနိုင်ငံတွင် သရေခေတ္တရာခေတ်၌ သုပညာမင်းလက်ထက်တွင် ရခိုင်ပြည်မှ သံတောင်(၁၀)ရှိသော ရွှေအစစ်ဘုရားဆင်းတုတော်ကို ဖိုကျင်ထိုး ဖျက်ဆီးယူဆောင်လာသည့် ရွှေများကြောင့် သရေခေတ္တရာ ပြည်သူပြည်သားတို့ အလုပ်မလုပ်ရဘဲ စီးပွားလမ်းဖြောင့်ခဲ့ကြသည်။ ထိုရွှေများ လက်ဝယ်ရှိနေကြသဖြင့် တစ်စတစ်စ အလုပ်လုပ်ချင်စိတ် မရှိကြတော့ဘဲ ထိုင်းမှိုင်း ပျင်းရိလာကြတော့၏။ ဤသို့ သရေခေတ္တရာ တစ်ပြည်လုံး လူပျင်းများ ဖြစ်သွားကြရာ မကြာမီ သရေခေတ္တရာပြည်ကြီး ပျက်စီးသွားရသည်ကို မြန်မာနိုင်ငံသမိုင်း၌ တွေ့ရ၏။

ထိုသရေခေတ္တရာပြည်ကြီးနည်းတူ ရောမအင်ပါယာကြီး ပျက်စီးခဲ့ရဖူးသည်ကိုလည်း ကမ္ဘာ့သမိုင်းတွင် တွေ့ရသည်။ စစ်ပွဲဆင်နွှဲတိုင်း ဆက်တိုက် အောင်မြင် အနိုင်ရခဲ့ကြသော ရောမသားတို့သည် သူတို့နိုင်ခဲ့သော နိုင်ငံများမှ ရွှေငွေပစ္စည်း ကျေးကျွန်များကို ဖမ်းဆီးသိမ်းယူလာခဲ့ကြသည်။ သိမ်းယူခဲ့သော ပစ္စည်းများကို ထိုင်စားလျက် ကျေးကျွန်များကို အလုပ်လုပ်စေကာ လူ့စည်းစိမ်ရေလျှဉ်ကြောတွင် နစ်မျောချင်တိုင်း နစ်မျောနေကြသည်။ သူတို့၏ စစ်တပ်များကိုပင် နိုင်ငံခြားမှ ကြေးတန်းစား အငှားစစ်သားများဖြင့် အစား

ထိုးကြ၏။ ယင်းသို့ ရောမသားတို့ အပျင်းထူလာကြခြင်းသည်ပင် နောက်ဆုံး ရောမအင်ပါယာကြီးပျက်စီးဆုံးရှုံးသွားရခြင်းအကြောင်း ဖြစ်ခဲ့ဖူးပေသည်။

**တရုပ်ပြည်ကြီး။** ။ရှေးဟောင်း တရုတ်ပြည်ကြီးကိုကြည့်လျှင် ဘိန်းရှူ ဘိန်းစားနေကြသဖြင့် ဘိန်းမှိုင်းမိကာ ထိုင်းမှိုင်းပျင်းရိနေကြသည့် တရုတ်ပြည်သူလူထုကြီးကို တွေ့ရမည်ဖြစ်၏။ သူတို့သည် သူတို့တိုင်းနိုင်ငံအတွက် ဘာတစ်ခုမှ တိုးတက်အောင် မဆောင်ရွက်နိုင်ကြချေ။ အငတ်ဘေး၊ ရေဘေးတို့ကြောင့် တရုတ်ပြည်သူပြည်သား သန်းပေါင်းများစွာတို့ အသေဆိုးနှင့်သေဆုံးကြရသည်မှာ နှစ်စဉ်နှစ်တိုင်းလိုပင်ဖြစ်သည်။ ထိုအငတ်ဘေး၊ ရေဘေးတို့မှာ ခုခံကာကွယ်နိုင်သည့် ဘေးများဖြစ်ပါလျက် ထိုင်းမှိုင်းပျင်းရိနေမှုကြောင့် မခုခံမကာကွယ်နိုင်ဘဲ လက်မြှောက်အရှုံးပေးထားသဖြင့် ဖြစ်လာရသည့် ဘေးဆိုးတို့သာဖြစ်ကြ၏။

ယခုခေတ်သစ် တရုတ်ပြည်၌ကား ထိုဘေးဆိုးကြီးတို့ မဖြစ်ပေါ်လာတော့ပေ။ ထိုင်းမှိုင်းပျင်းရိခြင်း မရှိ၊ လုံ့လဝီရိယနှင့်ပြည့်စုံသော တရုတ်ပြည်သူလူထုသစ်သည် ထိုထိုင်းမှိုင်းပျင်းရိခြင်းကို ပယ်ရှား၍ ပကတိလုပ်အားဖြင့်ပင် ထိုဘေးဆိုးကြီးတို့ကို တားမြစ်ကာကွယ် နိုင်ခဲ့ပေသည်။ နှစ်စဉ်ရေလျှံခြင်းဖြင့် တရုတ်ပြည်ကြီး ဘေးဒုက္ခပေးလေ့ရှိသော မြစ်ကြီးတစ်မြစ် ရှိသည်။ ထိုမြစ်ကြီးကား တရုတ်ပြည်၏ ဝမ်းနည်းဖွယ်မြစ်ခေါ် ဟူအန်ဟိုမြစ်ကြီး ဖြစ်သည်။ ထကြွလုံ့လ

ဝီရိယရှိသော တရုတ်တို့သည် ရေကာတာကြီးများကို တည်ဆောက်လိုက်ကြခြင်းဖြင့် ထိုမြစ်ကြီး၏ ရေလျှံခြင်းကို ကာကွယ်နိုင်သည့်အပြင် လယ်ယာများကို ပိုမိုစိုက်ပျိုးနိုင်ခဲ့သဖြင့် အငတ်ဘေးကြီးကိုလည်း ကာကွယ် တားဆီး နိုင်ခဲ့ကြလေသည်။

ဇွဲလုံ့လကြီးသောသိပ္ပံပညာရှင်ကြီးများ။ ။ဒတ်(ချ်)လူမျိုး လီယူဝင်ဟုတ်ဆို

သူပုဂ္ဂိုလ်ကြီးသည် သူတို့၏အသက်ကို ရန်ရှာတတ်သောပိုးမွှားငယ်ကလေးများနှင့် လူတို့အား ကျေးဇူးပြုတတ်သည့် ပိုးမွှားငယ်ကလေးများအကြောင်းကို ပထမဆုံး ရှာဖွေတွေ့ရှိခဲ့၏။သူသည် အသက်၂၀ မှ ၉၀ နှစ်အထိ အနှစ် ၇၀ ကာလပတ်လုံး အနားမယူ အပျင်းမထူဘဲ ကြိုးစားသော လုံ့လဝီရိယဖြင့် လူ့လောက၏ကောင်းကျိုး သယ်ပိုး ရွက်ဆောင်သွားခဲ့ပေသည်။

သောမတ်(စ်)အက်ဒီဆင် ဆိုသူ ပုဂ္ဂိုလ်ကြီး သည် လည်း အမေရိကန်နိုင်ငံတွင် ၁ဂဂ၀-ပြည့်နှစ်က လူသားအားလုံးတို့ ချမ်းသာရေးအတွက်လျှပ်စစ်ခေတ်မီးကိုတီထွင်ပြုလုပ်ခဲ့သည်။ ယခုမျက်မှောက်ခေတ်လူသားများ လျှပ်စစ်မီးရောင်တပြောင်ပြောင် ထိန်လင်း၍ချမ်းသာစွာနေထိုင်ကြရခြင်းမှာ ထိုပုဂ္ဂိုလ်၏ ကျေးဇူးကြောင့် ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးသည် လျှပ်စစ်မီးကို တီထွင်ခဲ့စဉ်က သူ၏ ဓာတ်ခွဲခန်းကလေးထဲ၌ တစ်နေ့လျှင် ပျမ်းမျှ ၃-၄-နာရီသာ အိပ်စက်ခဲ့ရရှာသည်။ ဤမျှ

# မြတ်ဗုဒ္ဓ၏
# ကြီးပွားချမ်းသာရေးလမ်းညွှန်
# တရားတော်များ

( ၂ )

## အခန်း (၁၆)

## ကြီးပွားချမ်းသာကြောင်း ယသဝဍ္ဍနတရား (၇)ပါး

ကြီးပွားချမ်းသာကြောင်း (ယသဝဍ္ဍန) တရား (၇) ပါးမှာ ကုမ္ဘဃောသက သူဌေးသားကို အကြောင်းပြု၍ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရဘုရင်အား ဘုရားသခင် ဟော ကြားတော်မူသည့် တရားတော်များ ဖြစ်ပါသည်။ ဗုဒ္ဓရှင် တော်မြတ်ဘုရား ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ဗိမ္ဗိသာရဘုရင်ကြီး ရောက်လာပြီး....

အရှင်မြတ်ဘုရား....မိဘနှစ်ပါး ဖြစ်ကြတဲ့ သူဌေးကြီး လင်မယားတို့ ပလိပ်ရောဂါကြောင့် သေဆုံးသွားကြ သဖြင့် တစ်ယောက်တည်းကျန်ရစ်ခဲ့သည့် ကုမ္ဘဃောသက သူဌေးသားမှာ မိဘတွေ မြှုပ်နှံထားခဲ့တဲ့ အမွေအနှစ် ဥစ္စာ ကုဋေလေးဆယ်ရှိပါလျက် သူဌေးသား အဖြစ်ကို မခံယူဘဲ မထောင်မလွှား နှိမ်းပါးသည့် အခစားအသွင် ဖြင့် ကြာမြင့်စွာ ဇာတ်မြှုပ်နေခဲ့ပါသည်။ တပည့် တော်က ပရိယာယ်ဖြင့် သိအောင် လုပ်ပြီးမှ သူဌေး

အရာ ပေးရပါသည်။ ဒီလို ရိုးသားတည်ကြည်တဲ့ ပုဂ္ဂိုလ်မျိုးကို မတွေ့မမြင်ဖူးပါ ဘုရား....

ဟု လျှောက်ထားသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာက "တစ်စုံတစ်ယောက်သောသူအား စီးပွားဥစ္စာ ဆုံးရှုံးပျက်စီးသွားသောအခါ လယ်လုပ်ခြင်း၊ သူတစ်ပါးထံ အစေအပါး အခစားလုပ်ခြင်းတို့ဖြင့် အသက်မွေးခြင်းသည်သာ တရားသဖြင့် အသက်မွေးခြင်းဖြစ်၏။ သူတစ်ပါး ပစ္စည်းဥစ္စာများကို ခိုးယူ တိုက်ခိုက်လုယက်၍ အသက်မွေးခြင်းကား ယခုဘဝ၌လည်း အပြစ်ဒဏ်ခံရ၏။ နောင်ဘဝမှာလည်း အပါယ်ဆင်းရဲကို ခံစားရ၏။ သူခိုး ဓားပြ အလုပ်တို့ဖြင့် မည်သည့်အခါမှ မချမ်းသာ မကြီးပွားနိုင်" ဟု မိန့်တော်မူကာ အောက်ပါ ကြီးပွားချမ်းသာကြောင်း ယသဝဍ္ဍနတရား (၇) ပါးကို ဟောကြားတော်မူပါသည်။

၁။ ထကြွလုံ့လ ဝီရိယရှိရခြင်း၊
(ဥဋ္ဌာနဝန္တ)

၂။ သတိတရားနှင့် အမြဲပြည့်စုံရခြင်း၊
(သတိမန္တ)

၃။ ကိုယ်, နှုတ်, နှလုံး ဖြူစင်ရခြင်း၊
(သုစိကမ္မ)

၄။ စူးစမ်းဆင်ခြင်၍ ပြုလုပ်လေ့ရှိခြင်း၊
(နိသမ္မကာရီ)

၅။ ကိုယ်, နှုတ်, နှလုံးတို့ကို စောင့်ထိန်းခြင်း၊
(သညတ)

၆။ တရားသဖြင့် အသက်မွေးခြင်း၊
(ဓမ္မဇီဝိ)

၇။ မေ့လျော့ပေါ့ဆမှုမရှိခြင်း၊
(အပ္ပမာဒ)

ဤ တရား ၇-ပါးနှင့် ပြည့်စုံပါလျှင် အစိုးရခြင်း၊ စည်းစိမ်ဥစ္စာ အဖြာဖြာနှင့် ပြည့်စုံခြင်း၊ အခြံအရံ အကျော်အစောများခြင်း၊ ချီးမွမ်းခံရခြင်းတို့သည် တစ်နေ့တခြား တိုးပွားလာမည်ဟု ဟောကြားတော်မူသည်ကို ဓမ္မပဒပါဠိတော် ကုမ္ဘဃောသက သူဌေးဝတ္ထု၌ တွေ့ရှိရသည်။

## (၁) ထကြွလုံ့လဝီရိယရှိခြင်း(ဥဋ္ဌာနဝန္တ)

**ပျင်းရိခြင်း၏ အပြစ်များ။** ။ထကြွလုံ့လ ဝီရိယရှိခြင်းကြောင့် ကြီးပွား ချမ်းသာနိုင်ပုံကို "ကြီးပွားချမ်းသာကြောင်းတစ်ပါး" (ဉာဏ်ဦးဆောင်သော ဝီရိယ) နှင့် "ဥဋ္ဌာနသမ္ပဒါအခန်း" တို့၌ ဗုဒ္ဓဒေသနာတော်လာသည့်အတိုင်း ဖွင့်ဆို ရေးသားခဲ့ပြီး ဖြစ်ပါသည်။

ယခု ဝီရိယနှင့်စပ်၍ ထိုအခန်းများ၌ မတင်ပြသေးသည့် အကြောင်းအရာများကိုသာ ဖော်ပြပါမည်။

ထကြွလုံ့လ ဝီရိယတရား၏ ဆန့်ကျင်ဘက် ရန်သူကား ပျင်းရိခြင်း (ကောသဇ္ဇ) ဖြစ်၏။ တစ်စုံတစ်ယောက်သော သူ၌ ပျင်းရိခြင်းရောဂါ စွဲကပ်လာခဲ့ပါလျှင် ကြီးစားအား ထုတ်မှု ထထကြွကြွရှိမှုများ ဆိတ်သုဉ်းသွားတော့၏။ ထို ပျင်းရိခြင်းသည် အကြောင်း ခြောက်မျိုးကို အစွဲပြု၍ ဖြစ်ပေါ်လာလေ့ရှိ၏။ ထို ပျင်းရိကြောင်း ခြောက်မျိုးမှာ....

၁။ ချမ်းလွန်း၊ အေးလွန်းသေးသည်ဟူ၍ အမှုကိစ္စကို မပြုဘဲနေခြင်း။

၂။ ပူလွန်းသေးသည်ဟူ၍ အမှုကိစ္စကို မပြုဘဲနေခြင်း။

၃။ မိုးချုပ်နေပြီဟူ၍ အမှုကိစ္စကို မပြုဘဲနေခြင်း။

၄။ စောလွန်းသေးသည်ဟူ၍ အမှုကိစ္စကို မပြုဘဲနေခြင်း။

၅။ ဆာလောင်သေးသည်ဟူ၍ အမှုကိစ္စကို မပြုဘဲနေခြင်း။

၆။ ဗိုက်ပြည့်နေသည်ဟူ၍ အမှုကိစ္စကို မပြုဘဲနေခြင်း-

တို့ ဖြစ်ပါသည်။ ထို ခြောက်ပါးကို ပျင်းရိခြင်းအပြစ် ခြောက်ပါးဟူ၍ ဘုရား ဟောကြားတော်မူထားပါသည်။

**ဆောင်ပုဒ်လင်္ကာ။** ။အချမ်းပြင်းဝှန်၊ အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စောလွန်းလှယောင်၊ ဆာလောင် ပျင်း က၊ ဝမ်းဝလွန်ထွေ၊ နေကဥစ္စာ၊ မပွားရာသည်၊ ခြောက်ဖြာပျင်းသူ အပြစ်တည်း။

ဤသို့ ပြုလုပ်ရမည့် အမှုကိစ္စများကို အကြောင်းရှာ၍ ပျင်းရိနေသောသူအား မဖြစ်သေးသော (ဝါ) ဖြစ်လတ္တံ့သော စည်းစိမ်ဥစ္စာတို့သည်လည်း မဖြစ်ကုန်၊ ဖြစ်ပြီးသော လက်ရှိ စည်းစိမ်ဥစ္စာတို့သည်လည်း ဆုတ်ယုတ် လျော့ပါးကုန်ခန်းသွားကြကုန်၏။

အမိပ္ပာယ်မှာ အမှုကိစ္စများကို ပြုလုပ်ရမည့် အချိန်၌ "ချမ်းပါသေးတယ်" ဟု ဆိုပြီး စောင်ခြုံ၍သော်လည်း အိပ်ရာထဲတွင် ကွေးနေ၏။ မိုးလုံ၍သော်လည်း အချိန်ဖြုန်းနေ၏။ ထို့ကြောင့် အများ၏ အပြစ်တင်ခြင်းကိုလည်း ခံရ၏။ ဘေးဒဏ်သော်လည်း သင့်ရောက်တတ်၏။ ပြုလုပ်ရမည့်ကိစ္စလည်း မပြီးချေဟု ဆိုလိုပေသည်။ "ပူလွန်းသေးသည်၊ မိုးချုပ်နေပြီ" စသည်ဖြင့် အကြောင်းပြ၍ ပျင်းရိကြရာ၌လည်း ဤအတူပင် ဖြစ်ပါသည်။

ကြိုတင် ပြင်ဆင် လုပ်ငန်းခွင်။ ။ဤလူ့ဘောင် လောက၌ လူတို့ဆောင်ရွက်စရာ အမှုကိစ္စတို့ကား မဆောင်ရွက်မီ ရှေးဦးစွာ ကြိုတင်ပြင်ဆင် စီမံထားရသည့်ကိစ္စ၊ အချိန်အခါရှိခိုက် ပြုလုပ်ထိုက်သောကိစ္စ၊ အချိန်ကာလကို မလွန်စေမူ၍ ဖြည်းဖြည်းပြုလုပ်ရသောကိစ္စ၊ အလျင်အမြန်ပြုလုပ်ရသောကိစ္စစသည်ဖြင့် အမှုကိစ္စအမျိုးမျိုး ရှိ၏။

ရှေးဦးစွာ ကြိုတင်ပြင်ဆင် စီမံထားသင့်သည့် ကိစ္စနှင့် ပတ်သက်၍ မြတ်စွာဘုရားက....

"အမှုကိစ္စကို ဆောင်ရွက်သည့်အခါ ငါ့မှာ တစ်စုံ တစ်ရာ အနှောင့်အယှက် မဖြစ်ပါစေနှင့်ဟု နှလုံးပြု၍ ဆောင်ရွက်အံ့ဧသော ကိစ္စအတွက် ကြိုတင်ပြင်ဆင်မှုကို ပြုထားကြရမည်။ ထိုသို့ ကြိုတင် ပြင်ဆင်မှုကို ပြုလေ့ရှိသူသည် ဆောင်ရွက်ရမည့်ကိစ္စကို ဆောင်ရွက်သည့် အခါ အနှောင့်အယှက် မရှိတော့ချေ...."

ဟု သမုဒ္ဒဝါဏိဇဇာတ်၌ ဟောတော်မူထားပါသည်။

တစ်ချိန်သောအခါက ဗာရာဏသီပြည်အနီး ရွာကြီးတစ် ရွာက လက်သမား တစ်ထောင်တို့သည် သမုဒ္ဒရာအလယ်ရှိ ကျွန်းကြီးတစ်ကျွန်းသို့ ရောက်သွားကြသည်။ ထိုကျွန်းကား နတ်ဘီလူးတို့ စောင့်ရှောက်နေကြသော ကျွန်းကြီးဖြစ်၏။ ထိုကျွန်း၌ အလိုလိုပေါက်သော သလေးစပါးများနှင့် ကြံ၊ သရက်၊ သပြေ၊ ငှက်ပျော၊ ပိန္နဲ၊ အုန်း၊ ထန်းစသော သစ်သီး အမျိုးမျိုးတို့ရှိကြ၏။ တစ်နေ့တွင် ထိုလက်သမားတို့သည် အရက်သေစာ သောက်စားမူးယစ်ကြပြီး ကျင်ကြီး ကျင်ငယ် တို့ကို စွန့်၍ မဖုံးမလွှမ်းကြသောကြောင့် ကျွန်းကြီးမှာ မသန့်မရှင်းဖြစ်သွားသည်။ ထိုအချက်ကို နတ်များမကြိုက် ကြချေ။ ထို့ကြောင့် ကျွန်းကြီးကို သမုဒ္ဒရာရေဖြင့် ဆေးပြီး လူတွေကို သတ်ရန် နတ်များကြံစည်ကြသည်။

ထိုအခါ နတ်ကောင်းတစ်ဦးက လက်သမားတွေကို ဤ ကျွန်းမှအမြန်ပြောင်းရွှေ့ကြရန် ကိုယ်ထင်ပြ၍ သတိပေး၏။ အခြားနတ်ဆိုးတစ်ဦးကမူ ထိုနတ်သားစကားကိုအယုံအကြည်

မရှိကြရန်၊ နေမြဲနေကြရန် တိုက်တွန်းအားပေး၏။ သို့သော် ပညာရှိလက်သမားကြီး ဦးဆောင်သော လက်သမားငါးရာ တို့က အကြောင်းကိစ္စ ပေါ်လာသည့်အခါ အဆင်သင့်ဖြစ်ရန် လှေများကို လုပ်ဆောင်ထားကြသည်။ ပညာမဲ့လက်သမား ကြီး ဦးဆောင်သော လက်သမား ငါးရာတို့မှာမူ ကြိုတင် ပြင်ဆင်မှုမရှိဘဲ ကြောင့်ကြမဲ့ နေထိုင်ကြ၏။

နတ်ကောင်း သတိပေးထားသည့်အတိုင်းပင် မကြာမီမှာ ပင် ကျွန်းကြီးပေါ်သို့ သမုဒ္ဒရာရေများ တက်လာတော့၏။ ထိုအခါ ကြိုတင်ပြင်ဆင်မှုရှိသော လက်သမား ငါးရာတို့ သည် လှေကြီးများဖြင့် ချမ်းသာစွာ ထွက်ခွာသွားကြလေ သည်။ ကြိုတင်ပြင်ဆင်မှု မရှိသည့် လက်သမား ငါးရာတို့ မှာမူ အားလုံး အသက်ဆုံးရှုံး ပျက်စီးကြကုန်၏။ ဤဝတ္ထု၌ ပညာရှိ လက်သမားကြီး ဦးဆောင်သည့် လက်သမားငါးရာ တို့မှာ ဆောင်ရွက်ရမည့်ကိစ္စ မပေါ်မီ ကြိုတင်ပြင်ဆင်စီမံ ထားကြသောကြောင့် အသက်ဘေးမှ လွတ်မြောက်၍ ချမ်း သာကြရခြင်းဖြစ်သည်။

ထို့အတူ ဘုရားလောင်း မဟောသဓာသုခမိန်သည် "စစ် ရောက်မှမြားချွန်" သည့်အဖြစ်ကို မြင်၍ အရေးကိစ္စ မပေါ် လာမီကပင် ဖြစ်ပေါ်လာမည့် အရေးကို ရှုမြင်သုံးသပ်၍ မြို့တော်ကို ပြုပြင်ခြင်း၊ မျိုးရိက္ခာများစုဘ ထားခြင်းစသော အစီရင်များကို ကြိုတင်ပြုထားသောကြောင့် စူဠနီဗြဟ္မဒတ် မင်းက (၁၈) ခေါဘဏီရှိသော စစ်တပ်ကြီးဖြင့် ဝိုင်းရံထား သော်လည်း မလှုပ်မရှားနိုင်ဘဲ အောင်မြင်ခဲ့ဖူးပေသည်။

အချိန်ရှိခိုက် လုံ့လစိုက်။ ။အချိန်အခါရှိခိုက် ပြုလုပ်ထိုက်သည့် ကိစ္စတို့ကို "မိုးရွာတုန်း ရေခံ၊ နေပူတုန်း စပါးလှမ်း" ဆိုသကဲ့သို့ အချိန်အခါနှင့်အညီ ပြုလုပ်မှ အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။ ထိုသို့ မဟုတ်ဘဲ "မိုးလွန်မှ ထွန်ချ" ဆိုသကဲ့သို့ အချိန်နှောင်းသွားမှ ပြုလုပ်ပါက၊ အကျိုးစီးပွား မဖြစ်ထွန်းသည့်အပြင် မကောင်းကျိုးများကိုပင် ရတတ်ပေသည်။

ဤနေရာ၌ ဝရဏဇာတ်ကို သာဓကအဖြစ် အကျဉ်းချုပ်တင်ပြပါဦးမည်။ တစ်ချိန်သောအခါက ဘုရားလောင်းတက္ကသိုလ်ပါမောက္ခဆရာကြီးထံတွင် တပည့်ငါးရာတို့ အတတ်ပညာများ သင်ကြားနေကြသတဲ့။ တစ်နေ့တွင် တပည့်လုလင်ငါးရာတို့ ထင်းခွေသွားကြရာ တပည့်ပျင်းတစ်ယောက်မှာ ခံတက်ပင်ကြီးကိုမြင်၍ အခြောက်ထင်ပြီး "ခဏ အိပ်လိုက်ဦးမယ်၊ နောက်မှ ခံတက်ပင်ပေါ်တက်ပြီး ထင်းခုတ်မယ်" ဟု ကြံ၍ ပုဆိုးခင်းကာ အေးအေးဆေးဆေး အိပ်နေပါသည်။

အခြားတပည့်များ ကိုယ်စီကိုယ်စီ ထင်းစည်းများထမ်းကာ ပြန်ကြသည့်အခါ စိတ်ချလက်ချ ဟောက်ကာဟတ်ကာ အိပ်ပျော်နေသည့် ထိုလုလင်၏ကျောကို ခြေဖြင့် ကန်၍ နှိုးသွားကြသည်။ ထိုအခါမှ တပည့်ပျင်းသည် ကပျာကရာထ၍ အိပ်ချင်မပြေသေးသော မျက်စိဖြင့် သစ်ပင်ပေါ်သို့ တက်၍ သစ်ခက်တို့ကို ချိုးတော့၏။ ထိုအခါ သစ်ခက်ကျိုးသည် မျက်စိကိုထိုးမိ၍ မျက်စိ ကန်းသွား၏။ လက်တစ်ဖက်ဖြင့် မျက်စိကိုမ၍ အခြားလက်တစ်ဖက်ဖြင့် ချိုးပြီးသော ထင်းချောင်းများကိုယူကာ ပြန်လာခဲ့သည်။ ပြန်ရောက်သည့်အခါ

မိမိယူလာသည့် ထင်းစိမ်းစည်းကို အခြားတပည့်များ၏ ထင်းခြောက်စည်းများပေါ် တင်ထားလိုက်သည်။

ထိုနေ့တွင် တက္ကသိုလ်ပါမောက္ခဆရာကြီးက.... "တပည့်တို့ နက်ဖြန်နံနက် ရွာတင်ရွာက အမျိုးသားတစ်ဦးအိမ် သွားပြီး မေတ္တာသုတ် ရွတ်စရာရှိတယ်။ နံနက်စောစော ယာဂုကျို သောက်ကြပြီး ဆရာ့ဖို့ပါယူလာကြ" ဟုမှာထားသည်။ တပည့်များသည် နံနက်စောစောထ၍ ကျွန်မကို နှိုးပြီး ယာဂုကျိုခိုင်းကြသည်။ ကျွန်သည် အပေါ်ဆုံးတွင် ရှိနေသော ထင်းစိမ်းစည်းကိုယူပြီး မီးမွှေးရာ နေမြင့်သည်အထိ မီးမွှေး၍မရဖြစ်နေသည်။ ထိုအခါ တပည့်လုလင်တို့သည် ဆရာကြီးထံလာကြပြီး ပျင်းရိသော တပည့်လုလင်ကြောင့် မီးမွှေးမရသည့်အတွက် မသွားဖြစ်တော့ကြောင်း တပည့်ပျင်းမှာလည်း မျက်လုံးတစ်ဖက်ပျက်ရကြောင်း တင်ပြကြသည်။

ထိုအကြောင်းကိုသိသောအခါ တက္ကသိုလ်ဆရာကြီးက.... "မိုက်မဲသူတို့၏ အပြုအမူကြောင့် ဤသို့ အကျိုးစီးပွားယုတ်ရခြင်းဖြစ်သည်" ဟု ဆိုကာ ရှေ့ပြုလုပ်သင့်သော အချိန်အခါနှင့် (ဝါ) ပြုလုပ်သင့်သော အမှုကိစ္စတို့ကို နောက်မှ (ဝါ) အချိန်လွန်မှ ပြုလုပ်သောသူသည် ခံတက်ထင်းကို ချိုးသော တပည့်ပျင်းကဲ့သို့ နောင်တတစ်ဖန် စိုးရိမ်ပူပန်ရဘတ်သည်" ဟု လမ်းညွှန်ဆုံးမ ဩဝါဒပေးသည်ကို လေ့လာ ဖတ်ရှုရ၏။

မိဟာစိန္တိဇာတ်၌လည်း အကြံများသော ဗဟုစိန္တိငါး၊ အကြံနည်းသော အပ္ပစိန္တိငါး၊ နှိုင်းနှိုင်းချိန်ချိန် ကြံစည်တတ်

သော မိတစိန္တိငါးဆိုသည့် ငါးသုံးကောင်တို့တွင် မိတစိန္တိငါးက....

> လူတို့ လမ်းခရီးကား စိတ်ချစရာမရှိ၊ ဘေးအန္တရာယ်များရာဌာန ဖြစ်ဘိ၏။ တံငါသည်တို့သည် ပိုက်၊ ကွန်၊ မြှုံးစသော ကိရိယာအမျိုးမျိုးတို့ဖြင့် ငါးတို့ကို ဖမ်းတတ်ကြ၏၊ ဒါကြောင့် ငါတို့ ကြာကြာနေလို့မဖြစ်၊ တောသို့ သွားကြမယ်....

ဟု သတိပေး ပြောဆိုသော်လည်း ကျန် ငါးနှစ်ကောင်တို့မှာ အလွန်ပျင်းကြ အစာကိုမက်မောကြသည့်အတွက် "ဒီနေ့ သွားမယ်၊ နက်ဖြန်သွားမယ်" ဟု အချိန်ဆွဲနေကြရာ သုံးလ ကျော် ကြာသွားသတဲ့၊ ထို့နောက် ငါးမိုက် နှစ်ကောင်မှာ နောက်ဆုံးတွင် တံငါသည်များ ပိုက်ကွန်တွင် မိသွားကြသည်။ နောက်မှ မိတစိန္တိ ငါးလိမ္မာက ကယ်ဆယ်သဖြင့် အသက်ချမ်းသာရသွားကြပေသည်။ ဤသို့ဖြင့် အချိန်ရှိခိုက် လုံ့လမစိုက်ခဲ့လျှင် အကျိုးစီးပွား ပျက်စီးနိုင်ကြောင်း ထင်ရှားသိသာပေသည်။

**အမြန်အနှေး အံဝင်ရေး။** ။ထို့အတူ အချိန်ကာလကို မလွန်စေမူ၍ ဖြည်းဖြည်း ပြုလုပ်သင့်သော ကိစ္စကို ဖြည်းဖြည်း ပြုလုပ်ရမည်။ အလျင်အမြန် ဆောင်ရွက်ပြုလုပ်သင့်သည့် ကိစ္စမျိုးကို အလျင်အမြန်ပင် ပြုလုပ်ရမည်။ ဖြည်းဖြည်း ပြုလုပ်ရမည့် ကိစ္စကို အဆောတလျင် ပြုလုပ်လျှင်လည်း အကျိုးမရှိ။ အဆောတလျင်

ပြုလုပ်ရမည့် ကိစ္စမျိုးကို ဖြည်းဖြည်း ပြုနေကလည်း အကျိုးစီးပွား ပျက်စီးတတ်သည်။ ဖြည်းဖြည်းပြုသင့်သည့် ကိစ္စကို အလျင်အမြန် ပြုသူတို့မှာ ကြောင့်ကြများသူများ ဖြစ်၍ အဆောတလျင်ပြုရမည့် ကိစ္စမျိုးကို အချိန်ဆွဲပြီး ဖြည်းဖြည်း ပြုလုပ်သူများမှာ လူပျင်းများ ဖြစ်ကြပေသည်။ ဤအချက်နှင့် ပတ်သက်၍ ဘုရားရှင် ဤသို့ လမ်းညွှန်ထားပေသည်။

> "ဖြည်းဖြည်းပြုရမည့် အချိန်အခါမျိုး၌ အဆောတလျင် ပြုလေ့ရှိသောသူ။ အဆောတလျင် ပြုရမည့် အချိန်မျိုး၌ အချိန်ဆွဲကာ ဖြည်းဖြည်းပြုလုပ်လေ့ရှိသောသူတို့သည် သစ်ခက်သစ်ရွက်ခြောက်တို့ကို နင်းချေ ဖျက်ဆီးသကဲ့သို့ မိမိ၏ အကျိုးစီးပွားကို နင်းချေဖျက်ဆီး၏"

ဖြည်းဖြည်း ပြုလုပ်ရမည့် အချိန်အခါမျိုး၌ ဖြည်းဖြည်း ပြုလုပ်လေ့ရှိသောသူ၊ အဆောတလျင် ပြုလုပ်ရမည့် အချိန်အခါမျိုး၌ အဆောတလျင် ပြုလေ့ရှိသောသူတို့သည် တစ်ညလုံး တောက်ပထွန်းလင်းသည့် လမင်းပမာ ထိုသူ၏ အကျိုးစီးပွားသည် တိုးပွား ပြည့်တက်လာပေ၏....ဟု ဟောတော်မူထားရာ အမြန်အနှေး အံဝင်ခွင်ကျဖြစ်ရေးသည် အမှုကိစ္စများကို ဆောင်ရွက်ရာ၌ အလွန်အရေးကြီး၏။

ဤသို့အားဖြင့် ထကြွလုံ့လ ဝီရိယရှိခြင်း (ဥဋ္ဌာနဝန္တ) သည် ကြီးပွားချမ်းသာကြောင်းတစ်ခု ဖြစ်ပါသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၅၊ အမှတ်-၂)

## (၂) သတိတရားနှင့်ပြည့်စုံရခြင်း (သတိမန္တာ)

**သတိဆို ပိုသည်မရှိ။** လူသတ္တဝါတို့ သန္တာန်၌ သဒ္ဓါ၊ ပညာ၊ ဝီရိယနှင့် သမာဓိတရားတို့သည် လွန်တတ်သော သဘောရှိကြသည်။ သတိဟူသော တရားတစ်မျိုးသာ လွန်သည်ဟူ၍ မရှိ။ အမြဲတမ်း လိုလျက်သာ ရှိသည်။ "သဒ္ဓါလွန်သော် ကန့်သည်၊ ပညာလွန်သော် ဆွံ့သည်၊ ဝီရိယလွန်သော် ပျံ့လွင့်ခြင်းဥဒ္ဓစ္စဖြစ်သည်။ သမာဓိလွန်သော် ပျင်းရိခြင်း ကောသဇ္ဇဖြစ်သည်။ သတိကားလွန်သည် မရှိ" ဟူသော စကားပုံတို့ကား ကျမ်းဂန်နှင့်အညီ ဖော်ညွှန်းထားသော ရှေးသူဟောင်းတို့၏ လမ်းညွှန်ချက်များ ဖြစ်လေသည်။

ထို့ကြောင့် ရှင်တော်ဗုဒ္ဓက "ရဟန်းတို့.... သတိတရားကို နေရာတကာ၌ လိုအပ်၏ဟု ငါဘုရား ဟောတော်မူ၏ (သတိဉ္စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ)ဟု ဟောတော်မူထားခြင်း ဖြစ်သည်။ အမှုကိစ္စတိုင်း၌ သတိတရားလက်ကိုင်ထား၍ပြုလုပ်အားထုတ်မှသာ အကျိုးရသည်။ သတိလက်လွတ် အမှတ်တမဲ့ ပြုလုပ်လျှင် အကျိုးမရဘဲ အပြစ်သာ ရှတတ်ပေသည်။

**အပြစ်နှင့် အကျိုး။** ချောက်ကမ်းပါးဘေး၊ မြစ်ချောင်းများဘေးနှင့် ကျင်ကြီးများဘေးတွင် ရှိသည့် မညီညွတ်သော လမ်းကြမ်းကြီးကို ညမှောင်မိုက်ချိန်တွင် သွားရသောသူသည် သတိတရားမလွတ်ဘဲ တောင်ဝှေးဖြင့် စမ်းလျက် ဖြည်းဖြည်းညင်းညင်း သွားမှသာလျှင် လိုရာ

အရုပ်သို့ ရောက်နိုင်၏။ သတိမထား မှူးမစမ်းဘဲ သွားပါက ချောက်ကမ်းပါး စသည်တို့သို့ ကျ၍သော်လည်း သေရ၏။ မသေသော်လည်း သေလောက်သည့် အနာရခြင်း၊ ကိုယ်အင်္ဂါ ချိုတဲ့ခြင်း၊ ဥစ္စာပစ္စည်း ပျောက်ဆုံးခြင်း၊ သူတစ်ပါးတို့ အကဲ့ရဲ့ခံရခြင်း စသည့် အကျိုးမဲ့များ ဖြစ်ကြရသည်။

ထို့အတူ မင်းနားခစား မင်းယောကျ်ားသည်လည်း နေ့ညမပြတ် သတိချပ်၍ မင်းရိပ်မင်းခြေကို သိအောင်နေမှ သာလျှင် အရှင်ထံမှ အကျိုးကို ရနိုင်၏။ သတိတရားလက်ကိုင် မထားဘဲ မေ့မေ့လျော့လျော့ သောက်စားလောင်းစားကြူး လျက်မတည်မကြည်ဖြစ်ဘိမူကား ကြီးစွာသောပျက်စီးခြင်းသို့ ရောက်နိုင်သည်ဟု ရာဇဝသတိတရား၌ လာပေသည်။

သားယာဖွယ်၊ ကြောက်ဖွယ်အာရုံတို့နှင့် ကြုံသောအခါ၌ ဖြစ်စေ၊ အမျက်ထွက်စရာ စိုးရိမ်စရာ အကြောင်းများ ပေါ် လာသောအခါ၌ ဖြစ်စေ၊ ဆင်းရဲချမ်းသာတို့နှင့် တွေ့ကြုံရ သောအခါ၌ဖြစ်စေ အကြောင်းအကျိုးရှုမျှော်၍ သတိတရား ကို လက်ကိုင်ထားရမည်။ သတိတရား လက်လွှတ်သွားပါက အကျိုးမဲ့များဖြစ်ပွားနိုင်သကဲ့သို့ သတိတရားလက်ကိုင်ထား ပါက အထူးထူးအပြားပြားသော အကျိုးစီးပွားများ ဖြစ် ထွန်းလာနိုင်ပါသည်။

တေလပတ္တဇာတ်တော်၌ မင်းသား၏ ကျွန်ငါးယောက်တို့ သည် မတွေ့မိကပင် အရှင်ဖြစ်သူမင်းသားက ကြိုတင်ပြော ကြားထား၍ သိနှင့်ပြီး ဖြစ်ကြသော်လည်း ဘီလူးမများ ဖန်တီးပြလာသည့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့

ဟူသော အာရုံငါးပါးကာမဂုဏ်တရား၌ သတိမထားနိုင်ကြ၍ ဘီလူးမတို့အလိုသို့ပါကာပျက်စီးကြရရှာ၏။မင်းသားမှာမူ သတိတရား လက်ကိုင်ထားနိုင်သဖြင့် မင်းအဖြစ်ကို ရရှိခဲ့လေသည်။

ဗာရာဏသီပြည်၌ သုဇာတမည်သော သူကြွယ်သည် ရှင်ရသေ့တို့ကို ကျွေးမွေးစောင့်ရှောက်နေ၏။ တစ်နေ့တွင် သူကြွယ်သည် ရှင်ရသေ့များ၏ ကျောင်းသခ်မ်း၌ အိပ်သည့်အခါ ရှင်ရသေ့များထံမှောက်သို့ သိကြားမင်းသည် နတ်သမီးအခြံအရံများနှင့် ရောက်လာ၏။ ထိုအခါ သူကြွယ်သည် သိကြားမင်း၏ အခြံအရံ နတ်သမီးတို့ကို မြင်တွေ့ သွားရာ သတိမချုပ်နိုင်သောကြောင့် အိမ်သို့ပြန်ကာ "နတ်သမီးကို ပေးလော့၊ နတ်သမီးကို ပေးလော့" ဟု မြည်တမ်းလျက် သေဆုံးသွားရဖူးလေသည်။

**သတိကောင်းသဖြင့် ကြီးပွားချမ်းသာသည့် ဘုရားလောင်းသူငယ်။** ။တစသာရဇာတ်၌လည်း သူကြွယ်၏သား ဘုရားလောင်းသူငယ်သည် ရွာတံခါးအနီး ပညောင်ပင်ကြီးအောက်တွင် အဖော်သူငယ်ချင်းများနှင့် ပျော်ပျော် ပါးပါး ကစားနေကြ၏။ ထိုအချိန်တွင် ဆေးဆရာတစ်ယောက်သည် ရွာထဲတွင် ဆေးမကုရ၍ ရွာအပြင်ဘက် ထွက်လာရာ ကလေးများ ကစားနေကြသည့် ညောင်ပင်ကြီးအောက် ရောက်လာသည်။ ဆေးဆရာသည် ညောင်ပင်ခွကြား၌ ခေါင်းပေါ်၍ အိပ်နေသည့် မြွေတစ်ကောင်ကိုမြင်၍ ငါဟာ

ရွာထဲမှာ ဆေးမကုခဲ့ရဘူး၊ အခု ဒီသူငယ်တွေကို လှည့်စား၍ မြွေကိုက်ခံစေပြီး တစ်စုံတစ်ခု ရအောင် ကုသမယ်''ဟု အကြံ ထုတ်လေသည်။

ထို့နောက် ဘုရားလောင်းသူငယ်ကို- ''ဟေ့ သူငယ်.... ဇရက်ငယ်ကိုမြင်ရင် ယူမလား''ဟု မေးလိုက်၏။ ''ယူမည်''ဟု ပြောသည့်အခါ သစ်ပင်ခွကြားကို ညွှန်ပြကာ ''ဟိုသစ်ပင်ခွ ကြားမှာ အိပ်နေတာ ဇရက်ငယ် မဟုတ်လား''ဟု ဆိုသည်။ သူငယ်သည် တကယ်ပင် ထင်မှတ်၍ သစ်ပင်ပေါ်သို့ တက်ကာ ထိုမြွေ၏လည်ပင်းကို တင်းကြပ်စွာ ကိုင်လိုက်သည်။ နောက်မှ မြွေမှန်းသိ၍ အဝေးသို့ပစ်လိုက်၏။ မြွေမှာ ဆေးဆရာအပေါ် ကျသွားသဖြင့် လည်ပင်းကို ပတ်ပြီး လည်တိုင်ကို ကိုက်ရာ ဆေးဆရာ သေဆုံးသွားတော့သည်။

ထိုအခါ လူအများ ဝိုင်းအုံလာကြပြီး သူငယ်တို့အား ''သူသတ်သမားများ''ဟု စွပ်စွဲဖမ်းဆီးကြကာ ဘုရင့်ထံ ဆက်သရန် ဗာရာဏသီပြည်သို့ ဆောင်ယူခဲ့ကြပါသည်။ လမ်းခရီးတွင် ဘုရားလောင်း သူငယ်က သူ့အဖော်များအား ''မင်းတို့ ဘာမှမကြောက်ကြနဲ့၊ မင်းကြီးထံရောက်တဲ့ အခါ မကြောက်မရွံ့ ပျော်ပျော်ရွှင်ရွှင်သာ နေကြ၊ မင်းကြီးနဲ့ငါ စကားပြောမယ်''ဟု သတိပေးထားပါသည်။

မင်းကြီးထံမှောက်သို့ ရောက်ကြသည့် အခါ အချုပ် အနှောင်ခံနေရသော်လည်း ကြွေမပျက် ပြုံးရွှင်လျက် ရှိနေကြသည့် လူငယ်တစ်စုကို မင်းကြီး မြင်ရသောအခါ- ဟေ့.... ကလေးတွေ မင်းတို့တတွေဟာ အချုပ်အနှောင်ခံရပြီး ရန်သူ

လက်တွင်း ရောက်နေကြပါရက်နဲ့ ဘာကြောင့် မစိုးရိမ် မကြောက်လန့်ဘဲ ပျော်ရွှင်နေကြပါသလဲ ဟု မင်းကြီးက မေးလိုက်၏။ ထိုအခါ ဘုရားလောင်းသတို့သားက "အရှင်မင်းမြတ်.... ဒီလိုအခြေအနေမျိုး ကြုံတဲ့အခါ စိုးရိမ်ပူဆွေး ငိုကြွေးနေရုံမျှဖြင့် မည်သည့် အကျိုးတရားမျှ ဖြစ်ပွားလာမှာ မဟုတ်ပါ၊ ကျွန်တော်မျိုးတို့တတွေ စိုးရိမ် ပူဆွေး ငိုကြွေးနေတာကိုမြင်ရရင် ရန်သူတွေပိုပြီး အားရဝမ်းသာဖြစ်ကြပါလိမ့်မယ်၊ ပညာရှိဆိုတာ ဘေးရန်ကြုံလာရင် ကြောက်ရွံ့တုန်လှုပ်လေ့မရှိကြပါ။ ထိုပညာရှိရဲ့ ဣန္ဒြေမပျက် ကြည်လင်လျက် နေတဲ့ မျက်နှာကို မြင်ရရင် ရန်သူတွေ စိတ်ပျက်ကြပါလိမ့်မည်။

အရှင်မင်းကြီး ပညာရှိတို့ သဘောမှာ ဒီလိုဘေးရန်မျိုးတွေနဲ့ ကြုံလာတဲ့အခါမှာ....

(၁) မန္တန်မန္တရား မန်းမှုတ်သောနည်းနဲ့ဖြစ်စေ၊

(၂) ပညာရှိတွေနဲ့ တိုင်ပင်ဆွေးနွေးတဲ့နည်းနဲ့ဖြစ်စေ၊

(၃) ချစ်ခင်နှစ်သက်ဖွယ်၊ နားခံလိုဖွယ်ဖြစ်တဲ့ စကားကောင်းကို ဆိုတဲ့နည်းနဲ့ဖြစ်စေ၊

(၄) ဥစ္စာပစ္စည်း တံစိုးလက်ဆောင် ထိုးတဲ့နည်းနဲ့ ဖြစ်စေ၊

(၅) ဆော့မျိုး (ဝါ) အမျိုးအနွယ် စပ်တဲ့နည်းနဲ့ ဖြစ်စေ....

တစ်နည်းနည်းနဲ့ မိမိကိုယ်ကို လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကြိုးစားအားထုတ်ကြရမယ်၊ အကယ်၍ ဤငါးပါးသော ဥပါယ်တံမျဉ်တို့ဖြင့် လွတ်အောင်ကြိုးစား၍ မရသည့်အဆုံးမှာတော့ "ငါတို့ သံသရာက ပြုခဲ့သောကံသည် မြဲမြံလှ၏။ အားကြီးလှ၏။ ဘယ်သူမပြု မိမိမှုသာဖြစ်၏" ဟု နှလုံးကောင်းသွင်းကာ စိုးရိမ်ငိုကြွေးခြင်းမပြုဘဲ သည်းခံကြရမည်ဟု ရဲဝံ့စွာ ပြန်လည်လျှောက်တင်သည်။

မင်းကြီးသည် ဘုရားလောင်း သတ္တိသား၏ တရားစကားကို နာကြားရသည့်အခါ အမှန်အတိုင်း စစ်ဆေးစေပြီး အပြစ်မရှိမှန်းသိရသဖြင့် ဘုရားလောင်းအား စည်းစိမ်ချမ်းသာ များစွာပေး၍ ပုရောဟိတ်အမတ်ကြီးရာထူး ပေးလိုက်သည်။ ကျန်သူငယ်များအားလည်း စည်းစိမ်ချမ်းသာပေး၍ ရာထူးအသီးသီး ပေးတော်မူပါသည်။ ဤဝတ္ထု၌ ဘုရားလောင်း သတ္တိသားသည် သတိတရား လက်ကိုင်ထားသဖြင့် ဤကဲ့သို့ ကြီးပွားချမ်းသာရခြင်း ဖြစ်ပေသည်။

**လောကီ လောကုတ္တရာနှစ်ဖြာ အကျိုးများပုံ။** ။ထို့ပြင် မြတ်ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို အဖန်ဖန် အောက်မေ့ပွားများခြင်း ဗုဒ္ဓါနုဿတိ၊ တရားတော်တို့၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို အဖန်ဖန် အောက်မေ့ ပွားများခြင်း ဓမ္မာနုဿတိ၊ သံဃာတော်တို့၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို အဖန်ဖန် အောက်မေ့ပွားများခြင်း၊

သံဃာနုဿတိ၊ သီလ၏ မကျိုးခြင်း (အခဏ္ဍ) စင်ကြယ်ခြင်း စသော ဂုဏ်တို့ကို အဖန်ဖန် အောက်မေ့ ပွားများခြင်း၊ သီလာနုဿတိ စသော အနုဿတိ ဆယ်ပါးနှင့် သတိပဋ္ဌာန် ကမ္မဋ္ဌာန်းတို့ကား သတိတရားတို့ပင် ဖြစ်ပါသည်။

ထို အနုဿတိ ဆယ်ပါး သတိတရားတို့သည် ဘေး အန္တရာယ်၊ ရန်အသွယ်သွယ်တို့နှင့် ကြောက်ခြင်း၊ လန့်ခြင်း အစရှိသည်တို့ကို ဖယ်ရှားနိုင်၏။ များစွာသော လောကီ လောကုတ္တရာ စည်းစိမ် အဖြာဖြာတို့ကို ဖြစ်ပေါ်စေတတ်သည်။ ထင်းခုတ်သူ လှည်းသမား၏ သားငယ်ကလေးသည် ဗုဒ္ဓါ နုဿတိကို အောက်မေ့၍ ဘုရားဂုဏ်ကို ရွတ်ဆိုမိသော ကြောင့် ဘီလူးစားခံရမည့် အန္တရာယ်မှ လွတ်၍ ဘီလူးနှင့် မင်းတို့၏ အပူဇော်ကိုခံရ၏။ ကြီးပြင်းလာသည့်အခါ ရဟန်း ပြု၍ မိဘနှစ်ပါးနှင့်အတူ သားအမိ သားအဖ သုံးယောက်လုံး ရဟန္တာဖြစ်သွားကြပေသည်။

စကြဝတေးမင်းတို့သည် သီလဂုဏ်ကို အောက်မေ့ခြင်း၊ သီလာနုဿတိ၊ ဒါနဂုဏ်ကို အောက်မေ့ခြင်း၊ စာဂါနုဿတိ အားဖြင့် စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာနှင့် ကျောက်မြတ်ရတနာသို့ ရောက်လာကြသည်ဟု ကျမ်းဂန်၌ ဆို၏။ ဝေသာလီပြည်၌ ရက်ကန်းသည်၏ သမီးငယ်သည် မရဏာနုဿတိ ဘာဝနာ ပွားများသောအားဖြင့် ဘုရား ရှင်၏ အချီးမွမ်းခံရကာ နောက်ဆုံး၌ သောတာပန် ဖြစ်သွား ပါသည်။

လောကတွင် သတိတရားကား အလွန် အရေးကြီး၏။ ထို့ကြောင့် ရှင်တော်ဗုဒ္ဓသည် ပရိနိဗ္ဗာန် ဝင်စံခါနီး၌ သတ္တဝါတို့အား နောက်ဆုံးစကား (ပစ္ဆိမဗုဒ္ဓဝစန) အနေဖြင့် "ချစ်သားတို့....မမေ့မလျော့၊ မပေါ့မဆ၊ အပ္ပမာဒ ခေါ်ပြေား သတိတရားနှင့် နေရာတကာ၌ ပြည့်စုံအောင်နေကြ" (အပ္ပမာဒေန သမ္ပာဒေထ) ဟု မှာကြားတော်မူခဲ့ခြင်း ဖြစ်သည်။ သတိကား နိဗ္ဗာန်သို့ သွားရန် တစ်ကြောင်းတည်းသော လမ်းခရီးဖြစ်သည်။ အသက်ရှည်ကြောင်း၊ မသေနိုင်ကြောင်း၊ ကြီးပွား ချမ်းသာကြောင်း တရားကောင်းလည်း ဖြစ်သည်။ သတိလွတ်ကင်း မေ့လျော့ခြင်း ရှိသူသည် အသက်ရှင်နေစေကာမူ သေသူနှင့် အလားတူပေသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာက ဓမ္မပဒပါဠိတော်၊ အပ္ပမာဒဝဂ်တွင် "အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ" စသော တရားတော်ကို ဟောကြားတော်မူခြင်း ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ....

"သတိမပေါ့ မမေ့မလျော့ခြင်းသည် သေခြင်းကင်းပ နိဗ္ဗာန်ကို ရကြောင်းဖြစ်၏။ သတိလွတ်ကင်း မေ့လျော့ခြင်းသည် အဖန်တလဲလဲ သေရကြောင်းဖြစ်၏။ မမေ့မလျော့ကုန်သော သူတို့သည် မသေသောသူတို့ ဖြစ်ကြ၏။ မေ့မေ့လျော့လျော့ နေတတ်သည့်သူတို့မှာ အသက်ရှင်နေသော်လည်း သေသောသူများပမာ ဖြစ်ကြ၏။

လက်ာ

မမေ့မသေ၊ မေ့လျှင်သေဖို့၊ မသေနိုင်းဆ၊ မမေ့ကမူ၊ နိဗ္ဗာနပင်၊ ရောက်ကြောင်းယှဉ်၏၊ မေ့လျှင်သေမင်း အကြောင်းရင်းတည်း....ဟူ၍ ဖြစ်သည်။

ဤသို့ အရာရာ၌ သတိတရားနှင့် ပြည့်စုံခြင်းသည် ကြီးပွားချမ်းသာကြောင်းတစ်ခု ဖြစ်ပါသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၅၊ အမှတ်-၃)

## (၃) ကိုယ်နှုတ်နှလုံး၊ ဖြူစင်ရခြင်း (သုစိကမ္မ)

ကိုယ်ဖြင့် မကောင်းမှု ဒုစရိုက်တို့ကို မပြုကျင့်ခြင်းသည် ကိုယ်၏ဖြူစင်ခြင်းမည်သကဲ့သို့ နှုတ်ဖြင့်မကောင်းမှု ဒုစရိုက်တို့ကို မပြုကျင့်ခြင်းသည် နှုတ်၏ဖြူစင်ခြင်းမည်၏။ ထို့အတူ စိတ်ဖြင့် မကောင်းမှု ဒုစရိုက်တို့ကို မကြံစည်ခြင်းသည် စိတ်နှလုံး၏ ဖြူစင်ခြင်းမည်၏။ ထိုကိုယ်နှုတ်နှလုံး သုံးပါးလုံး ဖြူစင်ခြင်းသည်စီးပွားချမ်းသာ၊ ကျက်သရေမင်္ဂလာ အဖြာဖြာတို့ တိုးတက်ခြင်း၏ အကြောင်းဖြစ်ပါသည်။ ထိုကိုယ်နှုတ်နှလုံးဖြူစင်ခြင်းကြောင့် ကြီးပွားချမ်းသာပုံ အကြောင်းမှာ ဖော်ပြပါ ကျင့်လေသိတိုင်း(ဓမ္မာနုဝတ္တိ)အကြောင်း၌ တင်ပြခဲ့သည့်အတိုင်း ဖြစ်ပါသည်။ထိုကျင့်လေသိတိုင်း၌ မတင်ပြခဲ့ရသေးသည့်အကြောင်းအရာအချို့ကိုသာ ဤ၌တင်ပြပါမည်။

**ယုတ်မာသူနှင့် စင်ကြယ်သူ။** ။လောကတွင် လူယုတ်မာဖြစ်ကြောင်း မကောင်းသော အကျင့်များရှိ၏။ ထိုအကျင့်

များကို ကျင့်သူကို သူယုတ်ဟု ခေါ်သည်။ ထိုသူယုတ်မည် ကြောင်းကို သုတ္တနိပါတ် ပါဠိတော် ဝသလသုတ်၌မြတ်စွာ ဘုရား ဟောကြားတော်မူထားပါသည်။

ထိုဝသလသုတ်တော်လာ သူယုတ်တို့၏ လက္ခဏာများမှာ- အမျက်ဒေါသကြီးလေ့ရှိကြခြင်း၊ ရန်ငြိုးဖွဲ့တတ်ခြင်း၊ ယုတ် ယုတ်မာမာ သူတစ်ပါး ကျေးဇူးကို ချေဖျက်တတ်ခြင်း၊အယူ မှားခြင်း၊ လှည့်ပတ်တတ်ခြင်း၊ သတ္တဝါများကို ညှဉ်းဆဲ သတ်ဖြတ်ခြင်း၊ သနားကြင်နာမှုကင်းမဲ့ခြင်း၊ မြို့ရွာများကို တိုက်ခိုက်ဖျက်ဆီးခြင်း၊ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၊ ယူထားသော ကြွေးမြီကို ပြန်မဆပ်ဘဲငြင်းဆို၍ တိမ်းရှောင် နေခြင်း၊ ခရီးသည်တို့ကို သတ်၍ ဥစ္စာကိုယူခြင်း၊ မတရား သက်သေထွက်ခြင်း၊ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန် ခြင်း၊ လုပ်ကျွေး ပြုစုနိုင်စွမ်းရှိလျက် မိအိုဖအိုတို့ကို မလုပ် ကျွေးမပြုစုဘဲ ပစ်ထားခြင်း၊ မိဘယောက္ခမ၊ ညီအစ်ကို၊ ညီမအစ်မတို့ကို ဆဲရေးတိုင်းထွာပြီး ရိုက်နှက်ခြင်း၊ အကြံ ဉာဏ်ကောင်း တောင်းလာသည့်အခါ ပျက်စီးရာ ပျက်စီး ကြောင်း မကောင်းသည့်အကြံကိုသာပေးခြင်း၊ မိမိပြုခဲ့သည့် မကောင်းမှုကို လျှို့ဝှက်ဖုံးလွှမ်းလိုခြင်း၊ လျှို့ဝှက်ဖုံးလွှမ်းခြင်း တို့ ဖြစ်ပါသည်။

ထို့ပြင် မိမိအိမ်သို့ ရောက်လာသည့် မိတ်ဆွေဧည့်သည် တို့ကို တုံ့ပြန်၍ မကျွေးမွေး ဧည့်မခံခြင်း၊ အလှူခံပုဂ္ဂိုလ် များကို ပစ္စည်းလေးပါးဖြင့် ဖိတ်ထားပြီးလျက် မလှူဘဲလိမ် ညာလှည့်ပတ်ပြောဆိုခြင်း၊ထမင်းစားချိန်တွင် ရဟန်းပုဏ္ဏား

ကိုအား ဆုံးမလောင်းဘဲ ကြမ်းတမ်းစွာ ပြောဆိုခြင်း၊ သူတစ်ပါးပစ္စည်းကို ရယူလိုသဖြင့် မဟုတ်မမှန် လှည့်ပတ် ပြောဆိုခြင်း၊ မိမိကိုယ်ကို ချီးကျူးပြောဆိုပြီး သူတစ်ပါးကို နှိမ့်ချပြောဆိုခြင်း၊ မိမိကိုယ်တိုင်လည်း မပေးရက်လို နှမြောဝန်တိုခြင်း၊ သူတစ်ပါး ပေးကမ်း လှူဒါန်းသည်ကိုလည်း နှမြောတွန့်တို၍ မပေးကမ်းစေလိုခြင်း၊ မိမိမှာမရှိသော ဂုဏ်ဖြင့် ချီးကျူးခံလိုခြင်း၊ မကောင်းမှုပြုရန်မရှက်မကြောက်ခြင်း၊ ရတနာသုံးပါးနှင့် ရဘနာသုံးပါးဆည်းကပ်ကိုးကွယ်သူများကို ရှုတ်ချပြောဆိုခြင်း၊ ရဟန္တာ မဟုတ်ဘဲလျက် ရဟန္တာဟု ဝန်ခံ ပြောဆိုခြင်းတို့သည်လည်း သူယုတ်မာတို့ လက္ခဏာများ ဖြစ်သည်။

ဤသည်တို့မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူသည့် သူယုတ်မာ ဖြစ်ကြောင်း မကောင်းကျင့်များဖြစ်၍ ဤမကောင်းသောအကျင့်ဆိုးများ ရှောင်ရှားနိုင်လျှင် ကိုယ်နှုတ်နှလုံး စင်ကြယ်သူများ ဖြစ်ပါတော့သည်။

**လောကပါလ တရားနှစ်ပါး။** ။ကိုယ်နှုတ် နှလုံးစင်ကြယ်ရေး၌ မကောင်းမှုပြုလုပ်ဖို့ရန် ရှက်ခြင်း၊ ကြောက်လန့်ခြင်းဆိုသည့်တရားနှစ်ပါးသည် ပဓာနဖြစ်သည်။ မကောင်းမှုများကို ပြုလုပ်ဖို့ရန် ရှက်ခြင်းကို "ဟိရီ"ဟု ခေါ်၍ ကြောက်လန့်ခြင်းကို "ဩတ္တပ္ပ" ဟုခေါ်သည်။ ထိုဟိရီ၊ ဩတ္တပ္ပ တရားနှစ်ပါးရှိလျှင် ဒုစရိုက်မှုများကို ပြုလုပ် မကျူးလွန်ဖြစ်သောကြောင့် ကိုယ်နှုတ်နှလုံးစင်ကြယ်ရသည်။ ထိုတရားနှစ်ပါး ဆိတ်သုဉ်း သွားပါက

လူ့လောကကြီးသည် ကြီးနိုင်ငယ်ညှဉ်းဆဲ ဖြစ်နေကြသည့် တိရစ္ဆာန်လောကနှင့် မည်သို့မျှ ခြားနားတော့မည် မဟုတ်ချေ။

ထိုတရားနှစ်ပါးက မကောင်းမှုများကို မပြုဖြစ်၊ မကျူးလွန်ဖြစ်အောင် ထိန်းသိမ်းထားသောကြောင့်သာ လူ့လောကကြီးသည် တိရစ္ဆာန်လောကနှင့် ဖြစ်နေပုံသဘောအားဖြင့် မရောနှောသွားဘဲ တစ်သီးတခြား ရပ်တည်နိုင်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ထိုတရားနှစ်ပါးကို လူ့လောကကြီးကို ထိန်းသိမ်းစောင့်ရှောက်ထားသော "လောကပါလတရား" ဖြူစင်သန့်ရှင်း အပြစ်ကင်းသည့်တရား "သုက္ကဓမ္မ" နှင့် နတ်စသော သူတော်သူမြတ်တို့၏တရား "ဒေဝဓမ္မ" တို့ဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခြင်းဖြစ်သည်။

ဤဟိရိဩတ္တပ္ပတရားနှစ်ပါးတို့နှင့် ပြည့်စုံလျှင် မကောင်းကျင့် မကောင်းကြံ ဒုစရိုက်မှန်သမျှတို့မှ ကင်းစင်၏။လူနတ်တို့ ချစ်မြတ်နိုး၏။ ဘေးအမျိုးမျိုး ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှမှ လွတ်ကင်းနိုင်၏။ လက်ရှိပစ္စုပ္ပန်ဘဝ၌ ကြီးပွားချမ်းသာနိုင်သည့်အပြင် သံသရာ၌လည်း အပါယ်လေးပါးမှ လွတ်၍ လိုအပ်သောဆုနှင့် ပြည့်စုံနိုင်ပေသည်။

ဇာတ်တော် ငါးရာငါးဆယ်တွင် ဒေဝဓမ္မဇာတ်၌ မဟိံသကမင်းသားသည် ဟိရိဩတ္တပ္ပစသော သူတော်ကောင်းတို့၏တရားကို သိလည်းသိ၏၊ ကျင့်လည်းကျင့်၏။ ထို့ကြောင့် ဘီလူးဘေးမှ မိမိကိုယ်တိုင် လွတ်မြောက်သည့်အပြင် ညီတော်နှစ်ပါးကိုလည်း ကယ်ဆယ်နိုင်ခဲ့ပေသည်။

ကိုယ်နှုတ်နှလုံးဖြူစင်ရကျိုး။ ။ဇာတ်တော်၌ ဘုရားလောင်း ပုရောဟိတ် ပုဏ္ဏားကြီးသည် မိဖုရားက လှည့်ဖြားသော်လည်း မိဖုရားအလိုသို့ မပါဘဲ ဟိရိ သြတ္တပ္ပတရားတို့ဖြင့် ကိုယ်ကျင့်တရားကို စောင့်ထိန်းနိုင်သောကြောင့် မိမိလည်းဘေးလွတ်၏။ မိဖုရားအလိုသို့လိုက်မိသူများကိုလည်း ကယ်တင်နိုင်သည်။

ဘုရားလောင်း မဟောသဓာသည် ဇမ္ဗူဒီပါ တစ်ကျွန်းလုံး၌ မင်းအဖြစ်ကို ယူနိုင်စွမ်းရှိသော်လည်း ပစ္စုပ္ပန်သံသရာ နှစ်ဖြာလုံးကို မြင်တတ်သော ပညာရှိဖြစ်၍ မမှန်သောအကျင့်ကို မကျင့်သောကြောင့် ပစ္စုပ္ပန်၌လည်း ချမ်းသာကြီးပွား၏။ တောင့်တသော ဆုကိုလည်းရ၏။ ဝိဓုရသုခမိန်သည်လည်း "ငါသည် မင်းကြီး၏ကျွန်မဟုတ်" ဟုဆိုလျှင် လွတ်တော့မည်မှန်းသိလျက် မမှန်မကန်သောစကားကို မဆိုမူ၍ အသက်စည်းစိမ်နှင့် သားမယားတို့ကို မငဲ့ပဲ "ငါသည် မင်းကြီး၏ကျွန်တည်း" ဟု အမှန်အတိုင်း ဆိုခဲ့သည်။ ထို့ကြောင့် ပစ္စုပ္ပန် သံသရာ နှစ်ဖြာလုံး၌ ချမ်းသာကြီးပွားရပေသည်။

သိရီဇာတ် ပစ္စုပ္ပန် ဝတ္ထု၌လည်း အနာထပိဏ် သူဌေးအိမ်၌ ရှိသော အသရေကို လာခိုးသော ပုဏ္ဏားသည် မိမိ၏ ကိုယ်, နှုတ်, နှလုံး မစင်ကြယ်မှုကြောင့် အသရေကို မရချေ။ အနာထပိဏ် သူဌေးကတော်ကြီးမှာမူ ကိုယ် နှုတ် နှလုံး ဖြူစင်သူ ဖြစ်သောကြောင့် အသရေ၏ တည်ရာဖြစ်သော

ဝတ္ထုတို့ကို ပေးသော်ငြားလည်း အသရေသည် အခြားဝတ္ထု တစ်ခုသို့ ပြောင်းကာ ပြောင်းကာ တည်နေပါသည်။

ထိုနည်းတူစွာ အတိတ်ဝတ္ထု၌လည်း ထင်းခွေ ယောကျ်ား သည် အသရေကိုရ၍ ကောန် မင်းဖြစ်တော့မည်ဟု ယုံကြည်ပြီး ကြက်ကိုသတ်ကာ ကြက်သားစားရန် ကြိုးစားသော်လည်း မိမိ၌ စင်ကြယ်သောကောင်းမှု မရှိသောကြောင့် ကြက်သား ကို မစားလိုက်ရပါချေ။ မင်းဖြစ်မည်ဟု တစ်ခါမှ မမျှော် လင့်ခဲ့ဖူးသည့် ဆင်ကဲမှာမူ အလုပ်ရှင်၏ လုပ်ငန်းကို အားကြိုး မာန်တက် ကြိုးပမ်းဆောင်ရွက်ခြင်း၊ ပြည်ရေးပြည်ရာ ပေါ် လာသည့်အခါ အရှင့် အမှုတော်ကို ရိုးသားစွာ သက်စွန့် ကြိုးပမ်း ထမ်းဆောင်ခြင်း၊ ပေးကမ်း စွန့်ကြဲလေ့ရှိခြင်း၊ ကောင်းမှု၌ ပျော်မွေ့ခြင်း၊ ဆရာမြတ်ထံ အဆုံးအမခံယူ ခြင်း စသော ကောင်းမှုများ ရှိသောကြောင့် (ဝါ) ကိုယ်, နှုတ်, နှလုံး ဖြူစင်သောကြောင့် ကြက်သားကို စားရ၍ မင်းဖြစ်သွားရပေသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာက ထို သိရိဇာတ်၌ပင် "ဘုန်းကံ မရှိသော သူတို့သည် အတတ်ပညာရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ၊ များစွာသော ဥစ္စာပစ္စည်းတို့ကို ကြိုးစားအားထုတ် ၍ ရှာဖွေစုဆောင်းထားသော်ငြားလည်း ကိုယ်တိုင် မသုံးစွဲ ရချေ။ ထိုသူတို့ ရှာဖွေစုဆောင်းထားသည့် ဥစ္စာပစ္စည်းတို့ကို ဘုန်းကံရှိသော သူတကာ အပင်ပန်းမခံရဘဲ သုံးစွဲခံစားရ ၏။ ဘုန်းကံရှိသူသည် နေရာတကာ၌ ဘုန်းကံ နည်းပါး သည့် သတ္တဝါများကို ကျော်လွန်သွားသည့်အပြင် ဖြစ်မည်ဟု

မထင်ရသည့် နေရာတို့၌ပင်သော်လည်း များစွာသော စည်းစိမ်ဥစ္စာ ရတနာများ ဖြစ်ပေါ်၍လာကြကုန်၏” ဟု ဟောကြား လမ်းညွှန်တော်မူခဲ့ပါသည်။

ဤအရာ၌ ဝတ္ထု သက်သေ အထောက်အထားများစွာ ရှိပေသည်။ (၁) ရာဇဂြိုဟ်ပြည့်၌ ဆင်းရဲသား လယ်သူရင်းငှား ပုဏ္ဏသည် ကိုယ်၊ နှုတ်၊ နှလုံး စင်ကြယ်၍ ဘုန်းကံရှိသူဖြစ်သောကြောင့် လယ်ထွန်ရာ၌ လယ်ထွန်ရှိတုံးများ ရွှေချည်းဖြစ်သွား၍ သူဌေးကြီး ဖြစ်သွား၏။ (၂) ဒေဝါနံပိယတိဿ မင်းကြီးသည် မင်းဖြစ်သည့်အခါ အထူးထူးသော ရတနာတို့ မြေမှ ပေါ်လာကြ၏။ (၃) အဘယဒုဋ္ဌဂါမဏိ မင်းကြီးသည် ရတနာစေတီကို တည်မည်ဟုကြံလျှင် အထူးထူးသော ရတနာတို့ ဖြစ်ပေါ်လာကြ၏။

ဤ ဖော်ပြခဲ့ပြီးသော အကြောင်းအရာတို့ကို ထောက်ထား၍ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော ကိုယ်၊ နှုတ်၊ နှလုံးတို့နှင့် ပြည့်စုံသူတို့အား သက်ရှိ ဥစ္စာရတနာ၊ သက်မဲ့ ဥစ္စာရတနာတို့ ဖြစ်ပေါ်လာကြောင်း သိနိုင်ပေသည်။

ထို့ကြောင့် ကိုယ်၊ နှုတ်၊ နှလုံး ဖြူစင်ခြင်းသည် လောကီ လောကုတ္တရာ နှစ်ဖြာလုံး ကြီးပွားတိုးတက်ကြောင်း ဖြစ်သည်ဟု ယုံမှားကင်းစွာ မှတ်သားသင့်ကြပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၅၊ အမှတ်-၄)

အခန်း (၁၇)

# (၄) ရူးစမ်းဆင်ခြင်၍ ပြုလေ့ရှိခြင်း (နိသမ္မကာရီ)

နိသမ္မကာရီ ဆိုသည်မှာ ကိစ္စခပ်သိမ်းတို့၌ ရှေ့နောက်ကို ဖြစ်စေ၊ အကျိုးအကြောင်းကိုဖြစ်စေ၊ နှိုင်းယှဉ်ထောက်ထား၊ ဆင်ခြင်စဉ်းစား၍ ပြုလေ့ရှိခြင်းတည်း။ ထိုရူးစမ်းဆင်ခြင်၍ ပြုလုပ်ခြင်းကား အပြစ်လွတ်သည့်အပြင် သူတကာတို့ ကဲ့ရဲ့ ပြစ်တင်ခြင်းမှလည်း ကင်းပေသည်။

မရူးစမ်းမဆင်ခြင် ဉာဏ်မယှဉ်ဘဲ ပြုလုပ်ခဲ့လျှင် ကြီးသော အမှုကိုလည်းအငယ်၊ ငယ်သောအမှုကိုလည်းအကြီး ချွတ်ချွတ် ချော်ချော်ပြုမိတတ်၏။ ခွာ၍ လုပ်သင့်သော အမှုကိုလည်း ချဉ်းကပ်လုပ်မိတတ်၏။ ချဉ်းကပ်၍ လုပ်သင့်သော အမှုကို လည်း ခွာ၍လုပ်မိတတ်၏။ အပြစ်မတင်ထိုက်သူကို အပြစ် တင်မိသကဲ့သို့ အကျိုးဖြစ်စေမည့် သူကိုလည်း ဖျက်ဆီးမိတတ် သည်။ ဤသို့စသည်ဖြင့် မှားမှား ယွင်းယွင်း ပြုမိရကား အပြစ်နှင့် မကင်း၍ နောင်တ, တစ်ဖန် ပူပန်ရတတ်သည်။

အပြစ်နှင့်အကျိုး။ ။ဥပမာဆောင်၍ ပြရလျှင် ထန်းပင်အောက်၌ အိပ်နေသော ယုန်ငယ်သည် ဥ ◌စ်သီးကြွေ၍ ထန်းလက်ပေါ်ကျသည်ကို မစူးစမ်း မဆင်ခြင်ဘဲ လန့်ပြေးသည်။ အခြားတိရစ္ဆာန်တို့က မေးသောအခါ ကမ္ဘာမြေကြီးပြိုသည်ဟု ဆို၏။ ထိုအခါ အခြားတိရစ္ဆာန်တို့သည်လည်း မစူးစမ်း မဆင်ခြင်ဘဲ အဆင့်ဆင့်ပြောကြား၍ ပြေးကြသောကြောင့် သားကောင် အမြောက်အမြားသမုဒ္ဒရာသို့ ကျရောက်ပျက်စီးကြရသည်။ ကေသရာဇာ ခြင်္သေ့မင်းမှာမူ စူးစမ်းဆင်ခြင်၍ အကြောင်းရင်းကို သိအောင် ပြုသောကြောင့် ဟိမဝန္တာ၌ မိမိနှင့်တကွ သားတကာတို့ကို ချမ်းသာရစေသည်။ လှည်းကုန်သည်များစွာတို့သည် သရက်သီးနှင့် အဆင်း၊ အနံ့၊ အရသာ လုံးဝ တူညီသော အဆိပ်သီးကို သရက်သီးအထင်နှင့် စားမိသောကြောင့် အသက်ဆုံးရှုံးကြရသည်။ ဘုရားလောင်း ကုန်သည်ကြီးကမူ "ဒီသစ်ပင်ဟာ အတက်ရလဲ လွယ်ကူတယ်၊ ရွာအနီးမှာလဲ ဖြစ်တယ်၊ ဒါပေမယ့် သစ်သီးကို ဆွတ်◌းသူမရှိဘဲ ပင်လုံးကျွတ်မှည့်လျက်ပင် ရှိနေတဲ့အတွက် သရက်သီး မဟုတ်တန်ရာ၊ မစားကောင်းတဲ့ အသီးသာ ဖြစ်ရမယ်" ဟု ◌းစမ်းဆင်ခြင်ခဲ့သဖြင့် သူ၏တပည့်များ အသက်ချမ်းသာရာ ရခဲ့ပေသည်။

ထို့ပြင် ကုမ္ဘပူရပြည်၌ ဒဏ္ဍကီမင်းသည် ပုရောဟိတ်ပုဏ္ဏားစကားကို နာယူကာ မစူးစမ်းမဆင်ခြင်ဘဲ ကိသဝစ္ဆရသေ့ကို ပြစ်မှားသောကြောင့် တစ်တိုင်းတစ်ပြည်လုံး လက်နက်ဘေး၊ မီးဘေး တို့ကြောင့် ပျက်စီးရသည်။ စူဠနီဗြဟ္မဒတ်မင်းကြီး

မှာမူ "ဘေရိပရဗိုဇ်နှင့် မဟောသဓာသည် မင်းရေးမင်းရာကို မသင့်မတင့်ကြံကြသည်"ဟု ကိုယ့်လုပ်တော် ငါးရာတို့က လျှောက်တင်ကြသော်လည်း ရှေးဦးစွာ အမျက်မထားသေးဘဲ စူးစမ်းဆင်ခြင်ခဲ့သဖြင့် အဟုတ်အမှန်ကို ကွဲပြားခြားနားစွာ သိရှိရသောကြောင့် များပြားစွာသော စည်းစိမ် ချမ်းသာကို ရဖူးလေသည်။

ကာမဂုဏ် စည်းစိမ်ချမ်းသာကို ခံစားနေသူဖြစ်ပါလျက် လုံ့လဝီရိယမရှိ၊ ပျင်းရိနေလျှင်သော်လည်းကောင်း၊ ရဟန်းတော်များဖြစ်ပါလျက် ကိုယ်နှုတ်နှလုံးကို မစောင့်စည်းလျှင်သော်လည်းကောင်း၊တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေသူဖြစ်ပါလျက် မစူးစမ်း မဆင်ခြင်ဘဲ ပြုလျှင်သော် လည်းကောင်း၊ ပညာရှိသူဖြစ်ပါလျက် အမျက်ဒေါသကြီးလျှင်သော် လည်းကောင်း၊ မကောင်းဟု ဘုရားရှင် ဟောတော်မူထားသောကြောင့် မင်းများသည် စူးစမ်းဆင်ခြင်ရေးကို သာမန်လူများထက်ပို၍ အလေးထားသင့်ကြပေသည်။ မင်းတို့ မစူးစမ်း မဆင်ခြင်ဘဲ ပြုလုပ်ပါက မိမိတစ်ဦးတည်းသာ မဟုတ်၊ တစ်တိုင်းတစ်ပြည်လုံး ဒုက္ခရောက်နိုင်သည့် အတွက် မင်းလုပ်သူများသည် အခါခပ်သိမ်း ထောက်ထား နှိုင်းယှဉ် စူးစမ်းဆင်ခြင်၍ ပြုလုပ်သင့်ကြ၏။ စူးစမ်းဆင်ခြင်၍ အဟုတ်အမှန်ကို သိမှ ပြုလေ့ရှိသော မင်းသည် စည်းစိမ်ချမ်းသာ၊ အခြံအရံ အကျော်အစော၊ ဘုန်းတန်ခိုး တိုးတက်နိုင်ပေသည်။

ထို့ကြောင့် အမှုကိစ္စတစ်ခု ဖြစ်လာလျှင် အပြစ်ရှိမရှိ၊ အကျိုးရှိမရှိနှင့် အလေးအပေါ့ အကြီးအငယ်တို့ကို စိစစ်

ဝေဖန်၍ အကြောင်းအကျိုး စိစစ် နိုင်းချိန်ကာ ပြုလုပ်ခြင်းသည် ပညာရှိတို့၏ ချီးမွမ်းခြင်းကိုလည်း ခံရ၏။ အပြစ်မရှိ ကောင်းကျိုးအမျိုးမျိုးကိုလည်း ရရှိခံစားရ၏။

မဟာပဒုမဇာတ်လာ ပုတ်သားစရာမျာ။ ။ထို့ပြင် မဟာ ပဒုမဇာတ်၌လည်း

"အရှင်မင်းကြီးတို့မည်သည် သူ့ အပြစ်ကို အသေအချာ မသိမမြင်ဘဲ ဒဏ်မထားသင့်၊ အပြစ်မပေးသင့်၊ အပြစ်ကို မြင်စေကာမူ ငယ်သောအပြစ်၊ ကြီးသောအပြစ်ဟု မဆင်ခြင်ဘဲ အပြစ်ဒဏ်မထားသင့်၊ ကိုယ်တိုင် သိအောင် အားမထုတ်ဘဲ၊ သူများပြောစကားဖြင့် အပြစ်မပေးသင့်ချေ။ အမှန်အကန် မစူးစမ်း မဆင်ခြင်ဘဲ အပြစ်ပေးသော မင်းသည် အဂတိလေးပါး၌ တည်၍ မိမိ၏ဆင်းရဲကို ဖန်တီးရာ ရောက်သောကြောင့် ဆူးပါသော အစာကို စားသကဲ့သို့ ဖြစ်၏။ မျက်စိနှစ်ကွင်း အလင်းမရသူသည် ယင်နှင့်တကွသော အစာကို စားမိသကဲ့သို့ မစူးစမ်း မဆင်ခြင်ဘဲ အပြစ်ပေးသော မင်းသည်လည်း ယင်နှင့် တကွသော အစာကို စားသည်မည်၏။

မစူးစမ်းမဆင်ခြင်ဘဲပြုသောသူသည် အပြစ်မရှိသောသူကိုမှလည်း အပြစ်ပေးမိတတ်သကဲ့သို့ အပြစ်ရှိသောသူကိုလည်း အပြစ်မှလွတ်မိတတ်၏။ ဥပမာအားဖြင့် မျက်စိကန်းသူလမ်းသွားသည်နှင့် တူ၏။ မျက်စိကန်းသူသည် လမ်းခရီးကောင်း မကောင်းကိုမမြင်သဖြင့် မကောင်းသောချောက်စသည်တို့သို့ သွားမိတတ်ရာ ကြီးစွာသောဒုက္ခဆင်းရဲဖြစ်ရသကဲ့သို့ မစူးစမ်း

မဆင်ခြင်ဘဲ ပြုလုပ်သူသည်လည်း ပစ္စုပ္ပန်သံသရာနှစ်ဖြာလုံး ဆုံးရှုံးပျက်စီးရတတ်သည်။

လူတို့သည် နေရာတကာ၌ ပျော့ညံ့နေပြန်လျှင်လည်း သူ ဟစ်ပါးတို့ အဖိအနှိပ်ခံရ၍ မကြီးပွား မတိုးတက်နိုင်သကဲ့သို့ ကြမ်းတမ်း ခက်ထန်လွန်းပြန်လျှင်လည်း လူမုန်းများ၍ ရန်ပွားသောကြောင့် မကြီးပွား မတိုးတက်နိုင်ချေ။ ပျော့ သင့်သည့် နေရာတွင် ပျော့၍ မာသင့်သည့် နေရာမျိုး၌ မာမှ သာလျှင် ကြီးပွားတိုးတက်နိုင်သည်။

ထို့ကြောင့် "လျော့လွန်းလျှင်ပတ်၊တင်းလွန်းလျှင်ပြတ်" ဆိုသကဲ့သို့ ပျော့ညံ့လွန်းလျှင်လည်း လူတကာတို့၏ နှိပ်စက် ခြင်းကိုလည်းခံရ၏။ အလွန်တင်းလွန်းပြန်လျှင်လည်း ရန်များ တတ်၏။ သို့ဖြစ်၍ "မလျော့မတင်း၊ စောင်းကြိုးညှင်း" ဆို သကဲ့သို့ အလယ်အလတ်ကျင့်သုံး ဆောင်ရွက်သင့်ပေသည်''ဟု ကိုင်းပြည်လူတုကမဟာပဒုမမင်းသား၏ခမည်းတော်ဗြဟ္မဒတ် မင်းကြီးအား တောင်းပန်လျှောက်ထားသည်ကို တွေ့ရသည်။

မဟာဇနက ဇာတ်တော်၌လည်း အရိဋ္ဌဇနက မင်းကြီး သည် ညီတော် ပေါလဇနက မင်းသားကို အိမ်ရှေ့အရာ ထားပြီးလျှက် ကျေးကျွန်တို့ပြောသော စကားကို ရှေ့နောက် မစူးစမ်း မဆင်ခြင်ဘဲ ဖမ်းဆီးစေသောကြောင့် အသက်နှင့် တကွ ထီးနန်းစည်းစိမ်ပါ ဆုံးရှုံးသွားရသည်။ ပဒေသာနုဒီ ကောသလမင်းသည်လည်း ယိမ်စဉ်ကတည်းကပင် အဆွေခင် ပွန်းဖြစ် မလ္လာမင်းသား ဗန္ဓုလကို ကျေးကျွန်တို့ ကုန်းချော ချက်ဖြင့် မစူးစမ်း မဆင်ခြင်ဘဲ အပြစ်ပေးခဲ့မိသည်။

နောက်မှ အပြစ်မရှိသည်ကို သိ၍ အသက်ထက်ဆုံး နောင်တ ရမဆုံး ရှိလေ၏။

ထို့ကြောင့် ပစ္စုပ္ပန် သံသရာ ချမ်းသာစီးပွားကို လိုလား သော သူတို့သည် အမှုကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လာ သည့်အခါ အဆောတလျင် မပြုလုပ် မစီမံသေးဘဲ ထိုအမှု မှန်,မမှန်ကို တစ်နည်းနည်းဖြင့် သိအောင် ပြုလုပ်ပြီးမှ အကျိုးအပြစ် စိစစ်ဆင်ခြင်၍ စီမံဆောင်ရွက်သင့်ကြပေသည်။

ပေါင်းသင်းရာ၌လည်း စူးစမ်းဆင်ခြင်သင့်ပုံ။ ။စူးစမ်းဆင် ခြင်မှု ကို ကား ပေါင်းသင်းဆက်ဆံရေး၌လည်း လိုအပ်သည်။ ကြီး ပွားချမ်းသာမှုသည် "အမှီကောင်းလျှင်တစ်ချက်" ဆိုသကဲ့သို့ မိတ်ကောင်း ဆွေကောင်းတို့ကို အမှီရမှသာ ဖြစ်ပေါ်လာ တတ်သည်။ ထို့ကြောင့် မိတ်ကောင်း မကောင်းကို စူးစမ်း ဆင်ခြင် လေ့လာရှုမြင်ပြီးမှ ပေါင်းသင်းရမည်။ မလေ့ လာ မစူးစမ်းဘဲ ပေါင်းသင်းခဲ့လျှင် မကောင်းသော မိတ် ဆွေတို့နှင့် ပေါင်းသင်းမိပါက "အပေါင်းကြောင့်ပျက်" ဆိုသကဲ့သို့ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော စီးပွားချမ်းသာမှ ဆုတ်ယုတ် ပျက်စီးတတ်ပေသည်။

ဖွတ်မင်းသားငယ်သည် ပုတ်သင်နှင့် ပေါင်းသင်းဆက်ဆံ သောကြောင့် များစွာသော ဖွတ်မျိုးတို့ ပျက်စီးကြရ၏။ ကုသနာဠိ မြက်ခြုံ၌ စောင့်သောနတ်ကို အဆွေခင်ပွန်းဖွဲ့မိ၍ သစ်ပင်ကြီးစောင့်သော နတ်သည် ချမ်းသာရဖူး၏။ ထို့

ကြောင့် အဆွေခင်ပွန်း ဆိုသည်မှာ အဆင့်အတန်း နိမ့်သည် မြင့်သည်တို့ကို ပဓာန မထားရ၊ အဆွေခင်ပွန်းကောင်း သဘောလက္ခဏာရှိ မရှိသာလျှင် ပဓာနဖြစ်သည်။ ထို့ကြောင့် မိတ်ဆွေကောင်း လက္ခဏာနှင့် ညီညွတ်သည့်သူများကိုသာ မိတ်ဆွေအဖြစ် ပေါင်းသင်းဆက်ဆံသင့်ပေသည်။

လူပုဂ္ဂိုလ်များပင် မဆိုထားဘိ ရဟန်းပုဂ္ဂိုလ်များသည် ပင် သွားခြင်း၊ စားခြင်း၊ စကားပြောခြင်း စသည်တို့၌ စူးစမ်းဆင်ခြင်၍ပြုကြရသည်။ ဤအရပ်သို့သွားလျှင် အသက် အန္တရာယ်သော် လည်းကောင်း၊ အကျင့်မြတ်၏ အန္တရာယ် သော် လည်းကောင်း ဖြစ်လိမ့်မည်။ ဤအရပ်သို့သွားသော် ငါ့အတွက် အကျိုးစီးပွား ဖြစ်ထွန်းမည်။ သို့မဟုတ် တစ်ပါး သော သတ္တဝါတို့အတွက် အကျိုးစီးပွား ဖြစ်ထွန်းမည် စသည်ဖြင့် အကျိုးအပြစ်တို့ကို စိစစ် ဆင်ခြင်ရမည်။ ထို့အတူ စားရာ၌လည်းကောင်း၊ စကားပြောရာ၌ လည်းကောင်း စူးစမ်းဆင်ခြင်ရသည်။

ဤသို့အားဖြင့် အရာရာ၌ စူးစမ်းဆင်ခြင်လေ့ ရှိခြင်း သည် ပစ္စုပ္ပန် သံသရာ နှစ်ဖြာ ကြီးပွား တိုးတက်ကြောင်း တစ်ခု ဖြစ်ပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း အတွဲ-၁၅၊ အမှတ်-၅)

# (၅) ကိုယ်နှုတ်နှလုံး စောင့်ထိန်းခြင်း (သညတ)

ဤ ကိုယ်နှုတ်နှလုံး စောင့်ထိန်းခြင်းကြောင့် ကြီးပွားချမ်းသာပုံကို အတ္ထဿဒွါရ ဇာတ်လာ ကြီးပွားကြောင်းခြောက်ပါးတွင် "ကျင့်လေ့သိတိုင်း" ၌ ရှင်းပြခဲ့သည့်အတိုင်း မှတ်သားကြရမည် ဖြစ်ပါသည်။ ဤနေရာ၌ ထိုတွင် မတင်ပြရသေးသည့် အကြောင်းအရာ အချို့တို့ကိုသာ ဖော်ပြပါမည်။

မည်သူမဆို ကိုယ်နှုတ်နှလုံးတို့ကို စောင့်ထိန်းလျှင် ပစ္စုပ္ပန် သံသရာ နှစ်ဖြာလုံး၌ အကျိုးစီးပွား ဖြစ်ထွန်းသကဲ့သို့ စောင့်ထိန်းခြင်းမရှိလျှင်လည်း မျက်မှောက် တမလွန် နှစ်တန်သော ဘဝတို့၌ မကောင်းသော အကျိုးတရားများကို ခံစားရသည်။

ထို မကောင်းကျိုးတို့မှာ....

၁။ လောင်းကြေး၊ သောက်ကြူး စသည်တို့ကြောင့် ဥစ္စာစည်းစိမ် ပျက်စီးရခြင်း။

၂။ ဤသူသည် ကြမ်းကြုတ်ရက်စက်တတ်၏၊ အရှက်အကြောက်မရှိ၊ မမှန်စကား ပြောကြား ပြီး သောက်စား မူးယစ်လေ့ ရှိ၏- စသည်ဖြင့် မကောင်းသတင်း ကျော်စောခြင်း။

၃။ သူတစ်ပါးတို့ အပြစ်တင်ဖွယ်ရာများ ရှိသောကြောင့် ပွဲလယ်တွင် မျက်နှာမရှင်မလှရှိခြင်း။

၄။ သေဆုံးကာနီး၌ မကောင်းနိမိတ် ထင်လာ၍ ကြောက်လန့်တွေဝေလျက် သေရခြင်း။

၅။ သေဆုံးသောအခါလည်း အပါယ်လေးပါးတွင် တစ်ပါးပါးသို့ လားရောက်ရခြင်းတို့ ဖြစ်ပါသည်။

ကိုယ်နှုတ်နှလုံးတို့ကို မစောင့်ထိန်းနိုင်လျှင် ဖော်ပြပါ မကောင်းကျိုးများကို ခံစားရသကဲ့သို့ စောင့်စည်း ထိန်းသိမ်းနိုင်လျှင်လည်း အကျိုးငါးပါးကို ရရှိနိုင်သည်ဟု ဘုရားရှင် ဟောတော်မူထားပါသည်။ ထို ကောင်းကျိုးတရား ငါးပါးမှာ....

၁။ လောင်းကစားခြင်း၊ သောက်စားခြင်း တို့ကို စောင့်ထိန်းခြင်းကြောင့် စည်းစိမ် ချမ်းသာ မလျော့ပါးဘဲ တိုးတက်ပွားများလာခြင်း၊

၂။ ဤသူသည် မေတ္တာကရုဏာရှိ၏၊ ရိုးသားဖြောင့်မတ်၏၊ အရှက်အကြောက်ရှိ၏- စသည်ဖြင့် ကောင်းသတင်း ကျော်စောခြင်း၊

၃။ ကဲ့ရဲ့ပြစ်တင်ဖွယ်အပြစ် လုံးဝ မရှိသောကြောင့် ပွဲလယ်သို့ မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ ဝင်နိုင်ခြင်း၊

၄။ သေဆုံးကာနီးတွင် ကောင်းနိမိတ်ထင်၍ မကြောက်မရွံ့ မတွေမဝေ သေရခြင်း၊

၅။ သေဆုံးသောအခါ၌လည်း လူ့ပြည်၊ နတ်ရွာတို့သို့ လားရောက်ရခြင်း-တို့ ဖြစ်ပါသည်။

အခါတစ်ပါး၌ အရှင်မဟာမောဂ္ဂလာန်သည် တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူကာ နတ်သမီး တစ်ယောက်အား မေးမြန်းတော်မူရာ နတ်သမီးက "ဘုန်းတော်ကြီးသော အရှင့်မောဂ္ဂလာန်-တပည့်တော်မသည် လူဖြစ်စဉ် အခါက သူများ၏ အစေအပါး ကျွန်မ ဖြစ်ခဲ့၏။ သို့သော်လည်း တပည့်တော်မမှာ ကောင်းသည့် အကျင့်သီလရှိ၏၊ လုံ့လ ဝီရိယရှိ၏၊ အမျက်ထွက်လေ့မရှိ၊ မာန်မာနမရှိ၊ မိမိအတွက် စားစရာများကို ခွဲဝေပေးကမ်းလေ့ရှိ၏၊ ဤသို့ ကိုယ်နှုတ်နှလုံးကို စောင့်ထိန်းခဲ့သောကြောင့် နတ်ပြည်သို့ ရောက်၍ ဤ နတ်ဗိမာန်နှင့် နတ်စည်းစိမ်တို့ကို ရခြင်းဖြစ်ပါသည်ဟု လျှောက်ထားသည်။

အနေကဝဏ္ဏမည်သော နတ်သား တစ်ပါးကို မေးမြန်းသည့် အခါ၌လည်း ထို နတ်သားက အရှင်မောဂ္ဂလာန်... အကျွန်ုပ်သည် သုမေဓ ဘုရားသခင် ပရိနိဗ္ဗာန်စံဝင်၍ ဓာတ်တော်များ စေတီတည်သည့်အခါ ဘုရား သာသနာတော်၌ ရဟန်းပြု၍ ခုနစ်နှစ်ပတ်လုံး မြတ်သော အကျင့်ကို ကျင့်ခဲ့ဖူးပါသည်။ ထို့နောက် သာသနာ့ဘောင်မှာ မပျော်ပိုက်သဖြင့် လူထွက်လာသော်လည်း သံဝေဂရှိသူဖြစ်၍ စေတီ ရင်ပြင်၌ တံမြက်လှည်းခြင်းစသော ဝတ်ကြီးဝတ်ငယ်တို့ကိုလည်း ပြုပါသည်။ နိစ္စသီလ, ဥပေါသထ သီလတို့ကိုလည်း ဆောက်တည်ပါသည်။ သူတစ်ပါး တို့ကိုလည်း ကုသိုလ် ကောင်းမှု ပြုကြရန် တိုက်တွန်းနှိုးဆော်ပါသည်။ သို့သော် လှူစရာမရှိသဖြင့် အလှူဒါနကိုမူ မပေးလှူခဲ့ရပါ။

ထိုကောင်းမှုကြောင့် ကြီးကျယ်သော နတ်စည်းစိမ်ကို ရရှိခြင်း ဖြစ်ပါသည်။ တာဝတိံသာ နတ်အပေါင်းတို့ အလယ်၌ တင့်တင့်တယ်တယ် မွေ့လျော်ရပါသည်။ ထို ကုသိုလ်၏ အကျိုးတရားကား ယခုအထိ ကုန်သွားသည်ဟူ၍ မရှိ။ ထို ကုသိုလ်ကြွင်းဖြင့် ယခု ဤ နတ်စည်းစိမ်ကို ရရှိ ခံစားရပါသည်ဟု လျှောက်ထားပါသည်။

ဤသို့ ကိုယ်နှုတ်နှလုံး စောင့်ထိန်းခြင်းသည် ပစ္စုပ္ပန် သံသရာ နှစ်ဖြာလုံး၌ ကြီးပွား ချမ်းသာစေနိုင်သည့် အကြောင်းတစ်ခု ဖြစ်ပေသည်။

## (၆) တရားသဖြင့် အသက်မွေးခြင်း
## (ဓမ္မဇီဝိ)

**တရားသဖြင့် အသက်မွေးခြင်းအကျိုး။** ။တရား သဖြင့် အသက် မွေး ခြင်း (ဓမ္မဇီဝိ) သည်လည်း ကြီးပွားတိုးတက်စေနိုင်သော အကြောင်းတစ်ခုဖြစ်သည်။ တရားသဖြင့် အသက်မွေးခြင်း ဖြင့် မရသေးသော စည်းစိမ်ကိုလည်း ရ၏။ ရရှိထားသော လက်ရှိ စည်းစိမ်ချမ်းသာများသည်လည်း မယုတ်မလျော့ တည်မြဲ၏။ သူတစ်ပါးတို့ ကဲ့ရဲ့ပြစ်တင်ခြင်းမှလည်း လွတ်၏။ လောကီလောကုတ္တရာ ပြစ်မှုများမှလည်း ကင်း၏။ ပစ္စုပ္ပန် သံသရာ နှစ်ဖြာလုံး၌ပင် အောင်မြင်ကြီးပွားကြောင်း ဖြစ် သည်။ ထို့ကြောင့် မြတ်စွာဘုရားက....

"သူကြွယ်သား....အကြင်အရိယာသာဝက ဖြစ်သော အမျိုးသားသည် သူ့အသက် သတ်မှုစသော အကုသိုလ်ကံ လေးပါးတို့ကို ရှောင်ရှား၏။ အဂတိလေးပါး လိုက်စားသောအားဖြင့်လည်း မကောင်းမှုကိုမပြု၊ စီးပွားချမ်းသာ ပျက်စီးကြောင်း ခြောက်ပါးကိုလည်း မမှီဝဲ၊ အရပ်ခြောက်မျက်နှာတို့ကိုလည်း အလေးအမြတ်ပြုသည် ဖြစ်၍ လောကနှစ်မျိုးလုံး၌ အောင်မြင်ခြင်းငှာကျင့်၏။ ထိုသူသည် ဘေးရန်မရှိသည်ဖြစ်၍ ဤလောကကိုလည်း နှစ်သက်စေနိုင်၊ ပြီးစေနိုင်၏။ နောင် တမလွန်ဘဝ၌လည်း နတ်ရွာသုဂတိသို့ လားရောက်ရ၏" ဟု ဟောတော်မူထားခြင်း ဖြစ်ပေသည်။

ရှောင်ရှားရမည့် ပြစ်မှုများ။ ။သို့ဖြစ်၍ ကြီးပွားချမ်းသာလိုသော သူသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းမှုများကို ပြုလုပ်အားထုတ်ကြရာ၌ သတ်မှု၊ ခိုးမှု၊ ဆိုးမှု၊ လိမ်ညာပြောမှုဟူသော ဒုရာစိဝ အမှုများကို ရှောင်ရှား၍ တရားသဖြင့် အသက်မွေးမှုပြုရမည်။ အဂတိတရား လေးပါး လိုက်စားမှုမှလည်း ကင်းရမည်။ ပစ္စည်းဥစ္စာ ဆုတ်ယုတ်ပျက်စီးကြောင်းများဖြစ်သော....

၁။ မူးယစ်သေစာ သောက်စားခြင်း။
၂။ အချိန်အခါမဲ့ လမ်းသွားခြင်း။
၃။ အပျော်အပါး ပွဲလမ်းသဘင်များ ကြည့်ရှုခြင်း။
၄။ လောင်းတမ်းကစားခြင်း။

၅။ လူမိုက်များနှင့် ပေါင်းသင်းခြင်း။
၆။ ပျင်းရိခြင်း။

ဤခြောက်ပါးတို့ကို လုံး၀ ရှောင်ရှားကြရမည်။ အရပ်ဖြ-မျက်နှာနှင့် တူကြသည့် မိဘ ဆရာသမား သားမယား၊ အဆွေခင်ပွန်း၊ ကျွန် အမှုလုပ်နှင့် ရသေ့ ရဟန်းတို့၌ သားသမီးကျင့်ဝတ် စသော ကျင့်ဝတ်များနှင့်အညီ အသီးသီး ကေန် လိုက်နာ ပြုကျင့်ကြရမည်။ ဤကဲ့သို့ မြတ်စွာဘုရား ညွှန်ကြားတော်မူသည့်အတိုင်း တရားသဖြင့် အသက်မွေးဝမ်းကျောင်း ပြုပါက လူတိုင်း ကြီးပွားချမ်းသာကြမည် ကေန်ဖြစ်ပါသည်။

မတရား အသက်မွေးမှုနှင့် ဆိုးကျိုးများ။ ။လောက၌ အချို့သော သူတို့သည် အမြော်အမြင် နည်းသောကြောင့် အတိုက်ကိုသာရှု၍ သူ့အသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်း၊ သူ့ဥစ္စာကို လုယက်ခိုးယူခြင်း၊ လိမ်လည်လှည့်ဖြားယူခြင်း၊ တောင်းစဉ်းလဲ၊ ချိန်စဉ်းလဲ၊ အသပြာစဉ်းလဲ စသည်တို့ဖြင့် မတော်လောဘပြုခြင်း၊ သူ့ဥစ္စာကို အလကားရအောင် (ဝါ) တန်ဖိုးအနည်းငယ်ဖြင့် ရအောင် လှည့်ဖြားယူခြင်း၊ သူ့မယား သမီး ချွေးမ ကျွန်မတို့ကို လှည့်ပတ်၍ သွေးဆောင်ခြင်း၊ မဟုတ်မမှန်သော စကားဖြင့် သူ့ဥစ္စာကို ရအောင်ပြုခြင်း၊ မဟုတ်မတရား သက်သေခံခြင်း၊ ချောပြစ်ကုန်းတိုက်ခြင်း၊ အပြစ်ရှာခြင်း၊ ဆဲရေးကြိမ်းမောင်းခြင်း၊ သောက်စားမူးယစ်၍

မှောက်မှောက်မှားမှားကျင့်ခြင်း **အဓမ္မရှိသော မကောင်း** သော နည်းလမ်း၊ မတ**ရား**သော နည်းလမ်းတို့ဖြင့် **အသက်** မွေးဝမ်းကျောင်း ပြုကြ**၏**။

ထိုသူတို့မှာ ယခု လက်ရှိဘဝ၌ပင် ပညာရှိသူတော်ကောင်းတို့၏ အကဲ့ရဲ့ကိုခံရ၏။ ရသင့်ရထိုက်သော လာဘ်လာဘများကိုလည်း မရဘဲရှိတတ်၏။ ရရှိပြီးသော စည်းစိမ်ဥစ္စာ ရတနာတို့သည်လည်း ပျက်စီးတတ်၏။ တစ်နေ့တခြား ဆုတ်ယုတ်သွားတတ်၏။ လက်ပြတ် ခြေပြတ် စသော ပြစ်ဒဏ်များကိုလည်း ခံရတတ်၏။ သံသရာ၌လည်း အပါယ်လေးပါးသို့ ကျရောက်၍ ဆင်းရဲဒုက္ခခံရတတ်၏။

သေရိဝရှဲကုန်သည် ဇာတ်ဝတ္ထုကို ဖော်ပြခဲ့ပြီးလေပြီ။ ထို ဇာတ်ဝတ္ထု၌ ဒေဝဒတ် အလောင်း ရှဲကုန်သည်မိုက်သည် မတရားသော နည်းလမ်းဖြင့် သူတစ်ပါးတို့၏ တစ်သိန်းတန် ရွှေခွက်ကို အလကားရအောင် ကြံဆောင်ခဲ့သဖြင့် ရွှေခွက်ကို မရသည့်အပြင် မိမိ လက်ဝယ်ရှိ ပစ္စည်းဥစ္စာများနှင့် တကွ အသက်ခန္ဓာပါ ပျက်စီးဆုံးရှုံးရသည်။ ဘုရားလောင်း ပညာရှိ ရှဲကုန်သည်မှာမူ တရားသဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ဖြစ်၍ ဥစ္စာရှင်ပင် ဥစ္စာ၏ တန်ဖိုးကို မသိသော်ငြားလည်း တကယ့် တန်ဖိုးမှန်ကို ပြောကြားသောကြောင့် တစ်သိန်းတန်ကို တစ်ထောင်ဖြင့် ရသည့်အပြင် ဥစ္စာရှင်၏ ကျေနပ်မြတ်နိုးခြင်းကိုလည်း ခံရ၏။

ထို့ကြောင့် မတော်မတရားသောနည်းဖြင့် သူတစ်ပါး ဥစ္စာကို ကြံဆောင်ခြင်းမှာ သူတစ်ပါး ပစ္စည်းကို ရဖို့ရန်

ခဲယဉ်း၏။ ရပြန်လျှင်လည်း ကြာရှည်မတည်ပါတ်။ မတရား နည်းဖြင့် ရလာသော ဥစ္စာပစ္စည်းသည် မကြာမီ ပေါက်ပြန် ပျောက်ပျက်သွားတတ်၏။ ထိုပစ္စည်းကို အခြားသူများအား ပေးအပ်လှူဒါန်းလျှင်လည်း ပစ္စည်းက မစင်ကြယ်၍ အကျိုး ရသင့်သလောက် မရနိုင်ပေ။

နောက် တမလွန်ဘဝ၌လည်း တံငါ မုဆိုး သားထိုးသူ တို့သည် သားတစ်စုပြုသော ငရဲ၌ ခံကြရ၏။ ငှက်ခတ်မုဆိုး တို့သည် ရေပူတွင်နှစ်ကာ လည်ကိုဖိမ်၍ နှတ်သော ငရဲ၌ ခံကြရ၏။ ခိုးသူတို့မှာ လုံထိုးငရဲ၌ခံရ၍ လူပျက် လူကြမ်းတို့ ကား ဘင်ဘုတ်ငရဲ၌ ခံကြရ၏။ စဉ်းလဲကြသော တရား သူကြီး၊ ပွဲစား၊ စပါးခြင်သမားတို့သည် လျှာကို မြားဖြင့် ချိတ်ထုတ်၍ သံတင်းပုတ်တစ်ရာဖြင့် နှက်သော ငရဲ၌ ခံကြ ရ၏။ မကောင်းသောအရာ မမှန်သောအရာတို့ဖြင့် ရောနှော ရောင်းသော ကုန်သည်စဉ်းလဲတို့မှာ ရဲရဲပြောင်ပြောင်တောက် လောင်နေသော ဖွဲပြာပူကို သောက်ရသော ငရဲ၌ခံကြရ၏။ အလှူကောင်းမှုပြုမည်ဟု အများ စုထားသော ပစ္စည်းကို စားသုံးသူများနှင့် မတရား သက်သေခံသောသူတို့မှာ မီး ကျီးတွင်း ငရဲ၌ ခံကြရကုန်၏-စသည်ဖြင့် နိမိဇာတ်၊ သံကိစ္စ ဇာတ်တို့၌ ဘုရားရှင် ဟောထားတော်မူပေသည်။

တရားသဖြင့် အသက်မွေးသူတို့ကား မျက်မှောက်ဘဝ၌ လည်း အပြစ်ဟူသမျှ ကင်း၏။ သံသရာ၌လည်း အပါယ်ဆင်း ရဲမှ လွတ်၏။ လူချမ်းသာ နတ်ချမ်းသာကိုလည်းရ၏။ ဤသို့

အားဖြင့် လောက လူသားတို့သည် မတရား အသက်မွေးခြင်း၏ ဆိုးကျိုးများနှင့် တရားသဖြင့် အသက်မွေးခြင်း၏ ကောင်းကျိုးများကို သတိထား၍ မတရားသော အသက်မွေးခြင်းကို ရှောင်ရှားကာ ကြီးပွား ချမ်းသာကြောင်း ဖြစ်သည့် တရားသဖြင့် အသက်မွေးမှုကို ပြုလုပ်သင့်ကြပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၅၊ အမှတ်-၆)

## (၇) မေ့လျော့ပေါ့ဆမှုမရှိခြင်း (အပ္ပမာဒ)

မေ့လျော့ပေါ့ဆမှုမရှိခြင်းသည်လည်း ကြီးပွားချမ်းသာခြင်း၏ အကြောင်းတစ်ခု ဖြစ်သည်။ လောကတွင် လူသားတိုင်း မေ့လျော့မှုများကြ၏။ မမေ့မလျော့ မပေါ့မဆသူကား အလွန်ရှား၏။ ထို့ကြောင့် ကြီးပွားချမ်းသာသူများလည်း အလွန်နည်းကြခြင်း ဖြစ်သည်။

မမေ့မလျော့ခြင်း အပ္ပမာဒတရားသည် မေ့လျော့ခြင်း ပမာဒတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ မေ့လျော့ခြင်းဆိုသည်မှာ မကောင်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၌ လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့၌ လည်းကောင်း၊ စိတ်ကို လွှတ်ထားခြင်း၊ စိတ်လွှတ်ထားမှုကိုမေ့လျော့နေခြင်းတို့ ဖြစ်သည်။

တစ်နည်းအားဖြင့် ကုသိုလ်ကောင်းမှု တို့ကို ပွားများအားထုတ်ဖို့ရန် လေးလေးစားစားမရှိခြင်း၊ ပြုသော်လည်း

အမြဲမပြု ရံခါရံခါသာပြုခြင်း၊ ကုသိုလ်ရေး၌ တွန့်ဆုတ်သောစိတ်ရှိခြင်း၊ ဆုံးခန်းတိုင်အောင် မပြုခြင်း၊ ပြုလိုသောဆန္ဒ နည်းခြင်း၊ လုံ့လကို လျှော့ချထားခြင်း၊ အဖန်ဘလဲလဲမပြုလုပ်ခြင်း၊ မပွားများခြင်း၊ အကြိမ်များစွာ မပြုလုပ်ခြင်း စသည်ဖြင့် ကုသိုလ်တရားတို့၌ မေ့လျော့ပေါ့ဆမှုများသည် "ပမာဒ" ဖြစ်သည်ဟု ရှင်တော်ဘုရား ဟောကြားတော်မူထား၏။

ထို့ကြောင့် မမေ့လျော့ခြင်း အပ္ပမာဒ ဆိုသည်မှာ ကုသိုလ်တရားတို့၌ သတိမလွတ်ခြင်း၊ သတိနှင့် မကင်းခြင်း၊ သတိအမြဲရှိခြင်းပင် ဖြစ်ပါသည်။ လောက၌ ကြီးပွားချမ်းသာလိုသောသူသည် မမေ့လျော့ခြင်း ဆိုသည့် အပ္ပမာဒတရားကို ကြိုးစားပွားများရမည်။

အပ္ပမာဒတရားကို ပွားများခြင်း ဆိုသည်မှာ အလုံးစုံသော ကောင်းမှုကုသိုလ်တို့ကို ပြုခြင်းပင် ဖြစ်သည်။ အထူးသဖြင့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ရောက်ရန်အတွက် သရဏဂုံဆောက်တည်ခြင်း၊ သီလဆောက်တည်ခြင်း၊ သမာဓိတရားဖြစ်ပွားစေရန် သမထ ကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ခြင်း၊ ပညာတရား ဖြစ်ပွားစေရန် ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ခြင်းတို့သည်ပင် အပ္ပမာဒတရားကို ပွားများခြင်းဖြစ်ပါသည်။

**အပ္ပမာဒ၏ အကျိုးတရားများ။** ။ဤ အပ္ပမာဒတရားကား အကျိုး လွန်စွာများ၏။

အပါယ်လေးပါးတံခါးကို ပိတ်နိုင်၏။ နတ်ရွာ ကောင်းတန်းကိုတောင် ရ၏။ နိဗ္ဗာန်ခရီးကိုပင် ရ၏။ သိကြားမင်းကြီး၏ရှိခိုးခြင်းကိုပင် ခံရ၏။ ပစ္စုပ္ပန်ဘဝ၌ ဗမ္ဗိကဒါယကာကဲ့သို့ ငြိမ်းချမ်းစွာ မွေ့လျော်ရ၏။ သံသရာ၌လည်း လိုသောဆုပြည့်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းများမှာ အပ္ပမာဒ တရားနှင့် ပြည့်စုံလျှင် ဝီရိယ၊ သတိ၊ သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံသည်ဖြစ်၍ လောကီသမာပတ် ရှစ်ပါး၊ အဘိညာဉ်ငါးပါးသို့ လည်းကောင်း၊ မဂ်လေးတန် ဖိုလ်လေးတန်သို့လည်းကောင်းရောက်၍ တေဝိဇ္ဇာ၊ ဆဠဘိညာ၊ ပဋိသမ္ဘိဒါပတ္တရဟန္တာ အဖြစ်သို့ပင် ရောက်နိုင်ပေသည်။

ထို့ကြောင့် ရှင်တော်ဗုဒ္ဓက "လောကတွင် ကြီးပွားချမ်းသာလိုသူမှန်သမျှ မမေ့လျော့ခြင်းဆိုသည့် အပ္ပမာဒတရားကို အားထုတ်ရမည်။ ကုသိုလ်ကောင်းမှု ပြုခြင်း၌ မမေ့လျော့ခြင်းကိုသာလျှင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ ချီးမွမ်းကြ၏။ ထိုသို့ မမေ့လျော့သောသူသည်သာ ပစ္စုပ္ပန် စီးပွားချမ်းသာ သံသရာ စီးပွားချမ်းသာ အကျိုးနှစ်ဖြာတို့ကိုရ၏။ ထို့ကြောင့် ထိုသူကိုသာ ပဏ္ဍိတ (ပညာရှိ) ဟူ၍ ဆိုအပ်၏" ဟု ဟောတော်မူခြင်း ဖြစ်သည်။

ထိုနှစ်ပါးသော စီးပွားချမ်းသာတို့တွင် ပစ္စုပ္ပန်စီးပွားချမ်းသာဆိုသည်မှာ လူတို့အတွက် ဥစ္စာပရိက္ခရာ စည်းစိမ်ချမ်းသာ မြောက်မြားစွာရှိခြင်း၊ အနှောင့်အယှက်ကင်းခြင်း၊ အနာရောဂါကင်းရှင်းကျန်းမာခြင်း၊ လုံ့လကြိုးကုတ်အား

ထုတ်သမျှ အတတ်ပညာတို့ကို တတ်မြောက်ခြင်း၊ အခြွေအရံပရိသတ်ပေါများခြင်း အစရှိသည်တို့ဖြစ်သည်။ ရဟန်းတော်များအတွက်မူ ကျောင်း၊ အိပ်ရာ၊ နေရာ၊ သင်္ကန်း၊ ဆွမ်း၊ ဆေးပစ္စည်းလေးပါးတို့ကို မပင်မပန်းဘဲ ရရှိခြင်း၊ ဆင်ခြင်၍ မှီဝဲသုံးဆောင်ခြင်း၊ ဝတ္ထုပစ္စည်းသန့်ရှင်းခြင်း၊ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ထင်ရှားကျော်ကြားခြင်း စသည်တို့ဖြစ်ပါသည်။

သံသရာစီးပွားချမ်းသာဆိုသည်မှာ သံသရာ၌ လူချမ်းသာ၊ နတ်ချမ်းသာများကိုရရှိခြင်း၊ နောက်ဆုံး၌ ရဟန္တာဆု၊ ပစ္စေကဗုဒ္ဓါဆု၊ ဘုရားဆုတို့နှင့် ပြည့်စုံခြင်းတို့ ဖြစ်သည်။ ဤသို့ သူတော်ကောင်းတို့သည် အပ္ပမာဒတရား၌တည်သဖြင့် ပစ္စုပ္ပန်ဘဝ၌ ကြီးပွားချမ်းသာကြရသကဲ့သို့ သံသရာတစ်လျှောက်လုံး နောက်ဆုံးဘဝအထိ ကြီးပွားချမ်းသာကြရသည်။

**အပ္ပမာဒတရားအရေးကြီးပုံ။** ။ဤလောက၌ အပ္ပမာဒတရားကား အလွန် အရေးပါ၏။

မြေ၌သွားသောသတ္တဝါတို့၏ ခြေရာသည် ဆင်ခြေရာ၌ အားလုံးဝင်သကဲ့သို့ အလုံးစုံသော ကုသိုလ်တရားတို့သည် အပ္ပမာဒတရား၌ ဝင်ကုန်၏။ ဗုဒ္ဓမြတ်စွာ လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောကြားတော်မူခဲ့သော နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို အကျဉ်းချုံးလိုက်လျှင် နောက်ဆုံး သတိခေါ် အပ္ပမာဒတရား တစ်ခုတည်းသာဖြစ်၏။ ထို့ကြောင့်သုံးလောကထွတ်တင် ဘုရားရှင်သည် ပရိနိဗ္ဗာန်ဝင်စံခါနီးတွင် "ချစ်

သားတို့ မမေ့မလျော့ မပေါ့မဆ၊ အပ္ပမာဒခေါ်ကြွး၊ သတိတရားနှင့် ပြည့်စုံအောင် နေရစ်ကြ" (အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ)ဟု နောက်ဆုံးစကား (ပစ္ဆိမဗုဒ္ဓဝစန) ကို မှာကြားသွားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရဟန်းတော်များအား ဗောဇ္ဈင်တရား ပွားများပုံနှင့် ပတ်သက်၍ ဟောကြားတော်မူရာတွင် ရဟန်းတို့ သတိတရားကို အခါခပ်သိမ်းအလိုရှိအပ်၏ဟု ငါဘုရားဟောကြားတော်မူ၏။ (သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ)ဟုဟောကြားထားသည်ကိုလည်း မဟာဝဂ္ဂသံယုတ်ပါဠိတော်အဂ္ဂိသုတ်၌ တွေ့ရ၏။ ဓမ္မပဒပါဠိတော်၌လည်း သတိမပေါ့၊ မမေ့မလျော့ခြင်းသည်၊ သေခြင်းကင်းပ၊ နိဗ္ဗာန်ကိုရခြင်းအကြောင်းဖြစ်၏။ သတိလွတ်ကင်းမေ့လျော့ခြင်းသည် မရှိဆုံးဆ၊ ဒုက္ခပူပန်၊ အဖန်တစ်လဲလဲသေရခြင်းအကြောင်းဖြစ်၏။ မမေ့မလျော့ကုန်သော သူတို့သည် မသေသောသူနှင့် တူကြကုန်၏။ သတိလွတ်ကင်းမေ့လျော့ခြင်းရှိသူတို့သည် သေသောသူနှင့် တူကြကုန်၏ဟု မြတ်စွာဘုရားဟောကြားထား၏။

သဒ္ဓါ၊ ပညာစသော ဣန္ဒြေတို့၏ညီမျှခြင်းကိုပြီးစေခြင်း (ဣန္ဒြိယသမတ္တပဋိပါဒန) အချက်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာစသော အဋ္ဌကထာများ၌ သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိဟူသော ဣန္ဒြေတို့ လွန်ကဲတတ်ပုံ၊ သတိမှာမူ မလွန်တတ်ပုံတို့ကို အကျယ်ဖွင့်ဆိုထားရာ ညောင်ကန်ဆရာတော်ဘုရားကြီး ဦးဗုဓ်က ထိုဖွင့်ဆိုချက်များကို....သဒ္ဓါလွန်လျှင် တွန့်သည်၊ ပညာ

လွန်လျှင် ဆွံ့သည်၊ ဝီရိယလွန်လျှင် ပြန့်သည်၊ သမာဓိလွန်လျှင် တွန့်သည်၊ သတိမူကား လွန်သည်မရှိ။ (သတိဆို ပိုသည် မရှိ၊ လိုသည်သာ ရှိသည်)ဟု မဟာသတိပဋ္ဌာနသုတ်နိဿယ၌ ရေးသားထားတော်မူခဲ့သည်ကို တွေ့ရ၏။

ဤသို့ အပ္ပမာဒခေါ် သတိသည် လိုလျှင်သာလိုသည်ပိုသည်ဟူ၍ မရှိချေ။ သတိသည် စိတ်ကို မပျံ့လွင့်အောင် စောင့်ရှောက်နိုင်သကဲ့သို့ မပျင်းရိအောင်လည်း စောင့်ရှောက်နိုင်၏။ ထို့ကြောင့် သတိသည် စားဖွယ်ဟင်းလျာဟူသမျှတို့၌ မပါလျှင် မပြီးသော 'ဆား' နှင့်လည်းတူ၏။ မင်းရေးကိစ္စမှန်သမျှတို့၌ ပါဝင်ရသည့် 'အမတ်ချုပ်ကြီး' နှင့်လည်းတူ၏ဟု အဋ္ဌကထာများ၌ ဖွင့်ဆိုထားခြင်းဖြစ်သည်။ ဤသို့ သတိခေါ် အပ္ပမာဒတရားသည် လောကီရေး၊ လောကုတ္တရာရေးတို့၌ မရှိမဖြစ် အထူးလိုအပ်သောတရားဖြစ်၍ အလွန်အရေးပါလှသည်။

ဤသို့ နေရာတကာ၌လိုအပ်၍ အရေးပါလှသည့် သတိခေါ် အပ္ပမာဒတရားကို ပွားများအားထုတ်ပါလျှင် ရှေ့တွင် ပြဆိုခဲ့ပြီးသော ပစ္စုပ္ပန်စီးပွားချမ်းသာများနှင့် သံသရာစီးပွားချမ်းသာများကို မလွဲမသွေ ကေန်အမှန် ရရှိနိုင်ပါသည်။ ထို့ကြောင့် မမေ့မလျော့ မပေါ့မဆခြင်းသည် ကြီးပွားချမ်းသာခြင်း၏အကြောင်းတစ်ခုဖြစ်ပေသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၅၊ အမှတ်-၇)

## ပစ္စည်းဥစ္စာရကြောင်း ၁၁-ပါး

စစ်ကိုင်းတိုင်း မြင်းမူမြို့မှ ၄-မိုင်အကွာတွင် ကန်တော်ရွာ ရှိသည်။ ထို ကန်တော်ရွာ၌ ဖွားမြင်၍ ထို ကန်တော်ရွာ၌ ပင် သီတင်းသုံးတော်မူသော ဆရာတော်တစ်ပါး ရှိသည်။ ထိုဆရာတော်မှာ ဒုတိယမင်းခေါင်၏ ဦးရီးတော် စစ်ကိုင်း မြို့စား မင်းလှထွတ်က ကန်တော်ရွာတွင် ကျောင်းဆောက် ကိုးကွယ်သောကြောင့် ကန်တော်မင်းကျောင်း ဆရာတော်ဟု ထင်ရှားသည်။

ထို ဆရာတော်သည် သက္ကရာဇ် ၈၆၃-ခုနှစ်၌ အင်းဝတွင် နန်းတက်သော ရွှေဂူဒါယကာ အမည်ခံ ရွှေနန်းကြော့ရှင် ထံသို့ "အရှီးတော် ဆရာ မဟာထေရ်ကျော် ကန်တော်မင်း ကျောင်း မေတ္တာလေ‌ာင်းသော" အစချီသည့် မေတ္တာစာ တစ်စောင် ပို့သလိုက်ပါသည်။ ထို ကန်တော်မင်းကျောင်း မေတ္တာစာတွင် ပစ္စည်းဥစ္စာ ရကြောင်း ကြီးပွားချမ်းသာ ကြောင်း (၁၁) ပါးကို ဘုရားဟောကျမ်းဂန်များမှ ထုတ် နုတ်ဖော်ပြထားပါသည်။ ထို ပစ္စည်းဥစ္စာရကြောင်း ကြီး ပွားချမ်းသာကြောင်း ၁၁-ပါးမှာ....

(၁) အမိကောင်းကိုရှာရခြင်း၊
(၂) အနာရောဂါကင်းရခြင်း၊
(၃) မပျင်းမရိရှိရခြင်း၊
(၄) လုံ့လကြိုးကုတ်အားထုတ်ရခြင်း၊
(၅) မာနမရှိရခြင်း၊

(၆) အတိတ်ကုသိုလ်ကံရှိရခြင်း၊
(၇) လူသုံးပါးနှင့် စရိုက်အလိုက် မျှတစွာ ဆက်ဆံရခြင်း၊
(၈) မူးယစ်ကြောင်းမှန်သမျှကို ရှောင်ကြဉ်ရခြင်း၊
(၉) ပွဲလမ်းသဘင် ကြည့်ရှုမှု နည်းရခြင်း၊
(၁၀) ကြက်လောင်း ကွေ့လောင်း စသော လောင်းကစားမှု မရှိခြင်း၊
(၁၁) အပျော်အပါးလိုက်စားမှု ကင်းရခြင်း-တို့ ဖြစ်ပါသည်။

ဆရာတော်က ဤ ဆယ့်တစ်ပါးကို မေတ္တာစာတွင်— "ဥစ္စာကိုလိုသော် အမှီကောင်းကိုရှာ ကိုယ်အနာလည်းကင်းလှစေ၊ မပျင်းဝီရိယ အားထုတ်ကြ၊ မာနဟူသည် မှန်ကင်းထွက်ကိုချ၊ ပညာရေးလည်းကူမစေ၊ သုံးထွေစရိုက်မှု ယစ်သမျှဆင်ခြင်လေ၊ သဘင်ကြည့်ရှု နည်းလှစေ၊ လောင်းထွေကစားမှု ပျော်မှုဆင်ခြင်လေ" ဟု ဆုံးမလမ်းညွှန်ထားပေသည်။

(၁) ဤ (၁၁) ပါးတွင် "အမှီကောင်းကိုရှာ" ဆိုသည်မှာ ကြီးပွားချမ်းသာလိုသူသည် မိတ်ကောင်း ဆွေကောင်းဟူသော အမှီကောင်းကို ရှာရမည်။ အမှီကောင်းရှိရမည်ဟု ဆိုလိုပါသည်။ မှန်ပါသည်၊ လောက၌ ကြီးပွားချမ်းသာရေးတွင် အမှီကောင်းသည် အလွန်အရေးကြီးသော အကြောင်း ဖြစ်သည်။ အမှီကောင်းလျှင်တစ်ချက် အနေ

ကောင်းလျှင် တစ်သက် ဆိုသကဲ့သို့ မိတ်ကောင်း ဆွေကောင်း တည်းဟူသော အမှီကောင်းကိုရလျှင် တစ်ချက်တည်းဖြင့် ကြီးပွားချမ်းသာနိုင်၏။

သာခကဆောင်၍ပြရသော် ကုမ္ဘဃောသကသည် ဗိမ္ဗိသာရမင်း ဟူသော အမှီကောင်းကိုရမှ ကုဋေလေးဆယ်ရှိသော ဥစ္စာတို့ကို မြေက ပြန်ရသည်။ ထို့အတူ စူဠသူဌေး၏ တပည့်ဟု ခေါ်ဆိုထိုက်သော စူဠန္တေဝါသိကသည် စူဠသူဌေး ပြောသော ကြွက်သေတစ်ကောင်ကိုရလျှင် အခွေ့ခင်ပွန်းတို့ကို မှီ၍ ကြွက်ဖိုး တစ်ချင်ရွေးမျှနှင့် ရင်းနှီးသဖြင့် လေးလအတွင်းဝယ် နှစ်သိန်းအထိ ကြွယ်ဝချမ်းသာဖူးလေသည်။

မိမိ၌ ရင်းနှီးစရာ ပစ္စည်းဥစ္စာလည်း အထိုက်အလျောက် ရှိ၏။ အကြံဉာဏ်လည်းရှိ၏။ သို့သော် မိတ်ကောင်း ဆွေကောင်း ဟူသော အမှီကောင်းကို မရပါက ဥစ္စာစီးပွားထင်သလောက် မတိုးတက် မဖြစ်ထွန်းနိုင်ချေ။ အမှီကောင်းကိုရမှ မရသေးသော ဥစ္စာကိုလည်းရ၏။ ရပြီးသော ဥစ္စာပစ္စည်းများလည်း တိုးတက်ကြီးပွားလာမည်။ မြဲမြံ ခိုင်ခံ့တည်တံ့မည်။ ဘုရားရှင်ပင်သော်လည်း ဗောဓိပင်နှင့် ရွှေပလ္လင်ဟူသော အမှီကောင်းကိုရမှ သဗ္ဗညုတဉာဏ်တော်တည်းဟူသော ဥစ္စာကို ရသည်။

ဤသို့ လောကလူသားများ ကြီးပွားချမ်းသာရေးတွင် အမှီကောင်းဟူသော အချက်သည် မရှိမဖြစ် အထူး လိုအပ်သည့် အကြောင်း ဖြစ်သောကြောင့် မြတ်စွာဘုရားသည် ကြီးပွားချမ်းသာကြောင်း ဖြစ်သည့် သမ္ပဒါတရား လေးပါး

တွင် ကလျာဏမိတ္တ သမ္ပဒါ ဟူ၍ လည်းကောင်း၊ သမ္ဗုတ္တိ စက်လေးပါးတွင် "သပ္ပုရိသူပ နိဿယ" (သူတော်ကောင်းတို့ကို အမှီပြုရခြင်း) စက်ဟူ၍ လည်းကောင်း၊ သုံးဆယ့်ရှစ်ဖြာမင်္ဂလာ တရားတော်တွင် "ပဏ္ဍိတာနဉ္စ သေဝနာ" ဟူ၍ လည်းကောင်း၊ နာမည်အမျိုးမျိုးဖြင့် ထပ်ခါတလဲလဲ ဟောတော်မူထားခြင်း ဖြစ်ပေသည်။ ဤသို့ အမှီကောင်းရှိမှ ဥစ္စာစီးပွား ဖြစ်ထွန်းနိုင်သောကြောင့် "ဥစ္စာကိုလိုသော် အမှီကောင်းကိုရှာ" ဟု ကျမ်းလာအတိုင်း မိန့်တော်မူခြင်း ဖြစ်ပေသည်။

(၂) အမှီကောင်းကို တွေ့ပါ, ရပါသော်လည်း ခန္ဓာကိုယ်တွင် အနာရောဂါရှိနေသူဖြစ်ပါက (ဝါ)မကျန်းမာသူဖြစ်ပါက မကြီးပွား မချမ်းသာနိုင်ပေ။ မှန်၏။ လောကတွင် လူသားတိုင်း ကျန်းမာကြပါမှ မိမိတို့ ကြီးပွားချမ်းသာရေးကို ဆောင်ရွက်နိုင်ကြ၏။ အနာရောဂါ ရှိနေသူများသည် "ကိုယ်ကျန်းမှ စိတ်လန်းသည်" ဆိုသကဲ့သို့ စိတ်ဓာတ်များ ထက်သန်လန်းဆန်းမှုမရှိသဖြင့် ကြီးပွားရာ ကြီးပွားကြောင်း နည်းလမ်းကောင်းများကို ကြံစည် ပြုလုပ်နိုင်ဖို့ဝေးစွ အစာအာဟာရများ, ရောဂါပျောက်ဆေးများကိုပင် စားသုံးမှီဝဲလိုစိတ်များ မရှိကြတော့ချေ။

အမှန်ဆိုရသော် မကျန်းမမာ ဖြစ်နေသူများသည် "မကျန်းမမာသူ လူသေနှင့်တူ" ဆိုသည့်အတိုင်း လူသေများနှင့် မခြားနားကြပေ။ သေသွားသောသူများသည် ကြီးပွားချမ်းသာကြောင်း အမှုကိစ္စအပေါင်းကို ကိုယ်-နှုတ်-နှလုံး

သုံးပါးလုံးတို့ဖြင့် မဆောင်ရွက်နိုင်ဘဲ သက်သို့ မကျန်းမာသော ပုဂ္ဂိုလ်တို့သည်လည်း ကြီးပွားချမ်းသာရေး ကိစ္စတို့ကို စိတ်ဖြင့်ပင် မစဉ်းစား မတွေးတောနိုင်သဖြင့် ထိုသူတို့၌ ထိုထိုသို့သော ကြီးပွားချမ်းသာရေးတို့သည် အမြဲတစေ သေလျက် ရှိနေကြလေသည်။ ဤသို့ ကြီးပွားချမ်းသာရေးတွင် အနာရောဂါ ကင်းရှင်း ကျန်းမာခြင်းသည်လည်း မရှိမဖြစ် အထူးလိုအပ်သော အကြောင်းတစ်ခု ဖြစ်သောကြောင့် ကန်တော်မင်းကျောင်း ဆရာတော်ဘုရားကြီးက 'အနာရောဂါ ကင်းရခြင်း'ဟု မိန့်ဆိုတော်မူခြင်း ဖြစ်သည်။

(၃-၄) အမှီကောင်းရ၍ ကျန်းမာခြင်းနှင့် ပြည့်စုံသော်ငြားလည်း ပျင်းရိနေလျှင် သော်လည်းကောင်း၊ လုံ့လကြိုးကုတ် အားထုတ်မှုမရှိသော်လည်းကောင်း ကြီးပွားချမ်းသာနိုင်မည် မဟုတ်ချေ။ မပျင်းမရိရှိခြင်းနှင့် လုံ့လကြိုးကုတ် အားထုတ်ခြင်းတို့သည် ဥစ္စာပစ္စည်းရကြောင်း၊ ကြီးပွားချမ်းသာကြောင်းများ ဖြစ်ပုံကို ကြီးပွား ချမ်းသာကြောင်း 'သမ္ပဒါလေးပါး ခန်း' တွင် ဥဋ္ဌာနသမ္ပဒါ အကြောင်း၌လည်းကောင်း၊ အတ္တသမ္ဘာရဇာတ်လာ 'ကြီးပွားချမ်းသာကြောင်းခြောက်ပါး အခန်း'တွင် 'ထိုင်းမှိုင်းပျင်းရိမရှိစေရ' အကြောင်း၌ လည်းကောင်း၊ 'ကြီးပွား ချမ်းသာကြောင်း' ယသဝဍ္ဍနတရား ၇ ပါးအခန်း'တွင် ထကြွ လုံ့လ ဝီရိယရှိရခြင်း (ဥဋ္ဌာနဝန္တ) အကြောင်း၌ လည်းကောင်း အကျယ်ဝေဖန် ရေးသား တင်ပြခဲ့ပြီးပြီ ဖြစ်၍ ထိုတင်ပြချက်များအတိုင်း မှတ်သားရန် ဖြစ်ပါသည်။

(၅) အားထုတ် လုံ့လဝီရိယ ရှိပါသော်လည်း မှန်ကင်းကွဲသို့ စိတ်နေမြင့်ခြင်း၊ အတုမရှိဟူ၍ မှတ်ထင်ခြင်း၊ ထောင်လွှားခြင်း လက္ခဏာရှိသော အမျိုးမာန်၊ ဘုန်းတန်ခိုးမာန်၊ အတတ်ပညာမာန်၊ ဥစ္စာမာန်တို့ရှိလျှင် လူအများ၏ အမုန်းကို ခံရခြင်း။ မာန်သို့လိုက်၍ သူတစ်ပါးအား ကျူးလွန်စော်ကားလျှင် တရားဖြစ်၍ မကုန်သင့်ဘဲ ငွေကြေးကုန်ကျခြင်း စသည်တို့ ဖြစ်ပေါ်နိုင်၍ 'မာနဟူသည့် မှန်ကင်းထုတ်ကိုချ' ဟူ၍ မိန့်တော်မူခြင်း ဖြစ်သည်။

လူတို့မည်သည် ဥစ္စာပစ္စည်းရှိလျှင်လည်း မာန်မာနတက်တတ်သော သဘောရှိ၏။ ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းမှာ သူကြွယ်မျိုး၌ ဖြစ်၏။ ဘုရားလောင်း၏ အဆွေခင်ပွန်း သူကြွယ်ကားအသက်ကြီးကာမှ မယားငယ်ငယ်ကလေး ယူသူတည်း။ သားတစ်ယောက်ရသည့်အခါ "ငါ့မယားကလေးဟာ ငယ်သေးတဲ့အတွက် ငါသေလျှင် နောက်ယောကျ်ားယူပြီး ပစ္စည်းတွေကို သုံးဖြုန်းပစ်လိမ့်မယ်၊ ငါ့သားကလေးကို ပေးမယ်မဟုတ်၊ ငါ့သားအတွက် ငါ့ဥစ္စာစုကို မြေ၌မြှုပ်ထားခဲ့ရင် ကောင်းမှာပဲ" ဟု အကြံဖြစ်သည်။

ထို့နောက် နန္ဒမည်သော ကျွန်ကို ခေါ်ကာ တောတွင်းတစ်နေရာ၌ ပစ္စည်းများကိုမြှုပ်နှံပြီး 'ငါသေတဲ့အခါ မြှုပ်နှံထားတဲ့ပစ္စည်းကို ငါ့သားအား ပြောကြားပါ၊ ငါ့သားကိုပစ်မထားပါနဲ့' ဟု နန္ဒအား မှာကြားထား၏။ သူကြွယ်သေလွန်၍ သားကလေး အရွယ်ရောက်သည့်အခါ မိခင် ပြော

ကြားချက်အရ ဥစ္စာမြှုပ်နှံထားကြောင်း သိရ၍ နန္ဒကျွန်ကို ခေါ်ကာ ဥစ္စာထားရာနေရာကို ပြခိုင်းသည်။

နန္ဒက သူငယ်အား ပေါက်တူးနှင့် ခြင်းတောင်းတို့ကို ယူစေပြီး ဥစ္စာပစ္စည်းမြှုပ်နှံထားရာ တောသို့ ခေါ်သွား၏။ တောထဲရောက်သည့်အခါ နန္ဒသည် ပစ္စည်းများ မြှုပ်နှံထားသည့်မြေနေရာပေါ်တွင် မတ်တတ်ရပ်လိုက်သည်။ သူငယ်က "ဦးလေး ပစ္စည်းဥစ္စာတွေ မြှုပ်နှံတဲ့နေရာဟာ ဘယ်နေရာလဲ" ဟု မေးသည့်အခါ ဥစ္စာပစ္စည်းအရှိန်ဖြင့် နေမာန်တက်ပြီး "ဟဲ့....ကျွန်မသား အစေပါး မင်းဥစ္စာ ဒီတောထဲမှာ ဘယ်ရှိပါ့မလဲ" ဟု မာန်မဲ ဆဲရေး၏။ သူငယ်မှာ မကြားယောင် ဆောင်၍ ပြန်လာခဲ့ရသည်။

ဤသို့ သူငယ်သည် ပစ္စည်းဥစ္စာများကို တူးဖော်နိုင်ရန် နှစ်ကြိမ်တိုင်တိုင် ကြိုးစားသော်လည်း နန္ဒကျွန်၏ ဆဲရေးကြိမ်းမောင်းမဲမှုကိုသာ ခံရပြီး အောင်မြင်မှု မရခဲ့ချေ။ သူငယ်သည် 'နန္ဒ ဤသို့ ပြုမူနေခြင်းသည် အကြောင်းရှိနေပေမည်' ဟု စဉ်းစားမိပြီး ဖခင်၏သူငယ်ချင်း ဘုရားလောင်းသူကြွယ်ထံသွား၍ အကြံဉာဏ်တောင်းသည်။ ဘုရားလောင်းသူကြွယ်က 'ချစ်သားနန္ဒ- သင့်ကိုဆဲရေးစဉ် ရပ်နေတဲ့နေရာဟာ ဥစ္စာတွေမြှုပ်နှံထားတဲ့နေရာပဲ၊ ဒါကြောင့် နန္ဒ ဆဲရေးတဲ့အခါ နန္ဒကို ဆွဲဖယ်လိုက်ပြီး အဲဒီနေရာကိုတူးကာ ဥစ္စာကို ယူပါ' ဟု အကြံဉာဏ်ပေး၏။ ဤအတိုင်းပြုလုပ်မှ သူငယ်မှာ ဖခင် မြှုပ်ထားခဲ့သည့် ပစ္စည်းဥစ္စာများကို အပြီးအပိုင် ရရှိခဲ့သည်။ ဤသို့ ဥစ္စာပစ္စည်းသည် မိမိပိုင်ပစ္စည်းပင် မဟုတ်

သော်လည်း ပစ္စည်းများ မြှုပ်ထားသည့် နေရာပေါ်မှာ ရပ်မိရုံမျှဖြင့် ပစ္စည်းအရှိန်ဖြင့် ခနမာန် တက်တတ်ကြပေသည်။

လောကတွင် အစဉ်အလာ အားဖြင့် ပြောကြားသည့် အကြောင်းအရာတစ်ခု ရှိသေးသည်။ ထိုအကြောင်းကား ရှေးအခါက ဆင်းရဲသော အမျိုးသမီး တစ်ယောက်သည် သူဌေးအိမ်အောက်တွင် ရက်ကန်းရက်သည်။ လူကြီးလူငယ်တို့ သူ့ခေါင်းပေါ်မှ ခုန်ကျော်၍ သွားကြသော်လည်း မည်သို့မျှမဆို၊ ဤကဲ့သို့ ကြာရှည်စွာ သည်းခံနေသော အမျိုးသမီးကို သူဌေးက 'ဒီအမျိုးသမီးဟာ ပင်ကိုကပင် စိတ်ကောင်းရှိ၍လား သို့မဟုတ် ဥစ္စာမရှိ ဆင်းရဲသူဖြစ်လို့ မဆိုမပြည်ဘဲ နေသလား၊ စမ်းမယ်''ဟု ထိုမိန်းမ မသိရအောင် ခြေနင်းခွက်အောက်တွင် ငွေမြှုပ်၍ထား၏။ ထိုရက်ကန်းသူမသည် ငွေကို ခြေနင့်တိုက်မိ၍ ငွေကိုယူ၏။ ထိုငွေရရှိပြီးနောက်တွင် ထိုအမျိုးသမီး အပေါ်ကလူများ ကျော်နင်း၍သွားကြသည့် အခါ ၊'ရှင်မတို့....မောင်တို့....ဥစ္စာမရှိ ဆင်းရဲသူဆိုပြီး ထင်တိုင်း လုပ်နေကြသလား''ဟု ပြောဆိုဖူးသည်ကို ပညာရှိတို့ ဆိုကြသည်။

လူကိုပင်မဆိုနှင့်ဦး။ အဟိတ် တိရစ္ဆာန်ဖြစ်သည့် ပုတ်သင်သော်မှလည်း လည်တွင်ဆွဲသော အသပြာ လေးရွေး ရလျှင် ''ဝိဒေဟရာဇ် မင်းမှာ ဥစ္စာများမည်လော၊ ငါ့မှာ ဥစ္စာများမည်လော''ဟု မာန်တက်ကာ ပြိုင်ခဲ့ဖူးသည်ကို တွေ့ရ၏။

ကြွက်တစ်ကောင်သည်လည်း ဥစ္စာကုဋေလေးဆယ်ပေါ်တွင် နေရသောအခါ တစ်ရပ်လောက်တွင် ရှင်ရသေ့ ဆွဲ၍

ထားသော ဆွမ်းကြွင်းကို မြေကခုန်၍ တက်နိုင်စားနိုင်၏။ ရှင်ရသေ့က ထိုဥစ္စာများကို တူး၍ ယူလိုက်သောအခါ နေ့တိုင်းခုန်နေကျကိုပင် မခုန်နိုင်ဘဲရှိသည်။ ဤသို့ဥစ္စာရှိလျှင် မာန်တက်တတ်သော သဘောရှိ၏။ ဤသည်ကိုရည်၍ 'မာန ဟူသည် မှန်ကင်းထွက်ကိုချ' ဟု မိန့်တော်မူခြင်း ဖြစ်သည်။ မှန်ကင်းဟူသည် နန်းတော်အဆောက်အအုံ၏အတွတ်အထိပ် အမြင့်တွင်ရှိသည့် အရာဝတ္ထုဖြစ်၏။ မာန်တို့ သဘောသည် လည်း မှန်ကင်းကဲ့သို့ နေရာတကာ အမြင့်တွင် ရှိနေသည်ဟု အထင်ရှိတတ်၏။ ထို့ကြောင့် မာန်ကို မှန်ကင်းနှင့်အတူပြု၍ ဆိုထားခြင်း ဖြစ်သည်။

(၆) စီးပွားရှာရာ၌ ထောင်လွှား တက်ကြွသည့် မာန် မာန မရှိသော်ငြားလည်း 'ကံချွန်မှလူမွန် ဖြစ်မည်။ ကံမရှိ ဉာဏ်ရှိတိုင်းမွဲ၊ ကံမခိုင် သံတိုင် အိမ်ဆောက်သော်လည်း ကံမှောက်လျှင်ကျိုး' ဆိုသကဲ့သို့ ရှေးဘဝများက ပေးကမ်း လှူဒါန်းခဲ့ခြင်း စသော အတိတ်ကံများရှိပါမှ ကြီးစား သလောက် အောင်မြင် အရာရောက်၍ ဥစ္စာစီးပွား ဖြစ်ထွန်း နိုင်သည်။

နေရာတကာ၌ "ကံဟူ မူလ၊ သမ္ဗုဒ္ဓတို့ ဟောပြသည့်မှာ အရင်းသာရှင့်" ဆိုသကဲ့သို့ အတိတ်ကံသည် အရင်းမူလ ပဓာ နဖြစ်၏။ သို့ရာတွင် အတိတ်ကံကား လူတိုင်းတွင် ပါလာ ကြမဲ့ဖြစ်၏။ အနည်းအများ အားသေး အားကြီးသာ ကွာ ခြားကြ၏။ ထို့ကြောင့် ကြီးပွားချမ်းသာလိုသူသည် "ကြိုး စားနေပေမယ့်လည်း အတိတ်ကံရှိမှ ချမ်းသာမှာပါ" ဟု ဝီရိ

ယကြောင့် ဖြစ်ပေါ်လာသည့် ပစ္စုပ္ပန်ကံနှင့် ဉာဏ်တို့ကို ပယ်၍ အတိတ်ကံတစ်ခုတည်းကိုသာ အားကိုးသူ မဖြစ်ရ၊ "ဥစ္စာ ဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ထံ၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည်း" ဆိုသည့်လမ်းညွှန်ဆုံးမချက်အတိုင်း အတိတ် ကံကို အကျိုးပေးအောင် ရေလာမြောင်းပေး ကူညီထောက်ပံ့ ပေးနိုင်သည့် ဉာဏ်ဦးဆောင်သော ဝီရိယဖြင့် ပစ္စည်းဥစ္စာများ ကို ကြိုးစားရှာဖွေရမည်။ ဤကြိုးစား အားထုတ်မှုရှိခြင်း ဟူသော "ပယောဂသမ္ပတ္တိ"သည် အတိတ်ကံများ အကျိုး ပေးရာ၌ အကြောင်းတစ်ကြောင်း ဖြစ်ကြောင်း ကောင်းစွာ သတိပြုကြရမည်။

(၇) ရှေ့ကပြုလုပ်ဆည်းပူးခဲ့သည့် အတိတ်ကံပင်ရှိသော် ငြားလည်း အယုတ်၊ အလတ်၊ အမြတ်ဟူသော လူတန်းစား သုံးမျိုးတို့နှင့် ပေါင်းသင်းဆက်ဆံရာ၌ "သူ့စရိုက်နှင့် လိုက် လျောညီထွေကျင့်တတ်စေ" ဆိုသည့်အတိုင်း စရိုက်နှင့်အညီ ပေါင်းသင်းဆက်ဆံတတ်ပါမှ ဥစ္စာစီးပွားတိုးဘက်ထွန်းကား နိုင်ပါသည်။ ဤသည်ကို ရည်၍ "သုံးထွေစရိုက်မျှ" မိန့်ဆို တော်မူပါသည်။

(၈) လူတန်းစားသုံးမျိုးနှင့် လိုက်လျော ညီထွေ ပေါင်း သင်း ဆက်ဆံတတ်ပေသော်လည်း အရက်သေစာ-စသည်တို့ကို သောက်စားမူးယစ်မှုမျိုးကို ပြုလုပ်လျှင် ရရှိပြီးသော ဥစ္စာ လည်း လျော့ပါးပျက်စီးသွား၏။ မရသေးသော ဥစ္စာတို့ကို လည်း လက်လွှတ်ဆုံးရှုံးရ၏။ ဤသည်ကို ရည်၍ "ယစ်သမျှ ဆင်ခြင်လေ" ဟူ၍ မိန့်ဆိုတော်မူခြင်း ဖြစ်သည်။

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်


(၉) သေရည်သေရက် သောက်စားမူးယစ်ခြင်းကို ဆင်ခြင်၍ ရှောင်ကြဉ်သော်လည်း အပျော်အရွှင် ပွဲလမ်းသဘင် ကြည့်ရှုသွားလာမှု များလျှင်လည်း ပေါ့လျော့ပျင်းရိလာ၍ ဥစ္စာပစ္စည်းများ ဆုတ်ယုတ် ပျက်ပြား လာတတ်သည်။ ထို့ကြောင့် "သဘင်ကြည့်မှုနည်းလှစေ" ဟု မိန့်တော်မူခြင်းဖြစ်သည်။

(၁၀-၁၁) ပွဲလမ်းသဘင် ပျော်ရွှင် ကြည့်ရှုပင် နည်းသော်လည်း ကြက်လောင်း၊ အန်လောင်း၊ ကြွေလောင်း စသောအလောင်းအစားများနှင့် ပျော်ရွှင်ကစား၍ နေလျှင် ဥစ္စာပစ္စည်း ပျက်စီးဆုတ်ယုတ်တတ်၏။ ထို့ကြောင့် "လောင်းထွေကစားမှု၊ ပျော်မှုဆင်ခြင်လေ" ဟု မိန့်မှာတော်မူခြင်း ဖြစ်သည်။ ဤသို့ ဗုဒ္ဓမြတ်စွာသည် ဝေနေယျသတ္တဝါတို့အား သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်ရေးကို ပဓာနထား၍ လေးဆယ့်ငါးဝါပတ်လုံးမဂ်ပေါက် ဖိုလ်ဝင်နိဗ္ဗာန်မြင်သည့်တရားတော်အစဉ်ကို ဟောကြားတော်မူရာတွင် အခါအခွင့်သင့်တိုင်း "လောကကြီးပွား ချမ်းသာရေး လမ်းညွှန် တရားများ" ကိုလည်း စပ်ရာစပ်ရာဟောကြားတော်မူခဲ့ပါသည်။ ယခုတင်ပြခဲ့သော လောကကြီးပွားချမ်းသာရေး၊ လမ်းညွှန်တရားတော်များမှာ- ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ပိဋကတ်ကျမ်းဂန်များ၌ စာရေးသူ လက်လှမ်းမီသလောက် မွှေနှောက်ရှာဖွေတွေ့ရှိရသော တရားတော်များ ဖြစ်ပါသည်။

(သာသနာ့ရောင်ခြည်မဂ္ဂဇင်း၊ အတွဲ-၁၅၊ အမှတ်-၈)

ဓမ္မာစရိယ-ဦးအေးနိုင်(ဘီ၊အေ)

## ဤစာအုပ်

လောကကြီးပွားချမ်းသာရေးနှင့် စပ်လျဉ်း၍ မြတ်စွာဘုရား ဟောကြားခဲ့သမျှ တရားတော်အားလုံး တို့ကို ထိုထို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ တို့တွင် မွှေနှောက်ရှာဖွေ၍ ပုံဆောင်ဝတ္ထုများနှင့်တကွ တစ်စုတစ်လုံးတည်း စုစည်းတင်ပြထားရာ **"ကြီးပွားချမ်းသာနည်း ပဒေသာပင်ကြီး"** ပင် ဖြစ်ပါသည်။